# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

No. 136, November, 2006

## ခေတ်မီမြို့ပြပို့ဆောင်ရေး ပုံစံသစ်



www.foreverspace.com.mm

www.foreverspace.com.mm

EDITORIAL

# အဖြူအမည်း

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်ကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာတတ်သူအားလုံး ထိုအခြေအနေအရပ်ရပ်ကို အဖြူအမည်းခွဲခြားရန်ခက်ခဲကြောင်း သဘောပေါက်ကြပါသည်။ ဆိုလိုသည်မှာ အဆိုပါအခြေအနေအရပ်ရပ်သည် အကြောင်းအကျိုးမျိုးစုံ စုဆုံဖြစ်ပေါ်ခြင်းဖြစ်ရာ မည်သူမှားသည်၊ မည်သူ့တွင်တာဝန်ရှိသည်၊ မည်သည့်အတွက်ဖြစ်ရသည်ဟု အဖြူအမည်းသဲကွဲအောင် ခွဲခြားရန် မဖြစ်နိုင်သည်ကို တွေ့ရမည် ဖြစ်ပေသည်။

အကောင်းဆုံးမှာ အဆိုပါအခြေအနေအရပ်ရပ်ကို တစ်ပိုင်းစီ တစ်ကန့်စီ ဖြုတ်ကြည့်၍ အကြောင်းအရာသက်သက်ကို ရှုမြင်နိုင်အောင် ကြိုးစားခြင်း ဖြစ်ပါသည်။ တစ်ခုလုံးသဘော၊ လွှမ်းခြုံရှုမြင်ခြင်းသဘောတရားသည် မက်ခရိုစီမံခန့်ခွဲမှုခေါ် မဟာဗျူဟာခန်းအတွက် အရေးကြီးသည်မှန်သော်လည်း တစ်ဖက်တွင် တစ်ခုချင်းသဘောကို မျက်ခြည်ပြတ်၍မဖြစ်နိုင်ပါ။

တစ်ခုလုံးသဘောသက်သက်ကို အသုံးပြုသောအခါ အဖြူအမည်းခွဲခြားရန် လွယ်ကူသလိုရှိသော်လည်း အကြောင်းအကျိုးများကိုသိနိုင်ရန် တစ်ခုချင်းသဘောကိုလည်း တစ်ခါတစ်ရံ အာရုံပြုရန်လိုအပ်ပါသည်။ အထူးသဖြင့် Analytical Perspective ခေါ် ခွဲခြမ်းစိတ်ဖြာမှုများပြုလုပ်သောအခါ တစ်ခုလုံးသဘောနှင့် တစ်ခုချင်းသဘော နှစ်ခုစလုံး မျှတစွာ အားပြုရန် လိုအပ်လှပါသည်။

ယနေ့မြန်မာတို့၏ လက်ဖက်ရည်ဆိုင်စကားဝိုင်းများတွင် အလွယ်တကူ အဖြူအမည်းခွဲ၍ သူ့ဘက်ကိုယ့်ဘက် ခွဲခြားပြောဆိုမှုများ အလွယ်တကူပင် ပြုလုပ်နေကြသည်ကို တွေ့ရပါသည်။ လက်တွေ့အဖြေထွက်ရန် စနစ်တကျခွဲခြမ်းစိတ်ဖြာသောအခါ အကြောင်းအရာများစွာတို့သည် အလွယ်တကူ ခွဲခြားပြောဆိုနေကြသလောက် မရိုးစင်းမရှင်းလင်းဘဲ (Complex of Issues) ခေါ် အကြောင်းပေါင်းစုံ တိုက်ဆိုင်ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အထူးပင်ဖော်ပြလိုသောအချက်မှာ အကျိုးအကြောင်းကို စနစ်တကျသဘောပေါက်သူများသည် အလွယ်တကူ အဖြူအမည်းခွဲခြားအပြစ်တင်ခြင်း မပြုသင့်ဟူသော အယူအဆ ဖြစ်ပါသည်။ အကောင်းဆုံးနည်းလမ်းမှာ မိမိအမှန်တကယ်အကျွမ်းတဝင်ရှိသော ဖြစ်ရပ်တစ်ခုကို အသေးစိတ် တစ်စစီဖြုတ်၍ စဉ်းစားကြည့်ခြင်း ဖြစ်သည်။ ထိုသို့ ဖြုတ်ကြည့်လျှင် အဖြူအမည်းခွဲခြားရန် မည်မျှခက်ခဲကြောင်း အလွယ်တကူ သဘောပေါက်ပါလိမ့်မည်။

**အယ်ဒီတာ**

၇-၁၀-၂၀၀၆

www.foreverspace.com.mm

# မာတိကာ


၃ **အယ်ဒီတာ့အာဘော်**

၅ **ယခုလ အကြိုက်ဆုံးကုန်ပစ္စည်း**

၆ **ယခုလ အကြိုက်ဆုံးကြော်ငြာ**

၈ **မြန်မာ့စီးပွားရေးသတင်း**

၁၂ **မျက်နှာဖုံးဆောင်းပါး**

**ခေတ်မီမြို့ပြပို့ဆောင်ရေးပုံစံသစ်**

ဉာဏ်လင်း ၊ အောင်ကျော်မင်း

၄၀ **မြန်မာ့စီးပွားရေးမြင်ကွင်း**

**လူဦးရေနှင့်ယာဉ်စီးရေတိုးပွားလာသော ရန်ကုန်မြို့၏ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအခန်းကဏ္ဍ**

ဇော်ထွဋ်မောင်

၄၉ **စင်ကာပူနိုင်ငံတွင် ကုမ္ပဏီတည်ထောင်မှုဆိုင်ရာ အခွင့်အလမ်း**

စိုးယုဝေ

၅၅ **ယဉ်ကျေးမှု ကူးလူးဆက်နွှယ်မှုနှင့် ကိုရီးယားအစားအစာဈေးကွက်**

ဇာလီကျော်

၅၉ **ရေနေသတ္တဝါများအရှည်တည်တံ့စေရန် အသိပညာမြှင့်တင်ရေး လိုအပ်ချက်**

ကျော်ဆန်းမင်း

၆၄ **ဈေးကွက်စီးပွားရေးနှင့် အဝေးပြေးယာဉ်လိုင်းများ၏ ဝန်ဆောင်မှု**

တင်အောင်ကျော်

၇၀ **လိုအပ်ချက်အရ ဖြစ်တည်လာသော ရွှေ့လျားအရောင်းဆိုင်များ**

ကေခိုင်ကျော်

၇၄ **ရန်ကုန် ကုန်စည်ဈေးကွက်** သန်းထိုက်သူ ၊ သစ်ထွဋ်

၈၀ **ပြည်တွင်းကုမ္ပဏီများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလားအလာ**

ထားထားမြင့်

၈၄ **မြန်မာ့စီးပွားရေးအမြင်**

**ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံ၊ အိုင်တီနှင့် သဘာဝဝန်းကျင်ကောင်းကျိုး**

အောင်ကျော်မင်း









www.foreverspace.com.mm

# မာတိကာ








၈၈ လယ်ယာ၊ စက်မှု၊ သဘာဝဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးမှု အစီအမံများ — အဂ္ဂ

၉၂ **ဈေးဝယ်လမ်းညွှန်**

၉၄ **ကာတွန်း**

ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ

၁၁၂ **ပညာရှင်စာတမ်း**

Transformational Leadership

ပါမောက္ခဒေါက်တာ အောင်ထွန်းသက် (ယခင်လမှ အဆက်)

၁၂၀ **တွေ့ဆုံခြင်း**

"ကျောင်းသားတွေကို အဆင့်အတန်းမြင့်မားစေချင်တယ်ဆိုရင် အရင်ဆုံး သင်ရိုးတွေကို ခေတ်နဲ့အညီမွမ်းမံကြဖို့လိုပါတယ်"

YIUS မှ ကျောင်းအုပ် Mr. Luke နှင့် Mr.George တို့ တွေ့ဆုံခြင်း — ညဏ်လင်း

၁၂၆ **ကုန်ဈေးနှုန်း**

၁၃၂ **မြန်မာပြည်တွင်လုပ်သည်**

၁၃၆ **ထင်ရှားကျော်ကြား မြန်မာ့စီးပွား**

၁၃၈ **တစ်ဦးတည်း ကိုယ်စားလှယ်**

၁၃၉ **တွေ့ဆုံဆွေးနွေး**

၁၄၀ **ရက်စွဲမှတ်တမ်း**

၁၄၂ **ဘယ်ပစ္စည်းဘာ့ကြောင့်**

၁၄၆ **အတွေးအမြင်**

တူဒေး၊ တီကလပ်နှင့် တက်ကျမ်း — ကျော်စောမင်း

၁၅၀ ကမ္ဘာ့မိသားစုရုပ်ပုံလွှာ (၃) — ကျော်ဝင်း

၁၅၅ ကျွန်တော်ပန်းချီကုန်သည်(၄၈) — ဦးလှဝင်း(လေသူရဲတစ်ဦး)

www.foreverspace.com.mm

# လုပ်ငန်းမှတ်တမ်း

## Board of Editors

*Chief Editor* – ကျော်မင်းဆွေ

*Editor In Charge (Production)* – မင်းဇင်

*Editor In Charge (On Duty)* – ကျော်နိုင်

*Editor In Charge (News)* – မျိုးညွန့်မောင်

*Senior Executive Editors* – ကျော်နိုင်၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး၊ ဉာဏ်လင်း

*Executive Editors* – နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်

*Research & Development Editor* – သီရိဇော်

*Editors* – စန်းမော်အောင်၊ သိင်္ဂီထိုက်

*Chief Reporter* – သောင်းထိုက်

*Staff Reporters* – တင်လင်း၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သန်းထိုက်သူ၊ သစ်ထွဋ်၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

## Art Director

စိုးသော်တာ

## DTP Department

*Supervisor* – မခိုင်

*Staff Operators* – မင်းမင်းသူ၊ ငုဝါခိုင်၊ ဆွေဇင်အိ၊ စောအိလိုင်းဂျာ၊ ကျော်လင်းဇော်

## Accountant

အေးအေးဆင့်

## Advertising Department

*General Manager* – ဖေအောင်ဇင်

*Assistant Manager (Admin & Marketing)* – စန်းသီတာ

*Senior Marketing Assistants* – စောဂေးနေထူး၊ စောဆာကီးလား

*Marketing Assistants* – ဖြူဖြူသီ၊ စောမောင်မောင်လေး

## Printing

*Manager* – စောမိုးဇက်

## Production

*Manager* – တင်ဝင်းထွဋ်

*Assistant* – ဟန်မြင့်

## Admin

*Office Superintendent* – အောင်ကျော်ဆန်း

*Assistant* – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်

*Receptionist* – ဆုအိန္ဒြေဦး

## Distribution Department

**Logistics Media Services**

**Cover Design** – မောင်မောင်ဇော်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – *soe thaw dar*၊ *Pe Thit Ti*


## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Printer

Living Color ပုံနှိပ်တိုက် (မြဲ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

အမှတ် ၂၇၀၊ *1-C*၊ (ပ–ထပ်)၊ *Lucky Nice Tower*၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ဖက်စ်–၅၂၆၃၀၂

## E-mail

*Chief Editor - c-editor@myanmarpartners.com.mm*

*News Room - myanfo@myanmarpartners.com.mm*

*Marketing - paz@myanmarpartners.com.mm*

## Web Site - www.foreverspace.com.mm

*Photographer* – *K.M.S (Super King), P.A.Z,* အောင်အောင်

*B/W Film* – *PERFECT*

*Binding* – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

*Cover Permission* – ၅၄၀၉၆၉၀၆၁၀

*Circulation* – ၁၀၀၀

*Price* – ၁၀၅၀ ကျပ်

*Copyright* – *Living Color*

**( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )**



## ကျေးဇူးတင်လွှာ


ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော *OK* အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ *Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group,* စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို *Myanmar Partners Think Tank Group* မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

# ယခုလ အကြိုက်ဆုံးကုန်ပစ္စည်း

ယခုလ အကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် တေးသံရှင်လေးဖြူ၏ 'ခဏလေးများ' တေးအယ်လ်ဘမ်ကို ရွေးချယ် လိုက်ပါသည်။ စတင်ထွက်ရှိသည့် ညနေပိုင်းတွင် အရောင်းဆိုင်အချို့၌ တိပ်နှင့် စီဒီပြတ်လပ်သွားသည်အထိ ရောင်းအားကောင်းခြင်း၊ Top 10 စာရင်းများတွင် ထွက်ရှိချိန်မှစ၍ ယခုချိန်အထိ နံပါတ်တစ်နေရာကို ရယူထား နိုင်ခြင်း၊ ဈေးကွက်အခြေအနေ မတည်ငြိမ်လွန်း၍ တေးအယ်လ်ဘမ်များ မထွက်ရှိရဲချိန်ကို ပါးနပ်စွာအသုံးချ၍ ဈေးကွက်ကို သိမ်းကျုံးရယူနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်သံစဉ်သီချင်း ၁၁ ပုဒ်အား နိုင်ငံတကာတွင် လတ်တလော ရေပန်းစားနေသောဟန်ပန်ကို ပြောင်မြောက်စွာ Glocalized ပြုလုပ်နိုင်မှုကြောင့် လူငယ်များအကြိုက်တွေ့ကြခြင်း ဖြစ်သည်။

**အယ်ဒီတာ**



www.foreverspace.com.mm



# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလ အကြိုက်ဆုံးကြော်ငြာအဖြစ် မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့၌ သီတင်းကျွတ်ပွဲတော်ပြီးစီးသည်အထိ တစ်လခန့်ကြာပြသခဲ့သော J'Donuts မုန့် ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာတွင် ဆွဲဆောင်မှုရှိသည့် ကာတွန်းရုပ်ပုံများကို ကွန်ပျူတာအထူးပြုလုပ်ချက်များဖြင့် ဖန်တီးထားပြီး ကြော်ငြာစတင်ချိန်မှ ပြီးဆုံးကာနီးအထိ ကာတွန်းရုပ်ကလေးများ လှုပ်ရှားနေပုံကို စိတ်ဝင်စားဖွယ်ကောင်းအောင် ဖော်ပြသွားကာ ယင်းမှ မုန့်ဘူးအဖြစ် အသွင်ပြောင်းသွားပုံကို ဆွဲဆောင်မှုရှိစွာ ဖန်တီးတင်ပြနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

စိတ်ကူးနှင့် ဖန်တီးတင်ပြသူ – မျိုးမင်းခင်
ကြာမြင့်ချိန် – ၃၀ စက္ကန့်

**အယ်ဒီတာ**



www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၃၆ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ

## မာတိကာ


- မြန်မာနိုင်ငံဇာတာအရ ၂၀၀၈ ခုနှစ် နေကြတ်ခြင်းကြောင့် အလုံးစုံကောင်းမွန်မည်
- ပုဂ္ဂလိကအထူးကုဆေးခန်းဥပဒေ မကြာမီထုတ်ပြန်မည်
- စီးပွားရေးလုပ်ငန်းရှင်တိုင်း အခွန်ရှောင်တိမ်းခြင်းမပြုဘဲ အခွန်ဆောင်ပါက ဈေးကွက်ပိုမိုတည်ငြိမ်လာနိုင်
- သစ်ကုမ္ပဏီကိုယ်စားလှယ်လက်မှတ်ရလိုလျှင် စိစစ်ရေးကော်မတီတွင် လျှောက်ထားရမည်
- ပျဉ်းမနားတွင် ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းအောင်မြင်
- မုံရွာတွင် GSM Repeater များ ခွင့်ပြုချက်ရယူရမည်
- နေပြည်တော်အသံလွှင့်ရုံစီမံကိန်း ၆၀ ရာခိုင်နှုန်းခန့်ပြီးစီး


## စက်မှုဇုန်များတွင် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၃၀**



ကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံတွင် အလုပ်သမားအများစုရှိရာ စက်မှုဇုန်များ တွင် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းသွားမည်ဟု အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နာယက ဝန်ကြီးများနှင့် အသင်းချုပ်နှင့် အသင်းချုပ်၏ မိတ်ဖက်ညီနောင်အသင်းများမှ တာဝန်ရှိသူများတွေ့ဆုံပွဲတွင် ပြောကြားသည်။

အစည်းအဝေးတက်ရောက်သူများ၏ ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံရှိ စက်မှုဇုန် ၁၉ ခုရှိ စက်မှုဇုန်ဥက္ကဋ္ဌ များမှ အဆိုပါအလုပ်သမားအဖွဲ့အစည်းများကို ဦးဆောင်ဖွဲ့စည်းသွားမည်ဟု သိရသည်။

စက်တင်ဘာ ၂၄ ရက်နေ့က ကျင်းပသော အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း က စက်မှုကုန်ထုတ်စွမ်းအားအပါအဝင် အခြားကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်သမား၊ အလုပ်ရှင် သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်သည်။

**ထားထားမြင့်**

www.foreverspace.com.mm

# အမေရိကန် ဗီဇာလျှောက်သူ ၅၀ ရာခိုင်နှုန်းကျော် *e-Visa* လျှောက်လွှာကို အသုံးပြု

**ရန်ကုန်၊ စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံသားအများစုသည် အမေရိကန်ပြည်ထောင်စုသို့ ရက်တိုသွားရောက်ရန် ပြည်ဝင်ခွင့်လျှောက်ထားရာ၌ ၅၀ ရာခိုင်နှုန်းကျော်သည် EVAF ခေါ် အီလက်ထရွန်နစ်ဗီဇာလျှောက်လွှာပုံစံကို အသုံးပြုကြကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ကောင်စစ်ဝန် လီးမက်ခ်မဲနစ်က စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပြောကြားသည်။

ယခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပြောင်းလဲမည့် EVAF (Electronic Visa Application Form) အကြောင်း ရှင်းလင်းမိတ်ဆက်ပွဲ၌ ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သံရုံးအနေဖြင့် အခြားနိုင်ငံသံရုံးများကဲ့သို့ ကောင်စစ်ဝန်ဌာန နှင့် ဗီဇာကို ခွဲခြားထားခြင်းမရှိဘဲ တွဲဖက်ထားကြောင်း၊ ၉/၁၁ နောက်ပိုင်း နည်းပညာတိုးတက်ဖွံ့ဖြိုးလာမှုအချက်အလက်များ မျှဝေမှုအားကောင်းလာသည့်အတွက် အမေရိကန်သံရုံးများအနေဖြင့် ၂၀၀၃ ခုနှစ် စက်တင်ဘာလမှစ၍ Web အခြေစိုက်ဗီဇာရယူရေးပုံစံကို စတင်စမ်းသပ်ကျင့်သုံးခဲ့ပြီး EVAF သည် လုံခြုံစိတ်ချရမှုနှင့်ပတ်သက်လျှင် သန်းပေါင်းများစွာ သက်သေပြနိုင်ခဲ့ကြောင်း၊ EVAF ကို ပြောင်းလဲကျင့်သုံးသော်လည်း အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံအများစုတွင် သတ်မှတ်ထားသည့် ဗီဇာဝင်ကြေးဒေါ်လာ ၁၀၀ ကိုမူ ပြောင်းလဲခြင်းမရှိကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

EVAF ကို ယင်း Website http://evisaforms.state.gov သို့ ဝင်ရောက်နိုင်သည့် မည်သည့်နေရာမှမဆိုဝင်နိုင်၍ ပုံနှိပ်ထုတ်ယူနိုင်ပြီး ဗီဇာလျှောက်လွှာပုံစံနှင့် မေးခွန်းများ အပြောင်းအလဲမရှိကြောင်း၊ ကိုယ်ပိုင်အင်တာနက် Account မှဖြစ်စေ၊ ရန်ကုန်–မန္တလေးနှင့် အခြားမြို့ရှိ အင်တာနက်ကဖေးမှဖြစ်စေ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း ၎င်းကဆိုသည်။ ■

# မြန်မာနိုင်ငံဇာတာအရ ၂၀၀၈ ခုနှစ် နေကြတ်ခြင်းကြောင့် အလုံးစုံကောင်းမွန်မည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

**နဒီနက္ခတ်ဗေဒင်ကျောင်းအုပ်ကြီး**

နေကြတ်ခြင်းကို ကြုံတွေ့ရသည့်ဒေသများသည် ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မှုများဖြစ်ပေါ်တတ်ပြီး ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဖြစ်ပေါ်မည့်နေကြတ်ခြင်းသည် မြန်မာနိုင်ငံအတွက် အလုံးစုံကောင်းမွန်သော နေကြတ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ နဒီနက္ခတ်ဗေဒင်ကျောင်းအုပ်ကြီး ဦးထွန်းလင်းက စက်တင်ဘာလ ၈ ရက်နေ့တွင် ပြောကြားသည်။

အဆိုပါသင်တန်းခန်းမ၌ ပြုလုပ်သော ယခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင်ကြတ်မည့် နေကြတ်ခြင်းဆိုင်ရာ သရုပ်ပြရှင်းလင်းပွဲတွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ပြီး ယခုနှစ် စက်တင်ဘာလ၌ကြတ်မည့်နေသည် မြန်မာနိုင်ငံအတွက် အကျုံးမဝင်၍ အကျိုးသက်ရောက်မှုမရှိကြောင်း၊ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့၌ ကြတ်မည့်နေသည် ဇာတာဖွဲ့ချက်အရ မြန်မာနိုင်ငံအတွက် လူမှုရေး၊ စီးပွားရေး ဘက်ပေါင်းစုံကောင်းမွန်မည်ဖြစ်ပြီး အထူးသဖြင့် ဆက်သွယ်ရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများ၊ သံခင်းတမန်ခင်းကဲ့သို့ လုပ်ငန်း၊ ဦးဆောင်မှုပိုင်းဆိုင်ရာအယူအဆများ ကောင်းမွန်မည်ဖြစ်ကာ ခြောက်လအတွင်း သိသိသာသာ ထူးခြားနိုင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ကမ္ဘာဂြိုဟ်၌ ၁၉၈၈ ခုနှစ်မှ ယခုနှစ် ၂၀၀၆ စက်တင်ဘာလအထိ ၁၈ နှစ်တာကာလအတွင်း လကြတ်ခြင်း ၄၃ ကြိမ်၊ နေကြတ်ခြင်း ၄၁ ကြိမ် ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံနှင့်သက်ဆိုင်သော နေကြတ်ခြင်း ငါးကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၉၅ အောက်တိုဘာလ ၂၄ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၉၇ မတ်လ ၈ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၉၈ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် တစ်ကြိမ် နေကြတ်ခြင်းကို ကြုံတွေ့ရပြီး တစ်နှစ် နှစ်ကြိမ် နေကြတ်လေ့ရှိပြီး မြန်မာနိုင်ငံ ဇာတာအနေအထားအရ အလုံးစုံကောင်းမွန်မည့်နေကြတ်ခြင်းဖြစ်သည်ဟု ဦးထွန်းလင်းက ဆိုသည်။

www.foreverspace.com.mm

# ပုဂ္ဂလိကအထူးကုဆေးခန်းဥပဒေ မကြာမီထုတ်ပြန်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကအထူးကုဆေးခန်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကအထူးကုဆေးခန်းဥပဒေ (Private Clinic Hospital Law) ကို သက်ဆိုင်ရာကရေးဆွဲနေရာ မကြာမီ ဥပဒေပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ အတွင်းရေးမှူး ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာမောင်မောင်ဝင့်က စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း၌ကျင်းပသော ဆေးပညာဆိုင်ရာကျင့်ဝတ်များအကြောင်း ဆွေးနွေးပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်နှင့် မန္တလေးမြို့တော်များ၌ ပုဂ္ဂလိကအထူးကုဆေးခန်း အများစုရှိပြီး အထူးသဖြင့် ရန်ကုန်မြို့တော်တွင် အရေအတွက် ပိုမိုများပြားသည်ဟု ဆေးပညာရှင်အဖွဲ့ထံမှ သိရသည်။

မကြာသေးခင်က ရန်ကုန်မြို့တော်အတွင်းရှိ ပုဂ္ဂလိကအထူးကုဆေးခန်းများတွင် ဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းကြောင့် ကုန်ဈေးနှုန်းမှန်ကန်လာစေရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆေးခန်းများတွင် သက်ဆိုင်ရာက စတင်ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်းက ပြောကြား (The Voice Weekly Vol.2, No.47 တွင် ဖော်ပြပြီး) သည်။

အထူးကုဆေးခန်းများတွင် ဈေးနှုန်းမြင့်မားသည့်အတွက် သက်ဆိုင်ရာဆေးခန်းတာဝန်ရှိသူများကို ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီက ခေါ်ယူတွေ့ဆုံခဲ့ရာ အထွေထွေစရိတ်နှင့် အထူးကုပါရဂူစရိတ်များ မြင့်တက်လာခြင်းကြောင့်ဟု ဆေးခန်းများကဖြေဆိုခဲ့ပြီး အချို့အထူးကု ပါရဂူဆရာဝန်များမှာ အခွန်ထမ်းဆောင်ခြင်းမရှိဟု ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီထံမှ သိရသည်။

ထို့အပြင် ရန်ကုန်မြို့တော်တွင် လိုင်စင်မရှိဘဲ ဖွင့်လှစ်ထားသော အထူးကုဆေးခန်းဆေးရုံ ၈၃၇ ခုခန့်ရှိသည်ဟု အဆိုပါကော်မတီ၏ စာရင်းဇယားများအရ သိရသည်။

**ထားထားမြင့်**

# နယ်စပ်ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများ ပြုပြင်မှုကြောင့် လုပ်ငန်းမြန်ဆန်

**သတင်းဆောင်းပါး – သစ်ထွန်း**

**မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ကုန်သွယ်မှုပမာဏအမြင့်ဆုံးဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှု ၇၀ ရာခိုင်နှုန်းရှိနေသည့် မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် သက်ဆိုင်ရာက ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ဒေသခံကုန်သည်များ အကျိုးအမြတ်ရရှိစေရန်ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများကို ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်လာကြောင်း နယ်စပ်ကုန်သွယ်ရေးဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။**

မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည့် မြန်မာနိုင်ငံမှ ထွက်ကုန်များကို တင်ပို့ခြင်းမပြုရန် ကန့်သတ်ထားသည့် ကုန်ပစ္စည်းမှအပ ကျန်ပို့ကုန်ပစ္စည်းများအားလုံးကို နေပြည်တော်သို့ ပို့ကုန်လိုင်စင်လျှောက်ထားစရာမလိုဘဲ မူဆယ်သို့ တိုက်ရိုက်သယ်ပို့ခွင့်ရရှိခဲ့ရာ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်လာပြီး ဈေးကွက်အားသာမှုများရရှိခဲ့ကြောင်း မူဆယ် (၁၀၅) မိုင် အခြေစိုက် ပဲမျိုးစုံတင်ပို့သူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ကုန်ပစ္စည်းများကို ပို့ကုန်လိုင်စင်မပြုလုပ်မီ မန္တလေးနှင့် ပြင်ဦးလွင်ကြား (၁၆) မိုင် (ထုံးဘို) စခန်း၌ ကုန်ပစ္စည်းကြေညာပြီး မူဆယ် (၁၀၅) မိုင်ရှိ မိမိပိုင်ဂိုဒေါင်နှင့် သိုလှောင်ရုံများတွင် ကုန်ပစ္စည်းကြိုတင်သိုလှောင်ခွင့်များရရှိခဲ့ခြင်းကြောင့် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် မြန်မာကုန်သည်များ ဈေးကွက်ကိုကစားလာနိုင်သည့်အနေအထားဖြစ်ကြောင်း မန္တလေးအခြေစိုက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။


www.foreverspace.com.mm



"အခုလို လိုင်စင်မလျှောက်ခင် ပစ္စည်းသိုလှောင်လို့ရတော့ တော်တော်အဆင်ပြေတယ်။ အရင်ကဆို နယ်စပ်ဦးစီးကို ပို့ကုန်လိုင်စင်လျှောက်ထားနေရတာကနေ နေပြည်တော်ကို လျှောက်ရတာ မကြာသေးဘူး။ စက်တင်ဘာလလောက် စလျှောက်ရတာထင်တယ်။ ပို့မယ့်ကုန်က အဆင်သင့်ဖြစ်နေပြီး လိုင်စင်က နေပြည်တော် သွားလျှောက်ရမှာဆိုတော့ အချိန်အတော်ပေးရတယ်။ အခုကျတော့ လိုင်စင်မလျှောက်မီ ကုန်ကြေညာလွှာနဲ့ ကုန်သယ်လို့ရတော့ အများကြီး အဆင်ပြေသွားတယ်" ဟု မန္တလေးမြို့ ကုန်စည်ဒိုင်မှ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ထိုသို့ တင်ပို့ရာတွင် ကန့်သတ်ကုန်များမပါဝင်စေရန် စစ်ဆေးလျက်ရှိရာ တင်ပို့မည့်ကုန်အရေအတွက်၊ တင်ဆောင်မည့်ယာဉ်နံပါတ်၊ ကုန်ပစ္စည်းကြေညာလွှာများတင်ပြ၍ မန္တလေးမှ အာဏာပိုင်များထံ ကုန်ပစ္စည်းသယ်ဆောင်ခွင့်ရယူပြီး (၁၆) မိုင်စခန်းနှင့် (၂၄) မိုင် ရေပူစခန်းများတွင် ကုန်ပစ္စည်းစိစစ်ခြင်းခံယူရကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။

မကြာမီက မူဆယ် (၁၀၅) မိုင်တွင် တစ်ဖက်နိုင်ငံမှ တင်သွင်းလာသည့် သွင်းကုန်ပစ္စည်းများပါ အကောက်ခွန်မပေးဆောင်မီ မူဆယ် (၁၀၅) မိုင်တွင် ပစ္စည်းကြိုတင်သယ်ဆောင်သိုလှောင်ခွင့်ကို သက်ဆိုင်ရာမှ ခွင့်ပြုခဲ့ရာ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်လာစေရန် ဆောင်ရွက်လာသည့် အနေအထားဖြစ်သည်။ တင်သွင်းကုန်များကို ကြိုတင်သိုလှောင်ပြီး မိမိလိုအပ်သည့်အချိန်တွင် ကျသင့်သည့် အကောက်ခွန်ခနှုန်းကို ပေးဆောင်၍ ပြည်တွင်းသို့ တင်သွင်းနိုင်ခြင်းကြောင့် ကုန်သည်များ ဈေးကွက်အတွင်း ပိုမိုလှုပ်ရှားဆောင်ရွက်လာနိုင်ကြကြောင်း မူဆယ်ဈေးကွက်မှ စုံစမ်းသိရှိရသည်။



ကုန်ပစ္စည်းကြိုတင်သိုလှောင်ခွင့်ရရှိခဲ့သဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်လာစေမည်ဖြစ်သည်

အောက်တိုဘာလဆန်းမှ စတင်က မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးစခန်း ပို့ကုန်သွင်းကုန် ကုန်တင်ကားများကို နေ့ချင်းပြီး စစ်ဆေးပေးလျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူလာကြောင်း၊ ယခင်နှစ်ရက်၊ သုံးရက်ခန့်ကြာရာမှ ယခုကဲ့သို့ နေ့ချင်းပြီး စစ်ဆေးသည့်စနစ်ကြောင့် ဆောင်ရွက်ရမည့် လုပ်ငန်းအချိန်ကို လျှော့ချနိုင်သလို ဈေးကွက်ကိုချိန်၍ ကုန်ပစ္စည်းတင်ပို့မှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်ကြောင်း မူဆယ်အခြေစိုက် ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

ယခုကဲ့သို့ ပို့ကုန်သွင်းကုန်များကို လိုင်စင်မလျှောက်ထားမီနှင့် အကောက်ခွန်မပေးဆောင်မီ သိုလှောင်ခွင့်ပြုခဲ့သော်လည်း အဓိကမှာ မူဆယ် (၁၀၅) မိုင်တွင် ကိုယ်ပိုင်ပွဲရုံ၊ သိုလှောင်ရုံရှိသူများသာ သိုလှောင်ခွင့်ရှိသည့်အချက်ဖြစ်ကြောင်း အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းမှ စုံစမ်းသိရှိရသည်။

ကုန်သွယ်မှုလုပ်ငန်းများတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်ဆိုင်ရာစည်းမျဉ်းများ၊ ဈေးကွက်အခြေအနေ၊ ကုန်သည်များ၏ လုပ်ငန်းကျွမ်းကျင်နိုင်နင်းမှုတို့မှာ အရေးပါသောအချက်ဖြစ်ရာ ယခုကဲ့သို့ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ ပြောင်းလဲပေးခြင်းဖြင့် ကုန်သွယ်မှုပမာဏအပေါ် အပြောင်းအလဲဖြစ်စေမည်ဖြစ်သည်။ ■

www.foreverspace.com.mm

## စီးပွားရေးလုပ်ငန်းရှင်တိုင်း အခွန်ရှောင်တိမ်းခြင်းမပြုဘဲ အခွန်ဆောင်ပါက ဈေးကွက်ပိုမိုတည်ငြိမ်လာနိုင်

**ရန်ကုန်၊ အောက်တိုဘာ ၅**

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ပေးဆောင်ရမည့်အခွန်ကို စနစ်တကျ အပြည့်အဝပေးဆောင်ခြင်းဖြင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ရောင်းဝယ်ရေးလုပ်ငန်းများတွင် ဈေးနှုန်းကွာဟခြင်းများနည်းလာပြီး ဈေးကွက်ပိုမိုတည်ငြိမ်လာမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစိန်အေးက အောက်တိုဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ၌ပြုလုပ်သည့် အခွန်အခအကြောင်း တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည်။

စီးပွားရေးလုပ်ငန်းရှင်တိုင်း အခွန်ကို မပျက်မကွက်ပေးဆောင်ခြင်းဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းကွာဟမှုမဖြစ်ရန် ကြီးကြပ်ဆောင်ရွက်သွားမည်ဟု ၎င်းက ဆိုသည်။ ထို့ပြင် ကုန်ပစ္စည်းတစ်မျိုး၏ တန်ဖိုးငွေကို သတ်မှတ်ထားနိုင်သဖြင့် မတန်တဆဈေးနှုန်းမြင့်တက်ခြင်းများ မဖြစ်ပေါ်နိုင်တော့ကြောင်း ၎င်းက ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများတွင် အကောက်ခွန်၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်နှင့် အမြတ်ခွန်များကို သင့်တင့်သောနှုန်းထားဖြင့် ကောက်ခံလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အရှုံးပေါ်ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါကလည်း ခိုင်လုံသောအထောက်အထားတင်ပြ၍ အခွန်ကင်းလွတ်ခွင့်ရယူနိုင်သည်ဟု ၎င်းကဆိုသည်။ ထို့ပြင် ကုန်ပစ္စည်းတင်သွင်းစဉ်က ကုန်သွယ်ခွန်ပေးဆောင်ခဲ့သူမှာ ယင်းကုန်ပစ္စည်းအတွက် ဝင်ငွေခွန်ဆောင်ရာတွင် ကုန်သွယ်ခွန်ကို ခုနှိမ်ခွင့်ရှိကြောင်း၊ ထို့ကြောင့် စီးပွားရေးသမားများအနေဖြင့် အခွန်နှစ်ထပ်ဆောင်ရခြင်းမဟုတ်ဘဲ ဝင်ငွေခွန်တစ်ခုတည်းသာ ပေးဆောင်ရခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

## မြန်မာနိုင်ငံ၌ သားရိုင်းငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာ မတွေ့ရသော်လည်း ရောဂါဖြစ်ပွားနိုင်ခြေများရှိနေ

**သတင်းဆောင်းပါး – ကျော်နိုင်၊ ဓာတ်ပုံ–ခင်မောင်ကျော် (MBNS)**

**ငှက်သုတေသီတို့၏ စောင့်ကြည့်လေ့လာသုတေသနပြုချက်များအရ မြန်မာနိုင်ငံသို့ ရာသီပြောင်း ဆောင်းခိုရန် ရောက်ရှိလာသော သားရိုင်းငှက် (Wild Bird) များတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသည့်လက္ခဏာများ မတွေ့ရှိရသေးသော်လည်း သဘာဝအင်းအချို့တွင် ဒေသခံပြည်သူများ မွေးမြူထားသည့် ကြက်၊ ဘဲများနှင့် သားရိုင်းငှက်များ ရောနှောထိတွေ့မှုရှိနေသဖြင့် အဆိုပါသားရိုင်းငှက်များ ရောဂါသယ်ဆောင်လာပါက ကူးစက်ပြန့်ပွားရန်အခြေအနေများကိုမူ တွေ့ရှိနေရကြောင်း မြန်မာငှက်ဝါသနာရှင်အသင်း အမှုဆောင်ဦးစိုးတင့်က စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြောကြားသည်။**

ရန်ကုန်မြို့ Parkroyal Yangon ရှိခန်းမ၌ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ကြီးမှူး၍ စက်တင်ဘာလ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့သော Wild Bird Monitoring and Avian Influenza Surveillance ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"လောလောဆယ် အဲဒီသားရိုင်းငှက်တွေမှာ ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရပေမယ့်လည်း ရောဂါဖြစ်ပွားပြီး ကူးစက်နိုင်တဲ့အကြောင်းအရာတွေကို တော်တော်များများ တွေ့နေရတယ်။ သူတို့ရဲ့ Habitat (စားကျက်မြေ)တွေ လျော့ပါးပျောက်ဆုံးလာလို့ လူတွေမွေးမြူထားတဲ့ Domestic Birds တွေနဲ့ နီးစပ်လာကြတယ်။ အခု မြို့သစ်တွေ၊ စက်မှုဇုန် တွေ တည်ထောင်တဲ့ နေရာဒေသတွေဟာ တစ်ချိန်က သူတို့တွေကျက်စားတဲ့ Wetlands ဧရိယာတွေပဲ။ သူတို့ရဲ့ မူလစား

www.foreverspace.com.mm



ကျက်မြေတွေ ပျောက်သွားတော့ အဲဒီမူလနေရာကို ပြန်ရောက်လာကြတဲ့ ရာသီပြောင်းငှက်အုပ်တွေအတွက် လက်ရှိစားကျက်မြေတွေက အပြည့်အဝမဖြည့်ဆည်းပေးနိုင်တော့ဘူး။ လူတွေရှိနေတဲ့ဧရိယာထဲဝင်ပြီးကျက်စားလာကြတော့တာပဲ”ဟု ၎င်းက ဆွေးနွေးတင်ပြသွားသည်။


တရားမဝင်ကျေးငှက်များ ရောင်းဝယ်ဖောက်ကားမှု (Illegal Bird Trade) ကို အားမပေးသင့်သကဲ့သို့ အိမ်မွေးငှက် (Cage Bird) မဟုတ်သည့် သားရိုင်းငှက်များကို မမွေးမြူသင့်ကြောင်း၊ ယင်းလုပ်ရပ်များကြောင့် ငှက်များ ဒဏ်ရာအနာတရဖြစ်ခြင်း၊ ရောဂါရခြင်း၊ မသေသင့်ဘဲ သေကျေပျက်စီးခြင်း၊ အိမ်မွေးကျေးငှက်တိရစ္ဆာန်များသို့ ရောဂါကူးစက်ခြင်း၊ နိုင်ငံ၏ သယံဇာတများဆုံးရှုံးခြင်း စသည်တို့ဖြစ်ပွားနိုင်ကြောင်း၊ ထို့အပြင် မသင်္ကာဖွယ်ရာ ငှက်နာ၊ ငှက်သေများကို တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားသင့်ကြောင်း၊ ငှက်နာတိုင်း၊ ငှက်သေတိုင်းသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့်မဟုတ်သည်ကို သတိပြုသင့်ကြောင်း၊ ရာသီဥတုပြင်းထန်ခြင်း၊ အစာရေစာပြတ်လပ်ခြင်း၊ အခြားငှက်များ၏ တိုက်ခိုက်ရန်ပြုခြင်းကိုခံရခြင်းနှင့် ငှက်ပစ်သမားများ၏ လက်ချက်ကိုခံရခြင်းတို့ကြောင့်လည်းဖြစ်နိုင်ကြောင်း၊ ဒေသတစ်ခုနှင့်အနီးတစ်ဝိုက်တွင် ဘဲနှင့်ငန်းရိုင်းများ ရာပေါင်းများစွာ သေဆုံးနေသည်ကိုတွေ့လျှင် သို့မဟုတ် ငှက်တစ်မျိုးတည်း သုံးကောင်အထက်ပို၍ သေဆုံးနေသည်ကိုတွေ့လျှင် သို့မဟုတ် ဒေသတစ်ခုတွင် မျိုးမတူသော ငှက်ငါးကောင်အထက်ပို၍သေဆုံးနေသည်ကိုတွေ့လျှင် နီးစပ်ရာသက်ဆိုင်ရာဌာနများနှင့်မြန်မာငှက်ဝါသနာရှင်အသင်းသို့ ချက်ချင်းအကြောင်းကြားသင့်ကြောင်း မြန်မာငှက်ဝါသနာရှင်အသင်း၏ ကြက်ငှက်တုပ်ကွေးနှင့်ပတ်သက်၍



ငှက်ကြည့်သူများသို့ လမ်းညွှန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် ရာသီပြောင်းသားရိုင်းငှက်များနှင့် အနီးစပ်ဆုံးထိတွေ့လေ့လာစစ်တမ်းကောက်ယူနေရသူများမှာ သစ်တောဦးစီးဌာနလက်အောက်ရှိ ဘေးမဲ့တောများမှ ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ အဆိုပါဝန်ထမ်းများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza) နှင့်ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတနှင့် နည်းပညာများ အားနည်းနေသကဲ့သို့ ရောဂါကာကွယ်တားဆီးသည့်ပစ္စည်းကိရိယာ (Materials) များလည်း အားနည်းလျက်ရှိကြောင်း၊ ဝန်ထမ်းများကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရှင်များက သင်တန်းများ ခေါ်ယူပို့ချပေးစေလိုကြောင်း မြန်မာနိုင်ငံ၌ ရာသီပြောင်းသားရိုင်းငှက်များ လာရောက်ကျက်စားရာ ထင်ရှားသည့်ဒေသကြီးတစ်ခုဖြစ်သည့် အင်းလေးကန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးသန်းဌေးက အကြံပြုဆွေးနွေးသွားသည်။

**ရာသီပြောင်းသားရိုင်းငှက်တိုင်းကို ကြက်ငှက်တုပ်ကွေးရောဂါသံသယဖြင့် မကြည့်သင့်ပေ**



www.foreverspace.com.mm

"ကျွန်တော်တို့တာဝန်ယူရတဲ့ အင်းတဲ့ကိုရောက်လာတဲ့ Wild Bird တွေကို သာမက ပတ်ဝန်းကျင်ကျေးရွာတွေက အိမ်မွေးကြက်၊ ဘဲတွေကိုပါ စောင့်ကြည့်ခဲ့တယ်။ ပညာပေးအနေနဲ့ ပတ်ဝန်းကျင်ကျေးရွာ ၁၇ ရွာကို ကြက်ငှက်တုပ်ကွေးရောဂါနဲ့ပတ်သက်လို့ လိုက်ပညာပေးခဲ့တယ်။ ခက်တာက ကျွန်တော်တို့မှာ ဝန်ထမ်းအင်အားနည်းတဲ့အပြင် Supporting (အထောက်အကူပြု)ပစ္စည်းတွေ မပြည့်စုံတော့ ရှင်းပြရုံအဆင့်ပဲ လုပ်နိုင်ခဲ့တယ်။ ထင်သလောက် မဖြစ်ခဲ့ဘူး။ ဒေသခံတွေကို ထိုက်သင့်သလောက်ပဲ ပညာပေးနိုင်ခဲ့လို့ လုံလောက်မှုမရှိသေးဘူး"ဟု ပဲခူးတိုင်းရှိ အကြီးဆုံးသဘာဝအင်းဖြစ်သော မိုးယွန်းကြီးဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးသက်ထွန်းက ဆို သည်။

"ဒေသခံတွေကို ပညာပေးတဲ့ကိစ္စဟာ နူးညံ့သိမ်မွေ့တဲ့ကိစ္စတစ်ခုပဲ။ သူတို့ကြောက်လန့်သွားအောင်လည်း အရမ်းကြီးပညာသွားပေးလို့မရဘူး။ သူတို့နဲ့ထိတွေ့နေကျ ကျောင်းဆရာ၊ ဆရာမတွေက တစ်ဆင့် ချဉ်းကပ်သင့်တယ်။ သူတို့ရဲ့အကျိုးစီးပွားကိုလည်း ကြည့်ရသေးတယ်။ Sustainable Conservation လုပ်သွားရမှာပဲ" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းအချင်းချင်း မျှဝေသတင်းပေးပို့ထားသင့်သကဲ့သို့ ဒေသခံပြည်သူများကိုပါ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလာပါက မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်သတင်းပေးပို့အကြောင်းကြားတတ်စေရန် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း ဦးစိုးတင့်က ဆိုသည်။

"ကျွန်တော်တို့ဆီမှာ Report လုပ်တာ မခဲယဉ်းဘူး။ Action ယူဆောင်ရွက်ဖို့က ခဲယဉ်းနေတာ။ ဒါမျိုးက Action မြန်မြန်ရယူဖို့လိုတယ်။ ကျေးရွာတွေကနေ သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီကို အဆင့်ဆင့်သတင်းပို့နိုင်ဖို့နဲ့ အချင်းချင်းဆက်သွယ်ဆောင်ရွက်နိုင်ဖို့ ဆက်သွယ်ရေးကွန်ရက် (Network) တစ်ခု ထူထောင်သင့်ပြီ"ဟု ဦးသန်းဌေးက သုံးသပ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ သတင်းပေးပို့ရာ၌ အခြားသောတိရစ္ဆာန်ရောဂါများနှင့် မှားယွင်းတတ်သဖြင့် တိကျခိုင်လုံရန်အတည်ပြုပြီးမှသာ သတင်းပေးပို့ထုတ်ပြန်သင့်ကြောင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူးဦးစိန်ထွန်းက ဖြည့်စွက်ဆွေးနွေးသွားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၊ စည်ပင်သာယာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)၊ မြန်မာငှက်ဝါသနာရှင်အသင်း (MBNS) တို့မှ တာဝန်ရှိသူများ၊ ပညာရှင်များက မြန်မာနိုင်ငံအတွင်း သားရိုင်းငှက်များအား စောင့်ကြည့်လေ့လာခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခဲ့ကြပြီး ဒုတိယနေ့ မွန်းလွဲပိုင်းတွင် သားရိုင်းငှက်များလာရောက်ကျက်စားရာ ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်များအတွင်း ပုံမှန်မဟုတ်သောငှက်များ ပြုတ်ကျသေဆုံးခြင်းကို အနီးကပ်စောင့်ကြည့်လေ့လာ၍ သတင်းပေးပို့ခြင်းနှင့် ကြက်ငှက်တုပ်ကွေး

# သစ်ကုမ္ပဏီကိုယ်စားလှယ်လက်မှတ်ရလိုလျှင် စိစစ်ရေးကော်မတီတွင် လျှောက်ထားရမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၃**

ပုဂ္ဂလိကသစ်ကုမ္ပဏီများတွင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် ကုမ္ပဏီကိုယ်စားလှယ် သက်သေခံလက်မှတ်ရလိုလျှင် သစ်တောထွက်ပစ္စည်းများ စိစစ်ထောက်ခံရေးကော်မတီ၌ လျှောက်ထားရန် သစ်တောရေးရာဝန်ကြီးဌာနက ညွှန်ကြားထားသည်ဟု ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့နေသည့်ကုမ္ပဏီများထံမှ စက်တင်ဘာလ ၁၀ ရက်နေ့တွင် စုံစမ်းသိရှိရသည်။

သက်သေခံလက်မှတ်လျှောက်ထားရာတွင် လျှောက်ထားမည့်လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်သုံးစုံ၊ ဓာတ်ပုံသုံးပုံ၊ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်ဖြစ်ကြောင်း ထောက်ခံချက်တို့ ကိုပူးတွဲတင်ပြရမည်ဖြစ်ကြောင်း၊ လျှောက်ထားသည့် ကိုယ်စားလှယ်၏ရာထူး သည် အနည်းဆုံး မန်နေဂျာ၊ လက်ထောက်မန်နေဂျာထက် မနိမ့်သောရာထူး ဖြစ်ရမည့်အပြင် ပြင်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့ရန် စိစစ်ထောက်ခံချက် လျှောက်ထားလာသည့် ကုမ္ပဏီများ၏ အထောက်အထားများတွင် မြန်မာ့သစ် လုပ်ငန်းမှ Delivery Order (D.O) နှင့်အတူ Payment Order (P.O)ပါ တစ်ပါတည်း ပူးတွဲတင်ပြနိုင်မှသာ သစ်တောထောက်ခံချက်ပေးမည်ဖြစ်ကြောင်း ကုမ္ပဏီများထံမှ ထပ်မံစုံစမ်းသိရှိရသည်။

www.foreverspace.com.mm



ရောဂါပိုးပါရှိသည့် ငှက်နမူနာစုဆောင်းသယ်ယူခြင်းဟူ၍ ခေါင်းစဉ်နှစ်ခုခွဲ၍ အုပ်စုလေးစုဖွဲ့ကာ ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့ဆီရောက်လာတဲ့ သားရိုင်းငှက် (Wild Bird) တိုင်းကို ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influ-enza) သယ်ဆောင်လာမယ်ဆိုတဲ့ သံသယမျက်စိနဲ့မကြည့်သင့်ဘူး။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နိုင်ခြေရှိတယ်ဆိုပေမယ့် အမြဲတမ်းစိုးရိမ်စရာမရှိပါဘူး။ သံသယနဲ့ ရှုမြင်သုံးသပ်ချက်တွေကို ပြုပြင်ဖို့လိုပါတယ်"ဟု FAOမှ အတိုင်ပင်ခံအရာရှိ ဒေါက်တာသန်းလှက အကြံပြုပြောကြားသွားသည်။

# ပျဉ်းမနားတွင် ပုဂ္ဂလိကအသေးစား ငွေချေးလုပ်ငန်းအောင်မြင်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

နေပြည်တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ပျဉ်းမနားဒေသတွင် ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း အဆိုပါဒေသတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်သော ရန်ကုန်မြို့မှ ဦးကျော်ဇင်ဝင်း၏အဆိုအရ သိရသည်။ ပျဉ်းမနားဒေသတွင် အစိုးရဌာနများ အပြီးတိုင်ပြောင်းရွှေ့လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်သူများလည်း အများအပြားပြောင်းရွှေ့လာရာ ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်မှုမြန်ဆန်လာကြောင်း၊ ပျဉ်းမနားဒေသခံအများစုသည် စားသောက်ဆိုင်များနှင့် ကုန်ရောင်းကုန်ဝယ်ကိစ္စများ ယခင်ကထက် ဆောင်ရွက်မှုများပြားလာသဖြင့် အရင်းအနှီးလည်ပတ်ရန်အတွက် အသေးစားငွေချေးလုပ်ငန်းများကို အသုံးပြုလာခြင်းဖြစ်ကြောင်း ဦးကျော်ဇင်ဝင်း၏အဆိုအရ သိရသည်။ လက်ရှိတွင် အဆိုပါလုပ်ငန်းများမှာ နေ့စဉ်ပိတ်ရက်မရှိဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းသစ် ဆိုင်သစ်များဖွင့်လှစ်ရန် စီးပွားရေးလုပ်ငန်းရှင်အများစုက စိတ်ဝင်စားလျက်ရှိသည်။

# စက်မှု(၁)စက်ရုံများ ရှယ်ယာရောင်းချရာတွင် မြေယာတန်ဖိုးမပါဝင်

ရန်ကုန်၊ စက်တင်ဘာ ၂၄

အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံ ၁၁ ရုံ၏ ရှယ်ယာ ၄၉ ရာခိုင်နှုန်းကို ရောင်းချရန် လွန်ခဲ့သောဇွန်လတွင် တရားဝင်လျှောက်လွှာခေါ်ယူခဲ့သော်လည်း အဆိုပါရှယ်ယာရောင်းချခြင်းတွင် အဆောက်အအုံ၊ စက်ပစ္စည်း၊ ယာဉ်၊ ယန္တရားနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများ စုပေါင်းတွက်ချက်ပြီး ရောင်းချခြင်းဖြစ်ကာ မြေယာတန်ဖိုးမပါဝင်ကြောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန အကြီးတန်းအရာရှိကြီးတစ်ဦးကပြောကြားကြောင်း သတင်းရရှိသည်။

ရှယ်ယာရောင်းချမည့်စက်ရုံ ၁၁ ရုံမှာ ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)၊ မန္တလေးဘီယာစက်ရုံ၊ အမှတ် (၁) စီးကရက်စက်ရုံ(ရန်ကုန်)၊ အမှတ် (၂) စီးကရက်စက်ရုံ (ပခုက္ကူ)၊ အလုံအချိုရည်နှင့် ရေခဲစက်ရုံ၊ မန္တလေးအချိုရည်စက်ရုံ၊ အလှကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)၊ သန့်လျင်ဖန်ချက်စက်ရုံ၊ သင်္ဘောဆေးစက်ရုံ (ရန်ကုန်)၊ အပ်ချုပ်စက်စက်ရုံ (ကျောက်ဆည်)နှင့် စက်ဘီးစက်ရုံ (ရန်ကုန်) တို့ဖြစ်သည်။

ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ) တွင် မြေယာတန်ဖိုးမပါဝင်သော စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၁၀၁၈၃.၈၃၄ သန်းရှိကြောင်း၊ မန္တလေးဘီယာစက်ရုံတွင် မြေယာတန်ဖိုး မပါဝင်သော စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၃၆၄၃.၈၈၈ သန်းရှိကြောင်း၊ အမှတ် (၁) စီးကရက်စက်ရုံ (ရန်ကုန်)တွင် မြေယာတန်ဖိုးမပါဝင်သော စုစုပေါင်းရင်းနှီးမြှုပ်နှံမှု တန်ဖိုး ကျပ် ၂၉၆၄.၉၄၃ သန်း၊ အမှတ် (၂) စီးကရက်စက်ရုံ (ပခုက္ကူ)တွင် မြေယာတန်ဖိုးမပါဝင်သော စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၆၉၁၁.၆၄၆ သန်း၊ အလုံအချိုရည်နှင့် ရေခဲစက်ရုံတွင် မြေယာတန်ဖိုးမပါဝင်သော စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၁၃၇၇ သန်း၊ အလှကုန်ပစ္စည်းစက်ရုံ (ရန်ကုန်) တွင် မြေယာတန်ဖိုးမပါဝင်သော စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၁၀၇၁.၂၄ သန်း၊ စက်ဘီးစက်ရုံ(ရန်ကုန်)တွင် ကျပ် ၄၀၆၅.၈၈၃ သန်း၊ သန့်လျင်ဖန်ချက်စက်ရုံတွင် ကျပ် ၂၃၄၀.၆၇၂ သန်း၊ အပ်ချုပ်စက်စက်ရုံ (ကျောက်ဆည်) တွင် ကျပ် ၄၉၇၃.၆၈၂ သန်း၊ သင်္ဘောဆေးစက်ရုံ (ရန်ကုန်) တွင် ၂၅၀၈.၅၉ သန်း၊ မန္တလေးအချိုရည်စက်ရုံတွင် ကျပ် ၁၁၃၂.၅၄၆ သန်းရှိကြောင်း နေပြည်တော်မှလာသော သတင်းတစ်ရပ်အရ သိရသည်။

*Mass Peafowl News*

www.foreverspace.com.mm

# မိုးရှာတွင် GSM Repeater များ ခွင့်ပြုချက် ရယူရမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၃**

GSM ဖုန်းများ ဧပြီလ ၄ ရက်နေ့မှ စတင်၍ အသုံးပြုလာနိုင်သော စစ်ကိုင်းတိုင်း၏ စီးပွားရေးမြို့တော် မိုးရှာတွင် GSM ဖုန်း ဆက်သွယ်ခေါ်ဆိုရာ၌ အဆင်ပြေလွယ်ကူစေရန် အသုံးပြုကြသည့် GSM Repeater တပ်ဆင်အသုံးပြုသူများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သတ်မှတ်နယ်မြေအတွင်း ခွင့်ပြုချက်ရယူ၍သုံးစွဲရန် မကြာမီက အသိပေး ထုတ်ပြန်ထားကြောင်း မိုးရှာမြို့မှ ဆီစက်လုပ်ငန်းရှင် ဦးထွန်းထွန်းဦးက Living Color သို့ ပြောကြားသည်။

'GSM Repeater များ တရားမဝင်တပ်ဆင်မှုနှင့်ပတ်သက်၍' ဟူသော ခေါင်းစဉ်ဖြင့် ရည်ညွှန်းထားသော အဆိုပါ ထုတ်ပြန်ချက်တွင် အဝါရောင်ခြယ်မှုန်းထားသည့် သတ်မှတ်ဧရိယာများဖြစ်သည့် အရှေ့ဘက် ချင်းတွင်းမြစ်ကမ်း၊ အနောက်ဘက် ကိုးသန်း၊ ကျောက်ပုံရှာအနီး တောင်ဘက် ညောင်ပင်စောက်နှင့် မြောက်ဘက် ခဝဲကျင်း (အနောက်မြောက်တိုင်းစစ်ဌာနချုပ်)အနီး ဧရိယာတို့အတွင်း တရားမဝင်တပ်ဆင်ခြင်းတွေ့ရှိပါက ပစ္စည်းအားသိမ်းဆည်း၍ တပ်ဆင်သူအား အရေးယူမည်ဟု ဖော်ပြထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းအသိပေးထုတ်ပြန်ချက်မတိုင်မီ လွန်ခဲ့သောဩဂုတ်လတွင်းက GSM ဖုန်းအသုံးပြုသူများ စုဝေးလာရောက်ရာ မိုးရှာကုန်စည်ဒိုင်သို့ အသိပေးလက်ကမ်းစာရွက်များ လိုက်လံဝေငှခဲ့ကြောင်းလည်း ၎င်း၏အဆိုအရ သိရှိရသည်။

အဆိုပါလက်ကမ်းလွှာတွင် GSM Repeater များသည် GSM ဖုန်းများကို အနှောင့်အယှက်ဖြစ်စေသည့် ရေဒီယိုလှိုင်းများဖြစ်ပေါ်စေနိုင်ပြီး အခြား GSM ဖုန်းအသုံးပြုသူများကို ဆက်သွယ်မှုအခက်အခဲများဖြစ်စေနိုင်သည်ဟု ဖော်ပြထားကြောင်း မိုးရှာရှိ GSM ဖုန်းအသုံးပြုသူများထံမှ သိရှိရသည်။

မိုးရှာမြို့ GSM ဌာနမှ တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တင့်က မိုးရှာမြို့ ချမ်းမြသာစည်အရပ်၌ ၆၂ မီတာမြင့်သော GSM တာဝါတိုင်တစ်ခုနှင့် အလုံမြို့တွင် ၃၂ မီတာမြင့်သော တာဝါတိုင်တစ်ခုကို စိုက်ထူထားပြီးဖြစ်ကြောင်း၊ မိုးရှာစက်မှုဇုန်တွင် တတိယမြောက်တာဝါတိုင်တစ်ခု စိုက်ထူပြီးစီးပါက မိုးရှာမြို့နှင့် ၁၅ မိုင်ပတ်လည်ခန့်အထိ GSM မိုဘိုင်းလ်ဖုန်းများ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

*Associated News*

# မြန်မာ့အင်ကြင်းကျောက်ပန်းချီ ပြည်ပဈေးကွက်စတင်ထိုးဖောက်

**သတင်းဆောင်းပါး – နိုင်မင်းဝေ**

**တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ် နန်နင်းမြို့၌ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ပြုလုပ်မည့် (၁၅) ကြိမ်မြောက် အာဆီယံကုန်စည်ပြပွဲသို့ ခိုင်လုံအင်ကြင်းကျောက်လုပ်ငန်းကုမ္ပဏီမှ အင်ကြင်းကျောက်များဖြင့် ပြုလုပ်ထားသော ပန်းချီကားကိုးချပ်ကို ပထမဆုံးသွားရောက်ပြသခဲ့ကြောင်း ခိုင်လုံအင်ကြင်းကျောက်ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးသန်းဝင်းက ပြောကြားသည်။**

တွင်းထွက်ကျောက်များကို အသုံးပြုသည့် ကျောက်စီပန်းချီလုပ်ငန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်ကတည်းက ဥရောပ၌ စတင်ပေါ်ပေါက်ခဲ့ပြီး ခရစ်ယာန်ဘုရားကျောင်းများ၏ အမိုးနှင့် နံရံတွင် ကျောက်များကိုစီ၍ ခရစ်ယာန်ဘာသာရေးဆိုင်ရာ ပန်းချီကားများ ပြုလုပ်ရာမှ စတင်ခဲ့ကြောင်း၊ အာရှတိုက်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်ခန့်မှစ၍ ဂျပန်နိုင်ငံ၌ စတင်ပြုလုပ်ခဲ့ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံ၌ လွန်ခဲ့သောနှစ် ၂၀ ခန့်က စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ၌ လွန်ခဲ့သော ၁၅ နှစ်ခန့်က စတင်ပေါ်ပေါက်ခဲ့ကြောင်း ကျောက်ပန်းချီသမိုင်းကြောင်းကို ၎င်းက ဆက်လက်ရှင်းပြသည်။

လက်ရှိမြန်မာနိုင်ငံ၌ ပြုလုပ်နေသော ကျောက်စီပန်းချီကားအများစုသည် မိုးကုတ်နှင့် ဖားကန့်ဒေသထွက်ကျောက်များနှင့် ပြုလုပ်ကြောင်း၊ မိုးကုတ်ဒေသထွက်ကျောက်အများစုသည် အရောင်စုံမရှိသဖြင့် ကျောက်များကို ဆေးဆိုးအသုံးပြုကြကြောင်း၊ အင်ကြင်းကျောက်သည် အပြာရောင်မှလွဲလျှင် ကျန်အရောင်များ ကို

www.foreverspace.com.mm

ရရှိနိုင်ပြီး ထူးခြားချက်အနေဖြင့် ဆေးဆိုးရန်မလိုဘဲ ရောင်စုံရရှိသဖြင့် အဆိုပါ အင်ကြင်းကျောက်ဖြင့် ကျောက်ပန်းချီရေးဆွဲရန် ကြိုးစားလာကြခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံတကာကျောက်ပန်းချီဈေးကွက်တွင် ကျောက်ပန်းချီကားပေါ်ရှိ ကျောက်များကို သဘာဝကျောက်အစစ်ဖြစ်သည်ဟု အသိအမှတ်ပြုလက်မှတ်ရရှိထားသူ ပညာရှင်တစ်ဦးက စစ်ဆေးပြီး မှန်ကန်မှသာ ဈေးကွက်တင်ပို့၍ရကြောင်း၊ ကျောက်ပန်းချီကားများအတွက် အဆိုပါလက်မှတ်ရ ပုဂ္ဂိုလ်၏ ထောက်ခံချက်သည် အရေးကြီးပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရန် ပညာရှင်တစ်ဦးသည် ဒေါ်လာ ၄၀၀ ခန့်ကုန်ကျပြီး ထိုင်းနိုင်ငံ၌ သွားရောက်ယူရကြောင်းသိရသည်။ "ကျောက်ပန်းချီဆိုတာ သဘာဝကျောက်စစ်စစ်နဲ့ လုပ်မှ ကျောက်ပန်းချီအဖြစ် သတ်မှတ်တာ။ ဆေးဆိုးကျောက်ထက် သဘာဝအရောင်ကျောက်ကို တန်ဖိုးပိုထားလို့ အင်ကြင်းကျောက်နဲ့လုပ်တဲ့ ကျောက်ပန်းချီဟာ ပိုဈေးကွက်ဝင်လာနိုင်တယ်" ဟု ဦးသန်းဝင်းက ဆိုသည်။

လက်ရှိတွင် အင်ကြင်းကျောက်ဖြင့် ပြုလုပ်ထားသော ပန်းချီကားမှာ တစ်လက်မပတ်လည်လျှင် ၄၀ ကျပ်မှ ၇၅ ကျပ်အထိရရှိနေပြီး ပို့စကတ်အရွယ်မှ ၈ပေ× ၄ ပေအရွယ်အထိ ပန်းချီကားကြီးများပင်ရှိကြောင်း၊ အင်ကြင်းကျောက် ကျောက်ပန်းချီကားတစ်ချပ်ကို သုံးရက်ခန့်ရေးဆွဲရကြောင်း၊ ပထမဆုံးအဆင့်တွင် ပန်းချီကားရေးဆွဲမည့်သုံးထပ်သားပြားကို ချောအောင်ပတ်တီးညှိ၍ ပုံကြမ်းဆွဲပြီး ကော်သုံးမျိုးခန့် အသုံးပြုကာ ကျောက်များ၏ အရောင်အနုအရင့်၊ အရွယ်အစား အသေးအကြီးအလိုက် ကပ်ရကြောင်း၊ အင်ကြင်းကျောက်ပန်းချီ၏ ထူးခြားချက်မှာ ဆေးမဆိုးသည့် သဘာဝအရောင်ကျောက်ဖြစ်၍ ရာသီဥတုဒဏ်



ပြည်ပသို့ ကုန်ချောအဖြစ်ထုတ်လုပ်ရောင်းချလာနိုင်မည့် လမ်းစဖြစ်သည်

တိုက်ရိုက်မခံရလျှင် အရောင်မပျက်ဘဲ နှစ်ပေါင်းများစွာ ခိုင်ခံ့ကြောင်း အဆိုပါ ပုဂ္ဂိုလ်က ဆက်လက်ရှင်းပြသည်။

ကျောက်ပန်းချီရေးဆွဲရာ၌ ပုံပေါ်အောင်လိုင်းဆွဲခြင်း၊ ကျောက်တုံးအရွယ်အစားကိုလိုက်၍ အရောင်အနုအရင့်ကို ပေါ်လွင်အောင် ရေးဆွဲရခြင်းတို့သည် အခက်အခဲဆုံးဖြစ်ကြောင်း၊ အတွင်းသား၊ အပြင်သားကျောက်ထဲမှရှိသည့်အရည်ကို အရောင်အနုအရင့်အလိုက် ရွေးချယ်ဆက်စပ်တတ်ရန်လိုကြောင်း၊ လက်ရှိရေးဆွဲရာ၌ ပုံတူများသာရေးဆွဲကြ၍ အဆင့်လိုက်၊ အပိုင်းလိုက် ရေးဆွဲကြပြီး ကျောက်ကြီးအပွင့်ပါသော ပန်းချီကားများသည် ဈေးပိုရကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့က ပြုလုပ်သော စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုး

www.foreverspace.com.mm



တက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၆)၌ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် က အင်ကြင်းကျောက်ကဲ့သို့ သယံဇာတ များကို အတုံးလိုက်မရောင်းချဘဲ အချော ဆင့်တက်၍ ထုတ်လုပ်ရန် ညွှန်ကြားခဲ့ သည်။ လတ်တလောတွင် အင်ကြင်း ကျောက်အများအပြားကို လွယ်လွယ် ကူကူရရှိနိုင်ပြီး အင်ကြင်းကျောက် ၅၀ သားခန့်ဆိုလျှင် ၄ပေ× ၃ပေ ပန်းချီကား တစ်ချပ်ရနိုင်ကြောင်း၊ လက်ရှိအင်ကြင်း ကျောက်တစ်ပိဿာလျှင် ၁၅၀၀ ကျပ်ခန့် ရှိ၍ အင်ကြင်းကျောက်ပန်းချီလုပ်ငန်း၏ အလားအလာကောင်းကြောင်း ဦးသန်း ဝင်းက ပြောကြားသည်။

ယခင်က အင်ကြင်းကျောက်သည် ခြံနှင့်ဝင်းနှင့် ကျယ်ကျယ်ဝန်းဝန်းနေထိုင် သူများက အလှဆင်ထားရှိရန် အရွယ်အစား ကြီးကျောက်တုံးများကို ဝယ်ယူသည့် ဈေးကွက်ဖြစ်ကြောင်း၊ ယခုအခါ အင်ကြင်း ကျောက်ကို တန်ဖိုးထားဝယ်ယူလိုသူများ သည် အိမ်နေရာကျယ်ဝန်းမှုမရှိ၍ စိတ် ညစ်စရာမလိုတော့ဘဲ အင်ကြင်းကျောက် ပန်းချီကားများကို အိမ်နံရံများ၌ ချိတ်ဆွဲထား ၍ရကြောင်း၊ သစ်ပင်မှဖြစ်သော အင်ကြင်း ကျောက်များသည် သစ်သဘာဝနှင့် ကျောက် သဘာဝရှိ၍ သစ်သားကဲ့သို့ အကွက်များရှိ ကြောင်း၊ အင်ကြင်းကျောက်ကိုပင် သစ်သား ကဲ့သို့ ဘောင်ကွပ်၍ရကြောင်း ၎င်းက ရှင်းပြ သည်။

မြန်မာနိုင်ငံအနှံ့အပြားနှင့် ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် အင်ကြင်းကျောက် များ ပေါများစွာရှိကြောင်း၊ ကျောက်ပန်းချီ ဆိုသည်မှာ အသေးအမွှား ကျောက်စငယ် လေးများမှစ၍ အသုံးပြု၍ရကြောင်း၊ အသုံး မချတတ်လျှင် အမှိုက်သာသာစွန့်ပစ်ပစ္စည်း ဖြစ်နေသော်လည်း အနုပညာနှင့်အတတ် ပညာပေါင်းစပ်၍ အမှိုက်ထဲမှ ဒေါ်လာများ ဖြစ်လာနိုင်ကြောင်း ဦးသန်းဝင်းက ကျောက် ပန်းချီဈေးကွက် အလားအလာကို သုံးသပ် ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ အင် ကြင်းကျောက်ပန်းချီကို ပြည်ပသို့ တင်ပို့ရန် အားထုတ်လာခြင်းသည် သဘာဝအရိုင်း အတိုင်း အိမ်နီးချင်းနိုင်ငံများသို့ အောက်ဈေး နိမ့်နိမ့်ဖြင့် တင်ပို့ရောင်းချခဲ့ရသော အင်ကြင်း ကျောက်များကို ကုန်ချောအဖြစ် ထုတ်လုပ် ရောင်းချလာနိုင်မည့်လမ်းစဟု ဆိုနိုင်သည်။

## နေပြည်တော်အသံလွှင့်ရုံစီမံကိန်း ၆၀ ရာခိုင်နှုန်းခန့် ပြီးစီး

**ရန်ကုန်၊ စက်တင်ဘာ ၁၃**

အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ဒေသတွင်း၌ပါဝင်သော တပ်ကုန်း မြို့နယ်တွင် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော အိုလံပစ်ကုမ္ပဏီ က တာဝန်ယူတည်ဆောက်လျက်ရှိသည့် အသံလွှင့်ရုံစီမံကိန်းသည် ယခုအခါ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း ဩဂုတ်လနောက်ဆုံးပတ်တွင် အိုလံပစ် ကုမ္ပဏီထံမှ သိရှိရသည်။

ယင်းအသံလွှင့်ရုံစီမံကိန်းတွင် ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြုသွားမည် ဖြစ်ပြီး ကေဘယ်လ်ခေါ် မြေအောက်လိုင်းကြိုးများကိုအသုံးပြု၍ တစ်နိုင်ငံလုံး သို့ ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကို နိုဝင်ဘာလတွင် အပြီးသတ်နိုင်ရန်နှင့် စီမံကိန်းပြီးစီးပါက နေပြည် တော်ဒေသတွင်း၌ စတင်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စုံစမ်းသိရှိရသည်။

အိုလံပစ်ကုမ္ပဏီမှ တည်ဆောက်နေသည့် အဆိုပါအသံလွှင့်ရုံစီမံကိန်း သည် တပ်ကုန်းမြို့နယ်နှင့် ခုနစ်မိုင်အကွာ မကျီးပင်ရွာအနီးတွင် တည်ရှိသည်။

www.foreverspace.com.mm

# ထိုင်းဘာသာရပ်ဆိုင်ရာပညာသင်ဆုအတွက် မြန်မာကျောင်းသားများခေါ်ယူ

**ရန်ကုန်၊ စက်တင်ဘာ ၁၉**

မြန်မာကျောင်းသားများကို ထိုင်းနိုင်ငံ တပ်ခရိုင်ရှိ The Kamphaengphet Rajabhat တက္ကသိုလ်တွင် ထိုင်းဘာသာရပ်ဆိုင်ရာ Bachelor Degree အဆင့် ပညာသင်ဆုလျှောက်ထားကြရန် အဆင့်မြင့်ပညာဦးစီးဌာနမှတစ်ဆင့် စက်တင်ဘာလဆန်းပိုင်းက လျှောက်လွှာခေါ်ယူထားကြောင်း အဆိုပါဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



ထိုင်းဘာသာရပ်ဆိုင်ရာ ပညာသင်ဆုကို လျှောက်ထားကြမည့် မြန်မာကျောင်းသားများသည် တက္ကသိုလ် ပထမနှစ်ပညာသင်ယူနေသူများဖြစ်ရန်လိုအပ်ပြီး ပညာသင်ဆုဖြေဆိုရန် မိဘနှင့်ဆရာများ ၏ ခွင့်ပြုချက်ရရန်လည်းလိုအပ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါကျောင်းသားများသည် ပညာသင်ဆုရရန် အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည် ဖြစ်သည်။

မကြာသေးမီကလည်း မြန်မာကျောင်းသားများကို Bachelor ဘွဲ့နှင့် Master ဘွဲ့လွန်သင်တန်းများအတွက် ပညာသင်ဆုပေးအပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတစ်ဆင့် Thai Chamber of Com- merce က လျှောက်လွှာခေါ်ယူခဲ့သည်။

**ထားထားမြင့်**

---

# မြန်မာဂီတပညာရှင်များ နစ်နာဆုံးရှုံးမှုမရှိစေရန်ဂီတဆိုင်ရာသီးခြားမူပိုင်ခွင့်ဥပဒေလိုအပ်

**သတင်းဆောင်းပါး – ဘာသနာ(ပုဂံ)**

**မြန်မာနိုင်ငံ၏ ဂီတနယ်ပယ်၌ မူပိုင်ခွင့်ဥပဒေကို တွင်ကျယ်ထိရောက်စွာ အသုံးပြုမှုမရှိခြင်းကြောင့် ထုတ်လုပ်သူ၊ ဖြန့်ချိသူ၊ တေးရေးသားသူ၊ တေးဂီတတီထွင်ဖန်တီးပြုလုပ်သူများမှာ ခိုးယူဖြန့်ချိခြင်း၊ အလွဲသုံးစားလုပ်ခြင်း၊ တိုက်ရိုက်အသုံးပြုခံရ ခြင်းတို့ကြောင့် များစွာထိခိုက်နစ်နာလျက်ရှိကြောင်း၊ သို့အတွက် ဂီတဆိုင်ရာမူပိုင်ခွင့်ဥပဒေကို သီးခြားပြဋ္ဌာန်းသင့်ကြောင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွဲဖက်ပါမောက္ခဒေါက်တာမြင့်သူမြိုင်(ဥပဒေ)က ပြောကြားသည်။**

ထို့ပြင် ရှေးယခင်က မြန်မာနိုင်ငံတွင် မူပိုင်ခွင့်နှင့်ပတ်သက်၍ ဥပဒေကြောင်းအရဖြစ်ပွားခဲ့သော ပြဿနာများစွာရှိခဲ့ကြောင်း၊ အဆိုပါပြဿနာများထဲမှ မောင့်အချစ်မြားစူးသီချင်းပြဿနာ၊ ကျောက်ခဲသီချင်းပြဿနာနှင့် ခိုင်မာလာနှင်းဆီသီချင်းပြဿနာများအား လေ့လာရာတွင် အဖြစ်အပျက်ကိုကြည့်ခြင်းအားဖြင့် အနုပညာဆိုင်ရာများသည် တရားဝင်မှတ်ပုံတင်ထားခြင်းမျိုးမဟုတ်သဖြင့် မူလရေးသူသီချင်းရေးဆရာများ ကွယ်လွန်သွားကြသည့်အခါ ကျန်ရစ်သည့်ဆွေမျိုးများအနေဖြင့် ရပိုင်ခွင့်ကို တောင်းဆိုရန်ခက်ခဲကြောင်း၊ မူပိုင်ခွင့်ဥပဒေနှင့် သက်ဆိုင်သော်လည်း မူပိုင်ခွင့်ဥပဒေအရ ရရှိမည့် ငွေကြေးပမာဏမှာ ယနေ့ခေတ် တွင် မပြောပလောက်သော ငွေကြေးပမာဏဖြစ်သည့်အတွက် တရားရုံးတွင် ရင်မဆိုင်ကြတော့သောကြောင့် မူပိုင်ခွင့်ဥပဒေအရ ဆုံးဖြတ်သည်အထိ လေ့လာခွင့်မရခဲ့ကြောင်းကို လေ့လာသိရှိရသည်။

www.foreverspace.com.mm

မြန်မာနိုင်ငံ၏ ယခုလက်ရှိကျင့်သုံးနေသော မူပိုင်ခွင့်အက်ဥပဒေသည် ၁၉၄၈ မြန်မာနိုင်ငံဥပဒေများပြင်ဆင်ရေး အမိန့်ကြောင့် ဖြစ်ပေါ်လာသော ဥပဒေပုဒ်မအသစ် (၁၃) ခုနှင့် Imperial Copyright Act Law-1911 တို့ကို ပေါင်းစည်းပြဋ္ဌာန်းထားသော ဥပဒေဖြစ်ကြောင်း ဒေါက်တာမြင့်သူမြိုင်က ရှင်းပြသည်။

ဂီတလုပ်ငန်းများအတွက်ဆိုလျှင် လေးနက်သော သို့မဟုတ် ပေါ့ပါးသော သီချင်းများ၊ ထပ်ကျော့ဆိုသောသီချင်းများ၊ အော်ပရာများ၊ ဂီတပွဲများ၊ သီချင်းရှည်ကြီးများ၊ တီးမှုတ်ပစ္စည်းနှင့်ပတ်သက်၍ SoLo ဟုခေါ်သည့် ပစ္စည်းတစ်ခုချင်း၊ ဆိုနာကာချိန်ဘာဂီတ အစရှိသည့် တူရိယာအနည်းငယ်နှင့် သီဆိုခြင်း သို့မဟုတ် တူရိယာအများအပြားနှင့် သီဆိုသူပါဝင်သော တီးဝိုင်း (Band) အဖွဲ့၊ သံစုံတီးဝိုင်း (Orchestra) အဖွဲ့ စသော ပစ္စည်းအမျိုးအစားများကို ကာကွယ်ရန်အတွက် WIPO မှ တာဝန်ယူထားသည်ဟုလည်း ၁၉၁၁ ဥပဒေအရ သိရသည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်တွင်ရှိစဉ်ကပင် မူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်သော်လည်း ထိုစဉ် က အပြည်ပြည်ဆိုင်ရာ မူပိုင်ခွင့်ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိခဲ့သဖြင့် ထိုကွန်ဗင်းရှင်းတွင်ပါဝင်သော သဘောတူညီချက်များသည် မြန်မာနိုင်ငံအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုမရှိနိုင်ဟု အပြည်ပြည်ဆိုင်ရာ ဥပဒေ (International Law) နှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များ (International treaties) အရ ဆိုနိုင်သည်။

အပြည်ပြည်ဆိုင်ရာတွင် ဂီတနှင့်ဆိုင်သော မူပိုင်ခွင့်ဥပဒေကို ခေတ်နှင့်လျော်ညီစွာ တိုးတက်ပြောင်းလဲဖွဲ့စည်းလျက်ရှိပြီး ယင်းအက်ဥပဒေများတွင် ဂီတလုပ်ငန်းနှင့်ပတ်သက်၍ သီးခြားမူပိုင်ခွင့်များရှိသည့်အတွက် မူပိုင်ပစ္စည်းကို ကူးယူခိုးချမှုများ ဖြစ်ပေါ်လာပါက ပြစ်ဒဏ်ပေးနိုင်သောအခြေအနေရှိကြောင်း၊ ယခင်က အင်္ဂလန်တွင် တေးဂီတမူပိုင်ခွင့်အက်ဥပဒေ (၁၉၀၆) ဖြင့် ပြစ်ဒဏ်ပေးရာ၌ ၅ ပေါင်ထက်မများသော ငွေကိုသာ ဒဏ်ငွေဆောင်စေပြီး ဒုတိယအကြိမ် သို့မဟုတ် နောက်ဆက်တွဲစီရင်မှုအရ နှစ်လထက်မပိုသော ကာလအပိုင်းအခြားဖြင့် အလုပ်ကြမ်းဖြင့်ဖြစ်စေ အလုပ်ကြမ်းမပါဘဲထောင်ချနိုင်ခြင်း သို့မဟုတ် ၁၀ ပေါင်ထက်မများသော ဒဏ်ငွေကိုပေးဆောင်ရန်ဖြစ်စေ ချမှတ်နိုင်ခဲ့ကြောင်း၊ ယခုအခါ ယင်းဥပဒေ၌ ဒဏ်ငွေနှင့်ပြစ်ဒဏ်ကို ခေတ်ကာလအခြေအနေအလိုက် ပြောင်းလဲပြဋ္ဌာန်းခဲ့သဖြင့် အဆိုပါနိုင်ငံများရှိ ဂီတပညာရှင်များအနေနှင့် မိမိရပိုင်ခွင့်ကို ထိထိရောက်ရောက်တောင်းဆိုရန် အခွင့်အလမ်းရှိကြောင်း လေ့လာတွေ့ရှိရ သည်။

မြန်မာနိုင်ငံရှိ ၁၉၁၄ ခုနှစ် မူပိုင်ခွင့်အက်ဥပဒေကို လေ့လာရာတွင် ဂီတဆိုင်ရာမူပိုင်ခွင့် ပြစ်မှု၊ ပြစ်ဒဏ်သီးခြားမပါရှိဘဲ စာမူ စသည်များနှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်ကိုသာ တွေ့ရှိရပြီး အဆိုပါပြစ်ဒဏ်တွင် မည်သူမဆိုသိလျက်နှင့် ကိုယ်တိုင်အမြတ်အစွန်းရရန်အလို့ငှာ စာမူပိုင်ခွင့်ရရှိသူ၏ သဘောဆန္ဒမပါဘဲ ၎င်းစာ၊ ၎င်းအထည်မျိုး အများပြည်သူရှေ့ခင်းကျင်းပြသလျှင် ၎င်းသူမှာ ငါးရာကျပ်ထိ ငွေဒဏ်ထိုက်သင့်စေရမည်ဟု ပုဒ်မ (၈) (Ibid-Section 8) တွင် ပြဋ္ဌာန်းထား၍ ပုဒ်မ(၇) သို့မဟုတ် ပုဒ်မ(၈)အရ ယင်းပြစ်မှုနှင့် ယင်းကဲ့သို့ လုပ်ဆောင်မှုထက်ပို၍ မည်သူမဆို ဒုတိယအကြိမ် ကျူးလွန်ပါက ၎င်းကို ထောင်ဒဏ်တစ်လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်ထောင်အထိ သို့မဟုတ် ငွေဒဏ်နှစ်ရပ်လုံးစီရင်မည်ဟု

## ဆေးပညာနှင့်နီးနွယ်သောတက္ကသိုလ်များ၏သင်ရိုး၌ ဆေးပညာကျင့်ဝတ်ကိုထည့်သွင်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ် ၁၃ ခု တို့တွင် ဆေးပညာဆိုင်ရာကျင့်ဝတ်များကို ပထမနှစ်မှစ၍ နောက်ဆုံးနှစ်အထိ သင်ရိုးညွှန်းတမ်းများ၌ ထည့်သွင်းသင်ကြားရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့အတွင်းရေးမှူး ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာမောင်မောင်ဝင့်က ပြောကြားသည်။

ယခင်ကမူ အဆိုပါဆေးပညာဆိုင်ရာကျင့်ဝတ်များကို ဆေးတက္ကသိုလ် စတုတ္ထနှစ်တွင်မှ သင်ကြားပေးလေ့ရှိသည်ဟု မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ထံမှ သိရသည်။

ဆေးပညာရှင်များ စောင့်ထိန်းရမည့် ဆေးပညာဆိုင်ရာကျင့်ဝတ်များသည် ဆရာဝန်တစ်ဦးအနေဖြင့် ဆေးတက္ကသိုလ်များတွင် သင်ယူခဲ့ရသလို တစ်သက်လုံးသိနားလည်ရမည့်ကိစ္စရပ်လည်းဖြစ်ကြောင်း ဒေါက်တာမောင်မောင်ဝင့်က ရှင်းပြသည်။

ထို့ကြောင့် ဆေးတက္ကသိုလ်များတွင် ဆေးပညာဆိုင်ရာကျင့်ဝတ်များကို ပထမနှစ်ကပင် စတင်သင်ကြားပေးရန် ဆေးသိပ္ပံပညာဦးစီးဌာနက ၂၀၀၅ ခုနှစ်တွင် အလုပ်ရုံဆွေးနွေးပွဲနှစ်ခုကျင်းပကာ စတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနထံမှ သိရသည်။

**ထားထားမြင့်**

www.foreverspace.com.mm



ပုဒ်မ(၉) (Ibid-Section 9) တွင် ပြဋ္ဌာန်းထားကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတွင် ဂီတဆိုင်ရာမူပိုင်ခွင့်အက်ဥပဒေဟူ၍ သီးခြားပြဋ္ဌာန်းထားမှုမရှိဘဲ ယခုလက်ရှိကျင့်သုံးနေသော မူပိုင်ခွင့်မှာ အားလုံးသော မူပိုင်ခွင့်များကို ပေါင်းခြုံ၍ ပြဋ္ဌာန်းထားကြောင်း၊ မူပိုင်ခွင့်သက်တမ်းကို တီထွင်ဖန်တီးပြုလုပ်သူ သေဆုံးပြီး နှစ်ပေါင်း ၅၀ သတ်မှတ်ထားကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၁ ခုနှစ်မှစ၍ ကမ္ဘာ့ဉာဏပိုင်းဆိုင်ရာပစ္စည်းများ မူပိုင်ခွင့်အဖွဲ့အစည်း (WIPO) အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ယခင်က အပြည်ပြည်ဆိုင်ရာ မူပိုင်ခွင့်အဖွဲ့အစည်းသို့ပင် ဝင်ရောက်မှုမရှိခဲ့ခြင်း၊ ဖြစ်ပျက်လာသော အမှုကိစ္စများသည်လည်း ပြီးပြတ်သည်အထိ တရားရုံးများတွင် ရင်ဆိုင်ခဲ့ရမှုများမတွေ့ရခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ဥပဒေအားနည်းချက်များကို နိုင်ငံတကာမူပိုင်ခွင့်ဥပဒေများနှင့် နှိုင်းယှဉ်ချိန်ဆနိုင်မှသာလျှင် မြန်မာ့အနုသုခုမယဉ်ကျေးမှုအနုပညာရှင်များ၏ လက်ရာများအား တရားမျှတစွာ ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း ဒေါက်တာမြင့်သူမြင့် က ဝေဖန်သုံးသပ်သည်။

## ကျောင်းများတွင် သန်ကောင်ရောဂါ ကာကွယ်တားဆီးရေးစီမံချက် အောင်မြင်

**ရန်ကုန်၊ ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များအောက်ရှိ ကာကွယ်ရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သော သန်ကောင်ရောဂါကာကွယ်တားဆီးရေးစီမံချက်သည် သိသိသာသာ အောင်မြင်မှုရရှိကြောင်း ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးစီမံချက်မန်နေဂျာ ဒေါက်တာအောင်ထွန်းက ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြောကြားသည်။

ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်သော ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်သင်တန်းဖွင့်ပွဲ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသူကျောင်းသားစုစုပေါင်း ၇.၇ သန်းခန့်ရှိပြီး ငါးသန်းခန့်ကို နှစ်စဉ်သန်ချဆေး တိုက်ကျွေးသန်ချပေးနိုင်ကြောင်း၊ အဆိုပါအရေအတွက်သည် မူလတန်းအဆင့် ကလေးများအားလုံးကို တိုက်ကျွေးနိုင်ပြီး နှစ်စဉ် ဇွန်၊ ဇူလိုင်လများတွင်တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ် တိုက်ကျွေးနိုင်ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

လူအများစုသည် တစ်ခါတစ်ရံ ၎င်းတို့၏ အပြုအမူအနေအထိုင်ကြောင့် မိမိတွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အိမ်နီးနားချင်းများတွင်လည်းကောင်း ရောဂါများဖြစ်ပွားနေသည်ကို အမှတ်မထင်မြင်နေကြရကြောင်း၊ သို့ဖြစ်၍ ရုပ်ပုံကားချပ်များရေးဆွဲပြီး ဆရာဆရာမများမှ သန်ကောင်ရောဂါအကြောင်းနှင့် ကာကွယ်ရေးလုပ်ငန်းများအကြောင်းကို ကျောင်းသားလူငယ်များအား လွယ်ကူစွာ ပို့ချနိုင်ရန် စီစဉ်ထားကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ကျောင်းသားလူငယ်များ ကျန်းမာရေးကို သိရှိနားလည်ပြီး ပုံမှန်ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိလာစေရန်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

## ရန်ကုန်မြို့တော်ရှိ ကုန်ဈေးနှုန်းစစ်တမ်း စီးပွား/ကူးသန်းဝန်ကြီးဌာန ကောက်ယူ

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

ရန်ကုန်မြို့တွင်ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကွင်းဆင်းလိုက်လံစစ်ဆေးကောက်ယူနေကြောင်း ရန်ကုန်မြို့ရှိ ကုန်သည်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။ ထိုသို့ စစ်တမ်းကောက်ယူရာတွင် အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီဈေးနှုန်းများအပါအဝင် အခြားစားသောက်ကုန်ဈေးနှုန်းများအပြင် လျှပ်စစ်ပစ္စည်းဈေးနှုန်းများ၊ ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများ၊ ရွှေဈေးနှုန်း စသည့် ကဏ္ဍနယ်ပယ်အသီးသီးမှ ကုန်စည်ဈေးနှုန်းများပါဝင်နေကြောင်း အဆိုပါကုန်သည် အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံမှ တင်ပို့မည့်ပို့ကုန်ပစ္စည်းများဈေးနှုန်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးစီး၍ တစ်ပတ်လျှင်တစ်ကြိမ်ပြုလုပ်မည်ဖြစ်ကာ အဆိုပါအစည်းအဝေးက ရရှိသောဈေးနှုန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အတည်ပြုသတ်မှတ်၍ ကုန်သွယ်ရေးတွင် သတ်မှတ်ကျင့်သုံးစေမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က နယ်စပ်ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆွေးနွေးပွဲ (၂/၂၀၀၆) တွင် ပြောကြား (သတင်းဖော်ပြပြီး ခေတ်မြန်မာ Weekly Vol.3, No.47) သည်။

*Mass Peafowl News*

www.foreverspace.com.mm

# မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်တစ်လျှောက် စစ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်

**ဘေဂျင်း၊ စက်တင်ဘာ ၁၄**



မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေနှင့် နှစ်နိုင်ငံနယ်စပ်မျဉ်းတစ်လျှောက်တွင် ဖြစ်ပွားပေါ်ပေါက်လျက်ရှိသော၊ ပေါ်ပေါက်လာနိုင်သောပြဿနာများ တားဆီးဖြေရှင်းရေးအတွက် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း ထိုင်းတပ်မတော်ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆွန်သီဘိုညာရာခတ်လင်း၏ Thai News Agency သို့ ပြောကြားချက်ကို ကိုးကား၍ Xinhua သတင်းတစ်ရပ်အရ သိရသည်။

မိမိ၏ မြန်မာနိုင်ငံအလည်အပတ်ခရီးစဉ်အတွင်း မြန်မာနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုခဲ့ရာ မိမိကို လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြုသဘောဆောင်သည့် သဘောတူညီချက်များရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်တွင် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းများကို တားဆီးချေမှုန်းခြင်း၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများနှင့် ပြစ်မှုကျူးလွန်မှုများကို ဟန့်တားနှိမ်နင်းခြင်းတို့ပါဝင်ကြောင်း အဆိုပါဗိုလ်ချုပ်ကြီးက ပြောကြားသည်။

သဘောတူညီမှုရရှိခဲ့သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံပူးတွဲနယ်ခြားကော်မတီအနေနှင့် တိုက်ရိုက်ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ စက်တင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သော ထိုင်းကြည်းတပ်စစ်ဦးစီးချုပ်၏ခရီးစဉ်တွင် ၎င်းအနေနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ–ထိုင်း နှစ်နိုင်ငံ တပ်မတော်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာကိစ္စရပ်များကို နွေးထွေးစွာဆွေးနွေးခဲ့ကြကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

# အိန္ဒိယ *SME* ပြပွဲ ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ ၉**

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ကုန်စည်ပြပွဲတစ်ခုကို လာမည့် ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၌ ကျင်းပသွားရန်ရှိကြောင်း Indo Myanmar Chamber of Commerce & Industries မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ အဆိုပါပြပွဲကို ကျင်းပပြုလုပ်ရန်အတွက် Indo-Myanmar Chamber of Commerce & Industries မှ ကိုယ်စားလှယ်အဖွဲ့ဦးဆောင်သည့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များသည် စက်တင်ဘာလ ပထမပတ်အတွင်း၌ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် UMFCCI အသင်းချုပ်၌ လာရောက်ဆွေးနွေးခဲ့ကြသည်။

နယ်စပ်ကုန်သွယ်မှု ပိုမိုဖြစ်ထွန်းစေရန်အတွက်လည်း ရခိုင်ပြည်နယ် ကုလားတန်မြစ်ဝှမ်းနှင့် အိန္ဒိယအရှေ့မြောက်

www.foreverspace.com.mm

ပိုင်းရှိ မိဇိုရမ်ပြည်နယ်အကြားတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခု ဖြစ်ပေါ်ရေးအတွက် နှစ်နိုင်ငံကုန်သည်များ စိတ်ဝင်စားလျက်ရှိကြောင်း ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်မှုလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

မြန်မာ–အိန္ဒိယကုန်သွယ်မှုသည် ၂၀၀၆ နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရှိမည်ဟု ခန့်မှန်းထားကြသည်။ တရားဝင်စာရင်းများအရ နယ်စပ်ကုန်သွယ်ရေးအပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုတွင် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်၌ အမေရိကန်ဒေါ်လာ ၅၅၇.၆၈ သန်း ရှိခဲ့ပြီး အဆိုပါပမာဏသည် ၂၀၀၄–၂၀၀၅ ခုနှစ်ပမာဏထက် ၂၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများကို ဒုတိယအများဆုံးဝယ်ယူသောနိုင်ငံလည်း ဖြစ်သည်။

# မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်ဒေသများအတွက် ကျပ်သန်းခုနစ်သောင်းနီးပါး သုံးစွဲခဲ့

**ရန်ကုန်၊ အောက်တိုဘာ ၆**

မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့်ဆက်စပ်နေသည့်ဒေသများတွင် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းအတွက် ကျပ်သန်း ခုနစ်သောင်းနီးပါးခန့် သုံးစွဲခဲ့ကြောင်း တရားဝင်ကြေညာချက်များအရ သိရသည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ ခုနှစ်မှစတင်၍ နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၅၅၈၇၉ သန်း၊ ဝန်ကြီးဌာနအသီးသီး၏ကျပ် ၃၄၂၉၆ သန်း စုစုပေါင်း ကျပ် ၉၀၁၇၅ သန်းကျော်ကို သုံးစွဲဆောင်ရွက်ပြီး အဆိုပါသုံးစွဲငွေ၏ ၇၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းတွင် သုံးစွဲခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၅ ခုနှစ်တွင် မူးယစ်ဗဟိုနှင့် UNODC တို့ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှု ကွင်းဆင်းတိုင်းတာချက်အရ ၂၀၀၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက 'ဝ' ဒေသ၌ ၁၀၀ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ၉၁ ရာခိုင် နှုန်း၊ ကချင်ပြည်နယ်၌ ၄၉ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မှု ၃၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

ယခုအခါ နယ်စပ်ဒေသမြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်များ ဖြစ်မြောက်ရေးအတွက် တားဆီးနှိမ်နင်းမှုများ ထိရောက်စွာဆောင်ရွက်လျက်ရှိသည်ဟု သိရှိရသည်။

# လိုင်စင်မဲ့ယာဉ်အသုံးပြုထုတ်လုပ်သော ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်ငန်းအချို့ အရေးယူခံရ

**ရန်ကုန်၊ စက်တင်ဘာ ၆**

ရန်ကုန်အခြေစိုက် ပြည်တွင်းဖြစ် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများထဲမှ လုပ်ငန်းအချို့မှာ သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများအတိုင်း ယာဉ်ထုတ်လုပ်ခြင်းမပြုဘဲ တရားမဝင်နည်းလမ်းများအသုံးပြု၍ ယာဉ်ထုတ်ခြင်းကြောင့် သက်ဆိုင်ရာက မကြာသေးမီက အဆိုပါမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများကို အရေးယူမှုများပြုလုပ်ခဲ့ကြောင်း မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

ထိုသို့အရေးယူခံခဲ့ရသော မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းအချို့မှာ ယာဉ်ထုတ်လုပ်ရာတွင် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များကိုအသုံးပြု၍ သတ်မှတ်ထားသောစည်းကမ်းများချိုးဖောက်ကာ ထုတ်လုပ်ခြင်းများကြောင့်ဖြစ်ပြီး အရေးယူခံရသည့် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် လိုင်သာယာစက်မှုဇုန်အခြေစိုက်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုလည်း ပါဝင်ကြောင်း စုံစမ်းသိရသည်။

စက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများသို့ ဩဂုတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ အစည်းအဝေးတွင် အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် စက်မှုဇုန်များ ပတ်သက်မှုမရှိစေရန်၊ မော်တော်ယဉ်များ၌ ကာလာမှန်များ တပ်ဆင်ထားခြင်းမရှိစေရန်နှင့် ယာဉ်အပိုပစ္စည်းများတင်သွင်းရာတွင် တရားဝင် တင်သွင်းခွင့်လျှောက်ထားပြီးမှသာ တင်သွင်းကြစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

*Associated News*

www.foreverspace.com.mm

# ရေအားလျှပ်စစ်စီမံကိန်းများ၌ နေပြည်တော်နှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန် *iPSTAR* များ တပ်ဆင်အသုံးပြုမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**



မြန်မာနိုင်ငံအရပ်ရပ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် အုပ်ချုပ်ရေးမြို့တော် နေပြည်တော်နှင့် အခြားဒေသများသို့ အပြန်အလှန်ဆက်သွယ်နိုင်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ် ၃၃ ခု တပ်ဆင်ထားပေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါ iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို ရေအားလျှပ်စစ်စီမံကိန်းများတွင် လိုက်လံတပ်ဆင်ပေးရာ၌ MTG Co., Ltd. နှင့် Myanmar Global Net ကုမ္ပဏီနှစ်ခုက တာဝန်ယူတပ်ဆင်ပေးရကြောင်း၊ ယင်းစီမံကိန်းများမှာ ဆက်သွယ်ရခက်ခဲသော ဝေးလံခေါင်သီသည့်ဒေသများတွင် တည်ရှိကြသဖြင့် သတင်းအချက်အလက်ရရှိမှု ခက်ခဲကြောင်း၊ iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ်မှာ နေရာဒေသမရွေးတပ်ဆင်အသုံးပြု ဆက်သွယ်နိုင်သဖြင့် ယင်းကဲ့သို့သော ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ဆက်သွယ်တည်ဆောက်ရန် ခက်ခဲသည့်ဒေသများအတွက် အဆင်ပြေကြောင်း၊ iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ် တပ်ဆင်အသုံးပြုရာတွင် Data ထက် Voice (တယ်လီဖုန်းပြောဆိုမှု)ကို အဓိကထားအသုံးပြုရန်ဖြစ်ကြောင်း iPSTAR လိုက်လံတပ်ဆင်ပေးသူတစ်ဦးက ဆိုသည်။

ယင်းရေအားလျှပ်စစ်စီမံကိန်းများမှ နေပြည်တော်သို့ နေ့စဉ်သတင်းအချက်အလက်များ ပေးပို့မှုလွယ်ကူစေရန် အဓိကထား တပ်ဆင်ခြင်းဖြစ်ပြီး လောလောဆယ်တွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ၁၆ ခုကို ဦးစားပေးတပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများတွင်လည်း တပ်ဆင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်စီမံကိန်းများအနက် စီမံကိန်းရှစ်ခုတွင် တပ်ဆင်ထားပြီးဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

**လက်ရှိတည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ**

(၁) မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၌ မဂ္ဂါဝပ် ၇၉၀ ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်း။

(၂) ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ် ၆၀ ရှိ ကွန်ချောင်းရေအားလျှပ်စစ်စီမံကိန်း။

(၃) ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ် ၄၀ ရှိ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း။

(၄) ပဲခူးတိုင်း အုတ်တွင်းမြို့နယ်၌ မဂ္ဂါဝပ် ၃၀ ရှိ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း။

(၅) ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၌ ၂၅ မဂ္ဂါဝပ်ရှိ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း။

(၆) ပဲခူးတိုင်း ရွှေကျင်မြို့နယ်၌ ၇၅ မဂ္ဂါဝပ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း။

(၇) ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ မဂ္ဂါဝပ် ၆၀၀ ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်း။

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၅၄ မဂ္ဂါဝပ်ရှိ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း။

(၉) ကရင်ပြည်နယ် သံတောင်မြို့နယ်၌ ၂ ဒသမ ၂ မဂ္ဂါဝပ်ရှိ ပသီရေအားလျှပ်စစ်စီမံကိန်း။

(၁၀) ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ၁၀၂ မဂ္ဂါဝပ်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်း။

www.foreverspace.com.mm

# လျှပ်စစ်မီတာထိန်းသိမ်းခနှင့် ရက်လွန်ကြေး နှုန်းထားပြင်ဆင်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

အိမ်သုံးလျှပ်စစ်မီတာထိန်းသိမ်းစောင့်ရှောက်ခအား ယခင် တစ်ရာကျပ်မှ ငါးရာကျပ်သို့ နိုဝင်ဘာလမှစ၍လည်းကောင်း၊ ရက်လွန်ကြေးပေးဆောင်ရသည့် နှုန်းထားကို ယခင် ငါးဆယ်ကျပ်မှ တစ်ထောင်ကျပ်သို့ စက်တင်ဘာလမှစ၍ လည်းကောင်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

လုပ်ငန်းသုံး ပါဝါလျှပ်စစ်မီတာထိန်းသိမ်းစောင့်ရှောက်ခကို တစ်ထောင်ကျပ်သို့ ပြောင်းလဲကောက်ခံမည်ဖြစ်ပြီး ရက်လွန်ကြေးကိုမူ ငါးထောင်ကျပ် သတ်မှတ်ထားကြောင်း ယင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

**ရက်လွန်ကြေး (သို့မဟုတ်) ဒဏ်ကြေးများ၏ လအလိုက်တိုးမြှင့်ကောက်ခံမှုဇယား**

| လသတ်မှတ်ချက် | အိမ်သုံးလျှပ်စစ်မီတာ (ကျပ်) | လုပ်ငန်းသုံးပါဝါ လျှပ်စစ်မီတာ (ကျပ်) |
|---|---|---|
| ပထမလ | ၁၀၀၀ | ၅၀၀၀ |
| ဒုတိယလ | ၂၀၀၀ | ၁၀၀၀၀ |
| တတိယလ | ၃၀၀၀ | ၂၀၀၀၀ |
| စတုတ္ထလ | ဖြတ်သိမ်း | ဖြတ်သိမ်း |

လျှပ်စစ်ဓာတ်အားသုံးစွဲခများ ပေးသွင်းရာတွင် သတ်မှတ်ရက်ထက် နောက်ကျပေးသွင်းရာ၌ ပေးဆောင်ရသည့် ရက်လွန်ကြေး သို့မဟုတ် ဒဏ်ကြေးများကို လအလိုက် အဆင့်ဆင့် တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး သုံးလထက် ကျော်လွန်၍ လာရောက်ပေးဆောင်ရန် ပျက်ကွက်ပါက တပ်ဆင်ထားသော လျှပ်စစ်မီတာများ ဖြတ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း ယင်းဌာနမှ စုံစမ်းသိရှိရသည်။

**မျိုးမြင့်အောင်**

# နေပြည်တော်ရှိ မွေးမြူရေးဇုန်များအတွက် မြေကေများသတ်မှတ်

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

နေပြည်တော်တစ်ဝိုက်တွင် ဖော်ထုတ်မည့် မွေးမြူရေးဇုန်များအတွက် တပ်ကုန်း၊ လယ်ဝေး၊ ရမည်းသင်းမြို့နယ်တို့တွင် စုစုပေါင်းမြေဧက ၆၄၂၄ ဧကကို ရွေးချယ်သတ်မှတ်လိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာခင်လှိုင်က စက်တင်ဘာလ ၂၆ ရက်နေ့တွင် ပြုလုပ်ခဲ့သော ငါးလုပ်ငန်းအဖွဲ့ချုပ် ပုံမှန်အစည်းအဝေးတစ်ရပ်၌ အဆိုပါရွေးချယ်သတ်မှတ်မှုကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မွေးမြူရေးဇုန် (၁)နှင့် ဇုန်(၂)ကို တပ်ကုန်းမြို့နယ်တွင် သတ်မှတ်ပြီး ဇုန်(၁) အတွက် မြေ ၁၆၅၉ ဧကနှင့် ဇုန်(၂)အတွက် ၂၈၇ ဧက သတ်မှတ်ထားကြောင်း၊ ယင်းဇုန် (၁)နှင့် (၂)တွင် နွား၊ သိုး၊ ဆိတ်၊ ကြက်များ မွေးမြူနိုင်ကြောင်း ၎င်းက ဆိုသည်။

လယ်ဝေးမြို့နယ်တွင် မွေးမြူရေးဇုန်(၃) နှင့် ဇုန်(၄)တို့အတွက် မြေ ၆၂၃ ဧကနှင့် ၂၀၀၀ ဧက သတ်မှတ်ထားပြီး ရမည်းသင်းမြို့နယ်ရှိ ဇုန်(၅)၊ ဇုန်(၆)၊ ဇုန်(၇)နှင့် ဇုန်(၈)တို့အတွက် မြေ ၃၀၅ ဧက၊ ၅၀၈ ဧက၊ ၆၀ ဧက နှင့် ၀.၉၈၂ ဧက အသီးသီး သတ်မှတ်ထားကြောင်း၊ လယ်ဝေးမြို့နယ်တွင် နွား၊ သိုး၊ ဆိတ်များ မွေးမြူခွင့်ရမည်ဖြစ်ပြီး ရမည်းသင်းမြို့နယ်တွင် နွား၊ သိုး၊ ဆိတ်နှင့် ကြက်များ မွေးမြူနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ထည့်သွင်းပြောကြားသည်။

မြေတစ်ဧကတွင် နွား ၁၀ ကောင် (သို့) ဆိတ်ကောင်ရေ ၅၀ (သို့) ကြက်ကောင်ရေ ၂၅၀၀ မွေးမြူရမည်ဖြစ်ပြီး မြေယူနစ်သတ်မှတ်ချက်အနေဖြင့် မြေတစ်ကွက်တွင် ၁၂.၅ ဧက ရှိရမည်ဖြစ်ကြောင်း၊ ယခုအခါ တပ်ကုန်းမြို့နယ်တွင် စတင်ဖော်ထုတ်နေပြီဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

■

www.foreverspace.com.mm

# ရွှေပြည်သိဟိန်းဆေးခန်းတွင် နှစ်နှစ်အတွင်း လူနာနှစ်သောင်းကျော်အား အခမဲ့ဆေးဝါးကုသ

**ရန်ကုန်၊ စက်တင်ဘာ ၅**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်အတွင်းရှိ ရွှေပြည်သိဟိန်း ကုသိုလ်ဖြစ်ဆေးခန်းသည် နာမကျန်းသော ဝေဒနာရှင်များအား စမ်းသပ်ခ၊ ဆေးဝါးခမယူဘဲ ကုသိုလ်ဖြစ်ကုသပေးလျက်ရှိရာ ၂ နှစ်နီးပါးခန့်ကာလအတွင်း ဆေးဝါးကုသပေးခဲ့သူ လူနာစုစုပေါင်း နှစ်သောင်းကျော်ခန့်ရှိကြောင်း ရွှေပြည်သိဟိန်းကျောင်း ဆရာတော်အရှင်ခေမာသီရိလင်္ကာရက မိန့်ကြားသည်။

သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ သီတဂူဆေးရုံ အလှူ၊ သီတဂူ ရေအလှူကုသို့ အများအကျိုးပြုလုပ်ငန်းစဉ်တို့ကို အားကျကြည်ညိုပြီး ရွှေပြည်သိဟိန်းကုသိုလ်ဖြစ်ဆေးရုံကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့၌ စတင်ဖွင့်လှစ်ရာ နေ့စဉ် လူနာပေါင်း ၇၀ ကျော်ခန့် လာရောက်ပြသလေ့ရှိကြောင်း၊ ယခင်က တစ်ရက်လျှင် ဆေးဝါးကုန်ကျစရိတ် သုံးသောင်းကျပ်ခန့်ရှိခဲ့သော်လည်း ယခုအခါ တစ်ရက်လျှင် ကျပ်ခုနစ်သောင်းခန့် ကုန်ကျကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

စတင်ဖွင့်လှစ်စဉ်က အထွေထွေရောဂါကုဆရာဝန်တစ်ဦးဖြင့် နေ့စဉ် ညနေ ၆ နာရီမှ ၈ နာရီအထိ ဆောင်ရွက်ပေးနိုင် ပြီး နောက်ပိုင်းတွင် အထူးကုဆရာဝန်ကြီးများကပါ ဆက်သွယ်ကူညီလာ၍ ဆရာဝန်ဦးရေတိုးမြှင့်မှုနှင့်အတူ စမ်းသပ်ကုသချိန်ကိုပါ ညနေ ၄ နာရီမှ ည ၈ နာရီအထိ တိုးချဲ့ခဲ့ကြောင်း၊ ထို့အပြင် အမျိုးသမီးအထူးကု၊ ကင်ဆာအထူးကု၊ ကလေးအထူးကုဆရာဝန်များအပြင် ECG၊ Ultrasound တို့ဖြင့်ပါ တိုးချဲ့ကုသဆောင်ရွက်ပေးကြောင်း ဆရာတော်က ထပ်ဆင့်ရှင်းပြသည်။

အဆိုပါကုသိုလ်ဖြစ်ဆေးခန်းသို့ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များ၊ သာကေတမြို့နယ်တို့အပြင် တစ်ခါတစ်ရံ ရွာသာကြီးနှင့် လှိုင်သာယာမြို့နယ်တို့မှလည်း လူနာများ လာရောက်ကုသကြကြောင်း သိရသည်။ ရွှေပြည်သိဟိန်းကုသိုလ်ဖြစ်ဆေးခန်းသည် ရန်ကင်းမြို့နယ် ပြည်သာယာ တာမွေလေး သံလမ်းမှတ်တိုင်အနီး ရွှေပြည်သိဟိန်းကျောင်းတွင် တည်ရှိပြီး အလှူငွေနှင့် ဆေးဝါးများ လှူဒါန်းလိုပါက ဖုန်းနံပါတ် – ၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်မည်ဖြစ်သည်။



# ဆိုင်ကယ်အားလုံးကို ကုန်သွယ်ခွန်ကောက်ခံမှုစတင်

**ရန်ကုန်၊ စက်တင်ဘာ ၉**

မြန်မာတစ်နိုင်ငံလုံးရှိ နှစ်ဘီးနှင့် သုံးဘီးဆိုင်ကယ်အားလုံးကို စီမံချက်တစ်ရပ်အနေဖြင့် စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ ကုန်သွယ်ခွန် (Commercial Tax) စည်းကြပ်ကောက်ခံလျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆိုင်ကယ်များကို စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ အခွန်စည်းကြပ်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့် တိုင်းများရှိမြို့များ၏ မြို့နယ်အခွန်ဦးစီးဌာနရုံးများတွင် စက်တင်ဘာလဆန်းမှစတင်၍ ကြေညာချက်များ ကပ်ထားပြီးဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ထိုသို့အခွန်စည်းကြပ်ရာတွင် ယာဉ်၏အင်ဂျင်ပါဝါပေါ်အခြေခံ၍ ပေးဆောင်ရမည့်အခွန်ငွေကို တွက်ချက်ထားခြင်းဖြစ်ပြီး အခွန်ပေးဆောင်ရမည့် ဆိုင်ကယ်များမှာ ၁၉၉၉ ခုနှစ် ဧပြီလ ၁ ရက်နောက်ပိုင်း ဝယ်ယူထားသော ဆိုင်ကယ်များဖြစ်၍ ထိုကာလမတိုင်မီ ဝယ်ယူထားသော ဆိုင်ကယ်များမှာ ကုန်သွယ်ခွန်ပေးဆောင်ရမည်မဟုတ်ကြောင်း၊ အခွန်ပေးဆောင်ရမည့်ဆိုင်ကယ်များမှာ စက်တင်ဘာ ၁ ရက်နေ့မှစတင်၍ ဆိုင်ကယ်သက်တမ်းတိုးခြင်းနှင့် အမည်ပြောင်းလိုင်စင်ပြုလုပ်သည့်ဆိုင်ကယ်များ ဖြစ်ကြောင်း၊ အခွန်မပေးဆောင်သော ဆိုင်

## မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များအပေါ် အခွန်စည်းကြပ်ကောက်ခံမှုနှုန်းထားများ
## (အသင့်တွက်ချက်ပြီး နှုန်းထားပြဇယား)

| ထုတ်လုပ်သည့်နိုင်ငံ | အင်ဂျင်အမျိုးအစား(CC) | သတ်မှတ်တန်ဖိုး(ကျပ်) | ကျသင့်အခွန်နှုန်းထား(ကျပ်) |
|---|---|---|---|
| တရုတ် | ၉၀ | ၅ သိန်း | ၃၈,၂၃၁ |
| | ၁၀၀ | ၅ ။ | ၃၈,၂၃၁ |
| | ၁၁၀ | ၆ ။ | ၄၅,၄၄၄ |
| | ၁၂၅ | ၇ ။ | ၅၅,၂၂၅ |
| အိန္ဒိယ | ၉၀ | ၈ ။ | ၆၀,၂၅၀ |
| | ၁၀၀ | ၁၀ ။ | ၇၅,၈၆၇ |
| | ၁၁၀ | ၁၀ ။ | ၇၅,၈၆၇ |
| | ၁၂၅ | ၁၄ ။ | ၁၀၈,၁၁၂ |
| ထိုင်း | ၉၀ | ၁၀ ။ | ၇၅,၈၆၇ |
| | ၁၀၀ | ၁၀ ။ | ၇၅,၈၆၇ |
| | ၁၁၀ | ၁၂ ။ | ၉၂,၂၉၅ |
| | ၁၂၅ | ၁၅ ။ | ၁၀၃,၄၈၁ |
| ဂျပန် | ၉၀ | ၁၅ ။ | ၁၀၃,၄၈၁ |
| | ၁၀၀ | ၁၈ ။ | ၁၃၅,၄၃၇ |
| | ၁၁၀ | ၁၈ ။ | ၁၃၅,၄၃၇ |
| | ၁၂၅ | ၂၅ ။ | ၁၈၄,၂၀၃ |
| အင်္ဂလန် | BSA | ၁၀ ။ | ၇၅,၈၆၇ |
| စက်မှုဇုန် | ၉၀ | ၅ ။ | ၃၈,၂၃၁ |
| | ၁၀၀ | ၅ ။ | ၃၈,၂၃၁ |
| | ၁၁၀ | ၅ ။ | ၃၈,၂၃၁ |
| | ၁၂၅ | ၇ ။ | ၅၅,၂၂၅ |
| | သုံးဘီး | ၅ ၁/၂ ။ | ၄၁,၇၅၉ |

ကယ်များကို လိုင်စင်သက်တမ်းတိုးခြင်း၊ အမည်ပြောင်းခြင်းများ ပြုလုပ်ပေးမည် မဟုတ်ကြောင်း အထက်ပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ဆိုင်ကယ်များ အခွန်ဆောင်ရမည့် တရားဝင်ကြေညာချက်များ ထွက်ရှိပြီး နောက် ဆိုင်ကယ်၏ ကျသင့်အခွန်ငွေများကို စတင်ပေးသွင်းသူ ယာဉ်ပိုင်ရှင် အချို့ပင်ရှိနေပြီဖြစ်ကြောင်း မန္တလေးမြို့၊ မုံရွာမြို့နှင့် မကွေးမြို့တို့မှ ဒေသခံများက ပြောကြားသည်။

ဆိုင်ကယ်များကို အခွန်စည်းကြပ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံနှင့် အင်ဂျင်ပါဝါပေါ်မူတည်၍ ဆိုင်ကယ်၏တန်ဖိုး သတ်မှတ်ကာ ထိုဆိုင်ကယ်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း (ထက်ဝက်)မှ ၁၅ ရာခိုင်နှုန်းကို အခွန်စည်းကြပ်မည်ဖြစ်သည်။ အထက်ပါအတိုင်း တန်ဖိုးခွဲခြားသတ်မှတ်ကာ အခွန်စည်းကြပ်ရာတွင် အခွန်ငွေအနည်းဆုံးပေးဆောင်ရမည့်ဆိုင်ကယ်များမှာ ပြည်တွင်းစက်မှုဇုန်ထုတ်ဆိုင်ကယ်များနှင့် တရုတ်နိုင်ငံထုတ်အင်ဂျင်မော်ဒယ်လ် ၉၀ ဆိုင်ကယ်များဖြစ်ပြီး တစ်စီးလျှင် ၃၈,၂၃၁ ကျပ် အခွန်စည်းကြပ်ခံရမည်ဖြစ်သည်။ ဂျပန်နိုင်ငံထုတ် အင်ဂျင်မော်ဒယ်လ် ၁၂၅ မှာ အခွန်ငွေ ၁၈၄,၂၀၃ ကျပ် ပေးဆောင်ရမည်ဖြစ်ပြီး အခွန်ငွေအများဆုံး ပေးဆောင်ရသော ဆိုင်ကယ်များဖြစ်ကြောင်း တရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ သိရှိရသည်။

သို့သော် သုံးဘီးဆိုင်ကယ်အားလုံးကို တစ်စီးလျှင် အခွန်ငွေ ၅၅,၂၅၅ ကျပ် ပေးဆောင်ရန် တစ်ပြေးညီသတ်မှတ်ထားပြီး တန်ဖိုးနှင့် အခွန်သတ်မှတ်ချက်ဇယားတွင် မပါရှိသော ဆိုင်ကယ်များကို မော်တော်ယာဉ်စီမံချက်အတိုင်း တန်ဖိုးဖြတ်၍ စည်းကြပ်ကောက်ခံရန် ကြေညာချက်တွင် ဖော်ပြထားသည်။

*Associated News*

www.foreverspace.com.mm



# ရပ်စောက်မြို့နယ်၌ သရက်ပင်တစ်သန်းကျော် စိုက်ပျိုးပြီးစီး

**ရပ်စောက်၊ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်၌ ၁၆ နှစ်အတွင်း သရက်ပင်ပေါင်း တစ်သန်းကျော် စိုက်ပျိုးပြီးစီးထားကြောင်း ရပ်စောက်လယ်ယာကိုင်းကျွန်းဥယျာဉ်ခြံမြေအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်က စက်တင်ဘာလ ၁၁ ရက်နေ့၌ ပြောကြားသည်။

ရပ်စောက်မြို့သည် ယခင်က လိမ္မော်သီးအများအပြား စိုက်ပျိုးခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်မှစ၍ သရက်ပင်များကို ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်း၊ လိမ္မော်သီးနှင့် သရက်သီး ယှဉ်ရောင်းလျှင် သရက်သီးက ဈေးပိုရကြောင်း၊ လိမ္မော်သီး လှိုင်လှိုင်ပေါချိန်တွင် တစ်ပိဿာ ၂၀၀၊ ၃၀၀ ကျပ်ခန့်သာရရှိပြီး သရက်သီးတစ်လုံးလျှင် ၂၀၀၊ ၃၀၀ ကျပ်ခန့်ရရှိကြောင်း၊ စိုက်ပျိုးရေးစရိတ်၌လည်း လိမ္မော်ခြံနှင့် သရက်ခြံနှိုင်းယှဉ်လျှင် သရက်ခြံက ဈေးပိုသက်သာကြောင်း၊ မြေ ၂၄ ဧကခန့်တွင် သရက်ပင် ၁၀၀၀ စိုက်ပျိုးပါက ကျပ်သိန်း ၂၀ ခန့်ကုန်ကျကြောင်း၊ အများစု စိုက်ပျိုးထားသည့် သရက်ပင်မှာ ရင်ကွဲမျိုးများဖြစ်ပြီး စိန်တစ်လုံးမျိုးကိုလည်း စိုက်ပျိုးကြကြောင်း၊ မျိုးအများစုမှာ လွန်ခဲ့သော ၁၆ နှစ်က ရန်ကုန်မြို့ ကီလီကုန်စိမ်းတန်းမှ ရယူစိုက်ပျိုးခဲ့သည့် ပြည်တွင်းမျိုးများသာဖြစ်ကြောင်း၊ သက်ဆိုင်ရာကလည်း ရပ်စောက်မြို့ကို သရက်သီးမြို့တော်အဖြစ် သတ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံ၏ သရက်သီးဈေးကွက်အတွင်း၌ စိန်တစ်လုံး၊ မြကျောက်၊ ရွှေဟင်္သာ၊ မချစ်စု၊ ရင်ကွဲ၊ အောင်ဒင်သီးတို့မှာ ထင်ရှားပြီး မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အဖြစ် စိန်တစ်လုံးသရက်သီးများကို တင်ပို့မှုပိုများကြောင်း စုံစမ်းသိရှိရသည်။

# တစ်နိုင်ငံဝက်မွေးမြူရေးအတွက် ဘဏ်ချေးငွေပေးမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၆**



ရန်ကုန်တိုင်းအတွင်း မှီတင်းနေထိုင်ကြသော အိမ်ထောင်စုများ၊ အထူးသဖြင့် ရန်ကုန်ဆင်ခြေဖုံးမြို့နယ်များရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်ကြသော အိမ်ထောင်စုများအနေနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်နှင့် ဘဏ်ချေးငွေဖြင့် မွေးဖက်ပေးဝက်မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သွားရန်စီစဉ်ထားကြောင်း အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စုံစမ်းသိရှိရသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများက သက်ဆိုင်ရာမြို့နယ်များအလိုက် ကြေညာချက်စာတမ်းများ ကို ရပ်ကွက်နေပြည်သူများထံ ပေးဝေခဲ့ ပြီး အိမ်ထောင်စုတစ်စုလျှင် ဝက်ထီး တစ်ကောင်၊ ဝက်မတစ်ကောင်မွေးမြူနိုင်ကာ နှစ်ကောင်အတွက် ၃၀,၀၀၀ ကျပ်နှင့် အစာဖိုး ခြောက်လစာအတွက် ၃၀,၀၀၀ ကျပ် စုစုပေါင်း ၆၀,၀၀၀ ကျပ်ကို ဘဏ်မှ ထုတ်ချေးပေးမည်ဟု သိရသည်။ ယခုအခါ မွေးမြူလိုသူများစာရင်းကို ရပ်ကွက်အလိုက် ကောက်ခံပြီး ပထမအဆင့်အနေဖြင့် ကြီးကြပ်မှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ဘဏ်ချေးငွေကို ကော်မတီသို့ထုတ်ပေးပြီး မွေးမြူသူအလိုရှိသည့် ဝက်ကို ကြီးကြပ်မှုကော်မတီက လိုက်လံဝယ်ယူပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ကြီးကြပ်မှုကော်မတီက ကော်မတီ၏ လုပ်ငန်းများနှင့် မွေးမြူသူ၏ မွေးမြူရေးအစီအစဉ်များကိုလည်း သတ်မှတ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်း

www.foreverspace.com.mm

ညွှန်စာစောင်များတွင် ဖော်ပြထားသည်။ ယခုအစီအစဉ်ကို ရန်ကုန်တိုင်းတွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်း မှီတင်းနေထိုင်ကြသော မိသားစုများ အပိုဝင်ငွေရရှိရန်နှင့် အသုံးစရိတ်ခြိုးခြံချွေတာ၍ အရင်းအနှီးစုဆောင်းနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

**ကျော်ဇေယျာထွန်း**



# ဆိုင်လိုင်စာမပါသော သင်္ကန်းတံဆိပ်များ ဝယ်ယူလှူဒါန်းရန် မသင့်လျော်

**ရန်ကုန်၊ စက်တင်ဘာ ၂၅**

ဝါတွင်း၊ ဝါပနှင့် ဘာသာရေးပွဲများတွင် ရဟန်းသံဃာတော်တို့အား ဝယ်ယူဆက်ကပ်လှူဒါန်းကြရာတွင် သင်္ကန်းတိုက်လိပ်စာဖော်ပြမထားသည့် တံဆိပ်များကို အလှူဒါယကာ၊ ဒါယိကာမများအနေဖြင့် ဝယ်ယူလှူဒါန်းခြင်းမပြုသင့်ကြောင်း ဗဟန်း ဓမ္မသုခတိုက်မှ သံဃာတော် ဦးကာရဏက စက်တင်ဘာလကုန်ပိုင်းတွင် ပြောကြားသည်။

ယင်းသို့သောသင်္ကန်းများမှာ အဟောင်းများပြန်လည်ကောက်ယူထားသောသင်္ကန်းများ(ဈေးကွက်အခေါ်ဒုလ်ကျ)များကို မီးပူတိုက်တံဆိပ်ကပ်ပြီး ပြန်လည်ရောင်းချကြခြင်းဖြစ်ကြောင်း၊ အဆိုပါသင်္ကန်းများသည် ဝတ်ပြီးသားများ၊ တိုက်ဆွေးများဖြစ်သည့်အတွက် အပေါက်အပြဲများ ရိစုတ်နေမှု၊ ပေညစ်နေမှုများရှိနေသည့်အတွက် ရဟန်းတော်များ ပြန်လည်ဝတ်ဆင်ရန် အဆင်မပြေကြောင်း ၎င်းက မိန့်ကြားသည်။

ဝါဆို၊ ကထိန်၊ ရဟန်းခံများတွင် ရရှိသောသင်္ကန်းများမှာ အဆိုပါသင်္ကန်းမျိုးများပြားပြီး အချို့ရဟန်းတော်များက ဝတ်ရန်ပိုလျှံသော သင်္ကန်းများကို ပြန်လည်ရောင်းချ၍ အရည်အသွေးကောင်းသော သင်္ကန်းများကို ပြန်လည်ဝယ်ယူဝတ်ဆင်လေ့ရှိသကဲ့သို့ နွမ်းပါးသောဘုန်းတော်ကြီးကျောင်းများမှာလည်း ဝတ်ပြီး သင်္ကန်းများကို တစ်ဖန်ပြန်လည်ရောင်းချလေ့ရှိကြကြောင်း ဦးကာရဏက ထပ်လောင်းမိန့်ကြားသည်။ သင်္ကန်းအသစ်ဈေးကွက်တွင် စက်မှု(၁) စီဝိုင်စီ တစ်ထည် ကျပ် ၈၀၀၀ ခန့်ရှိသော်လည်း အဟောင်းဈေးကွက်တွင် ကျပ် ၃၀၀၀၊ စက်မှု(၁) ယပ်အသစ် ကျပ် ၅၅၀၀၊ အဟောင်း ၃၀၀၀ ကျပ်၊ တရုတ်၊ ကိုရီးယားစီဝိုင်စီအသစ် ၇၀၀၀ ကျပ်၊ အဟောင်း ၅၀၀၀ ကျပ်နှင့် အချို့အဟောင်းများမှာ တစ်ထည်လျှင် ကျပ် ၅၀၀ မှ ကျပ် ၁၅၀၀ ကြားရှိပြီး အသစ်ထက် ဈေးထက်ဝက်ကျော်လျော့နည်း၍ ဝယ်ယူနေကြကြောင်း သင်္ကန်းအဟောင်းဈေးကွက်မှ သိရသည်။

အိန္ဒိယ ဗုဒ္ဓဂယာတွင် ပညာသင်ကြားနေသော Ph.D ကျမ်းပြုရဟန်း တော် ဦးခေမာသီရိကလည်း ယင်းကဲ့သို့ အရည်အသွေးနိမ့်ပါးပြီး နွမ်းရိစုတ်ပြဲနေသော သင်္ကန်းများကို မရောင်းချသင့်ကြောင်း၊ အလှူဒါနပြုသော အလှူရှင်ဒါယကာများ၏ စေတနာကို စော်ကားရာရောက်ပြီး အသစ်မှတ်၍ လှူဒါန်းခဲ့ကြခြင်းဖြစ်၍ ဝတ်ဆင်ကြသော ရဟန်းတော်များအဖို့မှာလည်း အလှူရှင်ဒါယကာတို့၏ စေတနာ ထိခိုက်မည်စိုး၍ အသိမပေးဝံ့လောက်အောင်ဖြစ်ရကြောင်း မိန့်ကြားသည်။

ယင်းကဲ့သို့ အဟောင်းကို အသစ်ထင်၍ လှူဒါန်းမိကြသကဲ့သို့ နာမည်ကြီးသင်္ကန်းတိုက်များပင် အရေအတွက်အများအပြားဝယ်ယူပါက သင်္ကန်းဟောင်းများကို ကြားညှပ်၍ထည့်သွင်းရောင်းချလေ့ရှိကြောင်း၊ ဝယ်ယူလှူဒါန်းသည့် ဒါယကာများအနေဖြင့် အထူးသတိထားဝယ်ယူလှူဒါန်းသင့်ကြောင်း ဦးကာရဏက မိန့်ကြားသည်။

*DTS*

www.foreverspace.com.mm

# Air Bagan လေကြောင်းလိုင်း ဒီဇင်ဘာလတွင် ကူမင်းသို့စတင်ပျံသန်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၅**



မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရာနှုန်းပြည့် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်း ဖြစ်သော Air Bagan လေကြောင်းလိုင်း သည် လာမည့် ဒီဇင်ဘာလမှစ၍ ရန်ကုန်–မန္တလေး–ကူမင်း–ရန်ကုန်ခရီးစဉ်ကို ခရီးသည် ၉၇ ဦးဆံ့ ဖော်ကာ ၁၀၀ လေယာဉ် တစ်စင်းဖြင့် အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် စတင်ပျံသန်း ပြေးဆွဲမည်ဖြစ်ကြောင်း Air Bagan လေကြောင်းကုမ္ပဏီ၏ ဈေးကွက်ရှာဖွေရေးဌာနမှ ပြောကြားသည်ကို Xinhua သတင်းတစ်ရပ်အရ သိရသည်။

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကလေကြောင်းလိုင်းများအနက် Air Mandalay နှင့် Yangon Airways တို့ပြီးလျှင် တတိယအကြီးဆုံးလေကြောင်းလိုင်းဖြစ်သော Air Bagan အနေဖြင့် ရန်ကုန်မြို့ကိုအခြေပြု၍ ပြည်တွင်းလေကြောင်းခရီးစဉ် ၁၇ ခုကို ထိုင်ခုံ ၁၀၈ လုံးပါ ဖော်ကာ–၁၀၀ လေယာဉ်တစ်စင်း၊ ပြင်သစ်နိုင်ငံလုပ် ထိုင်ခုံ ၇၀ ပါ ATR-72 လေယာဉ်နှစ်စင်း၊ ထိုင်ခုံ ၄၆ လုံးပါ ATR-42 လေယာဉ်သုံးစင်းတို့ဖြင့် ပျံသန်းပြေးဆွဲလျက်ရှိပြီး ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပျံသန်းနိုင်ရန် စီစဉ်လျက်ရှိသည်။

အစိုးရပိုင် မြန်မာ့လေကြောင်းသည်လည်း ရန်ကုန်မှ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ အင်ချွန်းမြို့နှင့် ဂျပန်နိုင်ငံ အိုဆာကာမြို့များသို့ ထိုင်ခုံ ၂၂၈ လုံးပါ Airbus A-310-222 လေယာဉ်ဖြင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရန်စီစဉ်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌ ထိုင်းနိုင်ငံတကာလေကြောင်း (TAI)၊ အိန္ဒိယလေကြောင်း (IA)၊ Air China နှင့် မလေးရှားလေကြောင်း(MA) အပါအဝင် နိုင်ငံတကာလေကြောင်းလိုင်း ၁၄ ခု ချိတ်ဆက်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

Air Bagan လေကြောင်းလိုင်းကို ထူးထရေးဒင်းကုမ္ပဏီက ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံထားပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် စတင်ထူထောင်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

---

# မြန်မာ့ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း၌ မြစ်ဖြတ်ပိုက်လိုင်း ရေနံတူးဖော်ရေးနည်းပညာသစ် စတင်သုံးစွဲ

**ရန်ကုန်၊ စက်တင်ဘာ ၂၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းခွင်များ၌ ယခင်က သမားရိုးကျ ရေနံတူးဖော်မှုနည်းပညာဖြစ်သည့် မြေအောက်ပေအနက် နှစ်ထောင်မှ ပေရှစ်ထောင်၊ တစ်သောင်းအထိ ရေနံစိုက်ကွင်းတူးဖော်မှုအပြင် ယခုအခါ မြစ်ရေအောက် ပေ ၅၀ မြေကြမ်းပြင်မှ အလျားလိုက် ရေနံတူးဖော်သည့် မြစ်ဖြတ်ပိုက်လိုင်း ရေနံတူးဖော်မှု နည်းပညာသစ်ကို စတင်လုပ်ဆောင်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းတစ်ဦးက ပြောကြားသည်။

စစ်တောင်းမြစ်ဖြတ်ပိုက်လိုင်း (ကျိုက္ကသာ) ရေနံတူးဖော်ရေးစီမံကိန်းကို ၂၀၀၆ ခုနှစ် မတ်လ ၃၁ ရက်နေ့မှ

www.foreverspace.com.mm

**မြစ်ဖြတ်ပိုက်လိုင်းစီမံကိန်းသစ်များ**

| | မြစ်အကျယ် | ပိုက်အချင်း | ကျင်းပေါက် |
|---|---|---|---|
| ဧရာဝတီမြစ် (ဆိပ်သာ) | ၃၅၀၀ ပေ | ၁၀ လက်မ | ၁၆ လက်မ |
| ဘီးလင်းမြစ် | ၅၀၀၀ ပေ | ၂၀ လက်မ | ၃၂ လက်မ |
| ဧရာဝတီမြစ် (သရက်ရုံးဆိပ်) | ၅၂၀၀ ပေ | ၆ လက်မ | ၉ လက်မ |
| (ဧရာဝတီမြစ်၊ သရက်ရုံးဆိပ် မြစ်ဖြတ်ပိုက်လိုင်းသည် အရှေ့ဘက်ရုံးဆိပ်မှ အနောက်ဘက် ထုံးတောင်ဒေသကို ဖြတ်သန်းဆက်သွယ်မည်) | | | |

စတင်ပြီး ဂျာမနီနိုင်ငံမှ နည်းပညာရှင်သုံးဦးနှင့် IGE, Ltd.က တာဝန်ယူဆောင်ရွက်ရာ ပြီးစီးသွားပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စစ်တောင်းမြစ် (ကျိုက္ကသာ) ဖြတ်ပိုက်လိုင်းရေနံတူးဖော်ရေးနည်းပညာစီမံကိန်းကို Horizontal Divertional Drilling Ring (Model-HK 205T) စက်ကြီးများနှင့် တူးဖော်ခဲ့ပြီး တူးဖော်ပြီး ပေအရှည်မှာ ၄၆၈ ပေ ရှိကြောင်း၊ မြစ်ဖြတ်ပိုက်လိုင်းရေနံတူးဖော်သည့်စက်၏ တန်ဖိုး (တစ်ခုလုံးအတွက်) သည် ယူရို ၂၃၄၅၈၀၀ ရှိကြောင်း သိရသည်။

မြစ်ဖြတ်ပိုက်လိုင်းရေနံတူးဖော်ရေးနည်းပညာသစ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ အင်ဂျင်နီယာပညာရှင်များကို ဂျာမနီနိုင်ငံသို့ ပညာတော်သင်များအဖြစ် စေလွှတ်ကာ သင်ကြားလျက်ရှိပြီး နောက်ပိုင်းတွင် မြန်မာအင်ဂျင်နီယာများဖြင့် မြစ်ဖြတ်ပိုက်လိုင်း ရေနံတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်တောင်းမြစ်ဖြတ်ပိုက်လိုင်းရေနံတူးဖော်ရေး စီမံကိန်းပြီးစီးသွားသကဲ့သို့ နောက်ထပ်မြစ်ဖြတ်ပိုက်လိုင်း ရေနံတူးဖော်ရေး စီမံကိန်းလျာထားချက်များလည်းရှိကြောင်း၊ အဆိုပါမြစ်ဖြတ်ပိုက်လိုင်း ရေနံတူးဖော်ရေး စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းတစ်ဦးက ပြောကြားသည်။

**မင်းသုခိုင်**

# အင်ဂျင်ပါဝါ မြင်းကောင်ရေ ၂၀ အထက် ရေယာဉ်အားလုံးပါဝင်မည့်အဖွဲ့ ဖွဲ့စည်း

**ရန်ကုန်၊ စက်တင်ဘာ ၂၇**



ပြည်တွင်းရေပိုင်နက်အတွင်း သွားလာလျက်ရှိသည့် မြင်းကောင်ရေ ၂၀ အထက် အင်ဂျင်အားရှိ ရေယာဉ်အားလုံးကိုတစ်စုတစ်စည်းတည်းစုစည်း၍ စီမံခန့်ခွဲရေးအဖွဲ့တစ်ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ကမ်းရိုးတန်းရေယာဉ်အသင်းအဖွဲ့ဝင်တစ်ဦးက စက်တင်ဘာလကုန်ပိုင်းတွင် ပြောကြားသည်။

အဆိုပါအဖွဲ့အစည်းကို မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မထသ)ကဲ့သို့ ရေယာဉ်ပေါင်းစုံကို တစ်စုတစ်စည်းတည်း စီမံခန့်ခွဲနိုင်မည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ကုန်တင်စက်လှေလုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။ ယင်းအဖွဲ့တွင် ကုန်တင်ရေယာဉ်များ၊ ခရီးသည်တင်ရေယာဉ်များအပါအဝင် ပြည်တွင်းရေပိုင်နက်အတွင်း မောင်းနှင်လျက်ရှိသည့် မြင်းကောင်ရေ ၂၀ အထက် အင်ဂျင်အားရှိသည့် ရေယာဉ်အားလုံးပါဝင်မည်ဖြစ်ကြောင်း၊ အဖွဲ့ဖွဲ့စည်းရာတွင်လည်း သက်ဆိုင်ရာရေယာဉ်လိုင်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြည်တွင်းပုဂ္ဂလိကခရီးသည်တင်ရေယာဉ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ယခုကဲ့သို့ ရေယာဉ်အားလုံးပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ရေယာဉ်အားလုံးကို စည်းကမ်းများချမှတ်ရာတွင် ပိုမိုတိကျစေပြီး အလွယ်တကူစီမံခန့်ခွဲနိုင်မည် ဖြစ်သည်။ ■

www.foreverspace.com.mm

# မန္တလေးတွင် ကွန်ပျူတာပစ္စည်းများထုတ်လုပ်၍ တရုတ်ကို အိန္ဒိယယှဉ်ပြိုင်ဖွယ်ရှိ

**မန္တလေး၊ စက်တင်ဘာ ၁၅**



ကမ္ဘာ့ အီလက်ထရွန်နစ်နှင့် ကွန်ပျူတာ Hardware ဈေးကွက်တွင် အောင်မြင်မှုများရလျက်ရှိသော အိန္ဒိယ အိုင်တီကုမ္ပဏီများအနေနှင့် မန္တလေးနှင့် ပြင်ဦးလွင်ကြားတွင် အကောင်အထည် ဖော်တည်ဆောက်လျက်ရှိသည့် ရတနာ ပုံမြို့သစ်အနီးရှိ ရတနာပုံဆိုက်ဘာမြို့ တော်တွင် ရင်းနှီးမြှုပ်နှံ၍ ကွန်ပျူတာ Hardware ပစ္စည်းများ ထုတ်လုပ်ကာ တရုတ်ဈေးကွက်ကို ယှဉ်ပြိုင်သွားဖွယ် ရှိကြောင်း မန္တလေးဒေသခံ စီးပွားရေး လုပ်ငန်းရှင်အသိုင်းအဝိုင်းက စက်တင် ဘာလလယ်တွင် ပြောကြားသည်။

အဆိုပါ စီလီကွန်တောင်ကြား ဇရိယာ၏အထက်တွင် ရတနာပုံမြို့သစ် တည်ထောင်ရေးအတွက် စီစဉ်ဆောင် ရွက်လျက်ရှိရာ ၁၀ မိုင်ပတ်လည် ဇရိယာ အတွင်းရှိ စက်ရုံကြီးများကို ကျောက် ဆည်သို့ ပြောင်းရွှေ့စေခဲ့ပြီး ဇရိယာ အတွင်းပါဝင်နေသော ကျေးရွာအချို့ကို လည်း နေရာသစ်တွင် ပြန်လည်နေရာ ချထားမှု လုပ်ဆောင်ပြီးဖြစ်ကြောင်း၊ ပြောင်းရွှေ့စက်ရုံများတွင် ဘိလပ်မြေ စက်ရုံများဖြစ်သည့် မြန်မာဆင်နှင့် အေ သုံးလုံးတို့ပါဝင်ပြီး မြန်မာဆင်စက်ရုံမှာ လုပ်ငန်းလည်ပတ်၍ ဈေးကွက်အတွင်း ရောက်ရှိသည်မှာ မကြာသေးကြောင်း ၎င်းတို့က ဆိုသည်။

အိန္ဒိယနိုင်ငံက အဆိုပါဒေသတွင် အရှုံးခံရင်းနှီးမြှုပ်နှံ၍ မြန်မြန်ဆန်ဆန် လုပ်ငန်းစတင်ဖွယ်ရှိပြီး ယခုအခါ အခြေခံတည်ဆောက်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ စက် ရုံများကို ပြောင်းရွှေ့စေခဲ့ခြင်းမှာ စက်ရုံ မှထုတ်လွှတ်သော မီးခိုးများ၊ အနည် အမှုန်များက IT အခြေခံပစ္စည်းထုတ်လုပ် မှုကို အနှောင့်အယှက်အဟန့်အတားဖြစ် စေမည့် အန္တရာယ်ကြောင့်ဖြစ်ကြောင်း၊ အဆိုပါဇရိယာတွင် တည်ရှိနေသော တစ် နိုင်ငံလုံးရှိ လမ်းတည်ဆောက်ရေးတွင် အသုံးပြုသည့် လမ်းခင်းကျောက်ထုတ်လုပ် သည့် ကျောက်ချောရွာကို ပြောင်းရွှေ့ မရွှေ့ဆိုသည်ကိုမူ မသိရသေးကြောင်း အဆိုပါမန္တလေးဒေသခံ စီးပွားရေးလုပ် ငန်းရှင်အသိုင်းအဝိုင်းက ပြောကြား သည်။

*DTS*

# ဂုန်လျှော်ဇကေ ၁.၂၅ သန်း တိုးချဲ့စိုက်ပျိုးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ၌ အဓိကစိုက်ပျိုးထုတ် ကုန်တစ်မျိုးဖြစ်သော ဂုန်လျှော်ကို ဇကေ ၁ ဒသမ ၂၅ သန်းအထိ တိုးချဲ့စိုက်ပျိုး ၍ တစ်ဇကေလျှင် ပိဿာ ၃၀၀ ထွက် ရှိရန်နှင့် ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်တင် ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း လယ် ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ ၂၀၀၆ ခုနှစ်အတွင်း ထုတ်ပြန်ချက် အရ သိရသည်။

မြန်မာနိုင်ငံ၌ ဂုန်လျှော်စိုက်ပျိုးရေး စီမံကိန်းကို ၁၉၅၃ ခုနှစ်တွင် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်းကို ၁၉၈၄ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ကြောင်း၊ အဓိကအားဖြင့် လျှော်ဖြူ ရေဆင်းသီးလုံးပု (၃) (BC-99) နှင့် ဂုန်လျှော်နီ၊ ရေဆင်းသီးတောင့် ရှည်

www.foreverspace.com.mm

(၁) (BO-23) မျိုးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ လျှော်ချွေးလျှော်ထုတ်စက်ရုံကိုးခု၊ ဂုန်နီစက်ရုံနှစ်ခု၊ ကော်ဇောပစ္စည်းစက်ရုံနှင့် စက္ကူစက်ရုံတို့မှ ဂုန်နီအိတ်၊ ဂုန်နီကြိုး၊ ဂုန်နီဖျင်၊ ဂုန်နီကော်ဇောနှင့် စာရေးစက္ကူတို့ကို ထုတ်လုပ်လျက်ရှိကြောင်း ယင်းထုတ်ပြန်ချက်ကဆိုသည်။

မြန်မာနိုင်ငံ၌ ၁၉၉၆-၉၇ ခုနှစ်မှ ၂၀၀၄-၂၀၀၅ ခုနှစ်အထိ ဂုန်လျှော်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဇယားဖြင့်ဖော်ပြထားသည်။

**ဂုန်လျှော်သီးနှံစိုက်ပျိုးထုတ်လုပ်မှု**

| ခုနှစ် | စိုက်ဧက (သိန်း) | အထွက်နှုန်း (ပိဿာ) | အထွက်(ပိဿာ) |
|---|---|---|---|
| ၁၉၉၆-၁၉၉၇ | ၁.၁၆ | ၂၂၆.၆၇ | ၂၄၂ |
| ၁၉၉၇-၁၉၉၈ | ၀.၉၄ | ၂၄၁.၀၂ | ၂၀၃ |
| ၁၉၉၈-၁၉၉၉ | ၁.၀၀ | ၂၂၂.၄၃ | ၂၀၅ |
| ၁၉၉၉-၂၀၀၀ | ၀.၉၅ | ၂၂၆.၀၃ | ၂၀၄ |
| ၂၀၀၀-၂၀၀၁ | ၁.၁၁ | ၂၃၆.၂၁ | ၂၅၇ |
| ၂၀၀၁-၂၀၀၂ | ၁.၂၅ | ၂၃၅.၂၇ | ၂၈၈ |
| ၂၀၀၂-၂၀၀၃ | ၁.၁၂ | ၂၂၇.၄၄ | ၂၄၉ |
| ၂၀၀၃-၂၀၀၄ | ၀.၈၀ | ၂၁၀.၃၁ | ၁၆၀ |
| ၂၀၀၄-၂၀၀၅ | ၀.၆၇ | ၂၀၈.၃၆ | ၁၀၇ |

**Source : လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း ငှက်မျိုးစိတ်များ ထပ်မံတွေ့ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ၌ ရှင်မဟာကဿပ ရဟန္တာမထေရ် ရုပ်ကလပ်တော်တည်ရှိရာနှင့် တောဆင်ရိုင်းများအား ကာကွယ်ထိန်းသိမ်းရာ ထင်ရှားသည့် ဘေးမဲ့တောတစ်ခုဖြစ်သော အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း၌ မှတ်တမ်းမတင်ရသေးသည့် ငှက်မျိုးစိတ် ၆၄ မျိုးအပါအဝင် ငှက်မျိုးစိတ် စုစုပေါင်း ၁၈၆ မျိုးကို စက်တင်ဘာလအတွင်း ရှာဖွေတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း မြန်မာငှက်ဝါသနာရှင်အသင်းအတွင်းရေးမှူးဦးသက်ဇော်နိုင်က Living Color သို့ ပြောကြားသည်။

နယ်သာလန်နိုင်ငံ Amsterdam တက္ကသိုလ်မှ ငှက်သုတေသီ Dr.Jeroen Martjan Lammertink ဦးဆောင်သည့် ပြည်ပငှက်သုတေသီသုံးဦးအပါအဝင် မြန်မာငှက်ဝါသနာရှင်အသင်းနှင့် သစ်တောဦးစီးဌာနအလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တို့မှ ကျွမ်းကျင်သူများ နှင့် တာဝန်ရှိသူများ စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ငှက်ကြည့်လေ့လာရေးအဖွဲ့သည် ၂၀၀၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်မှ



စက်တင်ဘာလ ၂၃ ရက်နေ့အထိ တစ်လနီးပါးမျှ အဆိုပါအမျိုးသားဥယျာဉ်အတွင်းရှိ သစ်တောက်ငှက်မျိုးစိတ်များနှင့် ဌာနေသစ်တောငှက်မျိုးစိတ်များကို စနစ်တကျလေ့လာသုတေသနပြုခဲ့ရာမှ ယင်းကဲ့သို့ ရှာဖွေတွေ့ရှိ မှတ်တမ်းတင်နိုင်ခြင်းဖြစ်ကြောင်း၊ ယင်းငှက်မျိုးစိတ်များအနက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသအတွင်း ရှာဖွေတွေ့ရှိ မှတ်တမ်းမတင်ရသေးသည့် Oriental Bay Owl (ဇီးကွက်မျိုးနွယ် ငှက်တစ်မျိုး)အပါအဝင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း၌ မှတ်တမ်းမတင်ရသေးသော ငှက်မျိုးစိတ် ၆၄ မျိုးကို ထပ်မံရှာဖွေတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြကြောင်း ၎င်းကဆိုသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် စစ်ကိုင်းတိုင်း ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့အတွင်း တွင်တည်ရှိပြီး ဧရိယာ ၆၁၆.၈၄၃ စတုရန်းမိုင်ကျယ်ဝန်းကာ တောဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ ပြောင်၊ တောဆိတ်၊ ဝက်ဝံနှင့် ဆတ် စသည့် တောရိုင်းတိရစ္ဆာန်များ၊ တွားသွားသတ္တဝါများ၊ ဌာနေငှက်မျိုးစိတ်များ နှင့် လိပ်ပြာမျိုးစိတ်များအား စောင့်ကြည့်လေ့လာခြင်း၊ သစ်ပင်မျိုးများ၊ ဘယဆေးမျိုးများ၊ သစ်ခွမျိုးများနှင့် ဝါးမျိုးများကို စုဆောင်းလေ့လာခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ကြောင်း သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

■

www.foreverspace.com.mm

# မထသလက်အောက်ရှိ CNG သုံး ခရီးသည်တင်ယာဉ်များ CNG ခေါင်း ပြောင်းလဲတပ်ဆင်ရမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၆**



ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီလက်အောက်ရှိ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော CNG သဘာဝဓာတ်ငွေ့သုံး ခရီးသည်တင်ယာဉ်များသည် ဓာတ်ငွေ့ဖြည့်တင်းရာတွင် ပိုမိုမြန်ဆန်လုံခြုံသည့် T ခေါင်းခေါ် NGV1ဖြင့် အသုံးပြုနိုင် သည့် အခံပိုက်ခေါင်းများ ပြောင်းလဲတပ်ဆင်ခြင်းမရှိပါက အောက်တိုဘာလ ၁ ရက်မှစ၍ CNG ဓာတ်ငွေ့ရောင်းချပေးတော့မည်မဟုတ်ဟု တရားဝင်အသိပေးထားကြောင်း အောင်မင်္ဂလာ–ဆူးလေ ပြေးဆွဲနေသည့် အမှတ် (၄၃) အဖြူယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါ အသိပေးထုတ်ပြန်ချက်ကို အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း မထသဌာနခွဲ အမှတ်(၇)ရှိ ဂိတ်ရှေ့တွင် ယာဉ်မောင်းနှင့် လက်မှတ်ရောင်းများ သိသာရန်ဟု စက်တင်ဘာလ တတိယပတ်တွင်းမှစတင်၍ အသိပေးထုတ်ပြန်ထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခရီးသည်တင်ယာဉ်များအနေဖြင့် NGV ခေါင်းနှင့် ဖြည့်တင်းရာတွင် အသုံးပြုသည့် T ခေါင်း (ခေါ်) အခံပိုက်ခေါင်းများ တပ်ဆင်စစ်ဆေးပြီးကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် စစ်ဆေးရန် အထောက်အထားများ ရယူထားရန်လိုအပ်သည်ဟု အဆိုပါအသိပေးကြေညာချက်တွင် ဆက်လက်ဖော်ပြထားကြောင်း ၎င်း၏အဆိုအရ သိရှိရသည်။

ယင်း NGV1 အသုံးပြုဓာတ်ငွေ့ဖြည့်တင်းသောစနစ်မှာ ယခင် CNG ဖြည့်တင်းသည့်ကြန့်ကြာချိန်ကို ထက်ဝက်လျှော့ချပေးနိုင်သည်ဖြစ်၍ CNG ဓာတ်ငွေ့ဖြည့်ရန် တန်းစီစောင့်ဆိုင်းရသည့် အချိန်ကို လျှော့ချပေးနိုင်မည်ဟု ယူဆကြောင်း (၁၀၂)ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

နယူးဇီလန်နိုင်ငံမှ တင်သွင်းလာသည့် NGV1 ခေါင်းများသည် လက်ရှိဓာတ်ငွေ့ဆိုင်များတွင် အသုံးပြုနေသော ဓာတ်ငွေ့ဖြည့်ပိုက်ခေါင်းများထက် ပိုမိုလုံခြုံမှုရှိပြီး စက်တင်ဘာလတွင်းမှ စတင်၍ ဒဂုံဆိပ်ကမ်းအရောင်းဆိုင်တွင် စမ်းသပ်အသုံးပြုသွားရန်ရှိကြောင်း၊ အသုံးပြု၍ အဆင်ပြေကောင်းမွန်ပါက အခြားသော ဓာတ်ငွေ့ဆိုင်များတွင် တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြား (ခေတ်မြန်မာ Weekly Vol.3/No.50) သည်။

*Associated News*

■

LIVING COLOR MAGAZINE
526302 , 504496

www.foreverspace.com.mm



# ဟိုတယ်/ခရီး လိုင်စင်များနှင့်ပတ်သက်၍ နေပြည်တော်သို့ ပေးပို့ဆောင်ရွက်ရမည့်အစီအစဉ်များထုတ်ပြန်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းလုပ်ကိုင်သူများ လိုင်စင်ဆောင်ရွက်မှုနှင့်ပတ်သက်၍ နေပြည်တော်သို့ ပေးပို့ရမည့်အစီအစဉ်များကို ရန်ကုန်မြို့ရှိ ဧည့်လမ်းညွှန်သင်တန်းကျောင်းတွင် ဩဂုတ်လ ၂၁ ရက်မှ စတင်ထုတ်ပြန်ထားသည်ကို တွေ့ရသည်။ လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးခြင်း၊ အသစ်ပြန်လည်လျှောက်ထားခြင်း၊ အမည်ပြောင်းခြင်း၊ အခန်းတိုး/လျှော့ခြင်း၊ နိုင်ငံခြားသုံးငွေလက်ခံကိုင်ဆောင်ခွင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို ပြုလုပ်ခြင်းတို့အတွက် လုပ်ငန်းအလိုက်ပါရှိရမည့် စာရွက်စာတမ်းနှင့် အထောက်အထားများ ပြည့်စုံစွာပါရှိစေရန် ရန်ကုန်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနတွင် စိစစ်ပြီး လုပ်ငန်းရှင်မှ မိမိတို့၏အစီအစဉ်ဖြင့် တာဝန်ယူဆောင်ရွက်၍ နေပြည်တော်ရုံးချုပ်သို့ ပေးပို့ ဆောင်ရွက်မည့်အစီအစဉ်များကို ထုတ်ပြန်ကြေညာထားခြင်းဖြစ်သည်။

နေပြည်တော်ရုံးချုပ်မှဆောင်ရွက်ပြီးသောလုပ်ငန်းများကို ရန်ကုန်မြို့ တာဝန်ခံအရာရှိထံ ပေးသွင်းရမည့် ငွေကြေးပမာဏကို ဖော်ပြအကြောင်းကြားပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်မှ အဆိုပါစာရင်းအရ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသောဘဏ်၏ ငွေစာရင်းတွင် နိုင်ငံခြားငွေပေးသွင်း၍ ယင်းငွေသွင်းချလန်မူရင်းနှင့်အတူ နေပြည်တော်ရုံးချုပ်တွင် မြန်မာငွေပေးသွင်းခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်အား ရွေးချယ်ရယူခြင်း၊ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အဆိုပါလုပ်ဆောင်မှုများအတွက် လုပ်ငန်းရှင်ကိုယ်တိုင်မလာရောက်နိုင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား ကိုယ်စားလှယ်လွှဲစာနှင့်အတူ စေလွှတ်ဆောင်ရွက်နိုင်ပြီး ယင်းအတွက်လွှဲအပ်သည့် လုပ်ငန်းရှင်ကသာ တာဝန်ယူရမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းကုမ္ပဏီအသစ်များအနေဖြင့်မူ လုပ်ငန်းရှင်နှင့် လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်မည့်သူကိုယ်တိုင် နေပြည်တော်သို့ သွားရောက်၍ လိုင်စင်ထုတ်ယူရမည်ဖြစ်သည်။

ထို့အပြင် လုပ်ငန်းလိုင်စင်ပယ်ဖျက်ရန် တင်ပြထားသည့်စာရွက်စာတမ်းများကို လုပ်ငန်းရှင်မှ နေပြည်တော်ရုံးချုပ်သို့ တိုက်ရိုက်သော်လည်းကောင်း၊ ရန်ကုန်မြို့ရှိ တာဝန်ခံအရာရှိထံသော်လည်းကောင်း ပေးပို့တင်ပြခြင်းကို လက်ခံမည်ဖြစ်ပြီး ရန်ကုန်မြို့မှ လက်ခံထားသည့် တင်ပြစာကို နေပြည်တော်သို့ ဆက်လက် ပေးပို့သွားမည်ဟု ကြေညာချက်တွင်ပါရှိသည်။

အဆိုပါ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ကြေး၊ လိုင်စင်သစ်လဲလှယ်ကြေး၊ ရုံးခွဲလိုင်စင်ကြေးနှင့် လိုင်စင်အသစ်လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် ဝန်ဆောင်စရိတ်များကိုလည်း ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ ပြောင်းလဲကောက်ခံထားကြောင်း အဆိုပါရုံးထံမှ စုံစမ်းသိရှိရသည်။

ROYAL Express

* မြန်မာပုံနှိပ်မီဒီယာလောကအတွင်းမှ လစဉ် အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ စာစောင်များကို အိမ်တိုင်ရာရောက်အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။
* Myanmar Partners Think Tank Group မှ ထုတ်ဝေဖြန့်ချိနေသော Living Color မဂ္ဂဇင်း၊ The Voice Weekly နှင့် ခေတ်မြန်မာ Weekly တို့ကိုလည်း အိမ်အရောက်ပို့ဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းဖြစ်ပါသည်။
* Living Color Media အနေဖြင့် Royal Express ၏ ဝန်ဆောင်မှုအပေါ် များစွာကျေနပ်မှုရှိပါသည်။
* Royal Express Services Group နှင့် စိတ်ချယုံကြည်စွာ ဆက်သွယ်ဆောင်ရွက်ကြည့်စေလိုပါကြောင်းတိုက်တွန်းလိုပါသည်။

အမှတ်(၁၁၄)၊ ပထမထပ်၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၉၇၉၀၉၊ ၀၉-၅၁၁၀၃၇၆၊ ဖက်(စ်) - ၂၉၇၉၀၉

www.foreverspace.com.mm

# News In Brief

## *Royal Emperor* ကြယ်လေးပွင့်ဟိုတယ်သစ်

ရန်ကုန်မြို့တော် ရှစ်မိုင်လမ်းဆုံရှိ City Hotel ကို မေလ ၁ ရက်နေ့မှစ၍ နှစ် ၃၀ ငှားရမ်းလုပ်ကိုင်ခွင့်ရ မြန်မာအင်ပါယာ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါဟိုတယ်အဆောက်အအုံသည် အထပ် ၁၂ ထပ်ရှိပြီး ၁၈၂ ခန်းပါဝင်ကာ ၂၀၀၆ မေလဆန်းမှစ၍ ဆောက်လုပ်ရေးကုမ္ပဏီ လေးခုသို့ လုပ်ငန်းအပ်နှံမွမ်းမံလျက်ရှိသည်။

*(Ref: The Voice Weekly, September 4, 2006)*

## နိုင်ငံတကာအဆင့်မီ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အရောင်းစင်တာ တည်ဆောက်မည်

ရန်ကုန်မြို့တော်ရှိ သီရိမင်္ဂလာဈေးကြီး၊ တညင်းကုန်းကုန်စိမ်းဈေးကြီး၊ အင်းစိန်မြို့နယ် ထုပ်ပိုးစက်ရုံနေရာများကို နိုင်ငံတကာအဆင့်မီ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အရောင်းစင်တာ တည်ဆောက်ရန် နေရာအဖြစ် ရွေးချယ်နိုင်ရန် လေ့လာမှုများကို မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်းက ဩဂုတ်လလယ်ခန့်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါအရောင်းစင်တာသည် မြန်မာ့သစ်သီးဝလံများ ပြည်ပတိုးချဲ့တင်ပို့ရေးအတွက် မရှိမဖြစ်လိုအပ်သော ထုပ်ပိုးမှု နှင့် သိုလှောင်မှုစနစ်များကို စံပြပုံဖော်ပေးနိုင်မည့်အပြင် ပြည်တွင်းစားသုံးမှုအဆင့်ကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

*(Ref: The Voice Weekly, September 4,2006)*

## မော်တော်ယာဉ်များ ခြောက်လအတွင်း မှန်အကြည်ပြောင်းလဲရမည်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဩဂုတ်လ ၂၄ ရက်နေ့က ကျင်းပသော (၁၁၇) ကြိမ်မြောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအစည်းအဝေးက Original ကာလာမှန် တပ်ဆင်ယာဉ်များ ခြောက်လအတွင်း မှန်အကြည်ဖြင့် လဲလှယ်ရန် ညွှန်ကြားချက်ချမှတ်ခဲ့သည်။

သတ်မှတ်ကာလကျော်လွန်ပါက စတေကာကပ်ယာဉ်များကို အရေးယူသည့်အတိုင်း အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

*(Ref: The Voice Weekly, September 4, 2006)*

## ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ဆက်တိုက်လာ

မြန်မာနိုင်ငံနှင့် ကန်ထရိုက်လယ်ယာစနစ်ကို ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းနေသည့် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များသည် ရေလုပ်ငန်းနှင့် သစ်တောလုပ်ငန်းကဏ္ဍများတွင်ပါ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေး လေ့လာရန် ဆက်တိုက်လာရောက်လျက်ရှိသည်။

ထိုင်းနိုင်ငံ၏ National Economic Social Advisary Council (NESAC) မှလည်း မြန်မာနိုင်ငံတောင်ဘက်ပိုင်း မြိတ်နှင့် ထားဝယ်ဒေသများတွင် ငါးလုပ်ငန်းဆိုင်ရာ အခန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ၁၅ နှစ်ကြာ စူးစမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိသည်။

*(Ref: The Voice Weekly, September 4, 2006)*

## ဂျစ်ကားချယ်စီများကို စစ်ဆေး

စက်မှုဇုန်ထုတ် ဂျစ်ကားများတွင် စက်မှုဇုန်များမှ ထုတ်လုပ်သည့် မူရင်းချယ်စီ (Chassis) ရိုက်နှိပ်ထားသော ကိုယ်ထည်တပ်ဆင်ခြင်းရှိ မရှိ သက်ဆိုင်ရာမှ လိုက်လံစစ်ဆေးလျက်ရှိကြောင်း ဩဂုတ်လ တတိယပတ်တွင် သတင်းရရှိသည်။

*(Ref:* ခေတ်မြန်မာ *Weekly, September 8, 2006)*

## ကျောက်မျက်ရောင်းချမှု ဇူလိုင်လအတွက် နိုင်ငံခြားငွေ အများဆုံးရှာနိုင်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများအရ ဇူလိုင်လအတွင်း မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ အမေရိကန်ဒေါ်လာ ၄၆ သန်းကျော်ဖိုး တင်ပို့ရောင်းချခဲ့ရာ အဆိုပါလအတွင်း နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနိုင်သောလုပ်ငန်းဖြစ်ကြောင်း သိရသည်။

ဒုတိယနှင့် တတိယမှာ ကန်ဒေါ်လာ ၃၉ သန်းကျော်ရရှိသော မြန်မာ့သစ်လုပ်ငန်းနှင့် ကန်ဒေါ်လာ ၁၂ သန်းကျော်ရရှိသော အိုင်ဗင်ဟိုး၏ ကြေးနီတူးဖော်ရေးလုပ်ငန်းဖြစ်သည်။

*(Ref:* ခေတ်မြန်မာ *Weekly, September 8, 2006)*

## ပြည်တွင်းတပ်ဆင်ယာဉ်ရောင်းချသူများ သွင်းကုန်လျှောက်ခွင့်ရ

အင်ဂျင်၊ ဂီယာဘောက်စ်၊ ဒက်ရှ်ဘုတ်၊ မှန် အစရှိသော ပြည်တွင်း၌ မထုတ်လုပ်နိုင်သေးသည့် မော်တော်ယာဉ်သုံးပစ္စည်းများ တင်သွင်းရန်အတွက် ပြည်တွင်းတွင် မော်တော်ယာဉ်တပ်ဆင်ရောင်းချသူများကို သွင်းကုန်လိုင်စင်လျှောက်ထားခွင့်

www.foreverspace.com.mm

ဩဂုတ်လကုန်ပိုင်းတွင် စတင်ခွင့်ပြုလျက်ရှိသည်။

ကုန်ကြမ်းပစ္စည်းရှားပါးမှုကြောင့် ပြည်တွင်းတပ်ဆင်ယာဉ်များ ဈေးနှုန်းအထက်သို့ ကျပ်သိန်း ၂၀ ခန့် ပြောင်းလဲလာရ၍ ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

*(Ref: The Voice Weekly, September 11, 2006)*

## ပါရမီတက္ကစီစီးရေ ၁၀၀ ထပ်ဖြည့်မည်

ဈေးကွက်ပေါက်ဈေးထက် ဘက်စုံသက်သာသော ပါရမီတက္ကစီများ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ယာဉ်စီးရေ ၁၀၀ ထပ်မံဖြည့်တင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူထားကြောင်း စက်တင်ဘာလဆန်းတွင် သတင်းရရှိသည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှ စတင်၍ ပါရမီတက္ကစီအစီးရေ ၅၀ ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တစ်မိုင်လျှင် စီးနင်းခ ၁၀၀ ကျပ် (+၅၀၀ ကျပ်) ဖြင့် ပြေးဆွဲလျက်ရှိသည်။

*(Ref: The Voice Weekly, September 11, 2006)*

## ငွေဆောင်ဟိုတယ်စီမံကိန်း (၂) တွင် တိုင်းရင်းသားလုပ်ငန်းရှင်များ မြေကွက်ရ

ယခင် ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက် လျာထားသည့် အကျယ် လေးဧကမှ ၁၀ ဧကအကြားရှိ မြေကွက် လေးကွက်ကို ငွေဆောင်ပင်လယ်ကမ်းခြေအပန်းဖြေစခန်းရှိ ဟိုတယ်စီမံကိန်း အပိုင်း(၂)တွင် တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်ရရှိသွားသည်။

ထို့ကြောင့် အဆိုပါစီမံကိန်းတွင် ယခင်မြေကွက် ၂၇ ကွက်ရှိရာမှ ၃၁ ကွက်အထိ ဖြစ်လာသည်။

*(Ref: The Voice Weekly, September 11, 2006)*

## မြန်မာအမျိုးသမီးနှင့် မလေးရှားအထည်ချုပ်စက်ရုံများ

တစ်လလျှင် ငွေကျပ် နှစ်သိန်းခွဲခန့် ရရှိနိုင်မည်ဆိုသည့်အတွက် မလေးရှားအထည်ချုပ်စက်ရုံများတွင် သွားရောက်လုပ်ကိုင်လိုသည့်အမျိုးသမီးများ အကျိုးဆောင်ကုမ္ပဏီများတွင် ကျွမ်းကျင်မှုစစ်ဆေးခံလျက်ရှိသည်။

စစ်ဆေးခံမှုအောင်မြင်လျှင် အကျိုးဆောင်ကုမ္ပဏီသို့ အမေရိကန်ဒေါ်လာ ၄၀၀ နှင့် ညီမျှသော ဝန်ဆောင်ခကိုပေးသွင်းရမည် ဖြစ်သည်။

*(Ref: ခေတ်မြန်မာ Weekly, September 15, 2006)*

## *GSM* ဖုန်း တိုင်းအေးချမ်းဖြိုးသို့ လျှောက်နိုင်

GSM ဖုန်း လျှောက်ထားလိုသူများသည် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမှတ် (၅၀) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်သို့ လိပ်မူ၍ လျှောက်ထားနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စက်တင်ဘာလအတွင်း သတင်းထုတ်ပြန်သည်။

*(Ref:The Voice Weekly, September 18, 2006)*

## ကွန်တိန်နာများ စီးပွား/ကူးသန်းနှင့် အကောက်ခွန် ပူးတွဲစစ်ဆေး

စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ ရန်ကုန်ရှိ ဆိပ်ကမ်းအားလုံးတွင် ကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးသည့်လုပ်ငန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော သွင်းကုန်ဈေးနှုန်းမှန်ကန်ရေးကော်မတီသည် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ပူးပေါင်းစစ်ဆေးရာတွင် ယခင်ထက် အချိန်နှစ်ဆခန့်ပိုမိုသုံးစွဲပြီး စာရွက်စာတမ်းများ တင်ပြရာတွင် ယခင်မိတ္တူလေးစောင်တင်ပြရာမှ ခုနစ်စောင်အထိတင်ပြရန် လိုအပ်လာကြောင်း လိုင်စင်ရ အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များက ပြောကြားသည်။

*(Ref: The Voice Weekly, September 18, 2006)*

## တိုင်းရင်းဆေးကြော်ငြာနှင့် စာမူများကို စိစစ်

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးဝါးလက်မှတ်မရှိသည့်ကြော်ငြာများကို စတင်စိစစ်အရေးယူနေပြီး ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ဖော်ပြမည့် တိုင်းရင်းဆေးစာမူများကိုလည်း သက်ဆိုင်ရာကျွမ်းကျင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများမှ ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုနေကြောင်း အဆိုပါဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

တိုင်းရင်းဆေးကြော်ငြာလိုသည့်လုပ်ငန်းရှင်သည် ထည့်သွင်းအသုံးပြုမည့်ရုပ်ပုံ၊ စာသား၊ ဒီဇိုင်း၊ အသံများကို နေပြည်တော်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်သည်။

*(Ref:The Voice Weekly, September 18, 2006)*

## ဘဏ်တွင်ငွေထုတ်သူများ မကြာခဏလုယက်ခံရ

ဘဏ်များအနီးတစ်ဝိုက်တွင် ခါးပိုက်နှိုက်မှု၊ ခိုးယူမှုနှင့် လုယက်မှုများ မကြာခဏဆိုသလို ပေါ်ပေါက်နေသောကြောင့် ငွေလာရောက်ထုတ်ယူလိုသူများအနေဖြင့် သတိထားကြစေလို

www.foreverspace.com.mm

ကြောင်း ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့စခန်းက သတိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ကိုယ်ပိုင်မော်တော်ယာဉ်များတွင် ငွေနှင့် အဖိုးတန်ပစ္စည်းများ မထားရှိဘဲ ကိုယ်နှင့်မကွာ ယူဆောင်ကြရန်နှင့် မော်တော်ယာဉ်သော့ပိတ်ထားခြင်းရှိ မရှိ စစ်ဆေးကြရန်လည်း ကြေညာချက်တွင်ပါရှိသည်။

*(Ref: The Voice Weekly, September 18,2006)*

## ရန်ကုန်တိုင်းအတွင်း ဆိုင်ကယ်စီးနင်းခွင့်ပြန်ရဖွယ်ရှိ

ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင် ဆိုင်ကယ်အရေအတွက်စာရင်းကောက်ယူမှုကို ဆောင်ရွက်နေပြီဖြစ်ရာ ဆိုင်ကယ်များ ပြန်လည်မောင်းနှင်ခွင့်ပြုရန် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်နိုင်ကြောင်း ဒေသခံအချို့ထံမှ သတင်းရရှိသည်။

ရန်ကုန်မြို့တော်တွင် ဤဆိုင်ကယ်စီးနင်းခွင့်ကို ၂၀၀၂ မှ စ၍ ရပ်သိမ်းခဲ့ပြီးမှ သက်ဆိုင်ရာတံဆိပ် ထင်ရှားစွာကပ်ထားသော ဌာနဆိုင်ရာဆိုင်ကယ်များသာ စီးနင်းခွင့်ရရှိသည်။

*(Ref: ခေတ်မြန်မာ Weekly, September 22, 2006)*

## ကုန်သွယ်မှုပိုငွေပြ

၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၈၀.၁၀ သန်း ကုန်သွယ်မှုပိုငွေပြလျက်ရှိသည်။

ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၄၄.၂၈ သန်းရှိရာ၌ သွင်းကုန် ၇၃၂.၀၉၈ သန်းနှင့် ပို့ကုန် ၂၁၁၂.၁၉ သန်းရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။ သဘာဝဓာတ်ငွေ့ရောင်းချခြင်းမှ ပို့ကုန်ဝင်ငွေအများဆုံးရရှိပြီး လယ်ယာထွက်ကုန်၊ သစ်တောနှင့် တွင်းထွက်၊ ရေထွက်ကုန်တို့ တင်ပို့ခြင်းသည်လည်း ပို့ကုန်ဝင်ငွေတိုးတက်စေကြောင်း အဆိုပါစာရင်းများအရ သိရသည်။

*(Ref: ခေတ်မြန်မာ Weekly, September 22, 2006)*

## ဖီဖာမှ မြန်မာအသင်းအား အဆင့် ၂၅ ဆင့် တိုးမြှင့်ပေး

၃၅ နှစ်အတွင်း မာဒေးကားဖလားကို ပြန်လည်ရယူဗိုလ်စွဲခဲ့သော မြန်မာဘောလုံးအသင်းကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) က အဆင့်သတ်မှတ်ချက် ယခင် (၁၆၄) မှ (၁၃၉) သို့ အဆင့် ၂၅ ဆင့် ကျော်လွှားတိုးမြှင့်ပေးကြောင်း စက်တင် ဘာလအတွင်း သတင်းထုတ်ပြန်သည်။

ဝါရင့်အားကစားကလောင်ရှင်တစ်ဦးကမူ ဖီဖာ၏ဘောလုံးအဆင့်သတ်မှတ်ချက်များသည် ရံဖန်ရံခါ အငြင်းပွားဖွယ်ဖြစ်ရပ်များရှိနေကြောင်း၊ ပြီးခဲ့သည့် ဥရောပခြေစစ်ပွဲတွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော အင်ဒိုရာအသင်းမှာ ကမ္ဘာ့အဆင့် (၁၇၆) တွင်ရှိကြောင်း သုံးသပ်ပြောကြားသည်။

*(Ref: ခေတ်မြန်မာ Weekly, September 22, 2006)*

## ရုံအခက်အခဲကြောင့် နှစ်ပိုင်းခွဲပြသရသော မြန်မာဇာတ်ကား

'မိုက်တီးလေးများ' အမည်ရှိ ရုပ်ရှင်ဇာတ်ကားသည် ရိုက်ကူးရင်း ပေနှစ်သောင်းကျော်သွားရာ ရုံခွဲ၍ တစ်ပြိုင်တည်းပြရန် အဆင်မပြေမှုကြောင့် စက်တင်ဘာ ၂၂ ရက်နေ့တွင် ပထမပိုင်း စတင်ရုံတင်ပြီး ရက်သတ္တပတ် သုံးပတ်ကြာမှ ဒုတိယပိုင်းရုံတင်ပြသရသည်ဖြစ်ရာ ပြသမှုပုံသဏ္ဌာန်သစ်တစ်ခု ပေါ်ပေါက်လာသည်ကို တွေ့ရသည်။

နေ့စဉ်ထုတ်သတင်းစာများတွင် နှစ်ပိုင်းခွဲ၍ ပြသမည်ကို မကြေညာခြင်းနှင့်ပတ်သက်၍ စတင်ရုံတင်ချိန်တွင် ချောင်းသာသို့ ရောက်ရှိနေသူ ဒါရိုက်တာမိုက်တီးက "ပထမပိုင်း၊ ဒုတိယပိုင်းဆိုပြီး ကြေညာဖို့၊ ကြေညာဖို့ရာမှာလည်း Wallsheet ၊ ကားနဲ့ကြော်ငြာတာတို့၊ သတင်းစာကြော်ငြာတို့၊ လက်ကမ်းကြော်ငြာတို့မှာ တစ်ခါတည်းထည့်ကြော်ငြာဖို့ ပြောထားခဲ့တယ်။ ပရိသတ်ကိုအသိပေးပြီးမှပြဖို့ ရည်ရွယ်ထားပါတယ်" ဟု ရှင်းပြသည်။

*(Ref:The Voice Weekly, September 25, 2006)*

## MRTV-4 ကို အခမဲ့ လွှင့်မည်

၂၀၀၇ ခုနှစ်အတွင်းတွင် MRTV-4 ကို Family Receiver ဝယ်ယူရန်မလိုတော့ဘဲ အခမဲ့ဖမ်းယူကြည့်ရှုနိုင်တော့မည် ဖြစ်သည်။

ယင်းရုပ်သံလိုင်းသည် ပညာပေးနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ၅ နာရီစာစုစည်းကာ နံနက် ၇ နာရီမှစတင်ပြီး ၃ ကြိမ်ပြန်ကျော့၍ ထုတ်လွှင့်လျက်ရှိသည်။

*(Ref: ခေတ်မြန်မာ Weekly, September 29, 2006)*

## အထူးကုဆေးခန်းဥပဒေ ထုတ်ပြန်မည်

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကအထူးကုဆေးခန်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကအထူးကုဆေးခန်းဥပဒေ (Private Clinic Hospital Law) ကို ရေးဆွဲနေပြီဖြစ်ရာ မကြာမီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အတွင်းရေးမှူးထံမှ စက်တင်ဘာ ၁၅ ရက်နေ့တွင် သတင်းရရှိသည်။

*(Ref: ခေတ်မြန်မာ Weekly, September 29, 2006)*

www.foreverspace.com.mm



# ခေတ်မီမြို့ပြပို့ဆောင်ရေး ပုံစံသစ်

ဉာဏ်လင်း ၊ အောင်ကျော်မင်း

www.foreverspace.com.mm

**ဖွံ့ဖြိုးမှုအားကောင်းလာသော ယနေ့အချိန်အခါ၌ နိုင်ငံတကာ၌သာမက မြန်မာနိုင်ငံ၌လည်း ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့အခြေစိုက်မှုများပြားကာ လူဦးရေထူထပ်သိပ်သည်းလာသဖြင့် ယင်းအနေအထားနှင့် လိုက်လျောညီထွေဖြစ်မည့် မြို့ပြအခင်းအကျင်းတစ်ရပ် မလွဲမသွေလိုအပ်လာပါသည်။ အဆိုပါ မြို့ပြအခင်းအကျင်းများ အနက် မြို့တော်သူမြို့တော်သားများ နေ့စဉ်နေထိုင်လုပ်ကိုင်စားသောက်မှုအဝဝတွင် အရေးပါလှသော မြို့ပြသယ်ယူပို့ ဆောင်ရေးစနစ်ကို အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲရန်လည်း လိုအပ်လာသည်။ ခေတ်မီမြို့ပြ ကို တည်ဆောက်နိုင်ရေးအတွက် ခေတ်မီမြို့ပြ ပို့ဆောင်ရေးပုံစံသစ်ကို အကြံပြုလို၍ ယခုဆောင်းပါးကို ရေးသားတင်ပြရ ခြင်း ဖြစ်ပါသည်။**

ယနေ့ နိုင်ငံတကာမြို့ပြများ၌ ခေတ်မီမြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို တည်ဆောက်ရာတွင် ခေတ်မီနည်းပညာများ၊ ခေတ်မီသော စီမံခန့်ခွဲမှုစနစ်များ၊ ခေတ်မီအခြေခံအဆောက်အဦများကို မဖြစ်မနေထည့်သွင်းတည်ဆောက်ရပါသည်။

ခေတ်မီမြို့ပြသယ်ယူပို့ဆောင်ရေးအတွက် အနောက်နိုင်ငံများ၌သာမက အရှေ့တောင်အာရှရှိ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၌ပါ ခေတ်မီနည်းပညာများဖြစ်သည့် ဂြိုဟ်တုအခြေပြု အကွာအဝေးတိုင်းတာသော နည်းစနစ် (GPS- Global Positioning System)နှင့် သတင်းအချက်အလက်မြေပုံစနစ် (GIS- Geographic Information System) တို့ကို တွင်တွင်ကျယ်ကျယ်သုံး၍ မြို့ပြသယ်ယူပို့ဆောင်ရေးအား စနစ်တကျ ကိုင်တွယ်လာနေကြပြီဖြစ်ရာ သမားရိုးကျနည်းလမ်းဖြစ်သော လူအားနှင့် မှန်းဆတွက်ချက်နည်းများကို စွန့်လွှတ်၍ ဆိုခဲ့ပါ GPS/ GIS စနစ်များ ကျင့်သုံးပြီး ခေတ်မီမြို့ပြသယ်ယူပို့ဆောင်ရေးဆီသို့ ဦးတည်ကြရမည်ဖြစ်ပါသည်။

ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှုအခြေအနေကို ကောင်းကင်ဓာတ်ပုံမှတစ်ဆင့် ကြည့်မည်ဆိုလျှင် အချို့နေရာများ၌ ကားကြောပြတ်နေသည်ကို တွေ့ကြရမည်ဖြစ်ပြီး အချို့နေရာများ၌ ယာဉ်ကြောပိတ်ဆို့မှု၊ မီးပွိုင့်၌ ယာဉ်များစုပုံတန်းစီနေရမှုများနှင့် မှတ်တိုင်များ၌ ခရီးသည်များ တစ်မျှော်တစ်ခေါ် စောင့်စားနေရခြင်းများအား တွေ့မြင်ကြရမည်ဖြစ်သည်။

ယင်းအချက်သည်ပင် လက်ရှိ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်၌ အားနည်းချက်များစွာရှိနေသည်ကို ထင်ရှားပေါ်လွင်စေပါသည်။ တစ်နည်းအားဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးအား အရေးပေါ်ဆောင်ရွက်ကြစေရန် အချက်ပြနေသည်နှင့် တူပါသည်။

နိုင်ငံတကာတွင် အောင်မြင်ဖြစ်ထွန်းအသုံးတည့်နေသော မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်များအနက် ရန်ကုန်မြို့တော်၏ ပထဝီ အနေအထားအရ ဖြစ်နိုင်ခြေအများဆုံးစနစ်များကို အောက်ပါအတိုင်း တွေ့ရပါမည်။

၁။ ယာဉ်လိုင်းများ၏ လမ်းကြောစနစ်ပြောင်းလဲရေး၊

၂။ GPS/ GIS တပ်ဆင်ရေး၊

၃။ မြို့ပတ်ရထား ထပ်မံတိုးချဲ့ပြေးဆွဲရေး၊

၄။ မိုးပျံရထား (Skytrain) ထားရှိရေး၊

## ၁။ ယာဉ်လိုင်းများ၏ လမ်းကြောစနစ်ပြောင်းလဲရေး

ဤအပိုင်းသည်မြို့ပြသယ်ယူပို့ဆောင်ရေးပုံစံသစ်အတွက် အရေးကြီးပါသည်။ ထို့အပြင် အဆိုပါမြို့တွင်းမော်တော်ယာဉ်လိုင်းများ၏ ယာဉ်ကြောပုံစံများ၊ စနစ်များပြောင်းလဲရေးသည် ပို့ဆောင်ရေးပုံစံသစ်အတွက်ဦးဆုံးအကောင်အထည်ဖော်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်လည်းဖြစ်သည်။ ယာဉ်ကြောပုံစံများပြောင်းလဲရေးသည် လက်ရှိ လတ်တလောကာလတွင် ရှိထားပြီးဖြစ်သော မော်တော်ယာဉ်များနှင့် လမ်း၊ တံတား၊ ဘတ်စ်ကားမှတ်တိုင်၊ Taxi ဂိတ် စသော အခြေခံအဆောက်အဦများကို အသုံးချ၍ ဖော်ဆောင်နိုင်သောအစီအစဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက်ဖြေရှင်းနိုင်မည့်အပြင်၊ ခရီးသည်များနှင့် မော်တော်ယာဉ်လုပ်သားများအတွက် အဆင်ပြေချောမွေ့စေခြင်း



www.foreverspace.com.mm

စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ယင်း အစီအစဉ်၌ အခြေခံအဆောက်အဦများ ထပ်မံဖြည့်စွက်တည်ဆောက်ရန်လိုအပ်မည်ဖြစ်သော်လည်း လက်ရှိအနေအထားနှင့်ဖြစ်နိုင်ခြေရှိပါသည်။

လမ်းကြောစနစ်ပြောင်းလဲရေးတွင် အခြေခံအားဖြင့်အပိုင်းနှစ်ပိုင်း ပါဝင်မည်ဖြစ်သည်။

(က) မြို့တွင်းနှင့် ဆင်ခြေဖုံးခရီးတို ခရပတ်ပြေးဆွဲခြင်း

(ခ) မြို့တွင်းမှ မြို့ပြင်ခရီးရှည် ပြေးဆွဲခြင်းတို့ ဖြစ်သည်။

## (က) မြို့တွင်းနှင့် ဆင်ခြေဖုံးခရီးတို ခရပတ်ပြေးဆွဲခြင်း

မြို့တော်တစ်ခုလုံးမှ မြို့တော်သူ မြို့တော်သားများ ဦးတည်ရောက်တတ်သော မြို့လယ်ကောင် (Downtown) ဧရိယာသည် ကိုယ်ပိုင်ယာဉ်ငယ်များ၊ ယာဉ်ကြီးများ၊ စင်းလုံးငှားယာဉ် (Taxi) များနှင့်အတူ ဆင်ခြေဖုံး အသီးသီးမှ ဝင်ရောက်လာသော မော်တော်ယာဉ်လိုင်းများနှင့် အစဉ်အမြဲပိတ်ဆို့ရှုပ် ထွေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းအနေအထားကြောင့် မြို့တော်သူမြို့တော်သားများ သွားရေးလာရေး၌ များစွာကြာမြင့်နှောင့်နှေးခြင်း၊ ကျပ်တည်းသောမော်တော်ယာဉ်ပေါ်တွင် အချိန်ကြာမြင့်စွာနေရခြင်း၊ လူများ၊ ကားများရှုပ်ထွေးမှုကြောင့် အန္တရာယ်ဖြစ်ပွားရန် လွယ်ကူခြင်း၊ မော်တော်ယာဉ်များစွာ စုစည်းရောက်ရှိနေသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းရုံသာမက မြို့လယ်ကောင်နေထိုင်သူတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုကြောင့် မလိုအပ်ဘဲ လောင်စာပြုန်းတီးမှုဖြစ်ရခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။

အဆိုပါအနေအထားကို ပြောင်းလဲပေးနိုင်မည့်စနစ်မှာ မြို့တွင်းမော်တော်ယာဉ်လိုင်းများကို သီးသန့်စီစဉ်ထားရှိသော ခရပတ်စနစ်ဖြစ်သည်။ ယင်းစနစ်၌ ဆင်ခြေဖုံးနှင့် မြို့ပြင်မှ ဝင်ရောက်လာသော ယာဉ်လိုင်းများကို မြို့တွင်းသို့ မဝင်ရောက်စေဘဲ မြို့တွင်းအဝင်ဂိတ်၌သာ ဂိတ်ထိုးစေရမည်ဖြစ်သည်။ သို့အတွက် မြို့ပြင်နှင့် ဆင်ခြေဖုံးယာဉ်လိုင်းမှ မြို့တွင်းဝင်ရောက်လာမည့် လိုင်းကားစီးရေများကို လျှော့ချလိုက်နိုင်မည်ဖြစ်သည်။ ယခင် မြို့တွင်းလှည့်ပတ်သွားလာသော အဆိုပါခရီးရှည်ယာဉ်လိုင်းများနေရာတွင် မြို့တွင်းခရပတ်ယာဉ်ငယ်လိုင်းကို အစား

**ရန်ကုန်မြို့တွင်း မီးရထားလမ်း၏ ဗဟိုချက်မ ရန်ကုန်ဘူတာကြီးနှင့် မီးရထားလမ်းကြောင်းကို အထက်စီးမှ တွေ့ရစဉ်**



www.foreverspace.com.mm

ထိုးရမည် ဖြစ်သည်။

ဥပမာအားဖြင့် ရန်ကုန်မြို့တော်၏ လက်ရှိအနေအထားကို လေ့လာလျှင် ယင်းကဲ့သို့ ခရုပတ်စနစ်သုံးစွဲပါက အဆင်ပြေနိုင်မည့် အခင်းအကျင်းကို တွေ့ရမည်ဖြစ်သည်။ ရန်ကုန်မြို့လယ်ကောင်ရှိ တစ်လမ်းမောင်းစနစ်အဖြစ် အသုံးပြုနေသော အဓိကလမ်းမကြီးလေးသွယ်သည် ခရုပတ်ယာဉ်ငယ်များ ပြေးဆွဲနိုင်သော လမ်းကြောင်းများဖြစ်သည်။ ခရုပတ်ယာဉ်လိုင်းများအတွက် ဂိတ်ကြီးများကို သုံးပိုင်းခွဲ၍ ထားရှိနိုင်သည်။ ရန်ကုန်မြို့လယ်ဧရိယာသည် ရှည်မျောမျောပုံသဏ္ဌာန်ရှိသဖြင့် အဆိုပါ ဂိတ်ကြီးသုံးခုနှင့်ပင် အဆင်ပြေကောင်း ပြေနိုင်ပါသည်။ အရှေ့ဘက်စွန်းရှိ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ ဂိတ်ဝင်းတစ်ခုကိုလည်းကောင်း၊ ဆူးလေစေတီတော်အနီးတစ်ဝိုက်တွင် မြို့လယ်ဂိတ်ကြီးတစ်ခုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် ကျုံးကြီးအနီးဝန်းကျင်၌ အနောက်ပိုင်း ဂိတ်ကြီးတစ်ခုကိုလည်းကောင်း သတ်မှတ်ထားရှိနိုင်ပါသည်။ အဆိုပါ ဂိတ်ကြီးသုံးဂိတ်သည် ခရုပတ်ယာဉ်ငယ်လိုင်းများ၏ အစပြုရာနှင့် အဆုံးသတ်ရာနေရာများဖြစ်ပြီး မြို့ပြင်နှင့် ဆင်ခြေဖုံးမှ ဝင်ရောက်လာသော မော်တော်ယာဉ်လိုင်းများအတွက် အဆုံးသတ်ရာ၊ ပြန်လည်ထွက်ခွာရာဂိတ်ကြီးများလည်း ဖြစ်ပေသည်။ (မြို့ပြင်နှင့် ဆင်ခြေဖုံးယာဉ်လိုင်းများ ဝင်ထွက်ပုံကို နောက်ပိုင်းတွင် တင်ပြပါမည်။)

မြို့တွင်းအဓိကလမ်းမကြီးလေးခု၏ အနေအထားအရ အနောက်မှအရှေ့သို့ တစ်လမ်းမောင်းစနစ်သတ်မှတ်ထားသော ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အရှေ့မှအနောက်သို့ယာဉ်များသွားလာနိုင်သော လမ်းမကြီးနှစ်ခုဖြစ်သည့် အနော်ရထာလမ်း နှင့် ကုန်သည်လမ်းတို့ကို ခရုပတ်ပုံစံဆက်သွယ်၍ ယာဉ်လိုင်းငယ်များထားရှိနိုင်သည်။ ထို့အတူ အနောက်မှအရှေ့သို့ သွားလာနိုင်သော မဟာဗန္ဓုလလမ်းမကြီးကို အနော်ရထာလမ်း သို့မဟုတ် ကုန်သည်လမ်းတို့နှင့် ခရုပတ်လမ်းကြောင်းများ ဖန်တီးပြေးဆွဲနိုင်ပါသည်။ နှစ်လမ်းမောင်းစနစ်ဖြစ်သော ကမ်းနားလမ်းကိုမူ တစ်လမ်းမောင်းလမ်းမကြီးလေးသွယ်နှင့် တစ်လမ်းစီပေါင်းစပ်၍ ယာဉ်လိုင်းလမ်းကြောင်း ဖော်ဆောင်နိုင်ပါသည်။

မြို့ပြင်နှင့် ဆင်ခြေဖုံးမော်တော်ယာဉ်လိုင်းများဖြင့် ဝင်ရောက်လာသော ခရီးသည်များသည် အဆိုပါခရီးရှည်ယာဉ်လိုင်းများ ဂိတ်ဆုံးရာ ဂိတ်ကြီးသုံးဂိတ်မှတစ်ဆင့် မြို့တွင်းသို့ ဝင်ရောက်ရန်ဖြစ်သည်။ ဂိတ်ကြီးသုံးဂိတ်မှ မြို့တွင်းရှိ မှတ်တိုင်အသီးသီးသို့ သွားရောက်မည့်ခရီးသည်အားလုံးကို အချိန်မဆိုင်းဘဲ အစဉ်မပြတ်ပြေးဆွဲပေးနေသော ခရုပတ်ယာဉ်လိုင်းများဖြင့် သွားလာစေမည်ဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင် မှ ဝင်ရောက်လာသောခရီးသည်များသည် သန်လျက်စွန်းဂိတ်မှ တစ်ဆင့်လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း အချို့မြို့နယ်များ (သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ တာမွေ စသည်)မှ ဝင်ရောက်လာသောခရီးသည်များသည် ဆူးလေအလယ်ဂိတ်မှလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်မှ ခရီးသည်များသည် ကျုံးကြီးဂိတ်မှတစ်ဆင့်လည်းကောင်း အသီးသီး မြို့တွင်းသို့ ဝင်ရောက်စေမည့်စနစ်ဖြစ်သည်။ (ရန်ကုန်မြောက်ပိုင်းခရိုင် အချို့မြို့နယ်များမှ ပြည်လမ်းမအတိုင်းဝင်ရောက်လာသော ယာဉ်လိုင်းများအတွက် ရန်ကုန်ထောင်ကြီးနေရာဟောင်းသို့ မဟုတ် စိန်ဂွန်းဈေးနေရာဟောင်းတွင် ဂိတ်ကြီးတစ်ခု စီစဉ်နိုင်ပါသေးသည်။)




**ယာဉ်ကြောကျပ်မှုကို ဖြေရှင်းပေးသည့် ဘန်ကောက်မိုးပျံရထား**

ဂိတ်အသီးသီးသို့ ဝင်ရောက်/ထွက်ခွာမည့် ခရုပတ်ယာဉ်ငယ်လိုင်းများကို အချိန်မဆိုင်းစေဘဲ အဆက်မပြတ် ပြေးဆွဲစေရေးအတွက် (GIS/GPS) ကဲ့သို့သော ခေတ်မီနည်းပညာဖြင့် စီမံခန့်ခွဲရမည့်ပုံစံကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။ ခရုပတ်ယာဉ်ငယ်လိုင်းမှာ ခရီးတိုပြေးဆွဲရသဖြင့် ယာဉ်တစ်စီးလျှင် ခေါက်ရေများစွာရရှိနိုင်ပြီး ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက်ပြေလျော့စေမည်ဖြစ်သည်။ ယခင် မြို့တွင်းသို့ ရောက်ရှိရှုပ်ထွေးနေသော မြို့ပြင်ဆင်ခြေဖုံးများမှ ယာဉ်များနေရာတွင် အဆိုပါယာဉ်ငယ်များကို အစားထိုးလိုက်ခြင်းဖြင့် မြို့တွင်းယာဉ်စီးရေကို လျှော့ချစေနိုင်သည်သာမက မြို့တွင်း သီးသန့်ယာဉ်

www.foreverspace.com.mm



ပြည်တွင်း၌ ပြေးဆွဲနေသော ခရီးသည်တင်ရထားတစ်စင်း

လိုင်းအနည်းငယ်ကိုသာ မြို့တွင်း၌ စီမံခန့်ခွဲရသဖြင့် များစွာအဆင်ပြေဖွယ်ရှိပါသည်။

ရှေ့တွင်ဆိုခဲ့သော မြို့တွင်းခရုပတ်ခရီးတိုယာဉ်လိုင်းများအပြင် မြို့ပြနှင့် ဆင်ခြေဖုံးများ၌လည်း ခရီးတိုယာဉ်လိုင်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့တော်တောင်နှင့်မြောက်ကို ဖြတ်သန်းထားသော သံသုမာလမ်းမကြီး၊ ဝေဇယန္တာလမ်းမကြီး၊ ကမ္ဘာအေးဘုရားလမ်းမကြီး၊ ပြည်လမ်းမကြီး၊ အောက်ကြည့်မြင်တိုင်လမ်းမကြီးနှင့် ကမ်းနားလမ်းတို့ကို

# ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး သိန်းထွန်းဝင်းနှင့် တွေ့ဆုံခြင်း

ဉာဏ်လင်း

**LC : ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ လီမိတက်ကို ဘယ်အချိန်ကစတင်ခဲ့ပြီး အခုအခါ ယာဉ်စီးရေ စုစုပေါင်း ဘယ်လောက်ရှိနေပြီလဲ။**

**Bandoola:** ၁၉၉၉ နိုဝင်ဘာ ၃၀ ရက်မှာ စတင်တည်ထောင်ပြီး အဲဒီနှစ်ဒီဇင်ဘာ ၁ ရက်နေ့က စတင်ပြေးဆွဲခဲ့ပါတယ်။ စတင်ခဲ့တဲ့ မော်တော်ယာဉ်တွေက ဒိုင်နာတွေပါ။ စီးရေ ၁၀၀ ကျော်ရှိပါတယ်။ ရန်ကုန်–သန်လျင် အမှတ် ၁၇၃ ယာဉ်လိုင်းကို အဲဒီအချိန်ကစပြီး ပြေးဆွဲခဲ့ပါတယ်။ ဒီနေ့အခါမှာ အောင်မြင်လာတာနဲ့အမျှ ယာဉ်စီးရေစုစုပေါင်း ၆၅၀ ကျော်ရှိနေပြီလို့ ဆိုနိုင်ပါလိမ့်မယ်။ အဝေးပြေး

www.foreverspace.com.mm

ကန့်လန့်ဖြတ်ပြေးဆွဲမည့် ယာဉ်လိုင်းငယ်များ လိုအပ်ပါမည်။ ကန့်လန့်ဖြတ်လမ်းမများဖြစ်သော ဗားကရာလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ပါရမီလမ်း၊ ကျိုက်ဝိုင်းဘုရားလမ်း စသည့်လမ်းကြောင်းများအတိုင်း သီးသန့်ယာဉ်လိုင်းငယ်များကို တောင်မြောက်လမ်းမကြီးများဆုံရာနေရာများ၌ ဂိတ်ကြီးများထားရှိ ပြေးဆွဲစေခြင်းဖြင့် အဆိုပါလမ်းများတွင် လက်ရှိခရီးရှည်ပြေးဆွဲနေသော ခရီးရှည်ယာဉ်လိုင်းကြီးများနေရာတွင် အစားထိုးနိုင်ပါလိမ့်မည်။



GIS/ GPSစနစ်သုံး စင်ကာပူမြို့ပြ သယ်ယူပို့ဆောင်ရေးတက္ကစီ

လူဦးရေထူထပ်များပြားသော၊ ကျယ်ပြန့်သောမြို့နယ်များ၌လည်း မြို့နယ်အတွင်းပြေးဆွဲသည့် ခရီးတိုယာဉ်လိုင်းငယ်များ ဖန်တီးပေးရန်လိုအပ်မည်ဖြစ်သည်။ (ဥပမာ–တာမွေ၊ ဗဟန်းကဲ့သို့သော လူဦးရေထူထပ်သည့်နေရာများ၊ ဒဂုံမြို့သစ်ကဲ့သို့ ဧရိယာကျယ်ပြန့်သည့်မြို့နယ်များ) ထိုကဲ့သို့ မြို့နယ်အလိုက်တည်ထောင်ထားသော မော်တော်ယာဉ်လိုင်းငယ်များကို ခရီးရှည်ယာဉ်လိုင်းဂိတ်များ၊ မှတ်တိုင်များနှင့် ဆက်သွယ်ထားရမည်ဖြစ်သည်။ အဆိုပါယာဉ်လိုင်းငယ်များအတွက် စီမံခန့်ခွဲမှုကိုမူ မြို့နယ်အလိုက် သီးခြားကိုင်တွယ်နိုင်မည့်အားသာချက်များလည်းရှိသည်။

ယခု နမူနာပြခဲ့သော ခရုပတ်နှင့် ခရီးတိုယာဉ်လိုင်းများအား လိုအပ်ချက်အလိုက် တိုးချဲ့ထည့်သွင်းနိုင်ပြီး မြို့တွင်းသို့ဝင်ရောက်ခြင်းကို ကန့်သတ်ထားသော ခရီးရှည်ယာဉ်လိုင်းကြီးများအတွက် ဂိတ်ကြီးများကိုလည်း လိုအပ်သလို တိုးချဲ့နိုင်ပါသည်။ ဥပမာအားဖြင့် မြို့လယ်ပုံစံမျိုးဖြစ်နေသော တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များကို မြို့လယ်ဧရိယာကဲ့သို့သဘောထားပြီး ခရီးရှည်ယာဉ်လိုင်းများ ဝင်ရောက်ခြင်းကိုကန့်သတ်၍ ဂိတ်ကြီးများထားရှိရန်ဖြစ်သည်။ သို့သော် မြို့ပြင်မှလာရောက်သော ခရီးရှည်ယာဉ်လိုင်းများအတွက် အဆိုပါဧရိယာကို ရှောင်ကွင်းနိုင်မည့်လမ်းကြောကို ဖန်တီးပေးရမည်ဖြစ်သည်။

## (၁) မြို့ပြင်နှင့် မြို့တွင်းကို ဆက်သွယ်သော ခရီးရှည်ယာဉ်လိုင်းများ

အဆိုပါယာဉ်လိုင်းများမှာ မြို့ပြင်နှင့် ဆင်ခြေဖုံးမြို့နယ်အသီးသီးမှ မြို့လယ်ရှိ သတ်မှတ်ထားသော ဂိတ်ကြီးများသို့

Coach တွေက စီးရေ ၁၀၀ ခန့်၊ ကုန်စည်ယာဉ် ၁၀၀ ကျော်နဲ့ ရန်ကုန်မြို့ထဲ ပြေးဆွဲနေတဲ့ ပါရမီယာဉ် ၄၀၀ စီးကျော်ရှိပါတယ်။ ဒီနှစ်ပိုင်းမှာ စတင်တဲ့ ပါရမီတက္ကစီစီးရေက ၅၀ စီးပါ။ နောက်ထပ် ဂျပန်ကနေ ကော်ရိုလာအမျိုးအစား စီးရေ ၅၀ ကို ထပ်မံတင်သွင်းဦးမှာပါ။

**LC : ရန်ကုန်မှာ ဂိတ်ဘယ်နှခုလောက်ရှိသလဲ။ ဘယ်မြို့တွေကို ဒီ (ရန်ကုန်) ကနေ အဝေးပြေးကားတွေ သွားပါသလဲ။**



www.foreverspace.com.mm



အသွားအပြန် ပြေးဆွဲရမည့် ယာဉ်လိုင်းများဖြစ်သည် ခရီးရှည်ယာဉ်လိုင်းများအတွက် မြို့တွင်းသို့ဝင်ရောက်ရာ၌ သတ်မှတ်ထားသော ဘုံကားဂိတ်များတွင် ရပ်တန့်ဂိတ်ထိုးရမည်ဖြစ်သော်လည်း သက်ဆိုင်ရာ မြို့နယ်အသီးသီး၌မူ မြို့နယ်ဖွဲ့စည်းပုံ အနေအထားအလိုက် အစပြုထွက်ခွာရာ သတ်မှတ်ဂိတ်တစ်ခုထက်မနည်း ရှိနိုင်ပါသည်။ ဧရိယာကျယ်ပြန့်၍ လမ်းကြောင်း များ


---

**Bandoola :** တောင်ဥက္ကလာအဝေးပြေးဝင်း၊ ဒဂုံဧရာအဝေးပြေးဝင်းနဲ့ အောင်မင်္ဂလာအဝေးပြေးဝင်းတွေကနေ ရွှေမန်းသူ၊ ရှမ်းမလေး၊ ပုသိမ်သူဆိုပြီး အဝေးပြေးကားကြီးတွေ ပြေးဆွဲပါတယ်။ မန္တလေး၊ ပျဉ်းမနား၊ ချောက်၊ မုံရွာ၊ ပုဂံ၊ မြင်းခြံ၊ ပုသိမ်နဲ့ တောင်ကြီးအပါအဝင် မြို့ကြီးပေါင်း ၁၃ ခုကျော်ကို ပြေးဆွဲပါတယ်။

**LC : မြို့ထဲပြေးဆွဲနေတဲ့ ပါရမီယာဉ်လိုင်းတွေနဲ့ ဒီနှစ်ပိုင်းမှာစပြီးပြေးဆွဲတဲ့ ပါရမီတက္ကစီတို့ကို ခရီးသည်တွေ အကြိုက်များကြပါတယ်။ ဆက်ဆံရေးပြေပြစ်ပြီး အန္တရာယ်ကင်းစွာမောင်းနှင်ကြတဲ့အတွက် လည်း စိတ်ကျေနပ်မှုရှိကြတယ်လို့ ဆိုပါတယ်။ ဒီအခြေအနေရောက်အောင် ဘယ်လို စီမံကွပ်ကဲမှုတွေပြုလုပ်ထားခဲ့ပါသလဲ။ ဘယ်အချက်က သော့ချက်ကျပါသလဲ။**

**Bandoola :** ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို ကျွန်တော်တို့က ပြီးစလွယ်မခန့်ဘူး။ သေချာစနစ်တကျစိစစ်ပြီးမှ ခန့်တာပါ။ ရွေးချယ်ပြီးတာနဲ့ သူတို့တစ်တွေကို သင်တန်းတွေ ပေးပါတယ်။ ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ ဥပဒေရေးရာ ယာဉ်နဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေ၊ ရုံးဖွဲ့စည်းပုံ၊ အုပ်ချုပ်ပုံအဆင့်ဆင့်တွေနဲ့ တာဝန်ဝတ္တရား၊ ပြည်သူ့ဆက်ဆံရေး စသဖြင့် သင်တန်းတွေပေးပါတယ်။ အဲဒီအပြင် လုပ်ငန်းခွင်ထဲ ရောက်သွားတော့လည်း

**မြို့တွင်းခရုပတ်စနစ်နှင့် မြို့ပြင်၊ ဆင်ခြေဖုံး ခရီးရှည်လမ်းကြောင်းများအတွက် နမူနာပြပုံစံ**




မြောင်သော မြို့နယ်များအတွက် ခရီးရှည်ယာဉ်လိုင်းများ ပိုမိုလိုအပ်မည်ဖြစ်သည်။

ခရီးရှည်ယာဉ်လိုင်းများအတွက် လက်ရှိ ရှိထားပြီးဖြစ်သော ယာဉ်လိုင်းကြီးများအနက်မှ အများစုကို မူလလမ်းကြောင်းများအတိုင်း ပြေးဆွဲစေနိုင်မည်ဖြစ်သည်။ အဓိကအားဖြင့် တောင်နှင့်မြောက် အဖြောင့်ပြေးဆွဲသော ယာဉ်လိုင်းများ ဖြစ်ပါ

---

နေ့စဉ်တန်းစီကြရတယ်။ နံနက်နဲ့ ညနေတွေမှာ တန်းစီပြီး သစ္စာအဓိဋ္ဌာန်ပြုကြရပါတယ်။ နောက်ပြီး ခရီးသည်တွေဆီက မကျေနပ်ချက်တွေ ရောက်လာလို့ရှိရင်လည်း အချိန်နဲ့တစ်ပြေးညီ ချက်ချင်းအရေးယူမှုတွေပြုလုပ်ပါတယ်။ ကျွန်တော်တို့ဗန္ဓုလက စစ်မှုထမ်းဟောင်းတွေ၊ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ တပ်မတော်အရာရှိတွေနဲ့ ဖွဲ့စည်းထားတဲ့အတွက်ကြောင့် အုပ်ချုပ်ပုံကအစ အထက်အောက်အဆင့်ဆင့် အုပ်ချုပ်တာရယ်၊ အမိန့်နဲ့ ညွှန်ကြားမှုကို တစ်သဝေမတိမ်းလိုက်နာစေတာရယ်ကြောင့် စနစ်ကျနပြီး အခုလို အောင်မြင်ခဲ့တာပဲလို့ ဆိုရမယ်ထင်





www.foreverspace.com.mm

www.foreverspace.com.mm



**စင်ကာပူမြို့ပြသယ်ယူပို့ဆောင်ရေးဘတ်စ်ကားများ**

သည်။ ကမ္ဘာအေးဘုရားလမ်းတစ်လျှောက် အဖြောင့်ပြေးဆွဲသော ယာဉ်လိုင်းများ၊ ပြည်လမ်းတစ်လျှောက် အဖြောင့်ပြေးဆွဲသောယာဉ်လိုင်းများ၊ အောက်ကြည့်မြင်တိုင်နှင့် ကမ်းနားလမ်းများမှ ပြေးဆွဲသောယာဉ်လိုင်းများကို လက်ရှိအနေအထား အတိုင်းထားရှိနိုင်သည်။ ထို့ပြင် အရှေ့ပိုင်းခရိုင်မြို့တွင်းသို့ အတိုဆုံးလမ်းကြောင်းဖြင့် ဝင်ရောက်သော ယာဉ်လိုင်းများနှင့် တောင်ပိုင်းခရိုင်မှ ယာဉ်လိုင်းများကိုလည်း လက်ရှိလမ်းကြောင်းအတိုင်း သတ်မှတ်ပြေးဆွဲစေနိုင်ပါသည်။

---

ပါတယ်။ ယူနီဖောင်းတွေဝတ်စေတာ၊ တန်းစီပြီး သစ္စာအဓိဋ္ဌာန်ပြုစေတာတွေဟာ စည်းကမ်းကျနု၊ အမိန့်လိုက်နာနိုင်အောင်လို့ပါပဲ။

**LC : ပါရမီတက္ကစီစီးရေ နောက်ထပ်ဘယ်နှစီးလောက် ထပ်တိုးဖို့ရှိပါသလဲ။ နေပြည်တော်မှာ ပါရမီတက္ကစီတွေ ပြေးဆွဲတော့မယ်လို့ ကြားနေတာ ဘယ်တော့လောက် ပြေးဆွဲဖို့ရှိပါသလဲ။**

**Bandoola :** ပထမစီးရေ ၅၀ အပြင် နောက်ထပ်စီးရေ ၅၀ ကိုလည်း ဂျပန်ကနေ တင်သွင်းမှာပါ။ အရင်ကားတွေကတော့ ကိုရီးယားထုတ်ဆိုတာနာတွေဖြစ်ပြီး နောက်စီးရေ ၅၀ ကတော့ ဂျပန်ဖြစ် ကော်ရိုလာတွေပါ။ စွမ်းဆောင်ရည်ပိုမြင့်တယ်။ နေပြည်တော်မှာ ပြေးဆွဲ မယ်ဆိုတာကနောင်လိုအပ်လို့ရှိရင် ပြေးဆွဲမှာပါ။ ဘယ် နေရာမဆိုလိုအပ်ချက်ရှိရင် စီစဉ်မှာပါ။

**LC : လမ်းခရီးမှာ မော်တော်ယာဉ်တွေ မမျှော်လင့်တဲ့ အခြေအနေတွေနဲ့ ကြုံကြိုက်တဲ့အခါ ဘယ်လို**

**တောင်ဥက္ကလာအဝေးပြေးဝင်း၊ ဒဂုံရော အဝေးပြေးဝင်းနဲ့ အောင်မင်္ဂလာအဝေးပြေးဝင်းတွေကနေ ရွှေမန်းသူ၊ ရှမ်းမလေး၊ ပုသိမ်သူဆိုပြီး အဝေးပြေးကားကြီးတွေ ပြေးဆွဲပါတယ်။**

www.foreverspace.com.mm

နောက်ထပ်လိုအပ်ချက်တစ်ရပ်မှာ မြို့ပြင်နှင့် ဆင်ခြေဖုံးမြို့နယ်များအချင်းချင်းဆက်သွယ်ထားသော ခရီးရှည်ယာဉ်လိုင်းများထားရှိရေးဖြစ်သည်။ အဆိုပါ ခရီးရှည်ယာဉ်လိုင်းများ အတွက် လက်ရှိပြေးဆွဲနေသော ခရီးရှည်ယာဉ်လိုင်းများအနက်မှ မြို့နယ်စုံကို ခရီးရှည်ခရုပတ်ပုံစံ ပြေးဆွဲနေသောယာဉ်လိုင်းများကို ဖြုတ်သိမ်း၍ အစားထိုးပြေးဆွဲစေရမည်ဖြစ်သည်။ (ဥပမာ– ဒဂုံမြို့သစ်မြောက်ပိုင်းမှ တောင်ဥက္ကလာ၊ ရန်ကင်း၊ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လှိုင်သာယာမြို့နယ်များသို့ မြို့နယ်စုံ ကွေ့ဝိုက်ပြေးဆွဲနေသော ခရီးရှည်ယာဉ်လိုင်းများ၊ ရွာသာ ကြီးမှ သင်္ဃန်းကျွန်း၊ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်ကို ဖြတ်သန်း၍ ဘုရင့်နောင်လမ်းဆုံသို့ရောက်ရှိကာ တောင်ဥက္ကလာ မြို့နယ်တွင် ပြန်လည်အဆုံးသတ်သော ခရီးရှည်ခရုပတ်ယာဉ် လိုင်းများ ဖြစ်ပါသည်။) ယင်း ယာဉ်လိုင်းများသည် တစ်မြို့ နယ်မှ တစ်မြို့နယ်သို့ သွားရောက်လိုသူများအတွက် မလိုအပ်ဘဲ အချိန်ကြာမြင့်စေပါသည်။ ထို့ပြင် ကွေ့ဝိုက်နေသော လမ်းကြောင်းရှည်အမျိုးမျိုးကို ပြေးဆွဲနေသည့် အဆိုပါယာဉ်လိုင်းများမှာ လမ်းကြောင်းအနေအထားအရ ယာဉ်လိုင်းတစ်လိုင်းစီအတွက် ယာဉ်လိုအပ်ချက်နည်းပါးသဖြင့် ယာဉ်အဆက်မပြတ်ရေးကိုလည်း လုပ်ဆောင်ရန် မလွယ်ကူပါ။

သို့အတွက် အဆိုပါယာဉ်လိုင်းများနေရာတွင် မြို့နယ်တစ်ခုနှင့်တစ်ခု အဖြောင့်ပြေးဆွဲသော ယာဉ်လိုင်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ ရှင်းလင်းသောလမ်းကြောင်းပေါ်တွင် သီးခြား ခရီးရှည်ယာဉ်လိုင်းများထားရှိခြင်းဖြင့် စီမံခန့်ခွဲရာတွင်လည်း လွယ်ကူထိရောက်စေမည်ဖြစ် သည်။ နောက်ထပ် လိုအပ်ချက်တစ်ခုမှာ ခရီးရှည်ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို အဆိုင်းဖြင့် အချိန်ကန့်သတ်တာဝန်ယူစေရေးဖြစ်သည်။ ဥပမာ – နံနက်ပိုင်းတာဝန်နှင့် ညနေပိုင်းတာဝန်ဟူ၍ ခွဲခြားခြင်းမျိုးဖြစ်သည်။ သို့မှသာ ခရီးရှည်တာဝန်ထမ်းဆောင်ရသဖြင့် ပင်ပန်းနွမ်းနယ်ကာ စိတ်အလိုမကျဖြစ်ပြီး ခရီးသည်နှင့် ပဋိပက္ခဖြစ်တတ်ခြင်းများကို လျှော့ချနိုင်မည် ဖြစ်သည်။

## စင်ကာပူပုံစံ

ဘတ်စ်ကားလိုင်းနှင့်ပတ်သက်၍ အရှေ့တောင်အာရှ၌ စင်ကာပူနိုင်ငံ၏ ဘတ်စ်ကားစနစ်မှာ စံတစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။ စင်ကာပူဘတ်စ်ကားလိုင်းမှာ ဈေးသက်သာပြီး ဘေးအန္တရာယ်ကင်းရှင်းမှုအပြည့်ရှိသည်ဟုဆိုကြသည်။ ဘတ်စ်ကားခမှာ စင်ကာပူဒေါ်လာ ၀.၆၀ နှင့် ၁.၅၀ ဒေါ်လာကြားသာရှိပြီး ခရီးသည်က အကြွေတစ်ခါတည်းဆောင်ထားပြီး ပေးချေရသည်။ ဘတ်စ်ကားမောင်းသူအနေနှင့် ခရီးသည်ပေးသော ငွေကို ပြန်အမ်းလိမ့်မည်ဟုမျှော်လင့်၍မရဘဲ ခရီးသည်ကသာ အဆင်သင့်အကြွေပေးရန်သတ်မှတ်ထားသည်။ မြို့ပြအင်္ဂါရပ်ကို မှေးမှိန်စေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုပါ ဖြစ်စေနိုင်သည့် ကားစီးနေစဉ် အမှိုက်ပစ်ခြင်းများ၊ ဆေးလိပ်သောက်ခြင်းများ၊ အစာစားခြင်း သို့မဟုတ် တစ်ခုခုသောက်ခြင်းများ ပြုလုပ်ပါက ဒဏ်ရိုက်ခံရမည်ဖြစ်သည်။ နိုင်ငံခြားသားခရီးသည်များအတွက် ထားရှိသော စနစ်တစ်ခုမှာ တစ်နေ့တာအတွင်း ခရီးစဉ် ၁၂ ခု စီးနိုင်မည့် လက်မှတ်စနစ်ပြုလုပ်ပေးထားပြီး လက်မှတ်တစ်ခု လျှင် စင်ကာပူဒေါ်လာ ၁၀ ကျသင့်သည်ဟု ဆိုသည်။

## ၂။ GPS/GIS တပ်ဆင်ရေး

ခေါက်တုံ့ခေါက်ပြန် မြို့တွင်းမြို့ပြင်ပြေးဆွဲနေသော

**ကူညီဖြေရှင်းပေးမှုတွေ လုပ်ပါသလဲ။**

**Bandoola :** ကျွန်တော်တို့ယာဉ်မောင်းတွေအားလုံးက ရုံးချုပ်ကို တစ်နေ့နှစ်ခါလောက် ရောက်တဲ့နေရာကနေ သတင်းပြန်ပို့ရပါတယ်။ တချို့ပါရမီယာဉ်မောင်းတွေဆိုရင် လက်ကိုင်ဖုန်းလေးတွေပါ ပါကြပါတယ်။ တစ်ခုခုဖြစ်တာနဲ့ အရေးပေါ်ကူညီမှုတွေကို ကျွန်တော်တို့ အချိန်နဲ့တစ်ပြေးညီ ပေးနိုင်အောင် စီစဉ်ထားပါတယ်။ ဥပမာ–ဖြ ယာဉ် လမ်းမှာပျက်နေရင် သူနဲ့ အမျိုးအစားတူတဲ့ ဖြ ကို ဒီကနေ တန်းလွှတ်ပေးတာ၊ အခြားကားတွေ အစားထိုးပေးရင် ခရီးသည်တွေ ငြူစူမှာစိုးလို့ လမ်းမှာ စက်ချို့ယွင်းနေတဲ့ ကားနံပါတ်နဲ့တူတဲ့ကားကို အစားထိုးပေးတာပါ။

**LC : နိုင်ငံတကာမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေတဲ့ GPS အကွာအဝေးတိုင်းစနစ်တို့၊ GIS မြေပုံသတင်းအချက်အလက်စနစ်တွေတို့ သုံးဖို့ရှိပါသလား။**

**Bandoola :** အစီအစဉ်ရှိပါတယ်။ နောင်တစ်ချိန် အရမ်းအောင်မြင်လာတဲ့အခါကျရင် ခေတ်မီနည်းစနစ်တွေသုံးပြီး ယာဉ်လိုင်းတွေကို စီမံဖို့ရှိပါတယ်။ အောင်မြင်ရင် အောင်မြင်သလို ဗန္ဓုလသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို အရှိန်မြှင့်တင်ဆောင်ရွက်ဖို့ ရှိပါတယ်။

**ဉာဏ်လင်း**

www.foreverspace.com.mm




ဘန်ကောက်မိုးပျံရထားခရီးစဉ်မြင်ကွင်း

မော်တော်ယာဉ်များအား ခရီးစဉ်တစ်ဖက်စီ၌ရှိသော ဂိတ်များမှ အချိန်မှန်မှန် စီစဉ်ပေးရေး၊ ယာဉ်ကြောကျပ်မှုမှ သက်သာစေ ရေး၊ အရေးပေါ်အကူအညီလိုအပ်လျှင် အချိန်မီကူညီမှုပေးနိုင် ရေးတို့မှာ များစွာဖြစ်နိုင်ခြေနည်းပါးလျက်ရှိနေပါသည်။ ရလဒ် အဖြစ် ယာဉ်ကြောကျပ်မှုသက်သာမလာသည့် အပြင် ထပ် လောင်းပြည့်ကျပ်တတ်ခြင်း၊ ခရီးသည်များ နာရီများစွာ ယာဉ်

# ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ) အတွင်းရေးမှူး ဦးမြတ်လှနှင့် တွေ့ဆုံခြင်း

ကေခိုင်ကျော်

ရန်ကုန်မြို့တော်၏ ခရီးသည်သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့အတွင်း ခရီးသည်များကို အဓိက တာဝန်ယူသယ်ယူပို့ဆောင်ပေးနေသော အဖွဲ့အစည်းဖြစ်သည့် ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ) အတွင်းရေးမှူး ဦးမြတ်လှနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များအနက်မှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm



ပေါ်၌ အချိန်ကုန်ရခြင်းတို့ဖြစ်ပါသည်။ သို့သော်လည်း GPS နှင့် GIS တို့ကို ကျင့်သုံးနိုင်ပါမူ အဆိုပါအခက်အခဲများအား အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ဤနေရာတွင် GPS နှင့် GIS တို့ကို အကျဉ်းချုပ်ရှင်းပြပေးလိုပါသည်။ GPS နှင့် GIS တစ်ခုချင်းစီတို့၌ သက်ဆိုင်ရာလုပ်ဆောင်ချက်အသီးသီးရှိကြရာ GPS ၌ လုပ်ဆောင်ချက်သုံးချက်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ပထမအပိုင်းမှာ အာကာသအပိုင်းဖြစ်သည်။ ကမ္ဘာကိုပတ်နေသည့် ဂြိုဟ်တု ၂၄ လုံးနှင့် GPS ချိတ်ဆက်ထားပြီး သတင်းအချက်အလက်များ အပေးအယူလုပ်ပေးသည်။ ဒုတိယအပိုင်းမှာ သုံးစွဲသူဖြစ်ပြီး GPS ကိုင်ဆောင်ထားသူအနေနှင့် မိမိမည်သည့်နေရာရောက်နေသည်ဆိုသည်ကို တွက်ဆသိရှိနိုင်ပါသည်။ တတိယအပိုင်းမှာ ထိန်းချုပ်ရေးဖြစ်ကာ မြေပြင်မှထိန်းချုပ်ရေးစင်တာ များ (ဥပမာ– မော်တော်ယာဉ်လိုင်းများ၌ ဂိတ်များကို ထိန်းချုပ်ရေးစင်တာဟု ဆိုနိုင်သလို မီးရထားရုံများကိုလည်း ထိန်းချုပ်ရေးစင်တာဟု ခေါ်ဆိုနိုင်သည်။) က ကမ္ဘာကိုလှည့်ပတ်ရသည့် ဂြိုဟ်တု ၂၄ လုံးအား သတင်းအချက်အလက်များနှင့်ပတ်သက်၍ ပို့ချင်ပို့မည် သို့မဟုတ် လှမ်းတောင်းလျှင် လှမ်းတောင်းနိုင်သည့် အပိုင်းကဏ္ဍ ဖြစ်ပါသည်။

ဆိုရလျှင် ဂြိုဟ်တု ၂၄ လုံးမှ မြေပြင်ရှိ လက်ခံယူမည့်သူအား အချက်အလက်လှမ်းပေးမည်ဖြစ်သည်။ လက်ခံသူမှ ယင်းသတင်းအချက်အလက်ကိုရယူပြီး မိမိသည် မည်သည့်နေရာတွင် ရောက်ရှိနေသည်ဆိုသည်ကို တွက်ဆသိရှိနိုင်မည်ဖြစ်သကဲ့သို့ တစ်ချိန်တည်းတွင် ယင်းအချက်အလက်အား သိုလှောင်နိုင်ပြီး မိခင်ဗဟိုစင်တာဆီသို့လည်း မိမိ မည်သည့်နေရာ၊ မည်သည့်အစိတ်အပိုင်း၌ ရောက်ရှိနေကြောင်းကိုပါ အကြောင်းပြန်နိုင်မည်ဖြစ်သည်။

GIS (Geographic Information System) ခေါ် သတင်းအချက်အလက်မြေပုံစနစ်ဟူသည် အချက်အလက်များကို ဖမ်း ယူ၊ စိစစ်၊ ပေါင်းစပ်၊ ကိုင်တွယ်၊ စိတ်ဖြာ၊ တင်ဆက်၊ ထုတ်ပြန်ပေးသောစနစ်ဟု ဆိုရမည်ဖြစ်သည်။ အရှင်းဆုံးပြောရလျှင် GIS ဟူသည် မြေပုံနှင့် ယင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များအား သိမ်းဆည်းကိုင်တွယ်ပေးသော Software သာဖြစ်သည်။ GPS မှပေးလိုက်သော သတင်းအချက်အလက်သည် အကွာအဝေးမည်မျှတွင် ရှိသနည်းဆိုသည်ကို လတ္တီတွဒ်၊ လောင်ဂျီတွဒ်များဖြင့် ပေးပို့ခြင်းဖြစ်ကာ GIS က ထိုင်ပြီးတွက်ချက် Command ပေးခြင်းဖြစ်သည်။

အဆိုပါ GPS/ GIS ကို စိတ်ကူးနှင့်သုံးမည်ဆိုလျှင် ဥပမာအားဖြင့် စော်ဘွားကြီးကုန်းမှ ၄၅ ကားဂိတ်၌ ဂိတ်မှူးသည် ကွန်ပျူတာရှေ့မှာထိုင်ပြီး မည်သည့်ဘတ်စ်ကား၊ မည်သည့်နေရာသို့ ရောက်နေသည်။ မည်သည့်မှတ်တိုင်၌ မည်မျှကြာကြာ ရပ်နားနေသည်။ မည်သည့်မီးပွိုင့်တွင် ပိတ်မိနေသည်။ နောက်ထပ် ဘတ်စ်ကားတစ်စီးသည် CNG တန်းစီနေရသည်။ မည်သည့်အခက်အခဲဖြစ်နေသည်ကို GPS/GIS အသုံးပြုပြီး တွေ့မြင်နိုင်မည် ဖြစ်သည်။ တစ်ချိန်တည်းတွင် မိမိပြောလိုသော သတင်း Message ကို ကွန်ပျူတာမှ စာတန်းထိုး၍ဖြစ်စေ၊ ဂြိုဟ်တုဖုန်းဖြင့်ဖြစ်စေ လှမ်း၍ပြောဆိုနိုင်မည်ဖြစ်သည်။ ယာဉ်ကြော အစိပ်အကျဲနှင့် ခရီးသည်အရေအတွက်တို့ကို ခန့်မှန်းသုံးသပ်ကာ စုပုံရှင်းယာဉ်ဘယ်နှစီးသွားရန်လိုအပ်မည် သို့မဟုတ် သက်ဆိုင်ရာယာဉ်လိုင်းအတွင်း ယာဉ်စီးရေ ထပ်ဖြည့်ပေးရန် လိုမလို Command ပေးနိုင်သည်။ သို့အတွက်လည်း ယာဉ်မောင်းဘေး၌ ကွန်ပျူတာအသေးစားတစ်လုံးနှင့် GPS တပ်ဆင်ထားဖို့လိုပါသည်။

**LC : ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ခရီးသည်တင်ယာဉ် ဘယ်နှစီးနဲ့ ပြေးဆွဲပေးနေတာလဲ။ လက်ရှိ ယာဉ်အစီးရေနဲ့ ခရီးသည်အချိုးအစားညီမျှမှုရှိပါသလား။**

**ဦးမြတ်လှ :** ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးမှာ မထသ၊ ပါရမီ၊ သန်မြန်သူ၊ ရွှေအင်း၀ စတဲ့ ယာဉ်လိုင်း ၁၁ လိုင်းက တာဝန်ယူပြေးဆွဲနေပါတယ်။ ယာဉ်လိုင်း ၁၁ လိုင်းရဲ့ စုစုပေါင်း ယာဉ်အစီးရေက ၅၉၆၅ စီးပဲ ရှိတာပါ။ တစ်ရက်ကို အဲဒီယာဉ်လိုင်းတွေက ခရီးသည် ၃.၅ သန်းကို သယ်ယူပို့ဆောင်ပေးရပါတယ်။ မြို့နေလူဦးရေတိုးပွားလာပြီး ယာဉ်အစီးရေနဲ့ ခရီးသည်တွေ ပိုများလာပေမယ့် အချိုးအစားညီမျှမှု မရှိနိုင်သေးပါဘူး။ အရင်က ရန်ကုန်တစ်မြို့လုံးကို ခရီးသည်တင်ယာဉ်အစီး ၉၀၀၀ နဲ့ ပြေးဆွဲပေးနေတာ။ အဲဒီအချိန်မှာ ယာဉ်အစီးရေ လိုအပ်ချက်က ၄၀၀၀ ရှိတယ်။ အခုပြေးဆွဲနေတာ ယာဉ်အစီးရေ ၅၀၀၀ ပဲ ရှိတယ်။ လက်ရှိတော့ ယာဉ်အစီးရေ မလုံလောက်သေးဘူး။ နောက်ပိုင်း ခရီးသည်တင်ယာဉ်တွေ တင်သွင်းလာပြီး လိုင်းပြေးဆွဲဖို့ ဝင်ရောက်လာမယ်ဆိုရင်တော့ လုံလောက်မှုရှိလာမယ်။

**LC : ပုဂ္ဂလိကယာဉ်လိုင်းတွေ လိုင်းပြေးဆွဲဖို့ ဝင်ရောက်လာမယ်ဆိုတော့ ယာဉ်လိုင်းစနစ် ပိုမိုကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်သွားဖို့ ရှိပါသလဲ။**

**ဦးမြတ်လှ :** မြို့တွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာ ပုဂ္ဂလိက

www.foreverspace.com.mm



စင်ကာပူ၌ဆိုလျှင် တက္ကစီများအားလုံး၌ GPS/ GIS များ တပ်ဆင်ထားသည်ဟု ဆိုပါသည်။ တက္ကစီကုမ္ပဏီ ဖုန်းနံပါတ် နှိပ်လိုက်သည်နှင့် တစ်ဖက်မှ ကွန်ပျူတာက ‘လူကြီးမင်း ယခု တည်ရှိနေသည့်နေရာကို တက္ကစီနံပါတ် . . . . သည် ငါးမိနစ် အတွင်းရောက်လာပါတော့မည်ရှင့်၊ ကျေးဇူးတင်ပါတယ်ရှင့်’ ဟု အလိုအလျောက်ဖြေကြားပေးမည်ဖြစ်သည်။ သင်သည် အထပ်

ယာဉ်လိုင်းတွေ ဝင်ရောက်လာတာကို လက်ခံပါတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာလည်း အထောက်အကူ ဖြစ်ပါတယ်။ ယာဉ်လိုအပ်ချက်တွေကို ပုဂ္ဂလိကယာဉ်လိုင်း တွေက ယာဉ်အင်အားဖြည့်တင်းပေးတဲ့အတွက် ခရီးသည်များ သွားလာရေးကို အဆင်ပြေစေပါတယ်။ တကယ်တော့ မထသဆိုတာကလည်း ပုဂ္ဂလိကယာဉ်တွေကို စုစည်းထားတဲ့ အဖွဲ့အစည်းတစ်ခုပါ။ ပုဂ္ဂလိကယာဉ်လိုင်းတွေက ပိုင်ရှင် တစ်ဦးတည်းက ယာဉ်လိုင်းတစ်ခု ထူထောင်တာပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကယာဉ်တွေကို စုစည်းထားတာပဲဖြစ်ဖြစ်၊ အဲဒီယာဉ် လိုင်းတွေကို ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံ ချောမွေ့စေရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်ပေးမှာပါ။ ပုဂ္ဂလိကယာဉ်လိုင်းတွေကိုလည်း ခရီးစဉ်၊ ယာဉ်စီးခ စတာတွေ ကို သတ်မှတ်ပေးထားပြီး အချိန်နဲ့ ပြးဆွဲမှာပါ။ ပုဂ္ဂလိက ယာဉ်လိုင်းတွေက ခုံအပြည့်ပဲ ခရီးသည်တင်ဆောင်မှာပါ။ ရုံးတက်၊ ရုံးဆင်းချိန်တွေမှာ ခရီးသည်တွေ ပြည့်သိပ်ပြီး မတ်တပ်ရပ်စီးနေ စရာမလိုတော့ဘူးပေါ့။ ယာဉ်လိုင်းစနစ် ပိုမိုကောင်းမွန်လာစေဖို့က ယာဉ်တစ်စီးထဲက ယာဉ်လိုင်း တစ်လိုင်ထဲက ပြုပြင်လို့မရပါဘူး။ ယာဉ်လိုင်း ၁၁ လိုင်းလုံးနဲ့ သက်ဆိုင်ပါတယ်။ မထသယာဉ်လိုင်း တွေကိုတော့ ဆုပေး၊ ဒဏ်ပေးစနစ်နဲ့ စည်းကမ်းပိုင်းတွေကို ကြီးကြပ်ဆောင်ရွက် ပေးနေပါတယ်။

**LC : ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် မထသရဲ့ ဆောင်ရွက်မှုတွေကို ရှင်းပြပေးပါ။**

**ဦးမြတ်လှ :** ယာဉ်တိုက်မှုလျော့နည်းစေဖို့ နည်းမျိုးစုံနဲ့ ဆောင်ရွက်ပေးနေပါတယ်။ ယာဉ်စည်းကမ်းဖောက်ဖျက်တာ တွေကိုလည်း ထိရောက်စွာ အရေးယူပါတယ်။ နံနက်ပိုင်း ဂိတ်စဖွင့်တာနဲ့ ယာဉ်တွေရဲ့ စက်ချို့ယွင်းမှုကို စစ်ဆေးတယ်။ ယာဉ်လုပ်သားတွေ အရက်သောက်သုံးထားခြင်းရှိမရှိကို

www.foreverspace.com.mm

မြင့်အရောက်အအုံအတွင်းမှ သင်၏လက်ကိုင်ဖုန်းကို အသုံးပြု၍ ခေါ်သည်ဖြစ်စေ၊ လမ်းဘေး PCO ဖုန်းမှ လှမ်းဆက်လိုက်သည်ဖြစ်စေ သင်ဆက်လိုက်သောဖုန်းနံပါတ်သည် တစ်ဖက်ရှိ တက္ကစီကုမ္ပဏီ ကွန်ပျူတာ၌ သွားပေါ်မည်ဖြစ်ပြီး ထိုဖုန်းသည် မြို့ဘယ်နေရာ၊ ဘယ်ဘက်အပိုင်း၊ ဘယ်လမ်း၌ ရှိသည်ဆိုသည်ကို ဒက် . . . ဒက် . . . ဒက်ဆိုပြီး တွက်ချက်သည်။ တက္ကစီပေါ်ရောက်သည်နှင့် သင်သွားလိုရာကို ပြောလိုက်ပါ။ တက္ကစီမောင်းသမားသည် ၎င်း၏ဘေးရှိ GPS/ GIS တပ်ထားသော ကွန်ပျူတာနှင့်တွက်ချက်ကာအသင့်တော်ဆုံးလမ်းမှသင်လိုရာသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ (ခရီးဆုံးရောက်သည်နှင့် သင် မီတာမည်မျှစီးလာသည်ကို တွက်ချက်ကာ အတိအကျ တောင်းပါလိမ့်မည်။ ခရီးသည်တစ်ဦးတည်းဖြစ်စေ၊ ရှေ့ခန်း တစ်ဦး၊ နောက်ခန်း သုံးဦးဖြစ်စေ သတ်မှတ်ဈေးထက် ပိုတောင်းလိမ့်မည်မဟုတ်။) ထိုအခြေအနေသည် လွန်ခဲ့သော ရှစ်နှစ်၊ ကိုးနှစ်ခန့်က စင်ကာပူ၏အခြေအနေ ဖြစ်ပါသည်။

ရန်ကုန်မြို့၌လည်း CITY Taxi နှင့် PARAMI Taxi ယာဉ်မောင်းများအနေနှင့် အဆိုပါ GPS/ GIS သုံးသည့်စနစ်သို့ တက်လှမ်းနိုင်မည်ဆိုပါက လှည်းတန်းမီးပွိုင့်၌ ကားကြောကျပ်နေ၍ မည်သည့်ဘက်မှပတ်မောင်းလျှင် အဆင်ပြေနိုင်မည်ကို လက်ဝါးသာသာရှိ ကွန်ပျူတာဖန်သားပြင်မှတစ်ဆင့် သိရှိနိုင်မည်ဖြစ်သကဲ့သို့ PARAMI Taxi ဂိတ်ရင်းနှင့် CITY Taxi ဂိတ်ရင်းတို့မှလည်း မည်သည့်တက္ကစီက မည်သည့်နေရာရောက်နေသည်။ မည်သည့်တက္ကစီက အားလပ်နေသည်ကို GIS မှ တစ်ဆင့် သိရှိနိုင်မည်ဖြစ်ကာ တက္ကစီငှားလို၍ ဖုန်းဆက်လာသူအတွက် ၎င်းနှင့်အနီးဆုံးနေရာ၌ရှိသည့် အားနေ သောတက္ကစီအား အမြန်ဆုံးသွားရောက်ရန် Command ပေးနိုင်မည်ဖြစ် သည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် ယာဉ်ထိန်းရဲများအနေနှင့်လည်း လမ်းတကာ၊ မီးပွိုင့်တကာတိုင်း၌ ယာဉ်ထိန်းရဲများထားရှိရန် လိုမည်မဟုတ်ဘဲ ၅၁ လမ်းရုံးခန်းမှနေ၍ ကွန်ပျူတာမှတစ်ဆင့် မည်သည့်ကားသည် သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းနေသည်။ မည်သည့်ကားသည် မီးနီကို ပမာမခန့် ဖြတ်ကျော်သွားသည်။ မည်သည့်ကားနှင့် မည်သည့်ကားတိုက်မှုဖြစ်ပွားသည် စသည်ဖြင့် စည်းကမ်းချိုးဖောက်ပြစ်မှုကျူးလွန်သော မော်တော်ယာဉ်များအား စောင့်ကြပ်စစ်ဆေးအရေးယူနိုင်ကြမည် ဖြစ်သည်။

GPS/ GIS နှင့်တည်ဆောက်ရမည့် အခြေခံအဆောက်အဦ တန်ဖိုးသည် ကြီးမြင့်လွန်းလှ၍ လက်လှမ်းမမီနိုင်သေးဟု ဆိုကောင်းဆိုနိုင်ပါသည်။ သို့သော်လည်း အထက်တစ်နေရာ၌ ဆိုခဲ့သကဲ့သို့ ရေရှည်တွင် လူအင်အားများစွာ သုံးရ၍ ကုန်ကျရမည့် စရိတ်၊ မမျှော်လင့်သောဖြစ်ရပ်ကြောင့် နစ်နာဆုံးရှုံးရမည့် ကုန်ကျစရိတ်တို့နှင့် နှိုင်းဆမည်ဆိုလျှင် ခေတ်လည်းမီ၊ လူလည်းသက်သာ၊ ထိရောက်မှုလည်းပိုမိုသော GPS/ GIS ကို တပ်ဆင်အသုံးပြု၍ ရေရှည်စီမံကိန်းတစ်ရပ် ရေးဆွဲထားရန် လိုအပ်သည်ဟု ယူဆပါသည်။

---

အရက်မူးတိုင်းကိရိယာနဲ့ စစ်တယ်။ ယာဉ်တစ်စီးနဲ့တစ်စီး အပြိုင်အဆိုင် အလုအယက် မောင်းနှင်မှုမရှိစေရန် ယာဉ်ပေါ်မှာ ဝန်ထမ်းတွေက လျှို့ဝှက်စွာနဲ့ လိုက်ပါစီးနင်းပြီး အရေးယူပါတယ်။ လမ်းကြောစစ်ဆေးရေးအဖွဲ့၊ အချိန်ထိန်းဂိတ်များလည်း ထားရှိပါတယ်။ ယာဉ်တိုက်မှုအပြင် ယာဉ်လုပ်သားတွေ ခရီးသည်ကို မချေမငံဆက်ဆံခြင်း၊ နောက်ပြောင်ခြင်း၊ ကိုယ်ထိလက်ရောက်ပြုမူခြင်း၊ အကြွေမအမ်းခြင်း၊ ယာဉ်စီးခ ပိုမိုတောင်းခြင်း စတာတွေကိုပါ အရေးယူဆောင်ရွက်ပေးပါတယ်။

**LC : မြို့တွင်းမှာ ခရုပတ်ပြေးဆွဲဖို့အတွက် ဘာအခက်အခဲတွေ ရှိပါသလဲ။**

**ဦးမြတ်လှ :** ခရုပတ်ပြေးဆွဲဖို့ကို အရင်ကတည်းက စီစဉ်ခဲ့တာပါ။ အခုထိ အကောင်အထည်မဖော်ရသေးပါဘူး။ ခရုပတ်ပြေးဆွဲဖို့အတွက် မြို့လယ်ခေါင်မှာ ယာဉ်အစုရပ်ဖို့ နေရာအခက်အခဲရှိတယ်။ ကားတွေ လွတ်လွတ်လပ်လပ် သွားရောက်ဖို့အတွက် လမ်းမကျယ်တွေ ဖြစ်ရမယ်။ ဒီမှာက မြို့လယ်လမ်းတွေရဲ့စနစ်က One Way တွေ များတယ်။ နှစ်ဆင့်ပြန်စီးရဖို့က ခရီးသည်တွေရဲ့ ယာဉ်စီးခကိုလည်း ထည့်တွက်ရမယ်။ ပလက်ဖောင်းမှာ ဈေးရောင်းချနေတာကြောင့် လမ်းသွားလမ်းလာတွေက လမ်းမပေါ်တက်ပြီး လျှောက်နေရတယ်။ ကားတွေက လူနဲ့ ဈေးသည်ကို ပြန်ရှောင်ရတယ်။ လောလောဆယ်မှာတော့ ခရုပတ်ပြေးဆွဲဖို့က ယာဉ်လိုအပ်နေပါတယ်။

**LC : ဂတ်စ်ဖြည့်ချိန်ကြာမြင့်မှုကြောင့် ခရီးသွားပြည်သူတွေရဲ့ သွားလာရေးအခက်အခဲကို ဘယ်လိုဖြေရှင်းပေးထားပါသလဲ။**

**ဦးမြတ်လှ :** ဓာတ်ငွေ့ဖြည့်ဖို့ တစ်စီးကို မိနစ် ၂၀ မှ ၃၀ အထိ ကြာပါတယ်။ အဲဒီလို ကြာမြင့်လို့ မှတ်တိုင်တွေမှာ

www.foreverspace.com.mm




## ၃။ မြို့ပတ်ရထား ထပ်မံတိုးချဲ့ပြေးဆွဲရေး

နိုင်ငံတကာ၌ မော်တော်ယာဉ်စီးသည်ထက် ဈေးနှုန်းသက်သာသည့်အပြင် စီးရသည်မှာလည်း သက်သောင့်သက်သာရှိ၍ မီးရထားကို ခရီးဝေးစီးနင်းလိုသူများပြားသကဲ့သို့ ရန်ကုန်မြို့တော်ကို လက်ယာရစ်ပတ်နေသော မြို့ပတ်ရထား 'မမ' ကိုလည်း စီးနင်းလိုသူများပြားလျက် ရှိပေသည်။

---

ခရီးသည် စုပုံနေတာတွေကို ဆီကားတွေနဲ့ အစားထိုးဆွဲပေးတယ်။ ကွေ့ကား၊ ခေါက်တိုကားဆိုပြီး ခရီးသည်စုပုံတတ်တဲ့နေရာတွေမှာ ဝင်ရောက်ဆွဲပေးနေပါတယ်။ လက်ရှိ CNG ပြောင်းလဲပြီးသား ယာဉ်အစီးရေက ၈၅၀၀ ကျော် ရှိပါတယ်။ ဓာတ်ငွေ့ဆိုင်က ၁၉ ဆိုင်ပဲ ရှိသေးတယ်။ တစ်ရက်ကို ဓာတ်ငွေ့တစ်ဆိုင်က ယာဉ် အစီးရေ ၃၅၀ ပဲ ဖြည့်ဆည်းပေးနိုင်တာ။ ဆိုင်နဲ့ယာဉ်က လုံလောက်မှုမရှိသေးဘူး။ အဲဒါကြောင့် သတ်မှတ်ဓာတ်ငွေ့ဖြည့်တင်းရာမှာ ဖိအားမပြည့်တော့ဘူး။ ခရီးသည်တင်ယာဉ်တွေမှာလည်း ပြေးဆွဲတဲ့ခေါက်ရေ လျော့နည်းလာတယ်။ လုပ်အားခ၊ ပိုင်ရှင်ဝင်ငွေနဲ့ ယာဉ်လိုင်းများရဲ့ စီမံခန့်ခွဲမှုစရိတ်တွေမှာပါ လျော့နည်းလာတယ်။ ဓာတ်ငွေ့ဖြည့်ချိန် မြန်ဆန်ပြီး လွယ်ကူဖို့ ပြိုင်ဆက်တပ်ဆင်မှုစနစ်တွေကိုလည်း အသုံးပြုနေပါပြီ။ လျှပ်စစ်မီး ပြတ်တောက်ချိန်မကြာဘူးဆိုရင် ဂတ်စ်ဖြည့်ဖို့က အချိန် ခဏလေးပဲ စောင့်ဆိုင်းရတော့မှာပါ။

**LC : ယာဉ်မတော်တဆဖြစ်ပွားမှုနဲ့ ယာဉ်ကြောပိတ်ဆို့မှု တွေ ဖြစ်ပွားရခြင်း အဓိကအကြောင်းရင်းကို ရှင်းပြပေးပါ။**

**ဦးမြတ်လှ :** ၁။ ယာဉ်စည်းကမ်း၊ လမ်းစည်းကို လိုက်နာလေးစားမှုအားနည်းနေတဲ့ ယာဉ်မောင်းများနဲ့ လမ်းအသုံးပြုသူများကြောင့် ဖြစ်ပွားခြင်း၊

၂။ ယာဉ်လိုင်းအသီးသီးရှိ ခရီးသည်တင်ယာဉ်များသည် ဝင်ငွေရရှိစေရေးနဲ့ ခရီးသည်ပိုမိုသယ်ဆောင်နိုင်ရန် ဦးစားပေးပြီး အပြိုင်အဆိုင် အလုအယက်မောင်းနှင်ခြင်း၊

၃။ လမ်းအသုံးပြုသူများ သတိကင်းလွတ်မှု၊ မထိမ့်မြင်လမ်းဖြတ်ကူးခြင်း၊

၄။ ပြည့်စုံကောင်းမွန်သော လမ်းညွှန်ဆိုင်းဘုတ်၊ လမ်းညွှန်အမှတ်အသား၊ လူကူးမျဉ်းကျား၊ လူကူးတံတားနဲ့ အကာ

www.foreverspace.com.mm

**မြို့တွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာ ပုဂ္ဂလိက ယာဉ်လိုင်းတွေ ဝင်ရောက်လာတာကို လက်ခံပါတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာလည်း အထောက်အကူ ဖြစ်ပါတယ်။ ယာဉ်လိုအပ်ချက်တွေကို ပုဂ္ဂလိကယာဉ်လိုင်းတွေက ယာဉ်အင်အား ဖြည့်တင်းပေးတဲ့အတွက် ခရီးသည်များသွားလာရေးကို အဆင်ပြေစေပါတယ်။ တကယ်တော့ မထသ ဆိုတာကလည်း ပုဂ္ဂလိကယာဉ်တွေကို စုစည်းထားတဲ့အဖွဲ့အစည်းတစ်ခုပါ။**

အကယ်၍ မြို့ပတ်ရထားကို ယခုထက်ပိုမို၍ အခေါက်ရေများလာစေရန် အစင်းရေတိုးချဲ့ပြေးဆွဲခြင်း၊ ခရီးသည်များ ပိုမိုသက်သောင့်သက်သာရှိစေရန် စီစဉ်ပေးခြင်းတို့ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ပထမအချက်အနေဖြင့် ခရီးသည်များ သက်သောင့်သက်သာသွားလာနိုင်ကြမည်ဖြစ်သကဲ့သို့ ဒုတိယအချက်အနေဖြင့် ဘတ်စ်ကားစီးရေ လျော့နိုင်မည် သို့မဟုတ် လက်ရှိအရေအတွက်ထက် တိုးစရာလိုမည်မဟုတ်၍ ယာဉ်ကြောကျပ်မှုမှ သက်သာရာရစေနိုင်မည်ဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုလည်း သက်သာစေမည်ဖြစ်သည်။

လက်မှတ်တစ်စောင် ၁၀ ကျပ်ခန့်နှင့် ပေးရောင်းချရသဖြင့် 'မမ' အနေနှင့် အရှုံးပြမည်ဆိုလျှင်လည်း ယင်းအနေအထားကို ကာမိနိုင်လောက်သော နည်းလမ်းတစ်ခုရှိပါသည်။ 'မမ အသံ' မြန်မာ့မီးရထားအသံ (ဥပမာ–FM)ကဲ့သို့ အသံလွှင့်ရုံတစ်ခုထောင်ပြီး ဝင်ငွေရှာမည်ဆိုပါက 'မမ' အတွက် တစ်ဖက်မှဝင်ငွေရမည်ဖြစ်သည်။ တစ်ခါ 'မမ ဂျာနယ်' ထုတ်ပြီး 'မမ' စီးသူများအား ဆွဲဆောင်ရောင်းချမည်ဆိုပါက မီဒီယာ အားကောင်းလာချိန်နှင့် ကြုံကြိုက်၍ ပြင်ပဝင်ငွေရရှိမည်ဖြစ်ပါသည်။ ရထားဘူတာရုံနှင့် ရထားပေါ်၌ စားသောက်ခန်းများ၊ လက်ဖက်ရည်ဆိုင်များ ဖွင့်လှစ်နိုင်ရန် စီစဉ်ထားခြင်းဖြင့်လည်း အမြတ်ငွေ သို့မဟုတ် အခွန်ငွေရရှိမည်ဖြစ်ပါသည်။ အခြားနည်းလမ်းကောင်းများစွာလည်း ရှိနေနိုင်ပါသည်။

### ၄။ မိုးပျံရထား ထားရှိရေး

မြို့ပြသယ်ယူပို့ဆောင်ရေး၌ ယာဉ်ကြောကျပ်မှုကို ဖြေရှင်းသည့်နေရာတွင် မိုးပျံရထားအသုံးပြုသော ဘန်ကောက်သယ်ယူပို့ဆောင်ရေးစနစ် (Bangkok Mass Transit System-BTS) မှာ အတုယူဖွယ်ပင်ဖြစ်သည်။ ၁၉၉၉ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး တစ်နေ့တာလုံး ယာဉ်ကြောကျပ်လေ့ရှိသော ဘန်ကောက်မြို့တွင်း သယ်ယူပို့ဆောင်ရေးပြုလုပ်ရာ၌ အဆိုပါမိုးပျံရထားကို ထိုင်းပြည်သူများရော ကမ္ဘာလှည့်ခရီးသည်များပါ များစွာ ကြိုက်နှစ်သက်ကြသည်ဟု ဆိုသည်။ အသွားတစ်ကြောင်းလက်မှတ် (Single Journey Ticket) နှင့် ငွေကြိုတင်ထားသောလက်မှတ် (Storage- value Ticket) ဟူ၍ လက်မှတ်စနစ်နှစ်မျိုးထားရှိပြီး

အရံမရှိခြင်း၊

၅။ ညာအစွန်လမ်းကြောများ စံချိန်မမီ အရည်အသွေးမပြည့်တဲ့အတွက် အနှေးယာဉ်နှင့် ခရီးသည်များ အတွင်းလမ်းကြောကို သုံးစွဲလာခြင်း၊

၆။ ခရီးသွားများအတွက် သယ်ယူပို့ဆောင်ရေး လုံလောက်မှုမရှိခြင်း၊

၇။ ပလက်ဖောင်းနှင့် လမ်းပေါ်ဈေးရောင်းခြင်း၊

၈။ မြို့တွင်းစီးပွားရေးအချက်အချာနေရာများတွင် ကြာမြင့်စွာ ယာဉ်ရပ်တန့်ခြင်း၊

၉။ မြို့တွင်းစီးပွားရေးအချက်အချာနေရာများသို့ ယာဉ်လိုင်းများ စုပုံဝင်ရောက်ပြောင်းလဲ ပြေးဆွဲခြင်း၊

၁၀။ ကျောင်းချိန် ယာဉ်ကြောပိတ်ဆို့ခြင်း၊

၁၁။ မိုးတွင်းကာလ ရေဆင်းမြောင်းများ ပိတ်ဆို့မှုကြောင့် ရေများပြည့်လျှံကာ ယာဉ်သွားလာခက်ခဲခြင်း စတဲ့



www.foreverspace.com.mm

မိမိသွားမည့်ခရီးစဉ်အကွာအဝေးပေါ်မူတည်၍ ဘတ်ငွေ ၁၀ (မြန်မာငွေ ၃၀၀ ကျပ်ခန့်) မှ ၄၀ ကြားရှိသည်။ နံနက် ၆ နာရီမှ ည ၁၂ နာရီအထိ သုံးမိနစ်တစ်စီး ပြေးဆွဲပေးသည်။

အဆိုပါအခြေခံအဆောက်အဦများမှာ မြန်မာမြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ၌ နောင်အခါ လိုအပ်ချက်အရ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်၍ ရေရှည်စီမံကိန်းတစ်ရပ်အဖြစ် မျှော်မှန်းချက်ထားရှိရမည်ဖြစ်သည်။ လက်ရှိအခြေအနေနှင့် လက်လှမ်းမမီဟန်ရှိသော်လည်း ခေတ်မီမြို့ပြသယ်ယူပို့ဆောင်ရေးစနစ်များနှင့် မျက်ခြည်မပြတ်စေရေးအတွက် အစဉ်မပြတ် လေ့လာစောင့်ကြည့်ကာ အခြေအနေပေးပါက မြန်မာမြို့ပြ၏ အဆင့်အတန်းကို မြှင့်တင်ရမည်သာ ဖြစ်သည်။

ဖော်ပြပါ ခေတ်မီမြို့ပြသယ်ယူပို့ဆောင်ရေးပုံစံသစ်၌ လတ်တလော ပြောင်းလဲအကောင်အထည်ဖော်နိုင်သော လုပ်ငန်းစဉ်များရှိသကဲ့သို့ ရေရှည်မျှော်မှန်းလုပ်ဆောင်ရမည့် ကောင်းနိုးရာရာ အစီအစဉ်များလည်း ပါဝင်နေပါသည်။ မည်သို့ပင်ဖြစ်စေ မြို့ပြသည် နိုင်ငံ့စီးပွားရေး၏ဦးခေါင်းဟု ဆိုနိုင်သဖြင့် မြို့ပြ၏အဆင့်အတန်းကို မြှင့်တင်ခြင်းမှာ နိုင်ငံ့စီးပွားရေး အင်အားကို တည်ဆောက်ခြင်းပင် ဖြစ်သည်။ ထိုမျှသာမက ခေတ်မီမြို့ပြအခင်းအကျင်းကြောင့် နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရာရောက်ပြီး ပိုမိုအဆင်ပြေစေသော မြို့ပြသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကြောင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းကိုလည်း ပေးစွမ်းလာနိုင်စေမည်ဖြစ်သည်။ လက်ရှိဖြစ်တည်နေသော မြို့ပြအခင်းအကျင်းမှာ ယာယီဖြစ် တည်မှုသာဖြစ်ပြီး ခေတ်မီသာယာလှပသော မြို့ပြအခင်းအကျင်းတစ်ရပ်မှာ ခေတ်မီမြို့ပြပို့ဆောင်ရေးပုံစံသစ်နှင့်အတူ အချိန်အတိုင်းအတာတစ်ရပ်ကို ဖြတ်သန်းကျော်လွန်ပြီးပါက မုချမသွေ တွေ့မြင်ရလိမ့်မည်ဟု Living Color က ယုံကြည်ထားပါသည်။

**ဉာဏ်လင်း ၊ အောင်ကျော်မင်း**

**[ကျေးဇူးတင်လွှာ**

မြို့တွင်း/မြို့ပြင် ယာဉ်လိုင်းလမ်းကြောင်းစနစ်နှင့် ပတ်သက်၍ စိတ်ရှည်လက်ရှည်ဆွေးနွေးပေးခဲ့သော ဒေါက်တာခိုင်သန်းအားလည်းကောင်း၊ GPS/GIS နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပေးသော ဦးဇော်နိုင် (CEO-Credent Technology) နှင့် အခြားတွေ့ဆုံမေးမြန်းခွင့်ပေးခဲ့သော ပုဂ္ဂိုလ်များအားလည်းကောင်း Living Color မှ အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။]

---

အချက်တွေကို အခြေခံပြီး ယာဉ်မတော်တဆဖြစ်ပွားခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းတွေ ဖြစ်လာရတာပါ။

**LC : မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးလာ ဖို့က အဓိကဘာတွေ လိုအပ်ပါသလဲ။**

**ဦးမြတ်လှ :** မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးလာဖို့ အဓိကလိုအပ်တာ ယာဉ်အစီးရေပါ။ သယ်ယူပို့ဆောင်ရေး ကဏ္ဍဖွံ့ဖြိုးဖို့ ဘယ်အဆင့်ထိ ဆောင်ရွက်သွားမှာလဲ။ နိုင်ငံတကာအဆင့် ခေတ်မီသယ်ယူပို့ဆောင်ရေးစနစ်ဆိုရင်တော့ ယာဉ်အစီးရေ အများအပြားလိုမယ်။ စစ်ကျန်ကားတွေက Aircon တွေလောက် ထိရောက်စွာ မသယ်ယူနိုင်တော့ဘူး။ အဲဒီလို စွမ်းအားမပြည့်တဲ့ ကားတွေကိုဖယ်ပြီး စွမ်းအားပြည့် သယ်ဆောင်နိုင်တဲ့ကားတွေ ဘယ်လောက်လိုအပ်လဲဆိုတာ စဉ်းစားရမယ်။ ယာဉ်တွေရဲ့ စွမ်းအားပြည့်ခံနိုင်ရည်ကို တွက်ပြီး ကာလသတ်မှတ်ချက်တစ်ခုမှာ ယာဉ်အသစ်တွေနဲ့ ပြန်လည်အစားထိုးအသုံးပြုဖို့ လိုအပ်ပါတယ်။ ခရီးသည်ကို များများနဲ့မြန်မြန် သယ်ယူပို့ဆောင်နိုင်တဲ့စနစ်ကို ထူထောင်ရ မယ်။ မြို့တွင်းစီးပွားရေးအချက်အချာနေရာများနဲ့ ရန်ကုန်လမ်းပန်းဆက်သွယ်ရေးမြေယာအသုံးပြုနိုင်မှု အစီအမံများပေါ်မှာ အခြေပြုစေဖို့အတွက် Carparking အမြင့်တွေလည်း ရှိသင့်တယ်။ မြို့တွင်းသယ်ယူပို့ဆောင်ရေးမှာက ကားတစ်ခုတည်းကိုပဲ တည်မှီနေလို့မရပါဘူး။ ရထားကိုလည်းအမှီပြုဖို့ လိုပါတယ်။ ခေတ်မီတဲ့ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာဖို့က ယာဉ်လိုအပ်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှု စတဲ့ ကဏ္ဍအသီးသီးမှာ လိုအပ်နေတာတွေ ရှိနေပါတယ်။ ကိုယ်ပိုင်ယာဉ်တွေရဲ့ စည်းကမ်းပိုင်းလည်း လိုတယ်။

**ကေခိုင်ကျော်**

www.foreverspace.com.mm


ဤကဏ္ဍတွင်……

၄၀ လူဦးရေနှင့် ယာဉ်စီးရေတိုးပွားလာသော ရန်ကုန်မြို့၏ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအခန်းကဏ္ဍ
၄၉ စင်ကာပူနိုင်ငံတွင် ကုမ္ပဏီတည်ထောင်မှုဆိုင်ရာ အခွင့်အလမ်း
၅၅ ယဉ်ကျေးမှု ကူးလူးဆက်နွယ်မှုနှင့် ကိုရီးယားအစားအစာဈေးကွက်
၅၉ ရေနေသတ္တဝါများ အရှည်တည်တံ့စေရန် အသိပညာမြှင့်တင်ရေးလိုအပ်ချက်
၆၄ ဈေးကွက်စီးပွားရေးနှင့် အဝေးပြေးယာဉ်လိုင်းများ၏ ဝန်ဆောင်မှု
၇၀ လိုအပ်ချက်အရ ဖြစ်တည်လာသော ရွှေ့လျားအရောင်းဆိုင်များ
၇၄ ရန်ကုန်ကုန်စည်ဈေးကွက်
၈၀ ပြည်တွင်းကုမ္ပဏီများ၏ လုပ်သားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာ

# လူဦးရေနှင့်ယာဉ်စီးရေတိုးပွားလာသော ရန်ကုန်မြို့၏ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အခန်းကဏ္ဍ

ဇော်ထွဋ်မောင်

နိုင်ငံတစ်နိုင်ငံတွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ယင်းနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများက လေးစားလိုက်နာကြရသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင်လည်း ချမှတ်ထားပြီးဖြစ်သော စည်းမျဉ်းစည်းကမ်းများနှင့် ထပ်မံချမှတ်မည့်စည်းမျဉ်းစည်းကမ်းများကို မြို့တော်အတွင်း မှီတင်းနေထိုင်ကြသည့် မြို့တော်သူမြို့တော်သားအားလုံးက လေးစားလိုက်နာကြရမည်မှာ အထူးပင်အရေးကြီးလှသော ကိစ္စတစ်ရပ်ဖြစ်သည်ဟုဆိုရမည်ဖြစ်ပါသည်။



မြို့တော်အတွင်း ချမှတ်ထားပြီးဖြစ်သည့် စည်းမျဉ်းစည်းကမ်းများနှင့် ထပ်မံချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြသည်ဆိုရာတွင် မြို့တော်အတွင်းနေထိုင်ကြသူအားလုံး(လူတန်းစား၊ အဆင့်အတန်းမခွဲခြားဘဲ)လေးစားလိုက်နာကြရမည်ဖြစ်သည့်အပြင် ယင်းစည်းမျဉ်းစည်းကမ်းများကို မြို့တော်နေသူအားလုံးက လေးစားလိုက်နာလာကြစေရန်မှာလည်း စည်းမျဉ်းစည်းကမ်းချမှတ်သူများ၏မြို့နေလူထုကို ပညာပေးစည်းရုံးနိုင်မှုအပေါ်တွင် များစွာမူတည်

www.foreverspace.com.mm



လျက်ရှိနေပါသည်။


မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တော်တွင် မြို့တော်သူမြို့တော်သားအားလုံးနှင့် သက်ဆိုင်သောစည်းမျဉ်းစည်းကမ်းတစ်ရပ်မှာ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဖြစ်ပါသည်။ ယာဉ်စည်းကမ်း လမ်းစည်းလမ်းမလိုက်နာမှုများကြောင့် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၉၀၆ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၁၃၅၉ဦးနှင့် သေဆုံးသူ ၉၈ ဦးရှိခဲ့ကြောင်း၊ အလားတူစည်းကမ်းချိုးဖောက်သည့် ယာဉ်စီးရေမှာ ၄၃၉၅၇၈ စီးရှိကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှထုတ်ပြန်သည့်စာရင်းဇယားများအရ သိရသည်။

အဆိုပါစာရင်းဇယားများ၏ဖော်ပြချက်များအရ ယာဉ်တိုက်မှု၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများမှာ နှစ်အလိုက် လျော့နည်းကျဆင်းလာခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ရရှိလာသည့် ဒဏ်ငွေပမာဏက ယာဉ်စည်းကမ်း လမ်းစည်းကမ်းလေးစားလိုက်နာမှုအပိုင်းတွင် အားနည်းချက်များရှိနေသေးသည်ကို မီးမောင်းထိုးပြလျက် ရှိနေပါသည်။ ယင်းစာရင်းဇယားများအရ ၂၀၀၃ ခုနှစ်တွင် ဒဏ်ငွေ သိန်းနှစ်ထောင်ကျော်ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဒဏ်ငွေ သိန်းလေးထောင်ကျော်ရရှိခဲ့ပါသည်။ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်တွင်မူ ဒဏ်ငွေ သိန်းငါးထောင်ကျော်ရရှိခဲ့သည်ဟု သိရသည်။

အလားတူ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ ၅ ရက်နေ့အထိ ယာဉ်မတော်တဆမှုပေါင်း ၁၀၀၂မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၈၈ ဦးနှင့် ဒဏ်ရာရရှိသူ ၁၃၄၆ ဦး ရှိခဲ့ပါသည်။ ယာဉ်မတော်တဆမှုပေါင်း ၁၀၀၂ မှုတွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၇၉ အရ အရေးယူမှု ၁၉၇ မှုရှိခဲ့ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အရ အရေးယူမှု ၁၀၀ ရှိခဲ့ပါသည်။ ထို့ အပြင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈ အရ အရေးယူမှု ၅၅၃ မှုနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)အရ အရေးယူမှု ၇၃ မှု ရှိခဲ့ပါသည်။ ယာဉ်စည်းကမ်းအရ အရေးယူမှုမှာ ၇၉ မှုရှိကြောင်း သိရသည်။ [၂၀၀၆ ခုနှစ် လအလိုက် ယာဉ်မတော်တဆမှုကို ဇယား (က) တွင်လည်းကောင်း၊ လအလိုက်အရေးယူမှုနှင့် ဒဏ်ငွေရရှိမှုကို ဇယား (ခ) တွင်လည်းကောင်း ဖော်ပြထားပါသည်။]

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သောရန်ကုန်မြို့တွင် ၂၀၀၅ ခုနှစ် စာရင်းများအရ လူဦးရေ ၆၃၂၂၂၃၂ ဦးရှိပြီး ယာဉ်စီးရေမှာ ၁၆၇၄၂၆ စီးရှိသည်ဖြစ်ရာ ၂၀၀၄ ခုနှစ်အတွင်း ရှိခဲ့သည့်အရေအတွက်နှင့် နှိုင်းယှဉ်ပါက လူဦးရေ ၁၃၄၅၄၇ ဦးတိုးပွားလာပြီး ယာဉ်စီးရေမှာ ၇၀၁၀ စီးတိုးပွားလာသည်ကိုတွေ့ရပါသည်။ ယခု

**ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို ကြပ်မတ်ဆောင်ရွက်နေသော်လည်း လေးစားလိုက်နာမှုအပိုင်းတွင် အားနည်းနေသေးသည်**



www.foreverspace.com.mm

**ယာဉ်မတော်တဆမှုစာရင်း**

ဇယား (က)

| စဉ် | လအမည် | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ | | | | | ယာဉ်စည်းကမ်း | အမှု | သေဆုံး | ဒဏ်ရာ |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၇၉ | ၃၃၇ | ၃၃၈ | ၃၀၄–က | စုစုပေါင်း | အရအရေးယူမှု | စုစုပေါင်း | သူ | ရသူ |
| ၁ | ဇန်နဝါရီ | ၈ | ၁၃ | ၆၄ | ၈ | ၉၃ | ၁၅ | ၁၀၈ | ၁၀ | ၁၅၄ |
| ၂ | ဖေဖော်ဝါရီ | ၁၈ | ၇ | ၅၈ | ၁၀ | ၉၃ | ၂၄ | ၁၁၇ | ၁၁ | ၁၀၆ |
| ၃ | မတ်လ | ၂၃ | ၁၁ | ၇၈ | ၅ | ၁၁၇ | ၁၆ | ၁၃၃ | ၆ | ၁၉၆ |
| ၄ | ဧပြီလ | ၂၁ | ၂၁ | ၈၄ | ၁၇ | ၁၄၃ | ၁၇ | ၁၆၀ | ၂၃ | ၂၇၀ |
| ၅ | မေလ | ၂၆ | ၁၂ | ၆၅ | ၁၀ | ၁၁၃ | ၆ | ၁၁၉ | ၁၂ | ၁၅၅ |
| ၆ | ဇွန်လ | ၄၄ | ၁၀ | ၆၁ | ၁၃ | ၁၂၈ | ၁ | ၁၂၉ | ၁၅ | ၁၆၄ |
| ၇ | ဇူလိုင်လ | ၂၂ | ၁၃ | ၆၂ | ၆ | ၁၀၃ | | ၁၀၃ | ၇ | ၁၄၂ |
| ၈ | ဩဂုတ်လ | ၃၂ | ၁၂ | ၇၈ | ၄ | ၁၂၆ | | ၁၂၆ | ၄ | ၁၅၅ |
| ၉ | စက်တင်ဘာ (၅–၉–၀၆)ထိ | ၃ | ၁ | ၃ | – | ၇ | – | ၇ | – | ၄ |
| | စုစုပေါင်း | ၁၉၇ | ၁၀၀ | ၅၅၃ | ၇၃ | ၉၂၃ | ၇၉ | ၁၀၀၂ | ၈၈ | ၁၃၄၆ |

၂၀၀၆ခုနှစ်အပါအဝင် လာမည့်နှစ်များတွင်လည်း လူဦးရေနှင့် ယာဉ်စီးရေ မှာ ထပ်မံတိုးပွားလာဖွယ်ရှိနေပေရာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလေးစားလိုက်နာမှုမှာ ပိုမိုလိုအပ်လာပါသည်။

### လမ်းစည်းကမ်းနှင့်ပတ်သက်၍ ယာဉ်မောင်းအချို့၏အမြင်

ရန်ကုန်မြို့တော်တွင်း ချမှတ်ထားသည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို မော်တော်ယာဉ်မောင်းနှင်နေသည့် ယာဉ်မောင်းများအပြင် ခြေလျင်ခရီးသွားများနှင့်အနေးယာဉ်များကလည်း တလေးတစားလိုက်နာသင့်သည်ဟု ယာဉ်မောင်းအများစုက တညီတညွတ်တည်း ပြောကြားသည်။

"ကားဆိုတာက အရှိန်နဲ့မောင်းလာကြတာ။ အရှိန်နဲ့မောင်းရတော့ ရုတ်တရက် ဘရိတ်ဖမ်းလို့ရပေမယ့် အန္တရာယ်ဆိုတာ ပြောလို့မရဘူး။ တချို့ခြေလျင်လျှောက်တဲ့လူတွေကလမ်းပေါ်တက်လျှောက်တယ်။ ပလက်ဖောင်းအောက်က ဆင်းလျှောက်ကြတယ်။ ကားလာတဲ့ဘက်နဲ့မျက်နှာချင်းဆိုင်လျှောက်လာရင် ကိစ္စမရှိဘူး။ နောက်ကျောပေးလျှောက်ရင်ပြဿနာ ရှိလာတယ်။ ဟွန်းမတီးရနယ်မြေတွေဆိုတော့ ဟွန်းတီးလို့လည်းမဖြစ်၊တချို့ ဆင်ခြေဖုန်းတွေမှာဆိုရင် ဆိုက်ကားတွေက လမ်းပြောင်းပြန်နင်းလာကြတယ်။ ဘယ်လိုလုပ်မလဲ"ဟု မထသလက်အောက်ခံ

**၂၀၀၆ ခုနှစ်အတွင်း 'လ' အလိုက် မော်တော်ယာဉ်၊ အနေးယာဉ်၊ လူ အရေးယူမှုနှင့် ဒဏ်ငွေရရှိမှုစာရင်း**

ဇယား (ခ)

| စဉ် | အကြောင်းအရာ လအမည် | မော်တော်ယာဉ် | | အနေးယာဉ် | | စည်းကမ်းမဲ့လမ်းကူးသူ | |
|---|---|---|---|---|---|---|---|
| | | အရေးယူ | ဒဏ်ငွေ | အရေးယူ | ဒဏ်ငွေ | အရေးယူ | ဒဏ်ငွေ |
| ၁ | ဇန်နဝါရီလ | ၄၀၈၁၃ | ၆၅၆၈၆၅၀၀ | ၁၀၄၆ | ၁၉၆၂၀၀ | ၂၀၈၆ | ၄၁၇၂၀၀ |
| ၂ | ဖေဖော်ဝါရီလ | ၃၉၄၀၅ | ၅၉၁၃၇၀၀၀ | ၉၀၇ | ၁၉၂၀၅၀ | ၁၇၃၁ | ၃၄၆၂၀၀ |
| ၃ | မတ်လ | ၃၇၅၀၃ | ၅၂၇၉၂၀၀၀ | ၉၉၅ | ၁၅၆၃၀၀ | ၁၈၇၁ | ၃၇၄၂၀၀ |
| ၄ | ဧပြီလ | ၃၆၂၅၈ | ၄၈၁၂၆၀၀၀ | ၈၀၂ | ၁၂၉၇၀၀ | ၃၅၉၁ | ၇၁၈၂၀၀ |
| ၅ | မေလ | ၄၅၀၀၇ | ၆၀၂၉၁၅၀၀ | ၉၇၄ | ၁၈၀၂၅၀ | ၆၁၅၄ | ၁၂၃၀၈၀၀ |
| ၆ | ဇွန်လ | ၄၂၂၄၁ | ၅၈၉၄၈၅၀၀ | ၁၄၁၃ | ၁၇၇၅၅၀ | ၆၀၀၉ | ၁၂၀၁၈၀၀ |
| ၇ | ဇူလိုင်လ | ၅၆၂၉၇ | ၈၃၉၄၇၅၀၀ | ၁၄၈၇ | ၂၄၀၄၅၀ | ၆၀၈၆ | ၁၂၁၇၂၀၀ |
| ၈ | စက်တင်ဘာ ၅–၉–၀၆ ထိ | ၈၄၆၂ | ၁၃၀၇၀၅၀၀ | ၃၉၉ | ၁၇၄၀၀ | ၁၀၀၈ | ၂၀၁၆၀၀ |

www.foreverspace.com.mm



ခရီးသည်တင်ယာဉ်ကိုမောင်းနှင်နေသူ ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

အလားတူ ခရီးသည်တင်ယာဉ်ကို မောင်းနှင်နေသော ယာဉ်မောင်းတစ်ဦးကလည်း "တချို့ကိုယ်ပိုင်ကားမောင်းတဲ့ လူတွေ အတော်ဆိုးတယ်ဗျာ။ အထူးသဖြင့် အမျိုးသမီးတွေ၊ သူတို့ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးတဲ့အခါ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနဲ့ပတ်သက်ပြီးတော့ သေသေချာချာစစ်သင့်တယ်။ နောက်ပြီး ဟန်းဖုန်းပြောပြီးမောင်းတဲ့သူတွေ၊ ကားမှန်တွေ အလုံပိတ်၊ ကက်ဆက်တွေဖွင့်ပြီး မောင်းတဲ့သူတွေ သူတို့တွေကိုလည်း အရေးယူတာတွေ လုပ်သင့်တယ်။ နို့မို့ဆို တခြားကားတွေကဟွန်းတီးတာ၊ လှမ်းအော်တာတွေကို သူတို့မကြားကြဘူး။ ဒီတော့ နောက်ကားတွေအတွက် အနှောင့်အယှက်ဖြစ်ရော" ဟု ဆိုသည်။

ယာဉ်မောင်းများမှာ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို အနည်းနဲ့အများ ဆိုသလို နားလည်ထားကြပြီးဖြစ် ကြောင်း၊ ချမှတ်ထားသည့် စည်းကမ်းများ ကို အမှန်တကယ်ချိုးဖောက်ပါက ချိုးဖောက်သော ယာဉ်မောင်းများကို အရေးယူရမှာဖြစ်ကြောင်း ယာဉ်မောင်းသက်တမ်း နှစ်ဆယ့်ငါးနှစ်ခန့်ရှိ ယာဉ်မောင်းတစ်ဦးကပြောကြားသည်။

ခရီးသည်တင်ယာဉ်ကို မောင်းနှင်ကြသည့်ယာဉ်မောင်းတချို့က ယင်းသို့ ပြောကြားမှုများရှိသလို စီးတီးတက္ကစီကို မောင်းနှင်သည့်ယာဉ်မောင်းတချို့ကလည်း ရန်ကုန်မြို့တော်၏ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်ပတ်သက်၍ ၎င်းတို့၏ အမြင်အချို့ကို ယခုလိုထုတ်ဖော်ပြောကြားသည်။

"ရန်ကုန်မြို့မှာ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အချိုးဖောက်ဆုံးကတော့ လိုင်းကားတွေပဲ။ သူတို့ကျော်တက်ချင်ရင် အတင်းမောင်း၊ အတင်းကျော်တော့တာပဲ။ သူတို့မကျော်ချင်ပြန်တော့လည်း အိပဲ့အိပဲ့နဲ့မောင်းကြတယ်။ ပြီးရင် သူတို့ကပဲ ဘေးကကားကို ဆဲသွားသေးတယ်" ဟု တက္ကစီယာဉ်မောင်းတစ်ဦးက ဆိုသည်။

အလားတူ အခြားတက္ကစီယာဉ်မောင်းတစ်ဦးကလည်း "ဖြူနီကြားဆို ဖြူနီကြားသေချာရေးသင့်တယ်။ နောက်ပြီး ဖရီးကြောတွေ၊ တချို့ ဖရီးကြောတွေက တစ်ခါတလေ မျဉ်းသေဖြစ်သွားတာတွေ ရှိပြန်ရော။ အဲဒါတွေကို ကြိုတင်သတိပေးဖို့လိုတယ်။ နောက်ပြီး ခြေလျင်ခရီးသွားတဲ့လူတွေ မီးပွိုင့်မှာ မျဉ်းကျားကနေ လမ်းဖြတ်ကူးကြတယ်။ ဒါပေမဲ့ ကားတွေသွားဖို့ မီးစိမ်းပေးထားတာကို ဂရုမစိုက်ဘူး။ အတင်းဖြတ်ကူးကြတယ်။ အဲဒါလည်း ခြေလျင်ခရီးသွားတွေ စည်းကမ်းလိုက်နာဖို့လိုတာပဲ" ဟု ပြောကြားသည်။

"ကိုယ်ပိုင်ကားဆိုတဲ့ဟန်ပဲရှိတာ၊

**လူကူးမျဉ်းကျားအသစ်များထပ်မံရေးဆွဲရန် လိုအပ်လျက်ရှိနေသည်**



www.foreverspace.com.mm

အမှန်တော့ ကျုပ်တို့ကိုယ်ပိုင်ကားမောင်းတဲ့လူတွေ အနာအခံရဆုံးပဲဗျ။ ကိုယ်ပိုင်ကား မောင်းတဲ့လူတွေထဲမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်း နားမလည်ဘဲ ကိုးလိုး ကန့်လန့်မောင်းတဲ့လူတွေလည်း ရှိမှာပဲ။ ဒါပေမဲ့ သူတို့ လိုဘတစ်ခုအတွက် သူတို့ မောင်းချင်သလို မောင်းဖို့အတွက် ဘေး ကကားကိုဆဲတာမျိုးကတော့ မဖြစ်သင့် ဘူးပေါ့ဗျာ" ဟုလည်း ယာဉ်ပိုင်ရှင်တစ်ဦး က ပြောကြားသည်။

## ခြေလျင်ခရီးသွားသူတို့၏အမြင်

ရန်ကုန်မြို့တော်အတွင်း ချမှတ်ထားသည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို ယာဉ်မောင်းများအပြင် ခြေလျင်ခရီးသွားသူများကပါ လေးစားလိုက်နာကြရမှာဖြစ်သော်လည်း ယာဉ်မတော်တဆမှုတစ်စုံတစ်ရာဖြစ်ပွားပါက ခြေလျင်ခရီးသွားအများစုသာလျှင် ထိခိုက်ဒဏ်ရာရရှိမှု၊ အသက်သေဆုံးမှုများ ဖြစ်လေ့ဖြစ်ထရှိသောကြောင့် အဆိုပါယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို ယာဉ်မောင်းများက အများသူငါထက် ပိုမိုလေးစားလိုက်နာသင့်သည်ဟု ခြေလျင်ခရီးသွားအများစုက ပြောကြားပါသည်။

"မျဉ်းကျားမှာ လူတွေကူးကြတယ်။ ဒါပေမဲ့ ကားတွေက အသိစိတ်ဓာတ်ရှိရှိနဲ့ ရပ်ပေးတာ တစ်ခါမှ မကြုံဘူး။ လူတွေ စုပြုံပြီး ကူးလို့ရပ်ရင်ရပ်၊ ဒါမှမဟုတ် ယာဉ်ထိန်းရဲက ရပ်ခိုင်းရင်ရပ်တယ်။ မျဉ်းကျားနဲ့ ပေဘယ်လောက်ခွာပြီးရပ်ရမယ် ဆိုတာရှိပြီးသားပဲ။ ဒါကို သူတို့ မသိကြဘူးလား" ဟု ခြေလျင်ခရီးသွားတစ်ဦးက ပြောကြားသည်။

အလားတူ ခြေလျင်ခရီးသွားတစ် ဦးကလည်း "ယာဉ်မတော်တဆမှုဖြစ်တယ်ဆိုပါတော့ဗျာ၊ ယာဉ်ချင်းတိုက်တာပဲဖြစ်ဖြစ်၊ ယာဉ်နဲ့လူတိုက်တာပဲဖြစ်ဖြစ် ဒါဟာ ယာဉ်စည်းကမ်း မလိုက်နာလို့ဖြစ်ရတာ အမှန်ပဲ။ ဒါပေမဲ့ အခြားဘက်က ကြည့်ရင် လူတွေအားလုံးက ကိုယ့်ဇောနဲ့ ကိုယ် လုပ်ကိုင်သွားလာနေကြရတာ။ ယာဉ်မောင်းတွေလည်း ဇောကပ်နေကြတာပဲ။ ခြေလျင်သွားတဲ့လူတွေလည်း ဇောကပ်နေကြတာပဲလေ။ ဒီခေတ်ထဲမှာ စားဝတ်နေရေးဆိုတဲ့ဇောက လူတိုင်းစီမှာ ကပ်နေကြတာ မဟုတ်လား။ ဒီတော့ စားဝတ်နေရေးအတွက် ဇောကပ်နေကြသူတွေအချင်းချင်း အပြန်အလှန်နားလည်မှု ရှိသင့်တယ်။ ယာဉ်မောင်းတွေကလည်း ခြေလျင်ခရီးသွားတွေနဲ့ ယာဉ်ထိန်းရဲတွေကို နားလည်မယ်၊ ခြေလျင်ခရီးသွားတွေနဲ့ ယာဉ်ထိန်းရဲတွေကလည်း ယာဉ်မောင်းတွေကို နားလည်ကြမယ်ဆိုရင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းအတွက် အတော်လေး အထောက်အကူပြုရာရောက်မယ်" ဟု ဆိုသည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်းအား အများထက်ပိုမိုသိရှိနားလည်ကြသည်မှာလည်း ယာဉ်မောင်းများပင်ဖြစ်ကြောင်း၊ အချိုးဖောက်ဆုံးမှာလည်း ယာဉ်မောင်းများပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ တင်းတင်းကျပ်ကျပ်ချမှတ်ထားသည့်ကြားမှပင် ချိုးဖောက်မှုများရှိနေဆဲဖြစ်ကြောင်း၊ ယင်း ယာဉ်မောင်းများအား စိတ်ဓာတ်ရေးရာပိုင်းအရ ပြုပြင်ပေးသွားရန် လိုကြောင်း၊ ထို့ပြင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအား အမှန်တကယ်ချိုးဖောက်သောယာဉ်မောင်းများကို ထိထိမိမိအရေးယူသွားသင့်ကြောင်း ခရီးသွားတစ်ဦးက ပြောကြားသည်။

"လူကူးမျဉ်းကျားနဲ့ပတ်သက်ပြီးတော့ ပြောချင်တယ်။ ကျွန်မတို့က ကိုယ့်အပူနဲ့ ကိုယ်၊ ကိုယ့်ကိစ္စနဲ့ကိုယ် မဟုတ်လား။ ဒီတော့ မျဉ်းကျားက ကူးရမယ်မှန်းသိပေ

**တစ်ဦးတစ်ယောက်ချင်းစီ သိရှိလေးစားလိုက်နာလာရန် လိုအပ်သည်**



www.foreverspace.com.mm

မယ့်လည်း စာစောစောကပြောသလိုကိုယ့်အပူ၊ ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုတော့ သတိမထားမိဘူး။ ဒီတော့ မျဉ်းကျားကမကူးမိဘဲနဲ့ မျဉ်းကျားမဟုတ်တဲ့နေရာက ဖြတ်ကူးမိရော။ ဒီတော့ မျဉ်းကျားကမကူးလို့ လိုက်ဖမ်းတာခံရရော။ ကျွန်မတို့က မိန်းမသားဆိုတော့ ပြေးတော့လည်းကြည့်မကောင်းဘူးလေ။ အဲဒီတော့ တစ်ပူပေါ်နှစ်ပူဆင့်ရပြန်ရော။ လုပ်စေချင်တာလေးတစ်ခုက မြို့လယ်ခေါင်နေရာတော်တော်များများမှာ 'လူကူးမျဉ်းကျားမှကူးပါ' ဆိုတဲ့ သတိပေးဆိုင်းဘုတ်တွေ ထင်သာမြင်သာထားပေးစေချင်တယ်။ မျဉ်းကျားမဟုတ်တဲ့နေရာကဖြတ်ကူးခါနီး ရုတ်တရက် အဲဒီသတိပေးဆိုင်းဘုတ်ကိုမြင်ရင် မျဉ်းကျားကသွားကူးနိုင်တာပေါ့။ အဲဒီလို သတိပေးထားလျက်နဲ့မှ မျဉ်းကျားကမကူးရင်တော့ ဖမ်းပေါ့" ဟု အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ယခုအခါ လူကူးမျဉ်းကျားအများစုမှာလမ်းများပြုပြင်ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းနှင့် ရာသီဥတုဒဏ်များကြောင့် ပျောက်ကွယ်လျက်ရှိနေသည်ဖြစ်ရာ လူကူးမျဉ်းကျားအသစ်များ ထပ်မံရေးဆွဲရန် လိုအပ်လျက်ရှိနေပါသည်။ အလားတူ ဖြူနီကျား၊ မျဉ်းသေ၊ ဖြတ်မျဉ်း၊ မျဉ်းဝါ စသည်တို့ကိုလည်း အထင်အရှား ရေးဆွဲသွားရန်လိုအပ်ပြီး 'ဂ' ငယ်ကွေ့ မကွေ့ရ၊ 'ကျောင်းရှိသည် ဖြည်းဖြည်းမောင်း'၊ 'ရှေ့တွင်လူကူးမျဉ်းကျားရှိသည်' အစရှိသည့် အသိပေးဆိုင်းဘုတ်များကိုလည်း ထင်သာမြင်သာရှိစေရန် အသစ်ပြန်လည်ရေးဆွဲခြင်း၊ ယင်းဆိုင်းဘုတ်များကို ဖုံးကွယ်လျက်ရှိသော သစ်ပင်သစ်ကိုင်း၊ သစ်ခက်များကိုလည်း ခုတ်ထွင်ရှင်းလင်းပေးခြင်းများ ပြုလုပ်သွားကြရမည်ဖြစ်သည်။

## သုံးသပ်ချက်

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၊ ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို ကြပ်မတ်လုပ်ဆောင်လျက်ရှိနေသော်လည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း လေးစားလိုက်နာမှုအပိုင်းတွင်မူ အားနည်းချက်များ ရှိနေသေးသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လူတစ်ဦးတစ်ယောက်ချင်းစီက အမှန်တကယ်သိရှိနားလည်ပြီး လေးစားလိုက်နာလာကြစေရန်မှာ အချိန်ယူလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ရာတွင် အချို့ကိစ္စရပ်များက ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ရသည်များရှိသည်ဖြစ်ရာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို သိရှိနားလည်ရန်နှင့် လေးစားလိုက်နာလာစေရန် လုပ်ဆောင်ရာတွင် ကာလတို၊ ကာလရှည်ဟူ၍ စီမံကိန်းစီမံချက်၊ နည်းဗျူဟာ မဟာဗျူဟာများကို ချမှတ်လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ယင်းသို့လုပ်ဆောင်ရာတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့်အတူ မြို့နေလူထုကို ပညာပေးစည်းရုံးမှုများ တစ်ပြိုင်တည်း အကောင်အထည်ဖော်သွားကြရန်လိုအပ်မည်ဖြစ်သည်။ အရေးကြီးသည်မှာ မြို့နေလူထုကို ပညာပေးစည်းရုံးရာတွင် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်မှုရရှိရေးပင် ဖြစ်ပါသည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို မြို့နေလူထု အမှန်တကယ်လေးစားလိုက်နာလာစေရန်အတွက် ပညာပေးခြင်း၊ စည်းရုံးခြင်းတို့ကို ဆောင်ရွက်ရာ၌ လူထုချစ်ခင်လေးစားသည့်ပုဂ္ဂိုလ်များ (ဥပမာ– ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတလောကမှ ပညာရှင်များ၊ အားကစားသမားများ) ကို စံနမူနာပြပုဂ္ဂိုလ်များအဖြစ်ရွေးချယ်၍ ဆောင်ရွက်နိုင်ရန်လည်းလိုအပ်ပါသည်။ အလားတူ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို လေးစားလိုက်နာမှုမရှိခြင်းကြောင့် မိမိ၏မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းအတွင်း အသက်ဆုံးရှုံးရမှုများ သို့မဟုတ်ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု ဆုံးရှုံးရမှုများရှိခဲ့ပြီး မိသားစု၏လူမှုရေး၊ စီးပွားရေးများ ထိခိုက်ဆုံးရှုံးခဲ့ရသည့် အတွေ့အကြုံများကို ကိုယ်တိုင်တွေ့ကြုံသိရှိခံစားခဲ့ရသူများလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းအား မြို့နေလူထုလေးစား လိုက်နာလာစေရေး ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်းပါဝင်ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရမည်ဆိုလျှင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအား ရန်ကုန်မြို့နေလူထု လေးစားလိုက်နာလာစေရန်မှာ ဌာနဆိုင်ရာအဖွဲ့အစည်းများအတွင်း မြို့နေလူထုပူးပေါင်းပါဝင်လာရန်ဖြစ်ပါသည်။ ထို့အတူ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်သည့်နည်းတူ အောက်ခြေအထိ ကွင်းဆင်း၍ လမ်းအသုံးပြုသောလူထုနှင့် ရင်းနှီးမှုရယူကာ ပညာပေးစည်းရုံးမှုများကို သဘောပေါက်နားလည်သည်အထိ ပြုလုပ်၍ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ အဓိကမှာ ရန်ကုန်စီးပွားရေးမြို့တော်အတွင်း ယာဉ်မတော်တဆမှုများ၊ ယာဉ်တိုက်မှုများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းသည်ထက် လျော့နည်းလာရန်ပင်ဖြစ်ပါသည်။

**ဇော်ထွဋ်မောင်**

■


www.foreverspace.com.mm



# စင်ကာပူနိုင်ငံတွင် ကုမ္ပဏီတည်ထောင်မှုဆိုင်ရာ အခွင့်အလမ်း

စိုးယုဝေ

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် နယ်ပယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းများတွင် ပြည်တွင်းလုပ်ငန်းရှင်များသာမက ပြည်ပလုပ်ငန်းရှင်များပါ တိုးတက်ဝင်ရောက်လာသည်ကို တွေ့ရှိနေကြသည်။ ထိုကဲ့သို့ ဝင်ရောက်လာကြရာတွင် ပုဂ္ဂိုလ်တစ်ဦး ချင်းအနေဖြင့်လည်းကောင်း၊ အုပ်စုလိုက်အနေဖြင့်လည်းကောင်း ဝင်ရောက်လာခြင်းများရှိသလို စီမံကိန်းတစ်ခုတည်းကို နိုင်ငံသုံးလေးခုမှ လုပ်ငန်းရှင်များ ရှယ်ယာထည့်ဝင်၍ အချိုးကျလုပ်ကိုင်ခြင်းများလည်း ရှိသည်။ ထို့ပြင် ပြည်ပလုပ်ငန်းရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များပူးပေါင်း၍ အကျိုးတူလုပ်ဆောင်ခြင်းများလည်း ရှိလာကြောင်း တွေ့ရသည်။**



## ပူးပေါင်းမှုပုံစံ

ယခင်က ပြည်ပကုမ္ပဏီနှင့် ပြည်တွင်းကုမ္ပဏီတို့ပူးပေါင်း၍ စီမံကိန်းများ အကျိုးတူလုပ်ဆောင်ခြင်း၊ သွင်းကုန်ထုတ်ကုန်လုပ်ခြင်း၊ ကြားခံကိုယ်စားလှယ်အနေဖြင့် ဆောင်ရွက်ခြင်းများမှာ အတွေ့ရများသော ပူးပေါင်းမှုပုံစံများဖြစ်သည်။

အခုနောက်ပိုင်းကာလများတွင် ထိုကဲ့သို့ပူးပေါင်းမှုများအပြင် ကုမ္ပဏီတစ်ခုတည်းသို့ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များပူးပေါင်းပါဝင်၍ ပုံစံပြောင်းလုပ်ဆောင်မှုများရှိလာသည်။ ထို့ကြောင့် ကုမ္ပဏီတစ်ခုတည်းတွင် လုပ်ငန်းရှင်များအားလုံးပါဝင်ရေးအတွက် ကုမ္ပဏီအသစ်များထူထောင်လာကြသည်။ ကုမ္ပဏီအသစ်ကိုဖွဲ့စည်းတည်ထောင်ရာတွင် နိုင်ငံတကာထုံးစံများ၊ ငွေကြေးကိစ္စများ၊ လွယ်ကူလျင်မြန်မှုများကို အလေးထားစဉ်းစားရွေးချယ်ကြသည်။ မိမိတို့ကုမ္ပဏီအနေဖြင့် ခိုင်မာမှုရရှိရန် အဓိကထားပြင်ဆင်ကြသည်။

www.foreverspace.com.mm

## ရွေးချယ်မှု

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များမှာ ကုမ္ပဏီအသစ်ကို စီးပွားရေးလုပ်ကိုင်ရန် ရေခံမြေခံကောင်းမွန်သော စင်ကာပူနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ရန် ရွေးချယ်သတ်မှတ်လေ့ရှိကြသည်။ ထိုကဲ့သို့ရွေးချယ်ရခြင်းမှာ–

၁။ ကုမ္ပဏီစတင်ထူထောင်ရာတွင် လွယ်ကူလျင်မြန်မှုရှိခြင်း၊

၂။ နိုင်ငံတကာဥပဒေများနှင့်အညီ စည်းမျဉ်းစည်းကမ်းသတ်မှတ်ထားမှုများ မျှတမှုရှိခြင်း၊

၃။ နိုင်ငံတကာနှင့် ချိတ်ဆက်ရလွယ်ကူသည့်ဘဏ်စနစ်ရှိခြင်း၊

၄။ အတိုင်ပင်ခံကျွမ်းကျင်ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များရှိခြင်း၊

၅။ ဘာသာစကားဆက်သွယ်မှု လွယ်ကူခြင်း၊

၆။ ငွေကြေးအရင်းအနှီးများစွာပြရန်မလိုခြင်း၊


၇။ အစစအရာရာ ဝန်ဆောင်မှုကောင်းခြင်း၊

၈။ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အခွန်အကောက်များမှာ ကာလကြာရှည်စွာမပြောင်းလဲဘဲ တည်ရှိခြင်း စသည့်အားသာချက်များကြောင့် ဖြစ်ကြောင်း လုပ်ငန်းရှင်အများစုက ဆိုသည်။

ထိုကဲ့သို့ထူထောင်ရခြင်းမှာ စင်ကာပူနိုင်ငံမှမဟုတ်ဘဲ အခြားအနောက်နိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများမှ လုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များအကြား နိုင်ငံတကာဥပဒေအရ ပူးပေါင်းဆောင်ရွက်ကြရန်ယုံကြည်မှုတည်ဆောက်ကြခြင်းဖြစ်သည်ဟု ၂၀၀၆ ခုနှစ်အတွင်း စင်ကာပူ၌ ကုမ္ပဏီတည်ထောင်ခဲ့သော လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ နှစ်နိုင်ငံလုပ်ငန်းရှင်များအနေဖြင့် မိမိတို့နိုင်ငံ မဟုတ်သည့် ကြားနေနိုင်ငံတွင် နှစ်ဖက် သဘောတူအချက်အလက်များထည့်သွင်း၍ ကုမ္ပဏီတည်ထောင်ခြင်းဖြင့် အဘက်ဘက်မှ အသာစီးရမှုမျိုး မရှိဘဲ အကြောင်း တစ်စုံတစ်ရာရှိလာပါက နိုင်ငံတကာဥပဒေများအရ ဖြေရှင်းနိုင်သဖြင့် ယခုကဲ့သို့ ထူထောင်ကြခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းကဲ့သို့ ကုမ္ပဏီများထူထောင်

**ရေခံမြေခံကောင်းမွန်သောစင်ကာပူနိုင်ငံတွင် ကုမ္ပဏီရုံးခွဲများ ဖွင့်လှစ်ထူထောင်လာကြသည်**



www.foreverspace.com.mm



ပြီးနောက်ပိုင်း လုပ်ငန်းလည်ပတ်ချိန်တွင် စင်ကာပူ၌ ရုံးခွဲများဖွင့်လှစ်လုပ်ကိုင်ခြင်းကြောင့် မြန်မာလုပ်ငန်းရှင်များအတွက် နိုင်ငံတကာနှင့် အဆက်အသွယ်ကောင်းများရစေမည့် တံခါးပေါက်တစ်ခုဖြစ်လာနိုင်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအား နိုင်ငံကြီးအချို့၏ တားဆီးပိတ်ပင်မှုများရှိနေချိန်တွင် အဆိုပါနိုင်ငံကြီးများမှ လုပ်ငန်းရှင်များသည်ပင် ၎င်းတို့၏ပိုင်ဆိုင်မှုငွေကြေးများ မိမိတို့နိုင်ငံမဟုတ်သည့်အခြားနိုင်ငံရှိဘဏ်များ (ဥပမာ–ဆွစ်ဇာလန်ဘဏ်) ၌ ရှိနေသည့်အတွက် ငွေကြေးအရင်းအနှီးရွှေ့ပြောင်းရာတွင် စင်ကာပူကုမ္ပဏီတစ်ခုအနေဖြင့် ပိတ်ပင်မှုကိုရှောင်လွှဲနိုင်ကြောင်း အဆိုပါလုပ်ငန်းရှင်က ပြောကြားသည်။

ထို့နောက် စင်ကာပူ၌ တည်ထောင်သည့်ကုမ္ပဏီအသစ်တွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များက BOD များအဖြစ် ပါဝင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အကျိုးတူပူးပေါင်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းပါဝင်သော JV (Joint Venture) လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လုပ်ကိုင်သွားနိုင်သည်ဟု ၎င်း၏ပြောကြားချက်အရ သိရသည်။


## အချိန်၊ လိုအပ်ချက်နှင့် စရိတ်

စင်ကာပူနိုင်ငံ၌ ကုမ္ပဏီအသစ်တစ်ခုတည်ထောင်ရာတွင် အချိန် နှစ်ရက်ခန့်သာကြာမြင့်၍ လျင်မြန်လွယ်ကူမှုရှိကြောင်း လက်တွေ့တည်ထောင်ခဲ့သူ လုပ်ငန်းရှင်တစ်ဦးက စက်တင်ဘာလဆန်းတွင် Living Color သို့ ပြောကြားသည်။ ဖွဲ့စည်းမည့်ကုမ္ပဏီတွင် လူတစ်ဦးချင်းအနေ၏ဖြင့် ပါဝင်ပါက ပိုမိုလျင်မြန်ပြီး ကုမ္ပဏီတစ်ခုအနေနှင့် ပူးပေါင်းပါဝင်လိုပါက အဆိုပါကုမ္ပဏီ၏ ကျောထောက်နောက်ခံ အခြေအနေများကို စုံစမ်းအတည်ပြုရသည့်အတွက် အချိန်အနည်းငယ်ပိုကြာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံခြားသားများအနေဖြင့် စင်ကာပူနိုင်ငံ၌ ကုမ္ပဏီတည်ထောင်ရာတွင် ပါဝင်မည့်လုပ်ငန်းရှင်များ၏ နိုင်ငံကူးလက်မှတ်များအပြင် စင်ကာပူနိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ရသူ သို့မဟုတ် တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရသူ သို့မဟုတ် မှီခိုသူတစ်ဦးနှင့် မိမိကုမ္ပဏီအတွက် အတွင်းရေးမှူးတစ်ဦးလိုအပ်ကြောင်း ၎င်းကပြောကြားသည်။ ကုမ္ပဏီအတွက်လိုအပ်သည့် စင်ကာပူနိုင်ငံသားဒါရိုက်တာတစ်ဦးအတွက်မူ နာမည်ခံ၍ လုပ်ဆောင်ပေးနေသည့် တာဝန်ခံလုပ်ငန်းများရှိသောကြောင့် ထိုသူအား ဒါရိုက်တာလခပေး၍ ပါဝင်စေနိုင်သည့်အပြင် အခြားလိုအပ်သော အတွင်းရေးမှူးနှင့် ကုမ္ပဏီလိပ်စာတို့အတွက်ပါ ဝန်ဆောင်ခယူ၍ လုပ်ဆောင်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများမှရနိုင်ကြောင်း သိရသည်။

ကုမ္ပဏီစတင်တည်ထောင်ရာတွင် လိုအပ်သည်များကို အတွင်းရေးမှူးမှ အစအဆုံးဆောင်ရွက်ပေး၍ ဒါရိုက်တာ

**နိုင်ငံအတွင်းသုံးစွဲငွေ၏ ၅ ရာခိုင်နှုန်းကို အခွန်ကောက်ခံသည်**



www.foreverspace.com.mm

အဖွဲ့ဝင်များအနေဖြင့် ကုမ္ပဏီဘဏ်စာရင်းဖွင့်လှစ်ချိန်၌သာ ဘဏ်သို့သွားရောက်ရန်လိုအပ်ပြီး အခြားရုံးများသို့ သွားရန်မလိုဘဲ ပုံမှန်စာရွက်စာတမ်းလုပ်ငန်းများအား အင်တာနက်မှတစ်ဆင့် နှစ်ရက်အတွင်း ဆောင်ရွက်နိုင်ကြောင်း ၎င်းကဆိုသည်။

ကုမ္ပဏီအတွက် ကုန်ကျစရိတ်မှာ ဇယားအတိုင်းဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းအလိုက် အပြောင်းအလဲရှိနိုင်ပါ သည်။ အချို့ဝန်ဆောင်မှုလုပ်ငန်းများ၊ ပွဲစားများမှာ အတွေ့အကြုံမရှိသေးသူများအား ဈေးနှုန်းများတိုးမြှင့်ယူတတ်ခြင်းများရှိ၍ သတိပြုရန်လိုကြောင်း အဆိုပါပုဂ္ဂိုလ်က သတိပေးပြောကြားသည်။

## လုပ်နည်းလုပ်ဟန်

စင်ကာပူနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သည့် ACRA (ACCOUNTING & CORPORATE REGULATORY AUGHORITY) မှ ဝန်ဆောင်မှုကိစ္စအားလုံးအား အွန်လိုင်းစနစ်ဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ ကုမ္ပဏီဖွဲ့မည့် ပြည်ပလုပ်ငန်းရှင်များအနေဖြင့် စာရွက်စာတမ်းနှင့်လျှောက်လွှာများဖြည့်ရန် လုပ်ငန်းနားလည်သော ပညာရှင် (သို့) ရှေ့နေ (သို့) စာရင်းကိုင် တစ်ဦးငှားရန် လိုအပ်သည်။

**နိုင်ငံခြားသားများအနေဖြင့် စင်ကာပူနိုင်ငံ၌ ကုမ္ပဏီတည်ထောင်ရာတွင် ပါဝင်မည့်လုပ်ငန်းရှင်များ၏ နိုင်ငံကူးလက်မှတ်များအပြင် စင်ကာပူနိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ရသူ သို့မဟုတ် တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရသူ သို့မဟုတ် မှီခိုသူတစ်ဦးနှင့် မိမိကုမ္ပဏီအတွက် အတွင်းရေးမှူးတစ်ဦးလိုအပ်ကြောင်း ၎င်းကပြောကြားသည်။**

အဆိုပါ ပုဂ္ဂိုလ်မှာ SBF (Singapore Business Federation) အသင်းဝင်ထားသူဖြစ်ရန်လိုပြီး Bizfile မှတစ်ဆင့် ACRA ထဲသို့ဝင်၍ ကုမ္ပဏီမှတ်ပုံတင် ခြင်းလျှောက်ထားနိုင်သည်။

အဆိုပါ ACRA Website မှာ နံနက်ခုနစ်နာရီမှ ည ဆယ့်နှစ်နာရီထိ ပိတ်ရက်မရှိ နေ့စဉ် ဝန်ဆောင်မှုပေးလျက် ရှိပါသည်။ ပထမအဆင့်အနေဖြင့် မိမိလျှောက်လိုသည့်ကုမ္ပဏီ၏အမည်ကိုအတည်ပြုရန်အတွက် ရွေးချယ်ထားသော အမည်ကို Website တွင် ရိုက်ထည့်ပြီး အင်တာနက်မှ ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုကဲ့သို့ နာမည်ရိုက်ထည့်ပြီး နှစ်နာရီအတွင်း အတည်ပြုကြောင်း အကြောင်းပြန်စာရရှိမည် ဖြစ်သည်။ နာမည်အတည်ပြုပြီးပါက အဆိုပါနာမည်အတွက် စင်ကာပူဒေါ်လာ ၁၅ ဒေါ်လာကို Internet Banking စနစ်ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး ငွေပေးသွင်းမှုအတွက် အချိန်မိနစ် ၂၀ ခန့် ကြာမြင့်ပါမည်။

ထို့နောက် Business Profile (ဥပမာ–From 6,26) ကို နာမည်အတွက် ငွေပေးသွင်းပြီး တစ်နာရီအတွင်း ထုတ်ယူနိုင်ကြောင်း အဆိုပါလုပ်ငန်းများအား ဝန်ဆောင်မှုပေးနေသော လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါသည်။ မိမိ၏ကုမ္ပဏီနာမည်အား အတည်ပြုပြီးနောက် ရက် ၆၀ အထိ စောင့်ဆိုင်းပေးပြီး ရက် ၆၀ အတွင်း မှတ်ပုံတင်ခြင်းမရှိပါက အတည်ပြုထားသောကုမ္ပဏီနာမည်အား အလိုအလျောက် ပယ်ဖျက်သွားမည် ဖြစ်သည်။

ကုမ္ပဏီမှတ်ပုံတင်ရာတွင် ပုံမှန်အားဖြင့် နှစ်ရက်သုံးရက်အတွင်း အပြီးသတ်နိုင်ပြီး ဒါရိုက်တာအဖွဲ့ဝင်များ၏ အနေအထားများကို စုံစမ်းရန်လိုအပ်သည့်အခါမှသာ နှစ်ပတ်ခန့်ကြာမြင့်နိုင်ကြောင်း အတွေ့အကြုံရှိသူတစ်ဦးက ပြောကြားသည်။ ပြည်ပကုမ္ပဏီတစ်ခု

| စဉ် | အကြောင်းအရာ | S$ | ကာလ |
|---|---|---|---|
| 1. | Account | 350 | Per month |
| 2. | Adress | 40 | ။ |
| 3. | Audit | 600 | Per year |
| 4. | Tax Clearance | 400 | ။ |
| 5. | ACRA Annual Fee | 10 | ။ |
| 6. | Director for Singapore PR (or) Singaporian | 2500 | ။ |
| 7. | Company Secretary | 600 | ။ |
| 8. | Company formation with 2 foreigners<br>(ဒါရိုက်တာ နှစ်ဦးထက်ပိုပါက အပြောင်းအလဲရှိနိုင်) | 1500 | ။ |

www.foreverspace.com.mm





**ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ပူးပေါင်းလုပ်ဆောင်လာကြသည်**

အနေဖြင့် စင်ကာပူနိုင်ငံတွင် ရုံးခန်းဖွင့်လှစ်လိုလျှင် အဆိုပါကုမ္ပဏီမှ သက်ဆိုင်ရာဘဏ်တစ်ခုခုတွင် စင်ကာပူဒေါ်လာ ငါးသိန်းပြနိုင်ပါက စာရွက်စာတမ်းကြေး စင်ကာပူဒေါ်လာ ၃၀၀ ပေးရန်လိုပြီး မပြနိုင်ပါက ၁၂၀၀ ပေးသွင်းရမည်ဖြစ်သည်။ ပြည်ပကုမ္ပဏီ ရုံးခွဲအမည်အတွက်မူ စင်ကာပူဒေါ်လာ ၁၀ သွင်းရန်လိုအပ်သည်။

ကုမ္ပဏီမှတ်ပုံတင်ရရှိပါကလျှောက်ထားသောကုမ္ပဏီ၏ အီးမေးလ်လိပ်စာ သို့မဟုတ် မိုဘိုင်းဖုန်းသို့ သတင်းပို့ပြန်ကြားပေးပြီး အဆိုပါ E-mail နှင့် အကြောင်းကြားသည့်စာကသာ ကုမ္ပဏီမှတ်ပုံတင်အတွက် အထောက်အထားစာ (Soft Copy)ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

## ရလဒ်

စင်ကာပူနိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံ၌ လာရောက်တည်ထောင်လုပ်ကိုင်သည့်ကုမ္ပဏီ၏ အကျိုးအမြတ်ကို အဓိကမထားဘဲ နိုင်ငံအတွင်းသုံးစွဲငွေ၏ ၅ ရာခိုင်နှုန်းအခွန်ကောက်ခံသည့်စနစ် ဖြင့် တစ်ပြည်လုံးကို ထိန်းချုပ်ထားသည်။ သို့သော် စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် နိုင်ငံခြားသားများကို စင်ကာပူဒေါ်လာ ၁၀၀ နှင့်အထက် ဝယ်ယူသောပစ္စည်းများအပေါ်တွင် GST Refund (Goods Service Tax) တွင် ၅ ရာခိုင်နှုန်းအား လေဆိပ်တွင် ပြန်လည်ထုတ်ယူခွင့်ပြုသည်။

ယခုကဲ့သို့ နိုင်ငံခြားသားများ စင်ကာပူနိုင်ငံတွင် ကုမ္ပဏီတည်ထောင်ခြင်းကြောင့် စင်ကာပူအစိုးရအနေဖြင့် နိုင်ငံခြားသားများကို ၎င်းနိုင်ငံသားများကဲ့သို့ တာဝန်ယူရန်မလိုအပ်ဘဲ ရုံးခန်းနေရာများ၊ ဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ မီတာခများ၊ ဘဏ်လုပ်ငန်းများကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများတိုးတက်ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် စားသောက်ကုန်များ၊ လူသုံးကုန်များမှ အမြတ်အစွန်းများ ရရှိနိုင်သည်။

အဓိကအားဖြင့် ကုမ္ပဏီများ၏ Bank Deposit အဖြစ် အပ်နှံထားသောငွေများကို လှည့်လည်သုံးစွဲနိုင်ခြင်းသည်လည်း နိုင်ငံစီးပွားရေးအတွက် အရေးပါသောရလဒ်ကောင်းတစ်ခုဖြစ်သည်။

## အားသာချက်

ထိုကဲ့သို့လုပ်ငန်းရှင်များပူးပေါင်း၍ ကုမ္ပဏီတည်ထောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အကျိုးတူဆောင်ရွက်ကြရာတွင် ကုမ္ပဏီနှင့် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းဟူ၍ နှစ်ဦးနှစ်ဖက်ညှိနှိုင်းရန်သာ လိုအပ်သည်။ ယခင်ကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံသူများမှတစ်ဖက်၊ ပြည်တွင်းကြားခံကုမ္ပဏီများမှတစ်ဖက်၊ သက်ဆိုင်ရာဌာနမှတစ်ဖက် အစရှိသဖြင့် များစွာညှိနှိုင်းရန် မလိုအပ်ဘဲ လုပ်ကိုင်မှုပုံစံရှင်းလင်းသောအားသာချက်များ ရရှိနိုင်သည်။

အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက နှစ်နိုင်ငံဥပဒေများနှင့် ဖြေရှင်းနိုင်ပြီး နှစ်ဦးနှစ်ဖက် ပိုမိုခိုင်မာသည့်သဘောဆောင်ရာရောက်သည်ဟု ကုမ္ပဏီအကြီးအကဲတစ်ဦးက ပြောကြားသည်။

## အတုယူဖွယ်

စင်ကာပူနိုင်ငံတွင် ကုမ္ပဏီတည်ထောင်မှတ်ပုံတင်ခြင်းအတွက် www.acra.gov.sg တွင် သတင်းအချက်အလက်များလေ့လာနိုင်ပြီး ထပ်မံသိရှိလိုသည့်အကြောင်းအရာများကို ACRA-CRU-Feedback@acra.gov.sg တွင် မေးမြန်းစုံစမ်းနိုင်သည်။

ဤကဲ့သို့ လွယ်ကူလျင်မြန်စွာရရှိရေး၊ အဆင်ပြေချောမွေ့စေရေး၊ အလုပ်ရှုပ်သက်သာစေရေး၊ သမာသမတ်ရှိရေးတို့အတွက် စနစ်တကျအစီအစဉ်ရေးဆွဲဆောင်ရွက်ထားခြင်းမှာ များစွာအတုယူဖွယ်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်က ပြောကြားသည်။ မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အရင်းအနှီးများ အပြိုင်အဆိုင်ဝင်ရောက်လာရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအသီးသီးအား လွယ်ကူချောမွေ့စေရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် များစွာအရေးကြီးကြောင်း စင်ကာပူနိုင်ငံကို ဥပမာပြု၍ ပြောဆိုနိုင်ပါသည်။

**စိုးယုဝေ**

# ယဉ်ကျေးမှု ကူးလူးဆက်နွယ်မှုနှင့် ကိုရီးယားအစားအစာဈေးကွက်

ဇာလီကျော်

**လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်ကာလမှစ၍ မြန်မာဈေးကွက်အတွင်းသို့ ထိုးဖောက်စိမ့်ဝင်လာသော ကိုရီးယားရိုးရာအစားအစာနှင့် ကိုရီးယားရိုးရာ စားသောက်ဆိုင်များသည် မကြာမီက ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ၊ ရုပ်ရှင်ဇာတ်ကားများနှင့် တစ်ပါတည်း မြန်မာလူမျိုးများအကြား ကူးစက်ပျံ့နှံ့လာသည့် ကိုရီးယားယဉ်ကျေးမှုနှင့်အတူ ဈေးကွက်အတွင်း၌ ဖြစ်ထွန်းစပြုနေသည်ကို လေ့လာတွေ့ရှိရသည်။**

## ဈေးကွက်စိမ့်ဝင်ထိုးဖောက်လာမှု

မြန်မာနိုင်ငံတွင် ကိုရီးယားစားသောက်ဆိုင်များသည် ၁၉၉၃ နှင့် ၁၉၉၄ ခုနှစ်ဝန်းကျင်ခန့်မှစတင်၍ ဈေးကွက်အတွင်းဝင်ရောက်လာခဲ့ရာ ယင်းတို့အနက် ကိုရီးယားနိုင်ငံသားကိုယ်တိုင် ဦးစီးဖွင့်လှစ်ထားသည့် Han Kook Kwan ကိုရီးယားစားသောက်ဆိုင်မှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်ဖွင့်လှစ်လုပ်ကိုင်လာသည့် စားသောက်ဆိုင်တစ်ခုဖြစ်သည်။ စတင်ဖွင့်လှစ်စဉ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကိုရီးယားနိုင်ငံသားများနှင့် မြန်မာနိုင်ငံတွင် တာဝန်ဖြင့်လာရောက် နေထိုင်လျက်ရှိသည့် ကိုရီးယားနိုင်ငံသားတို့အတွက် အဓိကဦးတည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါစားသောက်ဆိုင်မှ မန်နေဂျာဒေါ်သင်းသင်းမော်က ပြောကြားသည်။

ကိုရီးယားအစားအစာများမှာ ကိုရီးယားရုပ်ရှင်ကားများနှင့်အတူ တစ်စထက်တစ်စ လူသိများထင်ရှားလျက်ရှိလာရာ ယခုအခါ ရန်ကုန်မြို့တွင် ကိုရီးယားစားသောက်ဆိုင်အပါအဝင် ကိုရီးယားအစားအစာများရရှိနိုင်သည့် ဆိုင်အရေ



ကိုရီးယားအစားအစာဈေးကွက်အတွင်း ရေပန်းစားလာသည့် ရေညှိထမင်းလိပ်

အတွက် များပြားလာသည်ဟု ရောင်းချသူများထံမှ သိရှိရသည်။

ယခုအခါ ကိုရီးယားအစားအစာ များကို သီးသန့်ရောင်းချသည့် စားသောက်ဆိုင်များ၊ Bakery ကဲ့သို့ ဆိုင်များ၌သာမကဘဲ Super Market နှင့် အရောင်း Centre ကြီးများရှိ City Mart အရောင်းဆိုင်များတွင် ရောင်းချသော အသင့်ထုပ်ပိုးပြင်ဆင်ထားသည့် အစားအစာများကိုပါ လူသိများ၍ အရောင်းတွင် ကျယ်လာခဲ့သည်။ မာတ်နားအဆင့်မြင့် ကိုရီးယားအစားအစာအမျိုးမျိုးဖြန့်ချိရေးကဲ့သို့ ဖုန်းဆက်မှာကြားခြင်းဖြင့် ကိုရီးယားအစားအစာများကို ရန်ကုန်မြို့အတွင်း အိမ်အရောက်အခမဲ့ပို့ဆောင်သည့် ရောင်းချမှုပုံစံတစ်မျိုးကို ယခုနှစ်ဇွန်လပိုင်းမှ စတင်၍ ဈေး



www.foreverspace.com.mm

www.foreverspace.com.mm

ကွက်အတွင်း၌ စတင်ဆောင်ရွက်လာသည်ကိုလည်း တွေ့ရသည်။

ထို့အပြင် ကိုရီးယားရုပ်ရှင်ကားများတွင် မကြာခဏတွေ့မြင်ရလေ့ရှိသည့် ကိုရီးယားရေညှိထမင်းလိပ်များကို တစ်ခါသုံးဘူးဖြင့် ထည့်သွင်းထုပ်ပိုး၍ မင်္ဂလာဈေး၊ ယုဇနပလာဇာအစရှိသည့် လူစည်ကားရာနေရာများတွင် ကိုရီးယားဘာသာစကားဖြင့် နှုတ်ဆက်၍ လိုက်လံရောင်းချမှုရှိသည်ဟု မင်္ဂလာဈေးအရောင်းဆိုင်များထံမှ သိရသည်။

ယခုနောက်ပိုင်း ဖွင့်လှစ်လာသည့် ကိုရီးယားဆိုင်များမှာမူ ဒေသခံစားသုံးသူများသို့ပါ ပစ်မှတ်ထား၍ ဖွင့်လှစ်လုပ်ကိုင်လာကြကြောင်းကို ယခင်က Coffee နှင့် မုန့်များသာ ရောင်းချခဲ့ရာမှ ယခုကိုရီးယားအစားအစာများပါတွဲဖက်ရောင်းချလာသည့် ဆိုင်များအား တွေ့ဆုံမေးမြန်းရာမှ သိရှိရသည်။

## စားသုံးသူအနေအထား

ကိုရီးယားအစားအစာရောင်းချသည့်ဆိုင်များတွင် အစားအစာအမျိုးအစားပေါင်း ၂၅ မျိုးမှ ၄၀ ကျော်ခန့်ထိ ရှိနိုင်သည်။ အချို့ဆိုင်များတွင်မူ "ကျွန်တော်တို့ဆိုင်မှာတော့ ဆိုင်ကစီစဉ်တဲ့ အစားအစာတွေအပြင် အပြင်က လာရောက်စားသုံးတဲ့ Customer တွေ ကြိုက်နှစ်သက်မှုရှိတဲ့ အစားအစာတွေကိုလည်း စီစဉ်ထားပါတယ်" ဟု ရန်ကင်းမြို့နယ် မိုးကောင်းလမ်း ကျောက်ကုန်းတွင် ဖွင့်လှစ်ထားသည့် KOO's Beauty Culture Cosmetics and Food ဆိုင်မှ မန်နေဂျာ ဦးမျိုးမြင့်နိုင်က ပြောကြားသည်။

မြန်မာဈေးကွက်အနေဖြင့်မူ အဆိုပါ ကိုရီးယားအစားအစာများကို စားသုံးရန်အတွက် ရောင်းချသည့်နေရာနှင့် ဈေးနှုန်းတို့မှာ လူတန်းစားအလွှာအသီးသီးတို့ အလွယ်တကူ ပေါ့ပါးစွာ ဝယ်ယူစားသုံးနိုင်သည့် အခြေအနေတွင် မရှိသေးကြောင်း၊ မြန်မာနိုင်ငံအတွင်း ကြီးမားကျယ်ပြန့်စွာနေရာယူထားသည့် တရုတ်နှင့် အိန္ဒိယအစားအစာတို့ကဲ့သို့ဈေးကွက်ကျယ်ပြန့်မှုမရနိုင်သေးကြောင်း စားသုံးသူအချို့က သုံးသပ်သည်။

လက်ရှိကိုရီးယားအစားအစာများတွင် ရေညှိထမင်းလိပ်၊ ပဲခေါက်ဆွဲ၊ ကိုရီးယားထမင်းသုပ်၊ ကင်မ်ချီစသည်တို့မှာ ကျပ်တစ်ထောင်ဝန်းကျင်ခန့်မှစ၍ သုံးထောင့်ငါးရာကျပ်ဈေးနှုန်းအထိရှိနေပြီး ရုပ်ရှင်ကားများတွင် မြင်တွေ့နေသည့်အတွက် စားချင်သည့်ဆန္ဒရှိသော်လည်း မိမိအတွက်မူ ဈေးကြီးသည့်အတွက် ဆိုင်များတွင် သွားရောက်မစားဖြစ်ကြောင်း၊ ထို့ကြောင့် သူငယ်ချင်းများနှင့် စုပေါင်း၍သော်လည်းကောင်း၊ အိမ်ရှိ မိသားစုအနေဖြင့်သော်လည်းကောင်း City Mart အရောင်းဆိုင်ရှိ ကိုရီးယားအစားအစာပြုလုပ်ရန်ရောင်းချသည့်ပစ္စည်းများဝယ်ယူပြီး ကိုယ်တိုင်ပြုလုပ်စားသောက်ကြကြောင်း အရောင်းဆိုင်ကြီးတစ်ခုတွင် စာရေးအလုပ်လုပ်ကိုင်လျက်ရှိသူ ဒေါ်မေမိုးဦးက ပြောကြားသည်။



"ဈေးနှုန်းကလည်း သင့်တော်တဲ့ ဈေးနှုန်းတစ်ခုဖြစ်လို့ စားပျော်ပါတယ်။ လောလောဆယ်တော့ ဆိုင်မှာသွားမစားဖူးသေးဘူး။ အခု City Mart ကနေပဲ ပဲပင်ပေါက်၊ ပဲပြား၊ ကင်မ်ချီ အဲဒါတွေ ဝယ်ပြီး အိမ်မှာ ပြန်ချက်စားဖြစ်တယ်။ အချိန်ရရင်တော့ ဆိုင်မှာ တစ်မျိုးပြီးတစ်မျိုးသွားစားဖို့ အစီအစဉ်ရှိတယ်။ ပြီးရင် အိမ်မှာ ကိုယ့်ဘာသာပြန်လုပ်စားမယ်" ဟု ၈ မိုင် မရမ်းကုန်းမြို့နယ်တွင် နေထိုင်သူ အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

## စားသုံးသူသဘောထားနှင့် ကြိုက်နှစ်သက်မှု

'ကိုရီးယားအစားအစာတွေမှာ ကိုလက်စထရောမပါဘူး။ ကိုရီးယားလူမျိုးတွေက အဆီရှောင်တဲ့အတွက် ဝက်သား၊ အမဲသားကိုတောင် အဆီမပါအောင် ခပ်ထုတ်ပြီးမှ ချက်ကြတယ်။ သူတို့က ကျန်းမာရေးနဲ့ ညီညွတ်အောင်လို့ အဓိကထားစားကြတယ်။ ဆိုင်ဖွင့်စက ကိုရီးယားတွေပဲလာအစားများပေမယ့် အခုနောက်ပိုင်း မြန်မာလူမျိုးတွေလည်း လာစားတာများလာတယ်။ လုပ်ငန်းရှင်ပိုင်းနဲ့ ရုပ်ရှင်အသိုင်းအဝိုင်းထဲက လူတွေပိုအလာများတယ်။ ကိုရီးယားအစားအစာကို တစ်ခါလာစားဖူးတဲ့သူတွေက နောက်ပိုင်းမှာ မကြာခဏကိုလာစားဖြစ်ကြတာကို တွေ့ရတယ်' ဟု Han Kook Kwan ကိုရီးယားစားသောက်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

www.foreverspace.com.mm



အထူးသဖြင့် ကျန်ပုံ၊ ခေါက်ဆွဲပြုတ်၊ ကိုရီးယားစတိုင်လ်အသားကင်နှင့် Sea Food ခေါက်ဆွဲ၊ ပဲခေါက်ဆွဲ၊ ကင်မ်ပတ်၊ ကင်မ်ချီတို့ကို စားသုံးသူများပြောကြောင်း ရောင်းချသည့် ဆိုင်များ၏ ပြောကြားချက်များအရ သိရသည်။

စာရင်းကိုင်တစ်ဦးဖြစ်သူ ဒေါ်ခင်အေးဝင်းက "ဒီမှာ ပြင်သစ်တို့၊ ယိုးဒယားတို့ စတဲ့ အစားအစာတွေလည်း ပေါ်တာ ကြာလှပြီပဲ။ ဒါပေမဲ့ အဲဒီအစားအစာတွေအကြောင်း သိပ်မသိကြပါဘူး။ ကိုရီးယားအစားအစာတွေကတော့ ကိုရီးယားရုပ်ရှင်တွေကြည့်ပြီးတော့သဘောကျပြီး စားကြည့်ချင်လာတယ်။ အဲဒီကားတွေကြည့်ရင်းနဲ့ပဲ လူသိများလာတယ်။ ဒါပေမဲ့ အရသာကောင်းရင် ကြိုက်မယ်၊ မကောင်းရင်တော့ ကြိုက်မှာမဟုတ်ဘူး" ဟု ၎င်းအမြင်ကို ပြောကြားသည်။

ယခုလာရောက်စားသုံးသူအများစုတွင် လူငယ်နှင့် လူလတ်ပိုင်းက အများစုဖြစ်ပြီး မိသားစုလိုက် လာရောက် စားသုံးမှုများလည်းရှိကြောင်း၊ အချို့မှာ ကိုရီးယားရုပ်ရှင်များတွင် တွေ့ရှိရသည့် အစားအစာများကို မေးမြန်းစားသုံးကြကြောင်း ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်းများတင်သွင်းရောင်းချခြင်း၊ ဆံပင်ညှပ်ခြင်းတို့နှင့်အတူ ကိုရီးယားအစားအစာများပါ တွဲဖက်ရောင်းချသည့် KOO'S ဆိုင်မှ မန်နေဂျာဦးမျိုးမြင့်နိုင်နှင့် အခြားဆိုင်များက တညီတညွတ်တည်း ပြောဆိုကြသည်။

## မြန်မာအရသာနှင့်နီးစပ်

ကိုရီးယားအစားအစာ စားသုံးသူအများစု၏အမြင်အရ ၎င်းတို့ ကြိုက်နှစ်သက်မှုရှိသည့် ကိုရီးယားအစားအစာအများစုမှာ မြန်မာအစားအစာများ၏ အရသာနီးစပ်မှုရှိသည်ဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရသည်။

ကိုရီးယား အစားအစာတစ်မျိုးဖြစ်သည့် ကင်မ်ချီမှာ မြန်မာချဉ်ဖတ်နှင့် တူညီမှုရှိသည်ဟုယူဆသူ အမျိုးသားများရှိသကဲ့သို့ ရန်ကုန်တက္ကသိုလ်၌ လူမှုရေးပညာဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် တက်ရောက်လျက်ရှိသူ ဒေါ်ခင်မျိုးညွန့်ကလည်း ကိုရီးယားနိုင်ငံ၏ အဓိက အစားအစာတစ်မျိုးဖြစ်သည့် ကင်မ်ချီကို စိတ်ဝင်စားကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်၍ အသီးအနှံများနှင့် ရောနှောပြုလုပ်ထား၍ အာဟာရပြည့်ဝကြောင်းကို ရုပ်ရှင်ကားများတွင် ကြည့်ရှုရသည့်အတွက် စားသုံးဖြစ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါကင်မ်ချီမှာ မြန်မာလက်လုပ်ချဉ်များနှင့် အလွန်ဆင်တူပြီး မြန်မာတို့စားသုံးသည့်အရသာနှင့်ကွာခြားမှုနည်းသည့်အတွက် ပိုမိုကြိုက်နှစ်သက်ခြင်းဖြစ်ကြောင်းနှင့် ၎င်းအနေနှင့် ချဉ်ဖတ်ကြိုက်နှစ်သက်မှုကြောင့်လည်း ယခုအစားအစာကိုပါ ကြိုက်နှစ်သက်ခြင်းဖြစ်ကြောင်း ပြောပြသည်။

ထို့အပြင် ကိုရီးယားအစားအစာ၏ အပြင်အဆင်ကိုကြည့်ပါကလည်း အမြင်ဆန်းမှုရှိပြီး စားသည့်အခါတွင်လည်း ပမာဏများပြားသည့်အတွက် စားရသည်မှာ တင်းတိမ်၍ ကျေနပ်မှုရှိသည်ဟု Moon Bakery တွင် လာရောက်စားသုံးသူတစ်ဦးက ဆိုသည်။

## ဆိုင်ပြင်ဆင်ဖွဲ့စည်းမှု

ကိုရီးယားအစားအစာနှင့် ကိုရီးယားဝတ်စားဆင်ယင်မှုပုံစံများကို နှစ်ခြိုက်ကြသူများပြားသော်လည်း မြန်မာနိုင်ငံရှိ ကိုရီးယားလူမျိုးများအတွက် ပစ်မှတ်ထားသည့် ကိုရီးယားအစားအစာ စားသောက်ဆိုင်ကြီးအများစုတွင်သာ ကိုရီးယားပုံစံ ပြင်ဆင်မှုရှိပြီး ကိုရီးယားအစားအစာနှင့်အတူ အခြားအစားအစာများပါ တွဲဖက်ရောင်းချသည့် ဆိုင်အများစုတွင်မူ ကိုရီးယားလူမျိုးများကိုယ်တိုင် ဖွင့်လှစ်ထားသော်လည်း ဆိုင်ပြင်ဆင်ဖွဲ့စည်းမှုမှာ ကိုရီးယားဆန်ဆန်ဒီဇိုင်းဖြင့် ခင်းကျင်းပြင်ဆင်မှုမရှိသေးသည်ကို တွေ့ရှိရသည်။

စားသုံးသူအများစုမှာ ကိုရီးယားစားသောက်ဖွယ်ရာများကို နှစ်ခြိုက်မှုရှိသော်လည်း ဆိုင်ပြင်ဆင်ဖွဲ့စည်းပုံတွင်မူ ဥရောပပုံစံပြင်ဆင်မှုကို နှစ်သက်သဘောကျမှု ပိုများသည်ဟု အဆိုပါပုံစံဖြင့် ဖွဲ့စည်းပြင်ဆင်၍ ဖွင့်လှစ်ရောင်းချသူအချို့က ဆိုသည်။

## ရေရှည်အလားအလာ

ဥရောပ၊ အာရှနှင့် အရှေ့တောင်အာရှပါမကျန် နိုင်ငံတစ်လွှားသို့ ထိုးဖောက်နေရာယူလျက်ရှိသည့် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ၊ ရုပ်ရှင်ကားများနှင့်အတူ ကိုရီးယားမင်းသား၊မင်းသမီးတို့ ဝတ်ဆင်လေ့ရှိသည့် ဒီဇိုင်းဖြင့် အဝတ်အထည်များ၊ အသုံးအဆောင်များပါမကျန်

www.foreverspace.com.mm

ဈေးကွက်အတွင်း ထိုးဖောက်နေရာယူလာခဲ့ရာ ကိုရီးယားတို့၏ နေထိုင်ပြင်ဆင်မှုပုံစံသာမက လူတို့ရှင်သန်ရပ်တည်မှုအတွက် အဓိကလိုအပ်သည့် အစားအစာကဏ္ဍတွင်ပါ ကိုရီးယားနိုင်ငံသားတို့၏ အစားအသောက်များက ဝင်ရောက်လာခဲ့ပြီဖြစ်ပေရာ မြန်မာနိုင်ငံတွင် စောစီးစွာ နေရာယူထားသည့် တရုတ်နှင့် အိန္ဒိယ အစားအစာများကဲ့သို့ (ဥပမာ-လက်ဖက်ရည်၊ ပေါက်စီ၊ ဒံပေါက်၊ ကြေးအိုး) ဈေးနှုန်းသင့်တင့်စွာဖြင့် အလွယ်တကူ ဝယ်ယူစားသုံးနိုင်သည့် အနေအထားတစ်ခုအဖြစ် ရပ်တည်သွားပါက စားသုံးသူဈေးကွက်အတွင်း နေရာတစ်ခုဖြစ်ထွန်းပေါ်ပေါက်လာနိုင်ဖွယ်ရာရှိလိမ့်မည်ဟု လေ့လာသူတို့က သုံးသပ်သည်။

ရေရှည်စားသုံးသူကို လွှမ်းမိုးနိုင်မည့်အစားအစာအဖြစ်သတ်မှတ်ရန်အတွက်မူ အဆိုပါဆိုင်များဖွင့်လှစ်လာခဲ့သည့် အချိန်မှစ၍ ယနေ့ရောက်ရှိနေသော အနေအထားကိုကြည့်ရှုလျှင် ကျယ်ပြန့်စွာ နေရာယူထိုးဖောက်နိုင်ရန်အတွက် လိုအပ်ချက်များစွာရှိနေသေးသည်ကို တွေ့ရပေမည်။

ဈေးနှုန်းပိုင်းတွင်လည်း ယခုထိတိုင် တည်ငြိမ်စွာ သတ်မှတ်မှုမရှိကြသေးသည်ကို တွေ့ရှိရသည်။အစားအသောက်တို့၏ ဈေးနှုန်းကို ရောင်းချရမှုပိုင်းနှင့် ဆိုင်ဖွင့်လှစ်သည့် အချိန်တို့ပေါ်မူတည်လျက်သာ အတိုးအလျှော့ပြုလုပ်ရောင်းချနေကြပြီး တစ်ပြေးညီဈေးနှုန်းတစ်ရပ်အဖြစ် သတ်မှတ်ရောင်းချမှု ယခုတိုင်အားနည်းမှုရှိနေသည်ကို တွေ့ရှိနေရပေသည်။

စားသုံးသူအချို့ကမူ ကိုရီးယားအစားအစာဖန်တီးရန်အတွက် ပါဝင်သုံးစွဲရသည့် ပစ္စည်းအများစုမှာ (ဥပမာ-အသီးအရွက်နှင့်အသား) မြန်မာနိုင်ငံအတွင်း၌ပင် ရရှိနိုင်ပြီး ပြည်ပမှသီးသန့်မှာယူမှုနည်းပါးသည့်အတွက် ဈေးနှုန်းအတက်အကျများစွာမရှိနိုင်ဘဲ အရသာဘက်တွင်လည်း မြန်မာစားသုံးသူတို့ လက်ခံနိုင်သည့်အတွက် ရေရှည်ဈေးကွက်တစ်ရပ်အနေဖြင့် ရပ်တည်နိုင်မည်ဟု သုံးသပ်ကြသည်များလည်းရှိသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာတွဲ (ညနေပိုင်း) သင်တန်း (EMPA) မှ ဦးဇော်ထူးဦးက ယခုအခါ မြန်မာနိုင်ငံတွင် အင်တာနက်အစရှိသည့် ဆက်သွယ်မှုကွန်ရက်များ ပေါ်ပေါက်လာသည့်အတွက် နိုင်ငံတကာ၏ ယဉ်ကျေးမှု၊ အစားအသောက်နှင့် ဖက်ရှင်များကို မြင်တွေ့ရသောကြောင့် စိတ်ဝင်စားမှုရှိလာကြကြောင်း၊ ဆိုင်၏အပြင်အဆင်နှင့် အစားအသောက်တို့အပေါ်တွင် စိတ်ဝင်စားမှုကြောင့်လည်း လေ့လာစားသုံးလိုကြကြောင်း၊ အလားတူ ကိုရီးယားရုပ်ရှင်ကားများမှ အစားအသောက်၊ ၎င်းတို့၏ လူနေမှုပုံသဏ္ဌာန်၊ ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင် စသည်တို့ကို သတင်းအချက်အလက်အဖြစ်ရရှိကြောင်း၊ အဆိုပါဇာတ်လမ်းများကို ကြည့်ရှုရာမှ မြင်တွေ့ရသည့် ၎င်းတို့၏ အသွင်သဏ္ဌာန်နှင့် အစားအစာတို့ကိုပါ စိတ်ဝင်စား၍ လိုက်ပါသုံးစွဲလာခြင်းပင်ဖြစ်ကြောင်း၊ အစားအသောက်များအား ရေရှည်စားသုံးရန်မှာ ကြိုက်နှစ်သက်မှု အခြေအနေအပေါ် မူတည်သွားမည်ဖြစ်ကြောင်း သုံးသပ်ပြောဆိုသည်။

ဈေးနှုန်းတက်ခြင်း၊ ကျခြင်းတို့မှာ ရောင်းလိုအားအခြေအနေနှင့် လက်ရှိ ဖွင့်လှစ်ထားသည့် ဆိုင်အရေအတွက် အနည်းအများစသည်တို့အပေါ်တွင် အခြေခံခြင်းမဟုတ်ဘဲ အစားအစာချက်ပြုတ်ရာတွင် နည်းပညာအရ ထည့်သွင်းအသုံးပြုရသည့် Sauce၊ ဂျင်ဆင်းအစရှိသည့် ကုန်ကြမ်းပစ္စည်းများကို ကိုရီးယားနိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းရသည့်အတွက် ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲရခြင်းဖြစ်ကြောင်း၊ နောင်တွင် ကိုရီးယားအစားအသောက်ဆိုင်များ ယခုထက်ပိုမိုများပြားစွာ ပေါ်ပေါက်လာပါကလည်း ဈေးနှုန်းမှာ ယခုထက် လျော့ကျသွားဖွယ်ရာမရှိနိုင်ကြောင်း ကိုရီးယားစားသောက်ဆိုင်များနှင့်ပတ်သက်၍ ၁၅ နှစ်ခန့် အတွေ့အကြုံရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုအချိန်ထိမူ ကိုရီးယားအစားအစာပြုလုပ်ရောင်းချခြင်းကို ကိုရီးယားလူမျိုးများဖြင့်သာ စီစဉ်လုပ်ကိုင်ဆောင်ရွက်နေသည်ဟု ဖွင့်လှစ်ရောင်းချသည့် ဆိုင်များ၏ ပြောကြားမှုအရ သိရသည်။

## သုံးသပ်ချက်

မည်သို့ပင်ဆိုစေကာမူ စားသုံးသူတို့၏ ဝယ်လိုအားမြင့်မားရေး၊ သုံးစွဲနိုင်မှုအားကောင်းမွန်ရေးတို့မှာ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရေးနှင့် တိုက်ရိုက်အချိုးကျနေပြီး နိုင်ငံသားတို့၏ တစ်ဦးချင်းဝင်ငွေသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခဝင်ငွေပေါ်တွင် မူတည်နေပေရာ ယင်းဝင်ငွေအတွက် စီးပွားရေးအဖွဲ့အစည်းများနှင့် ထုတ်လုပ်ဝန်ဆောင်မှုပြုလုပ်သော ကဏ္ဍအသီးသီး ကောင်းမွန်စွာ ရှင်သန်ဖွံ့ဖြိုးနိုင်စေသော စီးပွားရေးဝန်းကျင်တစ်ရပ်ကို တည်ဆောက်နိုင်ရန်မှာ အရေးကြီးလှပါသည်။

သို့ဖြစ်ရာ ကိုရီးယားအစားအစာဈေးကွက်သည်လည်း စားသုံးသူတို့၏ ဝယ်ယူစားသုံးနိုင်မှုအား (Purchasing Power)မြင့်မားလာပါက ယဉ်ကျေးမှုကူးလူးစီးဝင်မှုနှင့်အတူ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိလာမည်မှာ အသေအချာပင် ဖြစ်ပါသည်။

**ဇာလီကျော်**

၂-၁၀-၂၀၀၆

■

www.foreverspace.com.mm





# ရေနေသတ္တဝါများ အရှည်တည်တံ့စေရန် အသိပညာမြှင့်တင်ရေးလိုအပ်ချက်

ကျော်ဆန်းမင်း

**တိုး တက်လာသော ကမ္ဘာ့လူဦးရေနှင့် ရရှိနေသည့် စားနပ်ရိက္ခာပမာဏမှာ တဖြည်းဖြည်းအနုတ်လက္ခဏာဆောင်လာကြောင်းကို စားနပ်ရိက္ခာပြဿနာဖြင့် ကြုံတွေ့နေရသည့်ကမ္ဘာ့နိုင်ငံများကို ကြည့်ခြင်းအားဖြင့် အထင်အရှားတွေ့နိုင်သည်။ ကမ္ဘာသားတို့ စားနပ်ရိက္ခာအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အဓိကအားထားနေရသော်လည်း မွေးမြူရလွယ်ကူပြီး တိုးပွားနှုန်းမြင့်သည့် ရေသတ္တဝါများကို အဓိကအားထားလာရာမှ ရေနေသတ္တဝါများ အရှည်တည်တံ့ရေးမှာ အရေးကြီးလာသည့်အတွက် ရေသတ္တဝါများအရှည်တည်တံ့စေရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လာကြသည်။**

မြန်မာနိုင်ငံတွင်လည်း မွေးမြူရေးလုပ်ငန်း၏ အခန်းကဏ္ဍမှာ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက တိုင်းပြည်ဝင်ငွေရှာဖွေပေးနေသည့် အဓိကပို့ကုန်အဖြစ်လည်း ရပ်တည်နေသည့်အတွက် ရေနေသတ္တဝါများ အရှည်တည်တံ့စေရန်နှင့် မြန်မာ့မျိုးရင်းရေနေသတ္တဝါမျိုးများ မျိုးတုံးပျောက်ကွယ်မှု ကာကွယ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါး

www.foreverspace.com.mm

လုပ်ငန်းဦးစီးဌာနမှ ဥပဒေများထုတ်၍ ကာကွယ်မှုများ ပြုလုပ်နေသော်လည်း ဥပဒေမျက်ကွယ်တွင် လုပ်ဆောင်နေကြသည်များရှိနေသဖြင့် ဥပဒေဖြင့်တားမြစ်ချက်များအပြင် ရေလုပ်သားများ၏ အသိပညာတိုးမြှင့်စေရန် ဆောင်ရွက်မှုများလည်း လိုအပ်လာသည်။

## ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ဆောင်မှုများ

မြန်မာ့ရေထွက်ပစ္စည်းအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနက လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိရာ သဘာဝအလျောက် ပုစွန်သားပေါက်စုဆောင်းမှုကိုလည်း အထူးကြပ်မတ်လျက်ရှိပြီး ရခိုင်ပြည်နယ်တွင် သမားရိုးကျမွေးမြူသူများ ပုစွန်သားပေါက်ရရှိရေးအတွက် သဘာဝပုစွန်သားပေါက် စုဆောင်းခွင့်လိုင်စင်ကို ငါးဦးသာ ထုတ်ပေးထားကြောင်း၊ တစ်ဦးလျှင် ကောင်ရေ သုံးသိန်းသာသတ်မှတ်ထားပြီး သဘာဝ သားပေါက်စုဆောင်းရာတွင်လည်း လုံးထိုးပိုက်ကိုခွင့်မပြုဘဲ ပင်လယ်ကမ်းစပ်တွင် လှိုင်းဖြင့်ပါလာသော ပင်လယ်သားပေါက်များကို ဂေါ်ယက်သဲ့တို့ဖြင့် ဖမ်းဆီးခြင်းသာ ခွင့်ပြုထားကြောင်း၊ ၁၅၀ ဂရမ်အောက် ကျောက်ပုစွန်များဖမ်းဆီးခြင်း၊ အေးခဲ ခြင်း၊ ပြည်ပတင်ပို့ခြင်းများကိုလည်း တားမြစ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ပြောကြားသည်။

ငါးမျိုးမတုံးစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ် မေလမှ ဇူလိုင်လ ၃၁ ရက်နေ့အထိ မည်သည့်ငါးဖမ်းကိရိယာနှင့်မျှ မဖမ်းဆီးရဥပဒေထုတ်ပြန်ထားသော်လည်း စည်းကမ်းချိုးဖောက်သူများကို တွေ့ရှိ၍ ဖမ်းဆီးအရေးယူလျက်ရှိရာ ဇွန်လ ၂၃ ရက်နေ့တွင် သန်လျင်တံတားအနီး၌ ပိုင်ရှင်မဲ့ကျားပိုက်တစ်ဖုံ၊ ၂၈ ရက်နေ့တွင် ထန်းတပင်မြို့နယ် လှိုင်မြစ်အတွင်း တရားခံခုနစ်ဦးနှင့် ပိုက်များ၊ ဇူလိုင်လ ၁ ရက်နေ့တွင် တိုက်ကြီးမြို့ နယ် ဧရာဝတီမြစ်၊ အဖျောက်၊ အလယ် တန်း၊ ညောင်ပင်သာနေရာများတွင် တရားခံ ၁၄ ဦး စုစုပေါင်းတရားခံ ၂၁ ဦး နှင့် ပိုက်မျိုးစုံ ၂၆ ဖုံ ဖမ်းဆီးရမိကြောင်း ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်း ဦးစီးမှူး ဦးဝင်းသိန်းဦးကဆိုသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ငါး၊ ပုစွန်များအပြင် ကဏန်းနှင့် ငါးရှဉ့်များရေရှည်တည်တံ့စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ ယခင်က ပြည်ပတင်ပို့သည့် ငါးရှဉ့်များတွင် သုံးစင်တီမီတာအောက် ငါးရှဉ့်များတင်ပို့ခွင့် ပိတ်ပင်ထားပြီး ယခုလ ၆ ရက်နေ့မှစ၍ ငါးစင်တီမီတာအောက်ငါးရှဉ့်များ တင်ပို့ခွင့်ပိတ်ပင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းကဆိုသည်။

ကဏန်းများကိုလည်း အလေးချိန် ၁၀၀ ဂရမ်အောက် သို့မဟုတ် အရွယ်အစား အလျား ၈.၁၅ စင်တီမီတာနှင့်အနံ ၆.၁၅ စင်တီမီတာအောက်ကဏန်း များ တင်ပို့ခွင့်ပိတ်ပင်ထားကြောင်း၊ သတ်မှတ်အရွယ်အစားအောက် ငါးရှဉ့်၊ ကဏန်းများပါဝင်မှု မရှိစေရန် စနစ်တကျစစ်ဆေးနေပြီး ဖမ်းဆီးရမိသော ငါးရှဉ့်၊ ကဏန်းများကို သဘာဝမြစ်ချောင်းများအတွင်းသို့ ပြန်လွှတ်ပေးကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ယင်းသို့ ဥပဒေအရ စစ်ဆေးအရေးယူမှုများ ဆောင်ရွက်နေသကဲ့သို့ သဘာဝမြစ်ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးမျိုးစိုက်ထည့်မှုများပြုလုပ်လျက်ရှိရာ ၂၀၀၀–၂၀၀၁ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ငါးသန်၊ ငါးမှုန် စုစုပေါင်းကောင်ရေ ၁၃၄၃၈.၅၂ သိန်း စိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

## NGO သို့မဟုတ် NPO

ယင်းသို့ အာဏာပိုင်များဘက်မှ ဥပဒေများသတ်မှတ်ပြီး စိစစ်အရေးယူသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non Government Organization) သို့မဟုတ် အကျိုးအမြတ်မရှေး

**အရွယ်အစားသေးငယ်သော ငါးရှဉ့်များကို တင်ပို့ခွင့်မပြုတော့ပေ**



www.foreverspace.com.mm

ရှိသော အဖွဲ့အစည်းများ (Non Profit Organization) ၏ လုပ်ဆောင်မှုများ များစွာ လိုအပ်နေသော်လည်း မြန်မာနိုင်ငံတွင် ယင်းအဖွဲ့အစည်းများ လွန်စွာနည်းပါးနေပြီး မွေးမြူရေးအခန်းကဏ္ဍအတွက် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ယင်းအဖွဲ့အစည်းအောက်ရှိ အဖွဲ့ငယ်များသာ ရှိနေခြင်းကလည်း လိုအပ်ချက်တစ်ရပ်ဖြစ်နေသည်။

ရေသတ္တဝါမျိုးများ မပျောက်ပျက်စေဘဲ ရေရှည်တည်တံ့နိုင်စေရန် ဥပဒေအရ အာဏာပိုင်များ၏ အရေးယူမှုများအပြင် ရေနှင့်ပတ်သက်သည့် လူများ၊ ရေလုပ်သားများမှစ၍ ထုတ်လုပ်သူများ၊ ပြည်ပတင်ပို့ရောင်းချသူများအဆုံး အကြောင်းအကျိုးဆက်စပ်တွေးခေါ်နိုင်သည့် အသိပညာများ တိုးမြှင့်ပေးမှသာ ဥပဒေမျက်ကွယ်တွင်လည်း အသိတရား၏ နှိုးဆော်မှုကြောင့် စောင့်ထိန်းနိုင်မည်ဖြစ်သည့်အတွက် အသိပညာပေးရေးလုပ်ငန်းများမှာ များစွာလိုအပ်လာသည်။

အသိပညာပေးရေးလုပ်ငန်းများ လုပ်ဆောင်ရာအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ များစွာအရေးပါလာသည့်အတွက် ယင်းအဖွဲ့အစည်းများ ပိုမိုပေါ်ပေါက်လာရေးမှာလည်း အဓိကကျလာသည်။ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် အသိပညာမြှင့်တင်ရေးအတွက် ဘာသာရပ်ဆိုင်ရာဟောပြောပွဲများ၊ နည်းပညာဆိုင်ရာဟောပြောပွဲများ၊ သင်တန်းများဖွင့်လှစ်လုပ်ကိုင်နေသော်လည်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မူ များစွာ အားနည်းနေသေးသည့်အတွက် ငါးလုပ်ငန်းအဖွဲ့ချုပ်ကဲ့သို့ အခြားအဖွဲ့အစည်းများ ပိုမိုဖွံ့ဖြိုးလာရေးမှာ အရေးပါလာသည်။

NGO များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည်ဆိုသော်လည်း ပေါ်ပေါက်လာသည့် NGO များအနေဖြင့် အတ္တဟိတအတွက်မလုပ်ဘဲ ပရဟိတအတွက်သာ ဦးတည်ချက်ထားပြီးလုပ်ရန်လိုအပ်လှကြောင်း၊ NGO များ စတင်တည်ထောင်ခါစတွင် ပရဟိတအတွက် အဓိကလုပ်ဆောင်ကြသော်လည်း နောက်ပိုင်းတွင် ရည်ရွယ်ချက်များ တိမ်းစောင်းသွားတတ်သည့်အတွက် အမှန်တကယ်လုပ်ဆောင်မည့် NGO များ ပေါ်ပေါက်ရေးမှာ အဓိကပိုကျကြောင်း NGO လုပ်ငန်းများ လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

## အသိပညာမြှင့်တင်ရေး

ရေလုပ်သားများ အသိပညာအားနည်းခြင်းကြောင့် ဘက်ထရီရှော့ခ်တိုက်၍ ငါးဖမ်းခြင်း၊ ပိုးသတ်ဆေးဖြင့် ငါးဖမ်းခြင်းကဲ့သို့ ငါးဖမ်းနည်းစနစ်များသုံးစွဲလာခြင်းဖြစ်ပြီး ယင်းငါးဖမ်းနည်းများကြောင့် ငါးကြီးများသာမက အရွယ်မရောက်သေးသော ငါးများ၊ ငါးသန်များ၊ ငါးသူများနှင့် သဘာဝအစာကွင်းဆက် များပျက်စီးစေပြီး ရေရှည်တွင် ၎င်းတို့ရှာဖွေစားသောက်နေသည့် သဘာဝ ရေပြင်၌ ငါးမျိုးများပျောက်ကွယ်သွားကာ သားစဉ်မြေးဆက်စားနပ်ရိက္ခာရှားပါးမှုကြုံနိုင်သည့်အဖြစ်ကို မသိရှိကြခြင်းကြောင့်သာ ယင်းသို့ လုပ်ဆောင်ကြခြင်းဖြစ်သည်။

ယင်းသို့ လုပ်ဆောင်နေမှုများကို သက်ဆိုင်ရာမှ ဥပဒေများထုတ်ပြန်ဆောင်ရွက်နေသည့်အတွက် စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုများ အထိုက်အလျောက်လျော့နည်းသွားသော်လည်း ဥပဒေမျက်ကွယ်တွင် ဆောင်ရွက်နေသေးသည့်အတွက် သက်ဆိုင်ရာအာဏာပိုင်များ



**ငါးဖမ်းစနစ်လွဲမှားနေခြင်းကြောင့် အရွယ်မရောက်သေးသော ငါးများပါ သေကျေပျက်စီးကြရသည်**



www.foreverspace.com.mm

အပြင် NGO များနှင့် မီဒီယာများမှ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန် လိုအပ်လာသည်။

"သတ်မှတ်ပိုက်ထက်သေးတဲ့ ပိုက်တွေနဲ့ ငါးဖမ်းတာ၊ တားမြစ်ငါးဖမ်းနည်းစနစ်တွေနဲ့ ငါးဖမ်းတဲ့အတွက် မလိုလားအပ်တဲ့ ဆုံးရှုံးမှုများစွာဖြစ်ရတယ်။ အာဏာပိုင်တွေအနေနဲ့ကလည်း နေရာတိုင်းမျက်စိဒေါက်ထောက်ကြည့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် ကိုယ်တိုင်စည်းကမ်းလိုက်နာတတ်ဖို့ ပညာပေးလုပ်ငန်းတွေလိုအပ်တယ်။ ပညာပေးတယ်ဆိုတဲ့နေရာမှာ အခြေခံပညာအားကောင်းဖို့က အရေးကြီးတယ်။ တချို့က ပညာတတ်တယ်၊ စည်းကမ်းမလိုက်နာဘူး၊ တချို့က စည်းကမ်းလိုက်နာချင်ပေမယ့် အခြေခံပညာအားနည်းတော့ နားမလည်ဘူး။ ဒါကြောင့် အခြေခံပညာအားကောင်းလာဖို့ရော၊ နိုင်ငံကြီးသားစိတ်ဓာတ်တွေရှိလာဖို့ရော ပညာပေးမှုတွေ တစ်ပြိုင်တည်းလုပ်ဖို့လိုတယ်"ဟု မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှမောင်ရွှေက အသိပညာမြှင့်တင်ရေးနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ရှင်းပြသည်။

အသိပညာပေးရာတွင်လည်း အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် NGO များမှ အောက်ခြေအထိဆင်း၍ ပညာပေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မီဒီယာများမှ ထုတ်လွှင့်တင်ဆက်ပြသခြင်းတို့ ပြုလုပ်ရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

NGO သို့မဟုတ် NPO များအားနည်းရခြင်းမှာ မြန်မာနိုင်ငံသားများအနေဖြင့် အဖွဲ့အစည်းများနှင့် လုပ်ဆောင်သည့်ဓလေ့စရိုက်နည်းခြင်းနှင့် အဖွဲ့အစည်းများအတွက်လိုအပ်သည့် Budget အနေအထားကြောင့်ဖြစ်ကြောင်း၊ Civil Society အားကောင်းမှသာ ယင်းကဲ့သို့ အဖွဲ့အစည်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် တစ်ဦးစီ တစ်ဦးစီ၏



**ရေနေသတ္တဝါများအရှည်တည်တံ့ရေးမှာ အရေးကြီးလာပြီဖြစ်သည်**

အရှည်အချင်း၊ အရှည်အသွေးများအပြင် တစ်ဦးပေါ်တစ်ဦး နားလည်နိုင်မှုနှင့် ကိုယ်ကျိုးထက် အဖွဲ့အစည်း၏ ရည်မှန်းချက်ရောက်ရှိရေးသာ အဓိကထားတတ်သည့်စိတ်ဓာတ်များရှိရန် များစွာလိုကြောင်း ပြည်တွင်း NGO အဖွဲ့အစည်းတစ်ခုတွင် အတွင်းရေးမှူးတာဝန်ယူ လုပ်ကိုင်နေသူတစ်ဦးက NGO များတွင် ဝင်ရောက်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများအပေါ် ၎င်း၏အမြင်ကို ပြောကြားသည်။

## နိဂုံး

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကဏ္ဍအသီးသီးတွင် နိုင်ငံသားများ၏ အသိပညာတိုးတက်ရေးအတွက် အဖွဲ့အစည်းမျိုးစုံမှ လုပ်ဆောင်နေကြသော်လည်း မြန်မာနိုင်ငံကဲ့သို့ တတိယကမ္ဘာ့နိုင်ငံများတွင် ယင်းလုပ်ငန်းများ၌ အားနည်းနေသေးသည်ကိုတွေ့ရပြီး ယခုအခါ ပြည်ပမှ NGO အဖွဲ့များ ပြည်တွင်း၌ လာရောက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသော်လည်း လုပ်ဆောင်ချက်များအနေဖြင့် ထိရောက်ပီပြင်မှုမရှိသေးကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအတွင်း၌ အသိပညာပေးရေးလုပ်ငန်းများကဏ္ဍအသီးသီးတွင် လိုအပ်လျက်ရှိသော်လည်း လူသားတို့အတွက် အရေးကြီးသည့် စားနပ်ရိက္ခာများရေရှည်တည်တံ့ရေးလုပ်ငန်းများတွင် အဓိကထားပြီး အင်တိုက်အားတိုက်ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ ရေသတ္တဝါဖမ်းဆီးမှုတွင် အသိပညာနည်းပါးမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများမှာ ရေရှည်တွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပဝင်ငွေရရှိနေမှုပါ များစွာထိခိုက်လာဖွယ်ရှိခြင်းကြောင့် ရေလုပ်သားများ အသိပညာတိုးတက်စေရေးအတွက် အခြေခံအသိပညာများနှင့် နိုင်ငံကြီးသားစိတ်ဓာတ်များ ကိန်းအောင်းလာစေရန်နှင့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကျော်ဆန်းမင်း**

www.foreverspace.com.mm



# ဈေးကွက်စီးပွားရေးနှင့် အဝေးပြေးယာဉ်လိုင်းများ၏ဝန်ဆောင်မှု

တင်အောင်ကျော်

**မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုပေးနေသော အဝေးပြေးယာဉ်လိုင်းအသီးသီး၌ ဝန်ဆောင်မှုကွာခြားသည်နှင့်အမျှ ဈေးနှုန်းလည်း ခြားနားရသည်ဖြစ်သောကြောင့် တရားသေသတ်မှတ်နှုန်းထားပေါ်၌ အတိုးအဆုတ်ပြုရသည့်အခါ စားသုံးသူ (ခရီးသည်) နှင့် ယာဉ်လိုင်းကြား နားလည်မှုယူရသည့်အခြေအနေမျိုးသို့ ရောက်ရှိသွားသည်။ ယင်းအခြေအနေမှာ ဈေးကွက်ပြိုင်ဆိုင်မှု၌ လွတ်လပ်ခွင်ကျယ်သော ထိန်းချုပ်ကိုင်တွယ်မှုတစ်ရပ် လိုအပ်ကြောင်း မီးမောင်းထိုးပြနေခြင်းလည်း ဖြစ်သည်။**

လေအေးပေးစက်ဖွင့်ထားသည့် နောက်ဆုံးနံပါတ်အက္ခရာလေအိတ် Express ကားကြီးပေါ်သို့ ရောက်ရှိသည့်အချိန်တွင် လက်မှတ်ခ နှစ်ဆခန့် ပိုပေးခဲ့ရသည့် အတွက် ဖြစ်ပေါ်နေသောဒေါသတို့ကို မြမြကျော် မေ့လျော့စပြုနေပြီဖြစ်သည်။ သတ်မှတ်သည့်အချိန်တိုင်း အောင်မင်္ဂလာအဝေးပြေးဝင်းမှ မော်တော်ယာဉ် ထွက်ခွာလာချိန်၌ ‘သတ်မှတ်ဈေးထက်

www.foreverspace.com.mm



ပိုရောင်းကာ တိုင်ဦးမှ' ဆိုသည့် မြမြကျော်၏အတွေးစတို့သည် မေးမှိန်စပြုလာပြီဖြစ်သည်။ ထိုမှ တစ်နာရီခန့်အကြာတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားအနီး ဖြတ်သန်းသွားချိန်တွင် သူမသည် ထိုင်ခုံပေါ်တွင် အားလုံးကို မေ့လျော့ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိသည်။

နာမည်ရအပတ်စဉ်ထုတ် သတင်းဂျာနယ်မှ သတင်းအယ်ဒီတာဖြစ်သူ မုံရွာသူ မြမြကျော်သည် ခရီးမိုင် ၅၁၇ မိုင်အကွာအဝေးတွင်ရှိသော မုံရွာရှိ နေအိမ်သို့ပြန်သည့်အခါတိုင်း လက်မှတ်ဈေးနှုန်းများမှာ တူညီခြင်းမရှိဘဲ မကြာခဏ ကွဲလွဲနေသည်ကို တွေ့ရသည်ဟု ၎င်းက ဆိုပါသည်။

ယင်းကဲ့သို့ သတ်မှတ်ဈေးနှုန်းပြောင်းလဲမှုများမှာ ရန်ကုန်-မုံရွာပြေးဆွဲနေသည့် ယာဉ်လိုင်းများတွင်သာမက မြန်မာနိုင်ငံအနှံ့အပြား ပြေးဆွဲနေသော ကားဂိတ်ပေါင်း ၂၀၂ ဂိတ်တို့တွင် မကြာခဏဆိုသလို ပြင်ပစက်သုံးဆီအခြေအနေများနှင့် ဆက်စပ်၍ ခရီးသည်များ ကြုံတွေ့ရလေ့ရှိသော အခြေအနေဖြစ်ကြောင်းလည်း အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်းရှိ ဂိတ်မှူးတစ်ဦးက ဆိုပါသည်။

## အများစုလက်ခံလာကြသော ဈေးနှုန်းကွဲလွဲမှုများ

"အချိန်ကာလအနေနဲ့ပြောရရင် တန်ဆောင်တိုင်ဆို တောင်ကြီးလိုင်း၊ တောင်ပြုံးချိန်ဆိုရင် မန္တလေးလိုင်း၊ သင်္ကြန်ချိန်ဆိုရင် ဂိတ်အားလုံးလိုလို ဈေးအပြောင်းအလဲတွေ ရှိတတ်ပါတယ်" ဟု အဆိုပါဂိတ်မှူးက ပြောပါသည်။

ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်မှစ၍ ယခု ၂၀၀၆ ခုနှစ်အတွင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ယာဉ်လိုင်းသစ် ၃၀ ကျော် တိုးပွားလာခဲ့ပြီး လက်ရှိ ရန်ကုန်တိုင်းအခြေပြု မထသ (အဝေးပြေး) လက်အောက်တွင် ယာဉ်လိုင်းပေါင်း ၁၁၈ လိုင်းထိ ရှိနေပြီဖြစ်ကြောင်း မထသ (အဝေးပြေး) မှ သိရှိရသည်။

မထသ (အဝေးပြေး) လက်အောက်ရှိ စက်သုံးဆီပံ့ပိုးမှုကို ရယူပြေးဆွဲနေ သော ယာဉ်လိုင်းများအား လေအိတ် (Express) ကားကြီးများအား ခရီးတစ်မိုင် လျှင် ၁၅ ကျပ်နှုန်းနှင့် စီးတီးဘတ်စ်များအား ယင်းနှုန်းထက် ၁၅ ရာခိုင်နှုန်း လျှော့ချယူရန် တရားဝင်သတ်မှတ်ထားကြောင်း ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)မှ ပို့ဆောင်ရေးရာတာဝန်ခံ ဦးတင်ဝင်း၏အဆိုအရ သိရှိရသည်။

"ရန်ကုန်တိုင်းအခြေပြု မထသ လက်အောက်မှာရှိတဲ့ ဂိတ်တွေက လက်မှတ်ကို သတ်မှတ်ဈေးနှုန်းထက် ပိုရောင်းရင် အထောက်အထားနဲ့ ဖုန်းဆက်ပြီး တိုင်လို့ရပါတယ်" ဟုလည်း ဦးတင်ဝင်းက ဆိုသည်။

"ဂိတ်က လက်မှတ်ဖြတ်ရင် အခကျွန်မပေးရတဲ့ဈေးနှုန်းကို ရေးတာမဟုတ်ဘူး။ သူတို့ရေးနေကျနှုန်းပဲ လက်မှတ်မှာ ရေးပေးလိုက်တာ။ ရုပ်ရှင်ရုံမှောင်ခိုမှာ ၄၀၀ တန်းကို ၈၀၀ ပေးသလိုပေါ့။ အထောက်အထားနဲ့ပြောရရင်တော့ ဘာမှမရှိဘူးပေါ့" ဟု ဆိုသည်။

မြမြကျော်အနေဖြင့် ငယ်ရွယ်သူဖြစ်သည့်အလျောက် ရှုံဖန်ရှုံခါ ယင်းကဲ့သို့ လက်မှတ်ခဈေးကြီးပေးဝယ်ရသည့်အခါတိုင်း သက်ဆိုင်ရာသို့ တိုင်ကြားရန် စိတ်ကူးရှိကြောင်းနှင့် သို့ရာတွင် ယင်း အဝေးပြေးယာဉ်လိုင်းပေါ်မှ အိမ်မရောက်မီ ထိုစိတ်ကူးတို့သည် ပျောက်ကွယ်သွားကြောင်း သူမက ပြောပါသည်။

"သူတို့ဆီက ဝန်ဆောင်မှုကောင်းကောင်းပြန်ရတဲ့အခါ ကျွန်မအနေနဲ့ ရေရှည်ဘာကိုမှ မကျေမနပ်ဖြစ်မနေတော့ပါဘူး"

## နောက်ဆုံးပေါ်လေအိတ်ကားများဖြင့် ဈေးကွက်ရယူထားသော ယာဉ်လိုင်းသစ်များ

တစ်ရက်လျှင် ကားလေးစီးမှ ကိုးစီးအထိ ရန်ကုန်နှင့် မန္တလေးမြို့တို့အကြား ပုံမှန်ပြေးဆွဲနေသော နာမည်ရ မြတ်မန္တလာထွန်းကားဂိတ်သည် မကြာမီအသစ်ထပ်မံဖြည့်တင်းရန် ၉ ခ နံပါတ်ကားများဖြင့် အရန်သင့်ဖြစ်နေပြီဖြစ်ကြောင်း အဆို

**ဝန်ဆောင်မှုကွာခြားသည်နှင့်အမျှ ဈေးနှုန်းလည်းကွာခြားမည်ဖြစ်သည်**



www.foreverspace.com.mm

ဂိတ်မှ ဂိတ်မှူး ဦးထွန်းထွန်းဦးက ဆိုသည်။

"အဲဒီကားတွေကို လိုင်းထဲမှာရှိတဲ့ ၅ခ ကားတွေရောင်းပြီး လဲမှာ၊ လက်ရှိ ကျွန်တော်တို့လိုင်းထဲမှာ ၆ခ/၅ခ/၇ခ ကား ၁၆ စီးနဲ့ ပြေးနေတယ်။ ပြောရရင် ကား တွေအနေအထား တစ်စီးနဲ့တစ်စီး မကွာလှ ပါဘူး။ ဒါပေမဲ့ နံပါတ်မြင့်တော့ ပိုကောင်း တယ်လို့ ခရီးသည်အများစုက အယူရှိကြ တယ်" ဟု ၎င်းက ရှင်းပြသည်။

မြတ်မန္တလာထွန်းယာဉ်လိုင်းကဲ့သို့ မြန်မာနိုင်ငံရှိ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများသည် နောက်ဆုံးပေါ်ကား များ မကြာခဏလဲလှယ်လေ့ရှိပြီး ယင်းကဲ့သို့ ကားသစ်များလဲလှယ်နိုင်ခြင်းမရှိပါက နှစ်ရှည်လများ နာမည်ရအောင်မြင်ခဲ့သော LEO-EXPRESS လိုင်းကြီးသည်ပင်လျှင် အခြားယာဉ်လိုင်းကြီးတစ်ခုက လွှဲပြောင်း ၍လုပ်ကိုင်သွားသည်ကို တွေ့ရကြောင်း အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းဝင်းရှိ ဝါရင့်ဂိတ်မှူးများက သုံးသပ်ပြောဆိုကြသည်။

"အခုအချိန်က နောက်ဆုံးပေါ် မော်ဒယ်လ်ထွက်ရင် အနည်းဆုံး လိုင်းထဲမှာ တစ်စီးလောက်ကတော့ ရှိနေမှုဖြစ်မယ်" ဟု ၎င်းတို့က သုံးသပ်ကြသည်။

သို့ရာတွင် ယခုနှစ်အတွင်း ရန်ကုန် –နေပြည်တော် စတင်ပြေးဆွဲခဲ့သည့် အောင်စိုးမိုးဂိတ်မှ ဂိတ်မှူး ဦးအောင်ကျော်ထွေးက ယာဉ်နောက်လိုက်နှင့် ယာဉ်မောင်းတို့၏ ခရီးသည်များအပေါ် ဆက်ဆံမှုတွင်လည်း မူတည်ကြောင်း၊ မကြာမီက ၉ခ ကားများဖြင့် မော်လမြိုင်–နေပြည်တော်ပြေးဆွဲခဲ့သည့် ယာဉ်လိုင်းတစ်လိုင်းသည် ထင်သလောက် မအောင်မြင်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

"ကားပျက်တာ၊ တာယာပေါက်တာကို စပယ်ယာ၊ ယာဉ်မောင်းဆက်ဆံရေးကောင်းရင် ပြန်ထေလို့ရတယ်။ ဒါပေမဲ့ သူတို့ဆက်ဆံရေးညံ့ရင်တော့လိုင်းနာမည်ပျက်နိုင်တယ်" ဟု ရွှေလီရတနာဂိတ်မှ ဦးရန်နိုင်က ပြောပါသည်။

ယင်းကဲ့သို့ စပယ်ယာ၊ ယာဉ်နောက်လိုက်များ၏ ဆက်ဆံရေးပေါ်တွင် ခရီးသည်များက ဝန်ဆောင်မှုကို အကဲဖြတ်ကြပြီး အခြားအကဲဖြတ်သောအချက်မှာ ကားနှင့်အချိန် တိကျမြန်ဆန်၍ သက်သောင့်သက်သာရှိမှုတို့ဖြစ်ကြောင်းလည်း ဦးရန်နိုင်က ဆိုပါသည်။

ရန်ကုန်–မုံရွာ မကြာခဏ သွားလေ့ရှိသူတစ်ဦးကမူ "Air-Con ကောင်းပြီး အချိန်မှန်တဲ့ လိုင်းကို ဦးစားပေးဝယ်ပါတယ်" ဟုလည်း သူ့အမြင်ကို ပြောပါသည်။

မြတ်မန္တလာထွန်းယာဉ်လိုင်းမှ ဦးထွန်းထွန်းဦးက "ကျွန်တော်တို့လိုင်းက Air-Con အပြည့်ဖွင့်ပါတယ်။ အလယ်ခုံ မတင်ထားပါဘူး။ ကားတွေ ကြံ့ခိုင်ရေးကောင်းအောင် အထူးဂရုပြုပါတယ်" ဟု ၎င်းတို့ယာဉ်လိုင်းနှင့်ပတ်သက်၍ ရှင်းပြသည်။

ယင်းကဲ့သို့ ဝန်ဆောင်မှုကောင်းမွန်သော နောက်ဆုံးပေါ် အကွခရာများဖြင့် ယာဉ်ကြီးများကို သက်သောင့်သက်သာစီးနင်းရန်အတွက် ခရီးသည်အများစု သည် သတ်မှတ်ဈေးနှုန်းထက်ပိုပေးရန် ဝန်

**နေ့စဉ်အဝေးပြေးယာဉ်စီးရေ ၄၀၀ ခန့် ဝင်ထွက်နေသည့် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမြင်ကွင်း**



www.foreverspace.com.mm

မလေးကြဟုလည်း ဝါရင့်ဂိတ်မှူးများက ပြောဆိုကြသည်။

“ဝယ်သူရှိလို့ ရောင်းဈေးထက်ပိုတာတွေ ရှိလာတာပါ”ဟု ၎င်းက ဆိုသည်။

မြစ်ချောင်းများပေါများသော ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ဒေသများသို့ နေ့စဉ်ပျမ်းမျှဝင်ထွက်နေသော အဝေးပြေးယာဉ်စုစုပေါင်း ၁၂၀ စီးရှိပြီး ပျမ်းမျှ ခရီးသည် ၄၅၀၀ ခန့် နေ့စဉ် ဝင်ရောက်လျက်ရှိသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ စာရင်းများက ဆိုသည်။

မြန်မာနိုင်ငံအစိုးရသည် ၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် အဝေးပြေးကားလမ်းများကို အထူးအလေးပေးဖောက်လုပ်ခဲ့ပြီး နိုင်ငံတစ်နံတစ်လျားတွင် လမ်းပန်းဆက်သွယ်မှုအထူးလွယ်ကူစေရန် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်ကူး တံတားကြီးများကို တည်ဆောက်ခဲ့သည်။

အထူးသဖြင့် မြစ်ချောင်းပေါများသော ဧရာဝတီတိုင်းတွင်သာမက မွန်၊ ကရင်၊ တနင်္သာရီဒေသတို့ မြို့တော်ရန်ကုန်နှင့် ကူးလူးဆက်ဆံမှု အထူးများပြားလာပြီး မြန်မာနိုင်ငံအတွင်းရှိ ဒေသတွင်းကူးလူးဆက်ဆံမှုသည် ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးကဏ္ဍ၌ အထူးအရေးပါလာခဲ့သည်။

## ပြောင်းလဲလာသောယာဉ်လိုင်းများ၏ အခြေအနေ

မြန်မာနိုင်ငံ၏ အကြီးဆုံး အဝေးပြေးယာဉ်ရပ်နားစခန်း အောင်မင်္ဂလာသို့ အဝေးပြေးယာဉ်စီးရေ ၄၀၀ ခန့်နှင့် ခရီးသည် ၄၀,၀၀၀ ခန့် နေ့စဉ်ဝင်ထွက်သွားလာလျက်ရှိသည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ စာရင်းများအရ သိရှိရသည်။

ယခုကဲ့သို့ ယာဉ်လိုင်းများတိုးပွားလာမှုကြောင့် ယခင် ကမာရွတ်နှင့် ဓော်ဘွားကြီးကုန်းအဝေးပြေးယာဉ်ရပ်နားစခန်းများကို နေရာပိုမိုကျယ်ဝန်းသော မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးယာဉ်နားစခန်းကို ၂၀၀၃ ခုနှစ်ဧပြီလတွင်လည်းကောင်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ယခုကဲ့သို့ တိုးချဲ့ဖွင့်လှစ်ခဲ့သော အောင်မင်္ဂလာအဝေးပြေးဝင်း၌ ယာဉ်လိုင်း ၃၀ ကျော် အသစ်တိုးလာခဲ့ပြီး ရန်ကုန်တိုင်း (မထသအဝေးပြေး)နှင့် ပြည်နယ်တိုင်း ပို့ဆက်အခြေပြုဂိတ်ပေါင်း ၁၆၈ ဂိတ်အထိ ရှိလာကာ ကားများရပ်နားရန်ကျယ်ဝန်း၍ ကားဂိတ်များအတွက် ပိုမိုသင့်လျော်ကောင်းမွန်ကြောင်း ရန်ကုန်-ထားဝယ်ယာဉ်လိုင်းမှ ဂိတ်မှူးတစ်ဦးက ဆိုသည်။

သို့ရာတွင် အစိုးရမှ စက်သုံးဆီပံ့ပိုးမှုကို ၂၀၀၄ ခုနှစ်အတွင်း လျှော့ချခဲ့သည့်အတွက် ပြင်ပစက်သုံးဆီ ဝယ်ယူရမှုများကြောင့် ခရီးသည်တင်ယာဉ်လိုင်းများ၏ လက်မှတ်ဈေးနှုန်းသည် ပြင်ပဈေးဟူ၍ ခရီးသွားများသည့်အချိန်တွင် ပေါ်ပေါက်နေခြင်းဖြစ်သည်ဟုလည်း ၎င်းက ဆိုပါသည်။

ယခုကဲ့သို့ အစိုးရမှပံ့ပိုးဆီလျော့နည်းလာသည့်အတွက် ရန်ကုန်-မန္တလေးယာဉ်လိုင်းများသည် အတက်အဆင်း ဂါလန် ၇၀ ခန့်ဝယ်ယူရပြီး နေပြည်တော်သို့ ပြေးဆွဲသည့်ယာဉ်လိုင်းများ ဂါလန် ၃၀ ခန့်နှင့် ရန်ကုန်-ထားဝယ်ယာဉ်လိုင်းများသည် နှစ်ပီပါခန့်အထိ ပြင်ပပေါက်ဈေးများဖြင့် ဝယ်ယူနေရသည်ဟု ဆိုပါသည်။

“အရင်က မထသ (အဝေးပြေး) လက်အောက်ကကားတွေ ကားအမျိုးအစားအလိုက် ဆီထုတ်ခွင့်ပေးခဲ့ပါတယ်။ BM ကို ၁၂ မိုင် တစ်ဂါလန်၊ လေအိတ်ကား ၁၁ မိုင် တစ်ဂါလန်၊ ဟိုင်းလတ်ကားအား ၁၆ မိုင် တစ်ဂါလန် ထုတ်ပေးခဲ့



www.foreverspace.com.mm

တယ်။ ဒါပေမဲ့ ၂၀၀၄ ခုနှစ် ဇွန်လ ၁၆ ရက်ကစပြီး အဲဒီပမာဏရဲ့ ၁၅ ရာခိုင်နှုန်း လျှော့ချပြီး အစိုးရထုတ်ဈေးနဲ့ ဝယ်ယူခွင့်ရခဲ့တယ်” ဟု မထသ (အဝေးပြေး) မှ လက်ထောက်ဌာနမှူး ဦးတင်ဝင်းက ရှင်းပြခဲ့ သည်။

## လက်ရှိ မထသ သတ်မှတ်နှုန်းထားများနှင့် ပြေးဆွဲနေသော ယာဉ်လိုင်းများ

မထသအဝေးပြေးလက်အောက်ရှိ ယာဉ်လိုင်းများသည် စက်သုံးဆီခွဲတမ်း ရယူထားသည့်အတွက် ခရီးတစ်မိုင်လျှင် ၁၅ ကျပ်နှုန်းဖြင့် ပြေးဆွဲရသည့် အပြင် မထသသို့ လက်မှတ်ရောင်းရငွေ၏ ၁၀ ရာခိုင်နှုန်းကို ပေးသွင်းရကြောင်းလည်း ရွှေလီရတနာဂိတ်မှ ဆိုပါသည်။

အဆိုပါယာဉ်လိုင်းတွင် လမ်းခရီး အခြေအနေအရ တစ်လလျှင် ငါးခေါက်မှ ခြောက်ခေါက်အထိ ပြေးဆွဲကြပြီး အမြတ်ခွန်နှင့် ပြေးဆွဲခွန် စုစုပေါင်း တစ်နှစ် လျှင် ခြောက်သိန်းခန့် ပေးသွင်းရသည်ဟု လည်း ၎င်းက ရှင်းပြသည်။

ထို့အပြင် အဆိုပါလိုင်းအနေဖြင့် လမ်းခရီးသွားနေစဉ်အတွင်း ဖြတ်သန်းသော လမ်းတံတားများအတွက် ပေးသွင်းရမှုမှာ ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ကျပ် အတွင်းကျပြီး အပိုဆောင်းဆီဝယ်ယူရမှု ယာဉ်ပြုပြင်စရိတ်၊ တာယာ စသည်တို့နှင့် တွက်ချက်ပါက ခရီးသည်အပြည့်ရရှိမှ သာ မြတ်စွန်းနိုင်သည်ဟု ၎င်းက ဆိုသည်။

“မိုးတွင်းဆိုရင်တော့ ခပ်ပါးပါးပဲ ဗျ။ အဝေးပြေးလောကမှာ ခြောက်လ ရှုံးတယ်။ ခြောက်လမြတ်တယ်လို့ ပြောကြတယ်။ ဒါပေမဲ့ မိုးတွင်း ကိုက်တဲ့လိုင်းတွေလည်း ကိုက် ပါတယ်။ ခရီးသည်ပေါ် မူတည်တာပေါ့” ဟု ၎င်းက ပြောကြားသည်။

သို့ရာတွင် အဝေးပြေးကားခများ ဈေးနှုန်းပြင်ဆင်သတ်မှတ်ပေးရန် လတ်တလော မဖြစ်နိုင်သေးကြောင်းနှင့် စက်သုံးဆီပံ့ပိုးမှုနှင့် အခြားအခြေအနေများ ပေါ်မူတည်၍သာ ပြောင်းလဲသတ်မှတ်ရန် ရှိကြောင်းလည်း မထသအဝေးပြေးမှ ပို့ဆောင်မှုရေးရာတာဝန်ခံတစ်ဦးက ရှင်းပြခဲ့ သည်။

အဝေးပြေးလိုင်းများအနေဖြင့် ယင်းကဲ့သို့ အထွေထွေစရိတ်များ ကြီးမြင့်လာသော်လည်း တစ်ဘူးလျှင် ၁၅၀ ကျပ် ပေါက်ဈေးရှိ ရေသန့်ဘူးနှင့် စနိုးတာဝါ ကို စီးနင်းသူများအား အခမဲ့ပေးလျက်ရှိ ကြောင်းလည်း ရန်ကုန်–မန္တလေးဂိတ်မှူး တစ်ဦးက ရှင်းပြသည်။

နောက်ဆုံးပေါ်ကားသစ်ကြီးများဖြင့် အစားထိုးပြေးဆွဲလာကြသည်



ထို့အပြင် အဝေးပြေးယာဉ်လိုင်း များသည် ကားတစ်စီးချင်းအလိုက် ပျက်စီးနေသော လမ်းပိုင်းများပြုပြင်ရန် ကတ္တရာပုံးများလှူဒါန်းခြင်း၊ ငွေလှူဒါန်းခြင်း များ မကြာခဏပြုလုပ်လေ့ရှိကြောင်း အဝေးပြေးယာဉ်မောင်းများက ပြောကြား သည်။

ဤနေရာတွင် မြမြကျော်ကဲ့သို့ အဆင့်မြင့်ခရီးသွားလိုသူများက ဤကဲ့သို့ အမြင်မျိုးလည်း ရှိကြပါသည်။

“အောင်မင်္ဂလာကနေ ရန်ကင်းကို ကားငှားရင် ၄၀၀၀ လောက် ပေးရတော့ ကျွန်မတို့အနေနဲ့ သက်သောင့်သက်သာရှိ မယ်ဆိုရင် လက်မှတ်ကို ငွေ ၄၀၀၀၊ ၅၀၀၀ ပိုပေးဖို့ ဝန်မလေးပါဘူး”

သို့ရာတွင် ရန်ကုန်–နေပြည်တော် ပြေးဆွဲနေသည့် အာရှ Express ယာဉ် လိုင်းသည် စတင်ပြေးဆွဲသည့်အချိန်က လေအိတ်ကားကြီးများဖြင့် မထသသတ် မှတ်သည့် ဈေးနှုန်း ၃၇၀၀ ကျပ်အား ၃၀၀၀ ကျပ်ဖြင့် စတင်ပြေးဆွဲခဲ့ကြောင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နား စခန်းမှ သတင်းများက ဆိုသည်။

“ဆီကုန်မှာစိုးလို့ ဈေးလျှော့ပြီး Air-Con ပိတ်မောင်းတာတို့၊ ဘာတို့ကို မကြိုက် ပါဘူး။ သင့်တင့်တဲ့နှုန်းကိုပဲယူပြီး ရောင်း စေချင်ပါတယ်”

“Air-Con ဖွင့်လိုက် ပိတ်လိုက်လုပ် ပြီး မောင်းတဲ့လိုင်းတစ်လိုင်း ရှိပါတယ်။ ဈေးလည်းသက်သာပါတယ်။ ဒါပေမဲ့ ကျွန်မတို့ အဲဒီလို အခြေအနေမျိုးနဲ့ မစီး ချင်ပါဘူး”

ဤသည်မှာ ခရီးသည်အချို့၏ အမြင်များ ဖြစ်ပါသည်။

## ဈေးကွက်အနေအထားနှင့် ရည်မှန်းချက်ရှိသင့်သောဝန်ဆောင်မှုများ

ပြောင်းလဲလာသောလူနေမှုစနစ်ပုံစံ များနှင့် ဈေးကွက်တောင်းဆိုမှုတို့ကြောင့်

www.foreverspace.com.mm



ရန်ကုန်–ကော်ကြီး၊ ရန်ကုန်–မန္တလေး၊ ရန်ကုန်–မုံရွာ စသည့် ယခင်ခရီးစဉ်များ အစား ရန်ကုန်–နေပြည်တော်၊ မော်လမြိုင်–နေပြည်တော် စသည်ဖြင့် ခရီးစဉ်များ ယခုနှစ်အတွင်း တိုးချဲ့ပြေးဆွဲလာသည်ကို တွေ့ရပါသည်။

အဝေးပြေးယာဉ်လိုင်းအများ အပြား ယခုနှစ်အတွင်းတိုးချဲ့ပြေးဆွဲနေသော ခရီးစဉ်မှာ ရန်ကုန်–နေပြည်တော်ခရီးစဉ် ဖြစ်ပြီး ခရီးသွားများနည်းပါးသည့် မိုးတွင်းကာလ၌ပင်လျှင် တွက်ခြေကိုက်မှုရှိကြောင်း ရန်ကုန်–နေပြည်တော်ပြေးဆွဲနေသည့် အောင်စိုးမိုးယာဉ်လိုင်းမှ ဂိတ်မှူး ဦးအောင်ကျော်ထွေးက ဆိုသည်။

"ရန်ကုန်က တနင်္ဂနွေဆိုရင် ကားထပ်တိုးရတယ်။ နေပြည်တော်က သောကြာနေ့ဆိုရင်လည်း ခရီးသွားများကြတယ်။ အများစုက ဝန်ထမ်းနဲ့ လုပ်ငန်းကိစ္စသွားတဲ့သူတွေ များပါတယ်"

"ကျွန်တော်တို့ ယာဉ်လိုင်းက Air-Con အပြည့်မဖွင့်ပေးနိုင်ပါဘူး။ ဒါပေမဲ့ ကားကတော့ လေအိတ်ကားတွေပဲ သုံးပါတယ်" ဟု ဦးအောင်ကျော်ထွေးက ရှင်းပြခဲ့သည်။

မိုးများအဆက်မပြတ်ရွာသွန်းမှုနှင့် ကားလမ်းရေကျော်မှုကြောင့် ရန်ကုန်–ထားဝယ်ခရီးစဉ်များတွင်မူ လေအိတ်ကား လက်ရှိမသုံးနိုင်ကြောင်းနှင့် ခရီးသည် အရ နည်းကြောင်း ရွှေလီရတနာဂိတ်က ဆိုသည်။ ယခုနှစ်တွင် ဖြူးနှင့် ရန်ကုန်လမ်းပိုင်းတွင် လမ်းများပျက်စီးနေမှုကြောင့် ရန်ကုန်–မန္တလေး ခရီးစဉ်များသည် ယခင်ထက် သုံးနာရီကျော်ခန့် ပိုမိုကြာမြင့်ပြီး ၁၆ နာရီခန့် မောင်းနေရကြောင်းလည်း ရန်ကုန်–မန္တလေးဂိတ်များမှ သိရှိရသည်။ မြန်မာ့မီးရထားမှ ရထားအချိန်ဇယား ပြောင်းလဲမှုကြောင့် ခရီးသည်များ ယခုထက်ပို၍ ရန်ကုန်–မန္တလေး အဝေးပြေး ယာဉ်လိုင်းများကို အားထားအသုံးပြုဖွယ် ရာအခြေအနေများရှိနေပြီး လမ်းခရီး

အိမ်သာနှင့် စားသောက်ဆိုင်တို့ကို ဂိတ်များ အနေဖြင့် စနစ်တကျရွေးချယ်သင့်သည်ဟု မကြာခဏ ခရီးသွားလာသူများက အကြံပြုကြပါသည်။

"မြန်မာနိုင်ငံက အိမ်သာက နိုင်ငံတကာခရီးသည်တွေ သွားလာနိုင်ဖို့အတွက် မလွယ်ကူပါဘူး။ ပုဂ္ဂလိက ယာဉ်လိုင်းတွေက ယာဉ်မောင်းတွေက ဆိုင်ကို ရွေးချယ်တဲ့နေရာမှာ ဒီဆိုင်တွေက သူတို့ ကဘာတွေ ဧည့်ခံတယ်၊ ကျွေးတယ်ဆိုတာထက် ခရီးသည်တွေ အဆင်ပြေရဲ့လား၊ အိမ်သာကောဘယ်လိုလဲ၊ အစားအစာတွေ ကောင်းရဲ့လား အဲဒါတွေကို ကြည့်ပြီး ရွေးရင်တော့ ပိုပြီးကောင်းလာ ဖို့ရှိပါတယ်။ ဂိတ်တွေကလည်း ဒါကို သိဖို့လိုပါတယ်" ဟု ခရီးသည်များက ဆိုကြသည်။

ယင်းကဲ့သို့ အိမ်သာ၊ အစား အသောက် နိုင်ငံတကာအဆင့်မီဆိုင်များ အားနည်းချက်ရှိလင့်ကစား ရန်ကုန်– ညောင် ဦး၊ ရန်ကုန်–မန္တလေးခရီးစဉ်များ တွင် လိုက်ပါသူ နိုင်ငံခြားခရီးသည်များ ရှိနေပြီး နောင်တွင် အဆိုပါအားနည်းချက်များ ဖြည့်ဆည်းနိုင်ပါက အဝေးပြေး ခရီးသည်တင် ယာဉ်လိုင်းများသည် တစ်ဦးချင်းသွားလာသော နိုင်ငံခြားခရီးသွားများအတွက် အလားအလာရှိနိုင်ကြောင်းလည်း ဧည့်လမ်းညွှန်များက ပြောဆိုကြပါသည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ အဝေးပြေးခရီးသွားလုပ်ငန်းတွင် လွန်ခဲ့သော နှစ် ၂၀ ကျော် ကုန်းလမ်းပို့ဆောင်ရေးမှ ပြေးဆွဲခဲ့သည့် ကပရယာဉ်ကြီးများနှင့် လက်ရှိအခြေအနေ များစွာခြားနားခဲ့ပြီ ဖြစ်ပါသည်။

၁၉၉၆ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံတွင် အဝေးပြေးခရီးသည်တင်ယာဉ်လုပ်ငန်းများ တစ်စတစ်စ ဖွံ့ဖြိုးလာပြီး ရည်မှန်းချက်ထား ဆောင်ရွက်ပါက အလားအလာကောင်းများရှိနေသည်ဟု ဆိုနိုင်ပါသည်။

အဝေးပြေးခရီးသည်တင်ယာဉ်လိုင်း လုပ်ငန်းသည် လက်ရှိတွင် အတိုးနှုန်းသာ တွက်ခြေကိုက်သည်ဟု လုပ်ငန်းရှင်များ ပြောဆိုလင့်ကစား ကျပ်သိန်း ၆၀၀ နှင့် အထက် တန်ဖိုးရှိသော မော်တော်ယာဉ်ကြီးများကိုဝယ်ယူ၍ ဝင်ရောက်လုပ်ကိုင်နေသူများကို တွေ့ရပါသည်။

"အဝေးပြေးကားစီးတဲ့သူတွေဟာ အခု ဈေးနှုန်းထက် ကားကောင်းတဲ့လိုင်း၊ အချိန်မှန်တဲ့လိုင်းကို ရွေးပြီးစီးလာတဲ့သူများပါတယ်" ဟု အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ ဝါရင့်ဂိတ်မှူးတစ်ဦးက ဆိုပါသည်။

ကားသစ်မလဲနိုင်သော နာမည်ကြီးယာဉ်လိုင်းအချို့ မှေးမှိန်ပျောက်ပျက်သွားရသလို နောက်ဆုံးပေါ်ကားများဖြင့် အစားထိုးပြေးဆွဲနေသော မြတ်မန္တလာထွန်း၊ မိုးကောင်းကင်ကဲ့သို့ အောင်မြင်နေသော ယာဉ်လိုင်းကြီးများကိုလည်း မြင်တွေ့နေရပြီ ဖြစ်ပါသည်။

တရားဝင်သတ်မှတ်သည့်ဈေးက တစ်မျိုး၊ လက်တွေ့ရောင်းချသည့်ဈေးက တစ်မျိုး မကြာခဏ ကွဲလွဲမှုများ အကြိမ်ကြိမ်ကြုံခဲ့ရသော ခရီးသည်များသည် မြမြကျော်ကဲ့သို့ ကြုံကြိုက်ခဲ့ဖူးပါလိမ့်မည်။ ရေရှည်တွင် ဝန်ဆောင်မှုသည် ဈေးကွက်တွင် သူ၏ သတ်မှတ်တန်ဖိုးကို ပြဋ္ဌာန်း ပြီး ရောင်းသူနဲ့ ဝယ်သူတို့ကသာ ထိုဈေးနှုန်းကို အတည်ပြုလက်ခံမှသာ အမှန်ဖြစ်ပါလိမ့်မည်။ လွတ်လပ်သော ယှဉ်ပြိုင်မှုများသည်သာ ဈေးကွက်စီးပွားရေး သဘောသဘာဝများဟု ဆိုရပါတော့မည်။

"အိမ်ကို တစ်နာရီစောပြီး သက်သောင့်သက်သာနဲ့ ရောက်လာခဲ့တယ်ဆိုရင် ပိုပေးရတဲ့ ငွေ ၄၀၀၀၊ ၅၀၀၀ ကို ကျွန်မ မနှမြောမိပါဘူး" ဟု မြမြကျော် က ဆိုပါသည်။

**တင်အောင်ကျော်**

■

www.foreverspace.com.mm



# လိုအပ်ချက်အရ ဖြစ်တည်လာသော ရွေ့လျားအရောင်းဆိုင်များ

ကေခိုင်ကျော်

**ကုန်စည်များအား လက်လီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းများကို စတိုးဆိုင်၊ ဈေးဆိုင်များအနေဖြင့် ခင်းကျင်းရောင်းချခြင်းမှာ အစဉ်အလာအရ စားသုံးသူက ဖြန့်ဖြူးရောင်းချသူထံ သွားရောက်ဝယ်ယူရသည့်စနစ်ဖြစ်သည်။ ယခုအခါ ပြောင်းလဲလာသော စီးပွားရေးအနေအထားများကြောင့် လိုအပ်ချက်များရှိလာသဖြင့် စားသုံးသူထံ အရောင်းဆိုင်များက သွားရောက်၍ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးနေသော ရွေ့လျားအရောင်းဆိုင် (Mobile Shop) များမှာ ပိုမိုတွင်ကျယ်လာလျက်ရှိသည်။**

ရွေ့လျားအရောင်းဆိုင်ဆိုသည်မှာ ကုန်စည်များကို တစ်နေရာတည်းတွင် အတိအကျသတ်မှတ်ရောင်းချပေးခြင်း မဟုတ်ဘဲ နေရာအနှံ့အပြားသို့ လှည့်လည်ရောင်းချခြင်းကို ဆိုလိုသည်။ (ဥပမာ– ခေါင်းရွက်ရောင်းချခြင်း၊ အထမ်းဖြင့်ရောင်းချခြင်း၊ လက်တွန်းလှည်းဖြင့်ရောင်းချပေးခြင်းနှင့် အရောင်းကားအမျိုးမျိုး) စသည်တို့မှာ ရွေ့လျားအရောင်းဆိုင်များတွင် အကျုံးဝင်သည်။ ရွေ့လျားအရောင်းဆိုင်မှာ လမ်းဘေးတွင်လှည့်လည်ရောင်းချခြင်းဖြစ်သဖြင့် လမ်းဘေးဈေးသည်နှင့်

www.foreverspace.com.mm

အသွင်ကူးသော်လည်း လုပ်ငန်းသဘော သဘာဝအရ ကွဲပြားခြားနားသည်။

အဆိုပါဈေးကွက်တွင် အဓိကအားဖြင့် အခြေခံစားသောက်ကုန်များသာမက လူသုံးကုန်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများကိုပါထည့်သွင်းရောင်းချကြသည်။ ထို့ပြင် စတိုးဆိုင်၊ Shopping Center များတွင် ရောင်းချလေ့ရှိသော အသင့်ချုပ်ပြီး အဝတ်အထည်များကိုလည်း ရွေ့လျားအရောင်းဆိုင်များဖြင့် ရောင်းချလာသည်ကို တွေ့မြင်လာရသည်။

စားသုံးသူတို့၏ လိုအပ်ချက်နှင့် ဈေးကွက်အခြေအနေတို့ကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ လက်လီအရောင်းပုံစံတို့ဖြင့် ရွေ့လျားဆိုင်များမှာ ဈေးကွက်တွင်နေရာယူလာကြသည်။ ရွေ့လျားဈေးကွက်မှာ စားသုံးသူနှင့် နီးကပ်စွာတည်ရှိနေကြသဖြင့် စားသုံးသူတို့အတွက် အဆင်ပြေစေသည်။ ထို့ကြောင့် ရွေ့လျားရောင်းချမှုမှာ ဈေးကွက်အတွင်းရပ်တည်နိုင်ရန် ပိုမိုကျယ်ပြန့်လာခဲ့သည်။

## အရောင်းကားများ


ကုန်စည်များအား လက်လီရောင်းချမှုများကို အရောင်းကားများဖြင့် ရောင်းချလာကြသည့်အပြင် ကုမ္ပဏီအများစုမှာလည်း မိမိတို့၏အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းတို့ကို နေရာအနှံ့ရောက်အောင် အရောင်းကားများဖြင့် ကြော်ငြာရောင်းချကြသည်။ ထို့ကြောင့် ရွေ့လျားအရောင်းကားတို့မှာ အချိန်ကုန်သက်သာစေခြင်း၊ စရိတ်လျော့နည်းစေခြင်းများကို ရရှိလာသဖြင့် အရောင်းကားများ၏ လုပ်ငန်းသဘောမှာ ကျယ်ပြန့်မှုရှိလာခဲ့သည်ဟု ဆိုနိုင်သည်။ ရွေ့လျားအရောင်းဆိုင်များလောကတွင် ထီ၊ ဆေး၊ ဗေဒင်ဟောစာတမ်း၊ ရေခဲမုန့်၊ အရန်သင့်စားသောက်ကုန်၊ ဆန်၊ အသားငါးတို့အပြင် အသင့်ချုပ်ပြီး အဝတ်အထည်၊ ထီး စသည့်ကုန်စည်များကိုလည်း အရောင်းကားများဖြင့် ရောင်းချမှု ထွန်းကားလာခဲ့သည်။

ဦးမြတ်သူမှာ ရန်ကုန်မြို့ရှိ လူစည်ကားရာ အချက်အချာနေရာအချို့တွင် အရောင်းကားဖြင့် အသင့်ချုပ်ပြီး အဝတ်အထည်များကို ရောင်းချနေသည်မှာ လွန်ခဲ့သော တစ်နှစ်ခန့်ကပင်ဖြစ်သည်။ ယခုကဲ့သို့ လုပ်ငန်းမလုပ်ကိုင်မီက ပလာဇာတစ်ခုတွင် အရောင်းဆိုင်တစ်ဆိုင်ဖွင့်လှစ်လုပ်ကိုင်ရန်စီစဉ်ခဲ့ပြီး နောက်ပိုင်းတွင် ခေတ်မီ Shopping Center များအပြိုင်အဆိုင်ပေါ်ပေါက်လာသဖြင့် မိမိ၏ စိတ်ကူးနှင့် ဝေးကွာခဲ့ရသည်ဟု သိရသည်။

၎င်းကဆက်လက်၍ အရောင်းဆိုင်တစ်ဆိုင်ဖွင့်လှစ်ရန် အရင်းအနှီးပမာဏမှာ အရောင်းကား၏ ရင်းနှီးမှုထက် ဆယ်ဆခန့်ပိုမိုကြောင်း၊ အရောင်းဆိုင်တစ်ခုဖြစ်တည်လာရန် ရောင်းကုန်ပစ္စည်းအတွက် ရင်းနှီးရမှုအပြင် ဆိုင်ခန်းခ၊ အခွန်၊ မီတာခ၊ ဝန်ထမ်းစရိတ် စသည့် အထွေထွေ ကုန်ကျမှုများကိုလည်း မဖြစ်မနေထည့်ပေါင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ မိမိရောင်းချသော အဝတ်အထည်များမှာ ပြည်တွင်းချုပ်စက်ရုံများမှ ထုတ်လုပ်ခြင်းဖြစ်ပြီး T-Shirt တစ်ထည်လျှင် ၁၅၀၀ ကျပ် ပတ်ဝန်းကျင်ဖြင့် ရောင်းချနိုင်ပြီး ဆိုင်ပေါ်တင်ဈေးမှာ ရောင်းဈေးခေါ်ဆိုရာတွင် အရင်းထက်သုံးဆခန့်အမြတ်တင်ထားရကြောင်း၊ ဥပမာ– T-Shirt တစ်ထည်လျှင် ၁၀၀၀ ကျပ်ကို အထက်ဖော်ပြပါဝန်ဆောင်မှုစရိတ်များကိုပါ ထည့်သွင်းတွက်ယူရသည့်အတွက် တစ်ထည်လျှင် ကျပ် ၃၀၀၀ ကျော် ဖြစ်လာခြင်းဖြစ်ကြောင်း အဆိုပါဆိုင်ပေါ်ခေါ်ဈေးမှာ လူအနည်းစုသာ အသုံးပြုနိုင်သဖြင့် အခြေခံလူတန်းစားအတွက် အလှမ်းကွာဝေးခြင်းဖြစ်ကြောင်း၊ ခေတ်မီဈေးဝယ်စနစ်ဖြင့် Shopping Center များ ပေါ်ထွက်လာခြင်းကြောင့် အရောင်းဆိုင်များမှာ ဈေးကွက်တစ်နေရာတည်းတွင် စုပုံဝင်ရောက်လာသည့်အတွက် အပြိုင်အဆိုင်ထားရောင်းချရကြောင်း၊ အချို့ အရောင်းဆိုင်များမှာ တစ်နေကုန်ဈေးဦးမပေါက်သည့် အရောင်းဆိုင်များလည်းရှိကြောင်း၊ အရောင်းကားဈေးကွက်မှာ စရိတ်သက်သာစေ၍ တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူများအတွက် ပိုမိုအဆင်ပြေစေကြောင်း ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

ဉာဏ်တိုင်းကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဒဏ်ကြေလိမ်းဆေး၊ ရတနာထွန်းသွားတိုက်ဆေးများကို အရောင်းကားများဖြင့် နေရာအနှံ့အပြားသို့ လှည့်လည်ရောင်းချပေးကြောင်း၊

**ဝယ်လိုအားရှိသောနေရာတွင် လှည့်လည်ရောင်းချနိုင်သည်**



www.foreverspace.com.mm

အရောင်းကားများမှာ ဝယ်လိုအားရှိသော နေရာတွင် ဦးတည်ရောင်းချနိုင်သဖြင့် ဈေးကွက်နေရာကျယ်ပြန့်မှုရှိကြောင်း၊ ဆေးဝါးများကို ရောင်းချရာတွင် အရောင်းကားများထွက်ရှိခြင်းဖြင့် လူသိများစေကြောင်း ရတနာထွန်းသွားတိုက်ဆေး အရောင်းကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

"ရွှေ့လျားရောင်းချတာဟာလည်း တကယ်တော့ လမ်းဘေးဈေးသည်ပါပဲ။ လမ်းဘေးဈေးသည်တွေက တစ်ဦးနဲ့ တစ်ဦးလည်း လုပ်ကိုင်ပုံက မတူကြပါဘူး။ အဲဒါကြောင့် အရင်းအနှီးလည်းမတူပြန်ဘူး။ လမ်းပေါ်ရောင်းချတဲ့ ပုံစံတွေမှာက ပုံရောင်းနဲ့ အရောင်းကားကတော့ ကွာခြားမှုတွေရှိပါတယ်။ အရောင်းကားက အခွန်အခတွေ သက်သာတယ်။ ဒါပေမဲ့ ကိုယ်ပိုင်ကားရှိနေတယ်ဆိုရင် ကိုယ့်အတွက် တွက်ခြေကိုက်တယ်။ တချို့က စင်းလုံးငှားပြီးအသုံးပြုကြတယ်။ နာရီနဲ့ငှားကြတာလည်းရှိတယ်။ အဲဒီလိုဆိုရင်တော့ ကိုယ့်အတွက် တွက်ခြေကိုက်ပါ့မလားပဲ"ဟု တာမွေဈေးရှေ့တွင် ဂျစ်ကားဖြင့် ဆန်ရောင်းချသူ ဦးဝင်းကိုက ပြောကြားသည်။

ဦးဝင်းကိုမှာ ဆိုင်ဆန်ဖွင့်လှစ်ထားသည့်အပြင် အိမ်တွင်ကားရှိနေသဖြင့် ဈေးများတွင် ကားထိုးရပ်နားကာရောင်းချလေ့ရှိသည်။

## ဈေးကွက်ပစ်မှတ်

အရောင်းကားများဖြင့် လက်လီရောင်းချပေးမှုများကို လူလတ်တန်းစားနှင့် အခြေခံလူတန်းစားတို့ကို ပစ်မှတ်ထား၍ ဈေးကွက်ကို မျှော်မှန်းရောင်းချခြင်းဖြစ်ကြောင်း၊ လမ်းဘေးဈေးသည်များ၏ ဝယ်လိုအားကို ကိုယ်စားပြုသည့် ဈေးကွက်ပစ်မှတ်တွင် အဆိုပါလူတန်းစားများက အများဆုံးပါဝင်နေကြောင်း၊ အရောင်းကားများသည် ဝယ်လိုအားရှိသောနေရာတိုင်းကို တိုက်ရိုက်ရောင်းချရန်အတွက် ဈေးကွက်နေရာရွေးချယ်ခြင်းမှာလည်း အဓိကကျသော အချက်ဖြစ်သည်ဟု ဦးမြတ်သူက ဆိုသည်။

ယခင်က ပန်းဆိုးတန်း၊ ဗိုလ်ချုပ်လမ်း စသော မြို့လယ်ခေါင်လူစည်ကားရာ စီးပွားရေးဗဟိုချက်မနေရာတို့တွင် ရောင်းချလေ့ရှိသော်လည်း အဆိုပါနေရာတို့တွင် ကားရပ်နားရခက်ခဲခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းတို့ကြောင့် မြို့လယ်ရပ်ကွက်နေရာတို့မှ လူစည်ကားရာ ရပ်ကွက်အချို့ဖြစ်သော တာမွေ၊ စမ်းချောင်း၊ စံပြဈေး စသည့်နေရာများသို့ ပြောင်းရွှေ့ရောင်းချလာကြကြောင်း ၎င်းကရှင်းပြသည်။

**စားသုံးသူထံ အရောင်းဆိုင်များက သွားရောက်ဖြန့်ဖြူးရောင်းချလာကြသည်**



ယခုကဲ့သို့ လူသွားလူလာများသည့် နေရာများ၊ လမ်းဆုံများတွင် ဈေးရောင်းချခြင်းသည် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်စေပြီး ခရီးနှောင့်နှေးရခြင်းနှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုများ ဖြစ်ပေါ်စေသဖြင့် ဈေးရောင်းသူများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဈေးမရောင်းရနယ်မြေများ သတ်မှတ်ခဲ့သဖြင့် ရွှေ့လျားဈေးကွက်မှာ မြို့လယ်ခေါင်နေရာများကို အားထားရောင်းချခြင်းမပြုရသောအခါတွင် အရောင်းအဝယ်နည်းပါးလာကြောင်း ပန်းဆိုးတန်းလမ်းတွင် အမျိုးသမီးအဝတ်အထည်များကို ရောင်းချလေ့ရှိသူ ဦးထွန်းမြင့်က ဈေးကွက်အခြေအနေနှင့်ပတ်သက်၍ ရှင်းပြသည်။

ဦးထွန်းမြင့်အဆိုအရ ဈေးကွက်ပစ်မှတ်ကို ပြောင်းလဲလိုက်သောအခါ ဈေးကွက်သစ်တွင် ဖောက်သည်အရေအတွက် တိုးပွားမှု ထင်သလောက်မရရှိသေးသော်လည်း မိမိ၏ကုန်ပစ္စည်းများကို အရောင်းကားဖြင့် နေရာအနှံ့ရောင်းချခြင်းအပြင် ကြော်ငြာခြင်းကိုပါ တွဲဖက်လုပ်ကိုင်နိုင်ကြောင်း၊ မိမိတို့၏ အရောင်းကားဖြင့် လက်လီရောင်းချခြင်းကို ပစ္စည်းအရည်အသွေးဖြင့်သာ ဆွဲဆောင်ထားကြောင်း၊ မြို့လယ်ဈေးကွက်ကို အဓိကထား ပစ်မှတ်ထားရောင်းချနေကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ ရောင်းကုန်က ဆန်ဆိုတော့ ဈေးတွေကို ပစ်မှတ်ထားရောင်းချတယ်။ ဈေးဆိုတာတောင် တာမွေဈေးရှေ့မှာပဲ အတည်တကျရောင်းဖြစ်ပါတယ်။ တစ်နေကုန် လှည့်လည်ရောင်းချနေတာတော့ မဟုတ်ပါဘူး။ တစ်ခါတလေ အရောင်းအဝယ်ပါးတယ်ဆိုတဲ့အခါမှ အာသောကဈေးဘက်ကို ပြောင်း

www.foreverspace.com.mm

တယ်။ ဒီလိုကုန်မျိုးကျတော့ လူစည်ကားတဲ့နေရာတွေမှာ သွားရောင်းဖို့ မသင့်တော်ပါဘူး။ အရောင်းကားနဲ့က လက်လီရောင်းတာပါ။ လက်ကားဝယ်တဲ့သူရှိရင် (ဥပမာ–ဆန်အိတ်လိုက်) အရောင်းကားနဲ့ အိမ်အထိပို့ပေးတယ်" ဟု ဆန်ကို ဂျစ်ကားပေါ်တင်၍ ရောင်းချသူ ဦးဝင်းကိုက ပြောကြားသည်။

အရောင်းကားများကိုနေရာအတည်တကျသတ်မှတ်ရောင်းချခြင်းမှာ မိမိ၏ကုန်ပစ္စည်းကို လူသိနည်းပါးစေနိုင်ကြောင်း၊ မိမိတို့အရောင်းဈေးကွက်၌ ကြော်ငြာခြင်းသီးသန့်မရှိ၍ ကိုယ်တိုင်ရောင်းချခြင်းဖြင့် တိုက်ရိုက်အရောင်းမြှင့်တင်နိုင်ကြောင်း၊ ထို့ပြင် ဈေးကွက်တစ်နေရာ၌ အရောင်းအဝယ်အေးသည့်အခါ အခြားဈေးကွက်နေရာသစ်သို့ ပြောင်းလဲကာ ဈေးကွက်မြှင့်တင်နိုင်ကြောင်း၊ အရောင်းဈေးကွက်မြှင့်တင်နိုင်ရန် ရွေ့လျားအရောင်းဆိုင်တွင် အရည်အသွေးနှင့်ဈေးနှုန်းကို ထိန်းသိမ်းထားရန်လိုအပ်ကြောင်း ဦးမြတ်သူက ၎င်း၏အမြင်ကို ပြောကြားသည်။

တာမွေမြို့နယ် ကျားကွက်သစ်လမ်းမပေါ်တွင် နှစ်ရှည်ရေမုန့်ရောင်းသူ ဦးတင်ဇော်ဦးက "ကျွန်တော်တို့က ပွဲတော်ရာသီတွေမှာဆို အရောင်းကားထွက်ကြပါတယ်။ ပွဲတော်ရက်တွေမှာက မုန့်ပဲသရေစာဆိုင်တွေ အပြိုင်အဆိုင်ရောင်းရတော့ နေရာအခက်အခဲရှိတယ်။ ကိုယ့်ကားနဲ့ကိုယ်ရောင်းတော့ နေရာအတွက် စဉ်းစားစရာမလိုပါဘူး။ ကြိုက်တဲ့နေရာမှာ ယာဉ်ရပ်နားခပေးပြီး ရောင်းနိုင်တယ်။ ဟိုတုန်းက အရောင်းကားထွက်ဖို့ ကားငှားရမ်းခက ဘယ်လောက်မှမရှိဘူး။ တစ်ညကို ကျပ် ၃၀၀၀ လောက်နဲ့ရတာ။ အခုက ဆီဈေးကြောင့် တစ်ညငှားရမ်းတာတောင် နာရီကန့်သတ်ပြီး တစ်ညကို နှစ်သောင်းလောက် ခေါ်နေကြပြီ။ အဲဒါကြောင့် အရောင်းကားမထွက်နိုင်တော့ဘူး။ လူငှားပြီး လက်တွန်းလှည်းနဲ့ ရောင်းချနေရတယ်" ဟု ဆိုသည်။

## အားသာချက်

ရွေ့လျားရောင်းချမှုမှာ စားသုံးသူထံတိုက်ရိုက်ရောင်းချနိုင်သော စနစ်ဖြစ်သဖြင့် မြန်မာနိုင်ငံအနှံ့အပြားသို့ လှည့်လည်ရောင်းချနိုင်သော အားသာချက်ရှိသည်။ စားသုံးသူအနေနှင့် ဈေးနှုန်းသက်သာမှုရရှိစေသည့်အပြင် အချိန်ကုန်သက်သာသည့်အတွက် အသုံးတည့်စေနိုင်ပြီး ရောင်းသူဘက်မှလည်း ရေရှည်ရင်းနှီးမြှုပ်နှံမှုထက် လက်ငင်းတွင် အကျိုးအမြတ်ရရှိစေသောနည်းဖြင့် ရွေ့လျားဈေးကွက်ကို ရွေးချယ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ရွေ့လျားဈေးကွက်တွင် အရောင်းကားပုံစံများမှာ ပိုမိုကျယ်ပြန့်လာခဲ့သည်။

"အရောင်းကားတွေရဲ့ လုပ်ငန်းသဘောက ဝန်ကျဉ်းတယ်။ ဈေးကွက်က ချဲ့ချင်သလို ချဲ့ပြီးရောင်းချနိုင်တယ်။ ဘယ်နေရာမဆို ယာဉ်ရပ်နားခပေးပြီး တစ်နေကုန်တောင် ရောင်းချလို့ရတယ်" ဟု ကားဖြင့် ကုန်ပစ္စည်းရောင်းချသူအချို့က ပြောကြားသည်။

## အခက်အခဲ

အရောင်းကားများ၏အဓိကအခက်အခဲတစ်ရပ်မှာ စက်သုံးဆီဈေးနှုန်းပြောင်းလဲလာမှုကြောင့် မိမိတို့၏အမြတ်အစွန်းလျော့ပါးလာခြင်းဖြစ်ကြောင်း၊ စက်သုံးဆီတစ်ဂါလန်လျှင် ၁၅၀၀ ကျပ်ဖြင့် ပေးဝယ်ရခြင်းကြောင့် အရောင်းကားအများစုမှာ နေရာအနှံ့အပြားသို့ လှည့်လည်မှု နည်းပါးလာပြီး ဝယ်လိုအားရှိမည့် လူစည်ကားရာနေရာများကိုသာ အဓိကထား ရောင်းချလာကြောင်း၊ ကိုယ်ပိုင်ကားဖြင့် အရောင်းကားထွက်သူများအဖို့ အရှုံးအမြတ်တွက်ဆမှုမှာ ထိခိုက်မှုမရှိနိုင်သော်လည်း အငှားအရောင်းကားများအတွက် ကားငှားရမ်းခကို စက်သုံးဆီဖိုးမပါရှိက တစ်ရက်လျှင် ကျပ်တစ်သောင်းခန့် အရင်းအနှီးပြုလာရကြောင်း၊ အဆိုပါရင်းနှီးမှုမှာ အရောင်းဆိုင်တစ်ဆိုင်ဖွင့်လှစ်ရန် ကုန်ကျစရိတ်နှင့် ပြန်လည်တွက်ဆပါက ကုန်ကျစရိတ်ပိုမိုများပြားနေကြောင်း ဦးထွန်းမြင့်က ဆိုသည်။

ရွေ့လျားဈေးကွက်တွင် ရောင်းအားအကောင်းဆုံးအချိန်မှာ ပွင့်လင်းရာသီများဖြစ်ပြီး မိုးတွင်းကာလတွင် အရောင်းအဝယ်မကောင်းသဖြင့် အချို့မှာ အရောင်းကားကို ရပ်နားထားရကြောင်း တောင်ဥက္ကလာ နန္ဒဝန်ဈေးတွင် လက်ဖက်ခြောက်ရောင်းချသော ဦးသော်က ဆိုသည်။

## နိဂုံး

လက်လီရောင်းဝယ်မှုကို စားသုံးသူထံ တိုက်ရိုက်အရောင်းမြှင့်တင်ခြင်းသဘောဖြင့် ရွေ့လျားဈေးကွက်ပေါ်ပေါက်လာခဲ့သည်။ ထို့ပြင် လက်လီအရောင်းသမားတို့အတွက် ကုန်ကျစရိတ်တို့ကို လျှော့နည်းသက်သာစေသည့်အတွက် ရွေ့လျားရောင်းချမှုပုံစံသည် ပိုပြီးတိုးပွားလာစရာရှိနေသည်ဟု ဈေးကွက်လေ့လာနေသူတစ်ဦးက ဆိုသည်။

သို့သော် လက်ရှိစီးပွားရေးအခြေအနေမှ ပိုမိုကောင်းမွန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ဖြစ်ထွန်းမှုဆီရောက်ရှိသွားခဲ့ပါက လူတစ်ဦးချင်း၏ဝင်ငွေတိုးတက်ကာ သုံးစွဲနိုင်မှုအားမြင့်မားလာမည်ဖြစ်သဖြင့် ရွေ့လျားအရောင်းဆိုင်ထက် စားသုံးသူကို ပိုမိုကောင်းမွန်သော အရည်အသွေးနှင့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်မည့် ပလာဇာများ၊ ဆူပါမားကတ်များနှင့် ကုန်တိုက်ကြီးများဆီသို့ စားသုံးသူများ ပြန်လည်ရောက်ရှိသွားဖွယ်ရှိရာ သို့ဖြစ်ပါက ယင်းရွှေရောင်အနာဂတ်၌မူ ရွေ့လျားအရောင်းဆိုင်တို့၏ အခန်းကဏ္ဍမှိန်ဖျော့အားနည်းသွားဖွယ်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

**ကေခိုင်ကျော်**

www.foreverspace.com.mm




# ရန်ကုန် ကုန်စည်ဈေးကွက်

သန်းထိုက်သူ ၊ သစ်ထွင်ရ

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ ယခုလ အခြားကုန်စည်တို့ အရောင်းအဝယ်ငြိမ်သက်နေသော်လည်း ပြည်ပပို့ကုန်ပဲအချို့ ကိုရီးယား၊ အိန္ဒိယနိုင်ငံတို့၏ဝယ်လက်ကြောင့် အရောင်းအဝယ်ဖြစ်ထွန်းခဲ့ပြီး ဈေးကောင်းရရှိခဲ့သည်။ အခြေခံ စားသောက်ကုန်နှင့် လူသုံးကုန်များ လက်လီလက်ကားရောင်းချရာ ရန်ကုန်မြို့ အဆင့်မြင့်ညောင်ပင်လေးဈေးကြီးအတွင်း ကုန်ပစ္စည်းအရောင်းအဝယ် ယခင်လများထက် ပွင့်လန်းလာပြီး ဈေးနှုန်းများမှာမူ ယခင်ဈေးနှုန်းများအတိုင်းသာ ပေါက်ဈေး ရှိခဲ့သည်။ စက်တင်ဘာလအတွင်း ဆိပ်ကမ်းအတွင်းရှိ ပြည်ပမှ မမှန်မကန်တင်သွင်းထားသည့် စားသောက်ကုန်အများစု ကို သက်ဆိုင်ရာမှ လေလံစနစ်ဖြင့် ဝယ်ယူခွင့်ပြုခဲ့ရာ ညောင်ပင်လေးဈေးကွက်အတွင်း ပြည်ပထုတ်ကုန်စည်များ ဝင် ရောက်လာမှုနှင့်ဆက်စပ်၍ ဝယ်လိုအားပါ တက်လာခြင်းဖြစ်ကြောင်း အဆိုပါဈေးမှ ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။ ထို့အပြင် ယင်းဈေးရှိ စားသောက်ကုန်ထဲတွင် ဝယ်လိုအားပုံမှန်မြင့်တက်လေ့ရှိသည့် နို့ဆီ၊ နို့စိမ်းများ ထုတ်လုပ်တင်သွင်းသူအများစုကို သက်ဆိုင်ရာမှ ခေါ်ယူတွေ့ဆုံ၍ ဆိပ်ကမ်းအရောက်သွင်းကုန်တန်ဖိုးနှင့် ဝန်ဆောင်မှု စရိတ်အတွက် ထိုက်သင့်သည့်အမြတ်ကိုယူ၍ စားသုံးသူများကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ရောင်းချရန် ခေါ်ယူညှိ နှိုင်းဆွေးနွေးခဲ့ကြောင်း အဆိုပါဈေးအတွင်းမှ စုံစမ်းသိရှိရသည်။ ပွင့်လင်းရာသီ ရောက်လာသည်နှင့်အမျှ ဈေးကွက်ဝယ် လိုအားတက်လျက်ရှိပြီး ကုန်ပစ္စည်းဈေးနှုန်းများမှာမူ ဆက်လက်မာနေမည်ဟု ထင်မြင်မိကြောင်း ဆပ်ပြာအရောင်းဆိုင် တစ်ခုမှ သုံးသပ်ပြောကြားသည်။

www.foreverspace.com.mm

## ပဲမျိုးစုံ

ပစ္စည်းလက်ကျန်နည်းနေပြီဖြစ်သော မတ်ပဲသည် အဝယ်လိုက်လာခြင်းကြောင့် ယခုလအတွင်း ရောင်းဈေး တစ်အိတ် ၉၃,၀၀၀ ကျပ်အထိ ဖြစ်လာသည်။ မတ်ပဲ (SQRC) (အကြွေးတစ်လဆိုင်း) တစ်တန်လျှင် ၁၈၅,၀၀၀ ကျပ်ဖြစ်သည်။ လက်ကျန်နည်းနေသော မတ်ပဲသည် အောက်တိုဘာလအတွင်း ပစ္စည်းပြတ်လပ်ဖွယ်ရှိပြီး နိုဝင်ဘာလအတွင်း အညာဒေသဘက်မှ ပဲအသစ်ထပ်ဝင်လာမည်ဖြစ်ကြောင်း၊ မတ်ပဲမြစ်ဝစမှာ ဒီဇင်ဘာ၊ ဇန်နဝါရီလအတွင်း ဝင်ရောက်မည်ဖြစ်ကြောင်း၊ ပဲအသစ်များဝင်ရောက်လာချိန်တွင်ပင် လက်ကျန်နည်းပါးခြင်း၊ ပြည်ပအဝယ်ရှိနေခြင်းတို့ကြောင့် ဈေးကောင်းရရှိမည်ဖြစ်ကြောင်း ပဲမျိုးစုံပွဲရုံလုပ်ငန်းရှင်တို့က ပြောကြားသည်။ ကိုရီးယားနိုင်ငံမှ အမှာစာအများအပြားရရှိထားသော ပဲလွန်းဖြူမှာ ပဲခူးစတစ်အိတ်လျှင် ၆၅,၀၀၀ ကျပ်ဈေး၊ မြစ်ဝစ ၅၂,၀၀၀ ကျပ်ဈေးဖြစ်ပေါ်လျက်ရှိသည်။ ကိုရီးယားမှ အခွံချွတ်ခွဲခြမ်းများ အဓိကဝယ်ယူခြင်းဖြစ်ပြီး ပစ္စည်းလက်ကျန်နည်းခြင်းကြောင့် ပဲလွန်းဖြူမှာလည်း ယခုလအတွင်း ပစ္စည်းပြတ်လပ်ဖွယ်ရှိသည်။ ပခုက္ကူဒေသမှထွက်သော ပဲတီစိမ်းမှာ အရည်အသွေးကောင်း၍ ပြည်ပပို့ကုမ္ပဏီများ ကြိုက်နှစ်သက်မှုရှိသည်။ တစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်ဈေးတွင် ပုံမှန်အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိသည်။ ထူးထူးခြားခြား အဝယ်လိုက်သောပဲမှာ မြေထောက်ပဲဖြစ်သည်။ အိန္ဒိယအဝယ်ရှိ၍ ယခင်လပေါက်ဈေး တစ်တန်လျှင် ၆၀၀,၀၀၀ ကျပ် ပေါက်ဈေးရှိရာမှ အောက်တိုဘာလဆန်းပိုင်းတွင် ၈၀၀,၀၀၀ ကျပ်ဈေးအထိ ဖြစ်ပေါ်ခဲ့သည်။ ယခင်လများကတည်းက ပြည်ပအဝယ်များသော ကုလားပဲဖြူလုံးကြီးမှာလည်း တစ်တန်လျှင် ၈၀၀,၀၀၀ ကျပ်ဈေးဖြစ်ပေါ်လျက် ရှိသည်။ ပြည်တွင်းသုံးပဲများတွင် ဝယ်လိုအားများသော ပဲကြီးဈေးမြင့်တက်သွားပြီး ယခင်လ တစ်အိတ်ဈေး ၅၅,၀၀၀ ကျပ်ရှိရာမှ ၇၅,၀၀၀ ကျပ်၊ ပဲခူးစ ၅၃,၀၀၀ ကျပ်ရှိရာမှ ၆၂,၀၀၀ ကျပ်၊ မြစ်ဝစ ၄၆,၀၀၀ ကျပ်ရှိရာမှ ၅၂,၀၀၀ ကျပ်သို့ အသီးသီးမြင့်တက်သွားခဲ့သည်။ အခြားပဲဈေးများမှာ ဘိုကိတ်တစ်အိတ်လျှင် ၃၅,၀၀၀ ကျပ်၊ ပဲလွန်းနီ ၃၅,၀၀၀ ကျပ်မှ ၄၀,၀၀၀ ကျပ်ကြား၊ ကုလားပဲခြမ်း တစ်ပိဿာ ၁၄၀၀ ကျပ်၊ မြေပဲဆန်အနီ ၁၅၀၀ ကျပ်နှင့် အဖြူ ၁၃၅၀ ကျပ်ဈေးဖြစ်ပေါ်လျက်ရှိသည်။

## ငရုတ်၊ ကြက်သွန်၊ အာလူး

မိုးထောင်နှင့် ရွှေအပ်ငရုတ်များ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းဒေသတို့မှ စတင်ဝင်ရောက်လျက်ရှိသည်။ တစ်ပိဿာလျှင် ၄၀၀ ကျပ်မှ ၆၀၀ ကျပ် ဝန်းကျင်ဈေးရှိသော မိုးထောင်ငရုတ်မှာ နိုဝင်ဘာလ သာစည်၊ သဲတောတို့မှ ထပ်မံဝင်ရောက်လာချိန်တွင် ဈေးထပ်မံကျဆင်းရန်ရှိကြောင်း ငရုတ်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ငရုတ်ရှည် ရွှေအပ်တစ်ပိဿာ ၃၁၀၀ ကျပ်၊ မြစ်ဝစ လက်ဟောင်း ၃၁၀၀ ကျပ်မှ ၃၆၀၀ ကျပ်အတွင်း ဈေးဖြစ်ပေါ်နေပြီး ဒီဇင်ဘာလ အကုန်တွင် ကျောက်ရဲဒေသ ငရုတ်များ ထွက်ရှိလာမှသာ ဈေးကျဆင်းရန်ရှိသည် ဟု ၎င်းက ဆိုသည်။ ငရုတ်ပွဈေးမှာ ဇီးပွ တစ်ပိဿာ ၄၂၀၀ ကျပ်၊ စိမ်းစားပွ ၄၈၀၀ ကျပ်ဈေးရှိပြီး အောက်တိုဘာလ တတိယပတ်တွင် စိမ်းစားပွ လှိုင်လှိုင်ဝင်လာမည် ဖြစ်သော်လည်း ရာသီဥတုအခြေအနေကြောင့် ဈေးနှုန်းခန့်မှန်း၍ မရနိုင်သေးကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဈေးနှုန်းလှိုင်းထမှုအများဆုံးဖြစ်ပေါ်သော ကြက်သွန်နီသည် ရန်ကုန်တစ်မြို့တည်းတွင်သာ ဈေးနှုန်းထိန်းချုပ်မှုပြုလုပ်ထား၍ နယ်လက်ကျန်ကြက်သွန်အချို့ ဈေးရရှိသောဒေသများသို့သာ စီးဆင်းကြကြောင်း ပွဲရုံလုပ်ငန်းရှင်များက ပြောကြားသည်။ ရန်ကုန်ရှိ ကန့်သတ်ဈေးမှာ တစ်ပိဿာ ၅၇၅ ကျပ်မှ ၆၇၅ ကျပ်အတွင်း ဖြစ်သည်။ နယ်ဒေသတွင် လက်ရှိပေါက်ဈေးမှာ ၁၃၀၀ ကျပ်ဈေးဖြစ်ပေါ်နေ၍ ရန်ကုန်ပွဲရုံများမှာ ယင်းပေါက်ဈေးဖြင့် ဝယ်ယူရောင်းချရန် အခက်အခဲများစွာ ဖြစ်ပေါ်နေသည်။ နယ်တွင် ပစ္စည်းလက်ကျန်အလွန်နည်းနေပြီဖြစ်၍ ရန်ကုန်သို့ တစ်နေ့လျှင် ကားတစ်စီး၊ နှစ်စီးခန့်သာ



www.foreverspace.com.mm

ဝင်ရောက်ပြီး ငွေလုံးအပ်သူ အချို့သာ ရန်ကုန်သို့ရောင်းချတင်ပို့မှုရှိကြောင်း၊ အများစုမှာ ဟသ်ာတ၊ ပြည်၊ မော်လမြိုင်၊ ဘားအံဒေသများသို့ တိုက်ရိုက်တင်ပို့နေ၍ ကြာလျှင် ရန်ကုန်ပွဲရုံတို့သည် တင်ပို့နေကျ နယ်အဆက်အသွယ်တို့နှင့် ပြတ်တောက်သွားပြီး ရပ်တည်ရန်ခက်ခဲသွားနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက မှတ်ချက်ပြုသည်။

ယခုလအတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာ ၂၃၀၀ ကျပ်ဈေးရှိပြီး ဝယ်လိုအားလျော့နည်းနေကြောင်း၊ အာလူးဈေးမှာ တစ်ပိဿာလျှင် ထိပ်စ ၃၈၀ ကျပ်မှ ၃၉၀ ကျပ်၊ အောက်စ ၁၈၀ ကျပ်ဝန်းကျင်ရှိပြီး အရောင်းအဝယ်ပုံမှန်သာရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ဆန်

ယခုလဆန်ဈေးမှာ အပြောင်းအလဲမရှိသေးဘဲ ဆန်အချောတစ်အိတ်လျှင် ၂၀,၀၀၀ ကျပ်မှ ၂၃,၀၀၀ ကျပ်၊ ဆန်အကြမ်းတစ်အိတ်လျှင် ၁၁,၀၀၀ ကျပ်မှ ၁၄,၀၀၀ ကျပ်ဖြင့်သာ အမြင့်ဈေးတွင်တန့်နေသည်။ ယခုတစ်ပတ်အတွင်း လက်ပံတန်းဒေသထွက် ဆန်အချို့ဝင်ရောက်ရန်ရှိပြီး အထွက်များပါက ဆန်ဈေးလျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ အောက်တိုဘာလဆန်းပိုင်းအတွင်း မုန်တိုင်းရှိ၍ မိုးရွာသွန်းမှုကြောင့် ဆန်အဝင်နှောင့်နှေးမှုရှိသော်လည်း ဆန်အသစ်အများအပြားဝင်ရောက်လာလျှင် ဆန်အကြမ်းဈေးတစ်အိတ် ၁၀,၀၀၀ ကျပ်အောက်သို့ ကျဆင်းသွားရန်ရှိကြောင်း ဆန်ပွဲရုံလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

ယခုလဆန်ကွဲဈေးမှာ အသေးတစ်အိတ်လျှင် ၈၃၀၀ ကျပ်ဝန်းကျင်ရှိပြီး ထက်ပိုင်းကျိုးမှာ ၉၅၀၀ ကျပ်ဝန်းကျင်ဈေးရှိသည်။

## အချိုရည်မျိုးစုံ

စက်တင်ဘာလအတွင်း အရောင်းအေးခဲ့သော အချိုရည်များမှာ အောက်တိုဘာလဆန်းအရောက် ဝယ်လိုအား အထူးတက်လာပြီး ဈေးကွက်အတွင်း ကုန်စည်များလည်း အများအပြားဝင်ရောက်ခဲ့ကြောင်း အဆိုပါဈေးမှ အချိုရည်ဆိုင်လုပ်ငန်းရှင်ဦးသိန်းက ဆိုသည်။ ဝယ်လိုအားမြင့်တက်ခဲ့သော်လည်း ဈေးနှုန်းများမှာမူ ယခင်ဈေးနှုန်းများအတိုင်း ဈေးမာလျက်ရှိကြောင်း၊ အဓိကအားဖြင့် ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ အလှူအတန်းများ၊ ပွဲလမ်းသဘင်များ များပြားလာခြင်းကြောင့် ရောင်းအားတက်ခြင်းဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။ ဈေးကွက်အတွင်း ပြည်တွင်းအချိုရည်ကုမ္ပဏီတစ်ခုမှ အိတ်ပုံသဏ္ဌာန်ဖြင့် အချိုရည် Jelly အရည်တစ်မျိုး ဈေးကွက်အတွင်း ဝင်ရောက်ခဲ့ပြီး ယခင်လက အဝင်ရပ်တန့်ခဲ့သည့် ပြည်ပထုတ်အချိုရည်များလည်း ပြန်လည်ဝင်ရောက်လာမှုကြောင့် ပြည်ပထုတ်အချိုရည်ဈေးနှုန်းများ အတက်ပြနေမှု ရပ်တန့်သွားကြောင်း၊ Singapore Coke ကဲ့သို့ အချိုရည်များလည်း ပုံမှန်ဝင်ရောက်လာခဲ့ရာ အထူးသဖြင့် ဆိပ်ကမ်းအတွင်းရှိ သိမ်းဆည်းရမိစားသောက်ကုန်များ လေလံစနစ်ဖြင့် ဝယ်ယူခွင့်ပြုခဲ့၍ ဈေးကွက်အတွင်း ပြည်ပထုတ်အချိုရည်အများအပြား ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဈေးမှ စုံစမ်းသိရှိရသည်။ အဓိကအားဖြင့် အောက်တိုဘာလဆန်းတွင် ပြည်ပကုန်သွယ်မှုဖလှယ်နှုန်းထားများ တည်ငြိမ်နေမှုကြောင့် အချိုရည်အများစုမှာ ဈေးအပြောင်းအလဲမရှိဘဲ တည်ငြိမ်နေကြောင်း၊ ငွေဈေးအပြောင်းအလဲနှင့် ကုန်ကြမ်းရရှိမှုအခြေအနေပေါ်မူတည်၍ ဈေးပြောင်းလဲနိုင်ကြောင်း ဦးသိန်းက သုံးသပ်ပြောကြားသည်။

လာမည့်လများတွင် အချိုရည်ရောင်းအား ပုံမှန်တက်လာဖွယ်ရှိပြီး ဈေးနှုန်းများမှာမူ ဆက်လက်မာနေမည်ဟု ထင်ကြောင်း ဦးသိန်းက အောက်တိုဘာ



www.foreverspace.com.mm

လခန်းပိုင်းတွင် ပြောကြားသည်။

## နို့ဆီ၊ သကြား

ညောင်ပင်လေးဈေးကွက်အတွင်း တင်သွင်းဖြန့်ဖြူးလျက်ရှိသည့် နို့ဆီ၊ နို့စိမ်း ထုတ်လုပ်တင်သွင်းသူများကို သက်ဆိုင်ရာမှ ဈေးကွက်အတွင်း ကုန်စည်ဈေးနှုန်းများမှန်ကန်မျှတစွာ ရောင်းချနိုင်ရန် ခေါ်ယူတွေ့ဆုံ ဆွေးနွေးခဲ့ရာ Dawn၊ Marygold၊ My Boy တံဆိပ်များ တင်သွင်းသူလုပ်ငန်းရှင်များနှင့် ရန်ကုန်မြို့ရှိ ဆူပါမားကတ်များမှ တာဝန်ရှိသူများပါဝင်ခဲ့ကြောင်း၊ လက်ရှိအောက်တိုဘာလဆန်းတွင် လူသုံးများသော နို့ဆီကုန်စည် အမှတ်တံဆိပ်အချို့မှာ ပြည်ပမှတင်သွင်းရာတွင် ဆိပ်ကမ်းအရောက်တန်ဖိုး တစ်ဘူးလျှင် ၄၃၆ ကျပ်ရှိခဲ့ပြီး ဈေးကွက်အတွင်း ရောင်းဈေးမှာ တစ်ဘူး ၆၇၀ ကျပ်ပေါက်ခဲ့ရာ အထွေထွေဝန်ဆောင်မှု နှင့် အမြတ်အစွန်း ၅၃ ဒသမ ၆ ရာခိုင် နှုန်းဈေးများနေကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာမှ စားသုံးသူများကို ဈေးနှုန်းမှန်ကန်စွာရောင်းချရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ထိုကဲ့သို့ ဆွေးနွေးမှုများကြောင့် ဈေးကွက်အတွင်း နို့ဆီဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့ပြီး အောက်တိုဘာလဆန်းတွင် Dawn နို့ဆီ တစ်ဘူးလျှင် ကျပ် ၆၅၀ ဈေးပေါက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ယခင်လများက တက်ရိပ်ပြခဲ့သောသကြားမှာ ဈေးတန့်လျက်ရှိပြီး ပေါင်းသကြား တစ်ပိဿာ ၁၄၀၀ ကျပ်ခန့် အောက်တိုဘာလဆန်းတွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပြည်တွင်း၌ ဈေးကောင်းရရှိမှုကြောင့် ပြည်ပသို့ သကြားတင်ပို့ရောင်းချမှုများမရှိတော့ရာ ပြည်တွင်းထွက်သကြားနှင့် ဈေးကွက်ဝယ်လိုအားမှာ ပုံမှန်ရှိကြောင်း အဆိုပါဈေးမှ သကြားအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ နို့ဆီ၊ သကြားမှာ မဝယ်မဖြစ် အခြေခံစားသောက်ကုန်များဖြစ်ရာ ၎င်းတို့၏ ဈေးအပြောင်းအလဲများသည် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသည့် စားသောက်ကုန်လုပ်ငန်းများကို ဈေးအပြောင်းအလဲများဖြစ်ပေါ်စေကြောင်း အဆိုပါဈေးမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့်

ပြည်တွင်းထုတ် ဆပ်ပြာများ ဈေးကွက်ဝေစုရရှိရန် ကြော်ငြာအင်အားသုံး၍ ပြိုင်ဆိုင်လျက်ရှိရာ အချို့ကုန်အမှတ်တံဆိပ်အချို့မှာ ကြော်ငြာအားကြောင့် ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။ Family Care ကဲ့သို့ ဆပ်ပြာများမှာ ဘူးပုံသဏ္ဍာန်ဆွဲဆောင်နိုင်မှုကြောင့် ဈေးကွက်ဝေစုအများအပြား ရရှိခဲ့ပြီး ဈေးနှုန်းများ ဈေးမာလျက်ရှိ ကြောင်း၊ ဆပ်ပြာအမျိုးအစားသစ်များကို ပြည်တွင်းကုမ္ပဏီများက အပြိုင်အဆိုင်ထုတ်လုပ်၍ ကြော်ငြာရောင်းချလျက်ရှိရာ ဈေးကွက်ဝယ်လိုအားမှာလည်း အသစ်ထုတ်ကုန်အမှတ်တံဆိပ်သို့ အမြဲပြောင်းရွှေ့လျက်ရှိကြောင်း အဆိုပါဈေးမှ ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ဆပ်ပြာမှုန့်များမှာ ဈေးငြိမ်လျက်ရှိပြီး ကုန်အမှတ်တံဆိပ်အချို့မှာ အထူးဝယ်လိုအားကောင်းလျက်ရှိပြီး ဈေးကွက်အတွင်း ပြည်တွင်းထုတ် အဝတ်လျှော်ဆပ်ပြာကဲ့သို့ ဆပ်ပြာများဝင်ရောက်လာသော်လည်း ဆပ်ပြာမှုန့်ဈေးကွက်မှာ ထူးခြားစွာပြောင်းလဲမှုများမရှိကြောင်း အောက်တိုဘာလဆန်းပိုင်းတွင် အဆိုပါဈေးမှ စုံစမ်းသိရှိရသည်။

## ငါးသေတ္တာ

ပြည်တွင်းထုတ်ငါးသေတ္တာများတွင် ကုန်ပစ္စည်းအမျိုးအစားသစ်များ ဝင်



ရောက်လျက်ရှိရာ ငါးကြင်းပဲငါးပိ၊ ငါးသေတ္တာအမျိုးအစားတစ်ခုကို ပြည်တွင်းကုမ္ပဏီတစ်ခုမှ စက်တင်ဘာလအတွင်း ဖြန့်ဖြူးရောင်းချခဲ့သည်။ မြို့ပြနေထိုင်မှုပုံစံပြောင်းလဲလာမှုနှင့် အလွယ်တကူဝယ်ယူစားသုံးနိုင်မှုကြောင့် ငါးသေတ္တာစားသုံးမှုများ တိုးတက်လာပြီး ပြည်တွင်းထုတ် ငါးသေတ္တာများ ဝယ်လိုအားကောင်းခဲ့ကြောင်း အဆိုပါဈေးမှ စုံစမ်းသိရှိရသည်။ ငါးသေတ္တာတွင် 2000 နှင့် Ready အမှတ်တံဆိပ်ငါးသေတ္တာများ ရောင်းအားအကောင်းဆုံးဖြစ်ပြီး ယခင် A1 အမှတ်တံဆိပ် ငါးသေတ္တာများလည်း ရောင်းလိုအားပုံမှန်ရှိခဲ့ပြီး ပြည်တွင်းငါးသေတ္တာများ အဆင့်မီထုတ်လုပ်လာနိုင်မှုကြောင့် ပြည်ပထုတ်ငါးသေတ္တာများ ဝယ်လိုအားလျော့ကျသွားကြောင်း အဆိုပါဈေးမှ ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**သန်းထိုက်သူ ၊ သစ်ထွန်း**

www.foreverspace.com.mm



# ပြည်တွင်းကုမ္ပဏီများ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာ

ထားထားမြင့်

**မကြာသေးခင်က ပြည်တွင်းရှိကုမ္ပဏီတစ်ခုက ဝန်ထမ်း ၁၀ ဦးခန့်ကို ကျင့်ဝတ်ဖောက်ဖျက်မှုဖြင့် လုပ်ငန်းခွင်ကနေ ရုတ်တရက်ရပ်စဲခဲ့ပါသည်။ နောက်ထပ် ဝန်ထမ်းနှစ်ဦးခန့်ကမူ မိမိသဘောနှင့် မိမိတို့ကုမ္ပဏီမှ အလုပ်ထွက်ခဲ့ကြ၏။ လက်အောက်ခံကုမ္ပဏီလေးငါးခုခန့်နှင့် တည်ထောင်ထားသော ကုမ္ပဏီကြီးတစ်ခုဖြစ်လင့်ကစား မကြာခဏဆိုသလို လစ်လပ်သွားသော ဝန်ထမ်းနေရာအတွက် ခေါ်ယူရသော ထိုကုမ္ပဏီ၏ ဝန်ထမ်းအလိုရှိသည်ဟူသော ကြော်ငြာများကို သတင်းစာများတွင် တွေ့မြင်နေရပါသည်။ စနစ်တကျဖွဲ့စည်းထားပြီး အထိုက်အလျောက်အောင်မြင်နေသော ကုမ္ပဏီကြီးတစ်ခုဖြစ်ပါလျက် ဝန်ထမ်းများအလုပ်ခွင်၌ မမြဲဖြစ်နေခြင်းမှာ စဉ်းစားစရာကိစ္စတစ်ခု ဖြစ်လာပါသည်။**

"ဒါဟာ ကုမ္ပဏီတွေမှာ အရေးကြီးတဲ့ HR လို့ခေါ်တဲ့ လူသားအရင်းအမြစ်စီမံခန့်ခွဲမှုမှာ အားနည်းလို့ဖြစ်တယ်။ HR လို့ခေါ်တဲ့ Human Resource ကို သေချာမလုပ်ဖြစ်ခဲ့တဲ့အတွက် ဒီကုမ္ပဏီကို တန်ဖိုးထား ရေရှည်လုပ်မယ့်သူ၊ ရာထူးကို တန်ဖိုးထား ရေရှည်လုပ်မယ့်သူ၊ ကုမ္ပဏီရဲ့ သဘောသဘာဝနဲ့ကိုက်ညီတဲ့ ဝန်ထမ်းတွေမရနိုင်လို့ ဖြစ်လာတဲ့ ပြဿနာတစ်ရပ်ပါ"

မြန်မာနိုင်ငံတွင် HR ခေါ် Human Resources လူသားအရင်းအမြစ်စီမံခန့်ခွဲရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားနေသော MHR သင်တန်းကျောင်း၏ မန်နေဂျင်းဒါရိုက်တာ ဦးအေးကျော်က ပြောကြားခြင်းဖြစ်သည်။ အထက်ပါကုမ္ပဏီတစ်ခုတည်းသာ မဟုတ်ပါ။ လူသားအရင်းအမြစ်စီမံခန့်ခွဲမှု အားနည်း

www.foreverspace.com.mm

သောကုမ္ပဏီများတွင်လည်း အလားတူပြဿနာမျိုးတွေ မကြာခဏကြုံတွေ့ရစမြဲဖြစ်သည်။ ဝန်ထမ်းရွေးချယ်ခြင်း၊ ခန့်အပ်ခြင်း စသော ကုမ္ပဏီ၏ လူသားအရင်းအမြစ်စီမံခန့်ခွဲမှုကိုကျွမ်းကျင်သော HR မန်နေဂျာ၊ ဌာနမထားရှိဘဲ ကုမ္ပဏီပိုင်ရှင်နှင့် ဝန်ထမ်းကြီးတချို့က ကိုင်တွယ်နေသရွေ့ ကုမ္ပဏီ၏တိုးတက်ကြီးပွားမှုနှင့်တိုက်ရိုက်ပတ်သက်သော ဝန်ထမ်းများမတည်မြဲမှုပြဿနာ အမြဲကြုံတွေ့နေရမည်ဟု HR ကျွမ်းကျင်ပညာရှင်တို့က ဆိုသည်။

## မြန်မာကုမ္ပဏီများနှင့် လူသားအရင်းအမြစ်စီမံခန့်ခွဲမှု

၁၉၈၉–၉၀ ခုနှစ်ခန့်တွင် ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုသည့်အနေဖြင့် ပြည်တွင်းကုမ္ပဏီများကို တည်ထောင်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ အစောဆုံး ပြည်တွင်းကုမ္ပဏီများ၏ ဒါရိုက်တာများသည် ယခင်အစိုးရဌာနများ၏ အရာရှိဟောင်းများဖြစ်ကြပြီး ဝန်ထမ်းရေးရာကို ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဌာနမှသာ ကိုင်တွယ်လေ့ရှိသည်။ ၎င်းတို့ဌာန၌ လုပ်ဆောင်ခဲ့သော လုပ်ရိုးလုပ်စဉ်အတိုင်း အသွင်ပြောင်းလာသော စီမံအုပ်ချုပ်မှုဌာနတွင် လူသားအရင်းအမြစ်စီမံခန့်ခွဲမှု ခေါ် HR ကို တတ်မြောက်ကျွမ်းကျင်သူ မရှိခဲ့ပါ။

"ဒါကြောင့်မို့ အရင်က ပြည်တွင်းကုမ္ပဏီတွေမှာ HR ဆိုတာ မရှိဘူး။ အရင်ဌာနတွေမှာလုပ်တဲ့အတိုင်းပဲ ဆုံးဖြတ်ကြတယ်"ဟု MHR မှ ဦးအေးကျော်က ပြောကြားသည်။ ၁၉၉၄–၁၉၉၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပတ္တမြားဆောင်တွင် စတင်ဖွင့်လှစ်ခဲ့သော MBA (Master of Business Administration) သင်တန်း၏ သင်ရိုးညွှန်းတမ်းတွင် လူသားအရင်းအမြစ်စီမံခန့်ခွဲမှု ဘာသာရပ်ကို စတင်သင်ကြားခဲ့သည်။ MBA သင်တန်း၌သင်သော ဘာသာရပ် ၂၄ ခုတွင် လူသားအရင်းအမြစ်စီမံခန့်ခွဲမှုသည် ဘာသာရပ်တစ်ခုအဖြစ် ပါဝင်သည်။ မြန်မာနိုင်ငံမှ ပထမအသုတ် MBA ဘွဲ့ရသူများတွင် ကုမ္ပဏီများ၏ HR ဌာန၌ ဝင်ရောက်လုပ်ကိုင်သောသူ တစ်ဦးစနှစ်ဦးစသာရှိခဲ့ပြီး HR အရာရှိအဖြစ် လုပ်ကိုင်သူအရေအတွက် အလွန်နည်းသည်ကို တွေ့ရသည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ကြသော နိုင်ငံခြားကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများတွင် လူသားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနများရှိလာကြပြီး နိုင်ငံတကာအတွေ့အကြုံရှိသော မြန်မာကုမ္ပဏီများကလည်း ဝန်ထမ်းရေးရာကို ကိုင်တွယ်ရန် HR ဌာနများကို ကုမ္ပဏီတွင် ဌာနတစ်ခုအဖြစ် ထည့်သွင်းလာသည်။

"ဒါပေမဲ့ HR ဌာနမှာ လာလျှောက်တဲ့လူနည်းတယ်၊ လျှောက်တဲ့သူမှာလည်း HR အရည်အချင်းပြည့်တဲ့သူနည်းတယ်" ဟု ကုမ္ပဏီပိုင်ရှင်တစ်ဦးက ဆိုသည်။


ထို့ကြောင့် ကုမ္ပဏီများတွင် HR အရာရှိများအဖြစ် လုပ်ကိုင်နေလင့်ကစား HR ပညာကို မကျွမ်းကျင် နားမလည်သူအများအပြားရှိနေသည်ကို တွေ့ရသည်။ ၁၉၉၈ ခုနှစ်တွင် ပုဂ္ဂလိကသင်တန်းကျောင်းဖြစ်သော MHR က HR သင်တန်းများကိုဖွင့်လှစ်ခဲ့ပြီး MHR မှ သင်တန်းဆင်းအချို့မှာ ကုမ္ပဏီကြီးများတွင် HR အရာရှိများအဖြစ် တာဝန်ထမ်းဆောင်လာကြသည်။ မြန်မာနိုင်ငံ၌ ပထမဆုံးပုဂ္ဂလိကသင်တန်းကျောင်းတစ်ခုမှ HR သင်တန်းများ ဖွင့်လှစ်ရခြင်းကို MHR မှ ဦးအေးကျော်က ယခုကဲ့သို့ ရှင်းပြသည်။

"နိုင်ငံခြားကို မကြာခဏသွားတော့ အဲဒီမှာ ကုမ္ပဏီဆိုရင် HR ရှိတယ်။ မြန်မာနိုင်ငံမှာမရှိဘူး။ ရှိရင်လည်း တကယ်ကို စာတွေ့လက်တွေ့တတ်မြောက်သူနည်းတယ်။ HR အရာရှိဟာ HR ပညာသင်ထားရမယ်။ ဒါကြောင့် သင်တန်း တွေဖွင့်ဖြစ်ခဲ့တာပါ"

## မြန်မာ HR အရာရှိများ

နိုင်ငံတကာ HR သင်ရိုးညွှန်းတမ်းများ၏အဆိုအရ ကုမ္ပဏီတွင်ရှိသော HR ဌာနသည် လုပ်ငန်းအသစ်တိုးချဲ့ရန်အတွက် လိုအပ်လာမည့် ဝန်ထမ်းအမျိုးအစားနှင့် ဦးရေ ကြိုတင်တွက်ချက်သတ်မှတ်ခြင်း၊ လက်ရှိဝန်ထမ်းများထဲမှ အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသော နေရာလပ်ကို သတ်မှတ်ခြင်း၊ မိမိဝန်ထမ်းများထဲမှ အဆိုပါနေရာလပ်ကို

**အရည်အချင်းပြည့်ဝသောဝန်ထမ်းများ ရရှိရန်လိုအပ်သည်**



www.foreverspace.com.mm

ဝင်ရောက်လုပ်ကိုင်နိုင်မည့်သူကို ခန့်မှန်းတွက်ချက်ခြင်း၊ အလုပ်လျှောက်လွှာခေါ်ယူခြင်း၊ လူရွေးလူခန့်ပြုလုပ်ခြင်း စသည့်တာဝန်များကို ထမ်းဆောင်ရပါသည်။ အောင်မြင်သော HR အရာရှိကောင်းတစ်ဦးဖြစ်ရန် အဓိက လိုအပ်ချက်မှာ HR ပညာကို လေ့လာသင်ယူဖူးသူ၊ လူအများနှင့်ဆက်ဆံပြောဆိုမှုကို မွေ့လျော်သူ၊ လူများတွင်ရှိသော အခက်အခဲများကို စုံစမ်းလေ့လာတတ်သူ ဖြစ်ရန်လိုအပ်သည်ဟု HR ကျွမ်းကျင်သူများထံမှ သိရသည်။ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်း (Inter national NGO) တစ်ခုတွင် HR Officer အဖြစ် အမှုထမ်းနေသော ဦးအုန်းဝမ်က–

"HR အရာရှိကောင်းတစ်ယောက်ဖြစ်ဖို့ HR နဲ့ပတ်သက်သမျှ သင်တန်းတွေတက်၊ ရနိုင်သမျှတွေ စုဆောင်းလေ့လာဖတ်ရှုမှတ်သားပြီး အကောင်အထည်ဖော်ရပါတယ်"ဟု ဆိုသည်။

ဦးအုန်းဝမ်သည် HR အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ ၆ နှစ်ခန့်ရှိပြီဖြစ်ပြီး MHR နှင့် ရန်ကုန်တက္ကသိုလ်တွင် MPA တက်ရောက်၍ HR Management ပညာများကို လေ့လာသင်ယူနေသည်ဟု သိရသည်။

မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီကြီးတစ်ခု၏ HR ဌာနတွင် ဝင်ရောက်လုပ်ကိုင်နေသော ဦးကျော်မင်းကမူ–

"ကျွန်တော်ကတော့ မရည်ရွယ်ဘဲ HR ဌာနကို ရောက်ခဲ့တာပါ။ HR ဌာနမှာ လုပ်နေပေမယ့် HR ဆိုတာ သေချာမသိရပါဘူး။ ကျွန်တော်တို့ကုမ္ပဏီက စက်ရုံတွေရှိတယ်ဆိုတော့ အဲဒီအလုပ်သမားတွေကို စီမံခန့်ခွဲတာကိုပဲ လုပ်နေရပါတယ်" ဟု ဆိုသည်။

ဦးကျော်မင်းတို့စက်ရုံရှိ အလုပ်သမားများမှာ နေ့စားအလုပ်ကြမ်းသမားများဖြစ်၍ ပြဿနာများကို ခပ်ကြမ်းကြမ်းကိုင်တွယ်ဖြေရှင်းရသည်ဟု ၎င်းက ရှင်းပြသည်။ ထို့အတူ အချို့သော ပြည်တွင်းကုမ္ပဏီများမှာ HR ဌာနရှိလင့်ကစား အလုပ်ရှင်နှင့် ဝန်ထမ်းကြီးအချို့၏ ဝင်ရောက်စွက်ဖက်မှုကြောင့် HR ဌာနများသည် HR တာဝန်ကို ပီပီပြင်ပြင်မထမ်းဆောင်နိုင်ဟု မြန်မာ HR အရာရှိများထံမှ သိရသည်။

"အလုပ်ခန့်အပ်တဲ့နေရာမှာဆိုပါစို့။ HR သင်တန်းမှာ သင်ထားရတာက HR အရာရှိကသာ လျှောက်လွှာရွေးချယ်ခြင်း၊ ပဏာမစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း အဆင့်ဆင့်လုပ်ဆောင်ပြီးမှ နောက်ဆုံးအပြီးသတ်ရွေးချယ်တာကိုမှ ကုမ္ပဏီအကြီးအကဲက လုပ်တာပါ။ ဒါပေမဲ့ လက်တွေ့မှာတော့ ပိုင်ရှင်ကလုပ်ချင်သလို လုပ်နေတာပဲ"ဟု HR အရာရှိတစ်ဦးက ရှင်းပြသည်။ ထို့ကြောင့် ကုမ္ပဏီ၏ HR ဌာန ပီပြင်လာရေးအတွက် ကုမ္ပဏီအကြီးအကဲများ၏ အတွေ့အကြုံနှင့်အရည်အချင်းကလည်း အရေးပါလိုအပ်ကြောင်းတွေ့ရသည်။ သို့သော်လည်း ပြည်တွင်းရှိနိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီ ၆၀၀ ခန့်တွင်မူ HR စနစ်ကို တင်းပြည့်

**လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် သင်တန်းများ၏အခန်းကဏ္ဍသည် အရေးအပါဆုံးဖြစ်သည်**



www.foreverspace.com.mm

ကျပ်ပြည့်ကျင့်သုံးနေသဖြင့် မြန်မာကုမ္ပဏီများတွင် လူသားအရင်းအမြစ် စီမံခန့်ခွဲမှုအလားအလာမှာ ယခင်ကထက် ပိုမိုကောင်းလာနိုင်ဖွယ်ရာရှိသည်ဟု HR ကျွမ်းကျင်သူများက မှတ်ချက်ချသည်။

## အားသာချက်များ

ဦးမြင့်ကျော်သည် ကြော်ငြာကုမ္ပဏီတစ်ခု၏ လက်ထောက် Marketing မန်နေဂျာတစ်ဦး ဖြစ်ပါသည်။ ၎င်း၏ အထက်အရာရှိ Marketing Manager မှာ ပြည်ပတွင် သင်တန်းတစ်ခုသွားတက် ရန် မကြာသေးခင်က အလုပ်မှ နုတ်ထွက်သွားပါသည်။ ထိုအချိန်တွင် ကုမ္ပဏီ၏ HR ဌာနမှ ဦးမြင့်ကျော်ကို အဆိုပါ လစ်လပ်သွားသောနေရာတွင် ရာထူးတိုးမြှင့်ခန့်အပ်လိုက်ပါသည်။

"ကျွန်တော် သိပ်ဝမ်းသာဂုဏ်ယူရပါတယ်။ ကုမ္ပဏီရဲ့ HR မန်နေဂျာက ကျွန်တော့်ရဲ့ လုပ်ကိုင်မှုကို အမြဲအကဲခတ်ကြည့်နေတယ်လို့ ပြောပါတယ်။ ဒါကြောင့် လစ်လပ်သွားတဲ့နေရာမှာ အသင့်တော်ဆုံးလို့ ယူဆခန့်အပ်ခဲ့တာကို သိရတယ်" ဟု ဦးမြင့်ကျော်က ရှင်းပြသည်။

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုအားကောင်းစနစ်ကျသော ကုမ္ပဏီများတွင် ဝန်ထမ်းရွေးချယ်ခြင်း၊ အစားထိုးခန့်အပ်ခြင်းကို ထိုကဲ့သို့ စနစ်တကျဆောင်ရွက်လေ့ရှိပါသည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများသာ လူမှန်နေရာမှန်တွင်ရှိပြီး ဝန်ထမ်းများအရည်အချင်းညှံ့ဖျင်းမှုပြဿနာများလည်း မပေါ်ပေါက်နိုင်တော့ပါ။ ဝန်ထမ်းစခန့်စဉ်က လည်း HR တတ်မြောက်သူများက ဘဝတစ်လျှောက်လုံးအတွက် အဆိုပါအလုပ်ကို လုပ်ကိုင်နိုင်မည့်သူကို အနီးစပ်ဆုံး အဆင့်ဆင့်ရွေးချယ်ထားသဖြင့် ဝန်ထမ်းပြဿနာများလည်း နည်းပါးသည်ကို တွေ့ရသည်။

"ရုံးမှာ ကျွန်တော့်ရဲ့ HR ဌာနက စာကြည့်တိုက်တစ်ခုထောင်ပေးထားတယ်။



ပြီးတော့ အဆက်မပြတ် ပညာတွေရနေစေဖို့ Seminar တွေလည်းလုပ်ပေးတယ်။ လိုအပ်တဲ့သင်တန်းတွေလည်း ပေးပါတယ်။ ဒါကြောင့် HR ဌာနအပေါ် ဝန်ထမ်းတွေက လေးစားမှုရှိပါတယ်" ဟု ဦးမြင့်ကျော် က ဆိုသည်။

## အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်

သဘာဝသယံဇာတအရင်းအမြစ် မည်မည်ရရမရှိသော စင်ကာပူနိုင်ငံသည် အာရှတွင် ထိပ်သီးစီးပွားရေးနိုင်ငံတစ်ခု ဖြစ်လာရခြင်းမှာ နိုင်ငံ၏ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ နေရာတိုင်းတွင် လူတော်များသာရှိနေစေခြင်းကြောင့်ဖြစ်သည်ဟု စင်ကာပူနိုင်ငံသားပညာရှင်များက ပြောလေ့ရှိကြသည်။

လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံတစ်ခု၊ ကုမ္ပဏီတစ်ခု၏ ရေရှည်စီးပွားမဟုတ်ဘဲ ရေရှည်ကိုကြည့်သော စွမ်းအားအရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် HR ကို ပိုင်နိုင်ကျွမ်းကျင်သူများသည် ရှေ့ဆုံးမှ ဦးဆောင်နေသူများသာ ဖြစ်လာမည်ဟု MHR မှ ဦးအေးကျော်က ဆိုသည်။

"ကုမ္ပဏီရဲ့ ရေရှည်ဖွံ့ဖြိုးမှုဟာ HR ပေါ်မူတည်တယ်။ ဥပမာ–Internet ပေါ်လာတယ်ဆိုပါစို့။ HR သမားအစစ်က အလုပ်ရှင်ကို ကုမ္ပဏီကလုပ်သားတွေကို သင်ပေးဖို့ ပြောမယ်။ HR ကောင်းကောင်းမရှိရင်တော့ ပေါ်လာတဲ့နည်းပညာတွေကို ကုမ္ပဏီက မျက်ခြည်ပြတ် နောက်ကျန်ရစ်မယ်" ဟု ၎င်းက ပြောကြားသည်။

ထို့ကြောင့် ခေတ်မီသောနိုင်ငံ တကာဗဟုသုတရှိသော မြန်မာကုမ္ပဏီ အချို့သည် HR ၏ ကောင်းကျိုးကို သဘောပေါက်နားလည်ထားပြီး ကုမ္ပဏီတွင် HR ၏ အခန်းကဏ္ဍ ပီပြင်စေရန် အားထုတ်ကြိုးပမ်းကြသည်ကိုတွေ့ရသည်။ ပြည်တွင်းရှိ အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်နေသော ကုမ္ပဏီတစ်ခုသည် ယင်းနှင့် လုပ်ငန်းချင်းတူသော ကုမ္ပဏီများ၌ HR ဌာနမရှိသော်လည်း ယင်းကုမ္ပဏီကမူ HR ဌာနကို သီးသန့်ပီပြင်စွာထားရှိပါသည်။ ကုမ္ပဏီလုပ်ငန်းရှင်မှာ ငယ်ရွယ်သူတစ်ယောက်ဖြစ်သော်လည်း ကုမ္ပဏီ၏ လုပ်သားများစီမံခန့်ခွဲမှုနှင့် ပတ်သက်သမျှကို HR ဌာနအား လွှဲအပ်တာဝန်ပေးထားပါသည်။

"ဒီအကျိုးဆက်ကြောင့် သူ့ကုမ္ပဏီက အလွန်တရာစည်းစနစ်ကျနပြီး နှစ်ပေါင်းများစွာတိုင်အောင် အမှုထမ်းနေတဲ့ ဝန်ထမ်းကောင်းတွေ ရှိနေတာပေါ့" ဟု ရန်ကုန်တက္ကသိုလ်မှ HR ပညာရှင်တစ်ဦးကဆိုသည်။

**ထားထားမြင့်**

www.foreverspace.com.mm



ဤကဏ္ဍတွင် .....
၈၄ ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံ၊ အိုင်တီနှင့် သဘာဝဝန်းကျင်ကောင်းကျိုး
၈၈ လယ်ယာ၊ စက်မှု၊ သဘာဝဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးမှု အစီအမံများ

# ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံ၊ အိုင်တီနှင့် သဘာဝဝန်းကျင်ကောင်းကျိုး

အောင်ကျော်မင်း

**မျက်မှောက်ကာလ၌ မြန်မာနိုင်ငံကဲ့သို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်လျက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနှင့် မိမိနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ အစွမ်းကုန်ဆွဲဆောင်ခေါ်ယူရေးသည် အဓိကကျသည့် စီးပွားရေးမဟာဗျူဟာပင်ဖြစ်သည်။ ယင်းသို့ ဆွဲဆောင်ခေါ်ယူရာ၌ ရင်းနှီးမြှုပ်နှံမှုများအတွက် ရေခံမြေခံကောင်းကို ဖန်တီးတည်ဆောက်ထားရန်လိုအပ်ပေရာ ရင်းနှီးမြှုပ်နှံမှုများအတွက် လက်ရှိဖြစ်တည်နေသော အဟန့်အတားအချို့ကိုပြုပြင်ပြောင်းလဲရမည်သာဖြစ်သည်။ အဆိုပါပြုပြင်ပြောင်းလဲမှုများအနက် သတင်းဆက်သွယ်ရေး(အိုင်တီ)နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာစေရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။**



စက်တင်ဘာလဆန်းပိုင်းက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ပြုလုပ်သွားသော ဘာသာရပ်ဆိုင်ရာ ပညာရှင်ဟောပြောပွဲတစ်ခုတွင် စာရေးဆရာကျော်ဝင်းက နိုင်ငံတကာစီးပွားရေးပြုပြင်ပြောင်းလဲမှုများအကြောင်းကို ဆွေးနွေးဟောပြောခဲ့သည်။ ယင်းဟောပြောပွဲတွင် နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံကောင်းဖော်ထုတ်ရာ၌ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲသင့်သောလုပ်ငန်းစဉ်များကို အောက်ပါအတိုင်းအကြံပြုခဲ့သည်။

(၁) ထိန်းချုပ်ရေးဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ (Regulation Act) ကို တတ်နိုင်သလောက်လျှော့ချရန်။

www.foreverspace.com.mm

(၂) ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် (Property Right) ပေးရန်။

(၃) အငြင်းပွားမှုများပေါ်ပေါက်လာပါ က တရားရုံး၌ဖြေရှင်းနည်းကို နောက်ဆုံး အဆင့်မှသာ အသုံးပြုစေရန်။

(၄) တတ်နိုင်သလောက် အင်တာနက် အသုံးပြုရန်။

(၅) လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ တင်းချည်လျှော့ချည်မပြုလုပ်ရန်။

အထက်ပါအချက် ငါးချက်အနက် နံပါတ်လေးအချက်ကိုယခုဆောင်းပါးတွင် ဆွေးနွေးလိုခြင်းဖြစ်ပါသည်။ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန်အကြံပြုထားခြင်းမှာ အိုင်တီနည်းပညာကို စီးပွားရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် တတ်နိုင်သလောက်အသုံးပြုစေရန် တိုက်တွန်းခြင်းဟု နားလည်ရပါသည်။ ဟောပြောသူက အင်တာနက်သုံးစွဲခြင်း၏ အားသာချက်များကို ထုတ်ပြပါသည်။ ပထမအချက်မှာ လူမြင်သူမြင်မရှိ၍ လူပုဂ္ဂိုလ်၏အပေါ်ယံအသွင်အပြင်ပေါ်တွင် အကဲဖြတ်၍ တုံ့ပြန်တတ်သော အလေ့အထ ကို ရှောင်ရှားနိုင်သည်ဟု ထောက်ပြ သည်။ ဒုတိယအချက်မှာ ပွင့်လင်းလွတ်လပ်စွာဆောင်ရွက်နိုင်ခြင်းကို ထောက်ပြသည်။ တတိယအချက်အနေနှင့် သတင်းအချက်အလက် မြောက်မြားစွာကို မြန်မြန်ဆန်ဆန်နှင့် လွယ်ကူစွာရရှိနိုင်ခြင်းတို့ကို ထောက်ပြသွားသည်။

အင်တာနက်ကို စီးပွားရေးလုပ်ငန်းစဉ်များ၌ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်း၏ အကျိုးရလဒ်ကား ဤမျှမကပေ။ အင်တာနက်ကိုသုံးစွဲခြင်းဖြင့် လုပ်ငန်းစဉ်များကို သွက်လက်မြန်ဆန်စေခြင်း၊ စရိတ်စကသက်သာခြင်းနှင့် ပိုမိုထိရောက်မှုရှိခြင်းတို့အပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ အထောက်အပံ့ကောင်းဖြစ်နေသည့်အချက်ကိုလည်း ပညာရှင်များက ထောက်ပြပြောဆိုကြသည်။




စီးပွားရေးလုပ်ငန်းစဉ်များတွင် အစိုးရပိုင်း၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့က အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်း ဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည်ဟူသည့်အချက်ကို ပေါ်လွင်ထင်ရှားစေသည့်အကြောင်းခြင်းရာများစွာရှိနေပါသည်။ ပထမဆုံးမြင်သာသည့်အချက်မှာ နေရာဒေသအကွာအဝေးကို ချုံ့ပစ်လိုက်နိုင်သော ဆက်သွယ်ရေးဖြစ်သည်။ ဝေးကွာသောဒေသနှစ်ခုမှ သုံးစွဲသူတို့ကို တစ်နေရာတည်းတွင် အပြန်အလှန်ထိတွေ့ဆက်ဆံနိုင်စေသဖြင့် မလိုအပ်ဘဲ ခရီးသွားလာရခြင်းကို ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။ ဥပမာ–စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်၌ အခြေစိုက်ထားသည့်စီးပွားရေးအုပ်စုများအနေနှင့် လုပ်ငန်းစဉ်တစ်ခုတွင် အစိုးရဝန်ကြီးဌာနများနှင့် ဆက်သွယ်လုပ်ကိုင်ရန် လိုအပ်လာပါက အုပ်ချုပ်ရေးမြို့တော်ဖြစ်သော မိုင် ၂၀၀ ကျော်ဝေးလံသည့် နေပြည်တော်သို့ သွားရောက်ရမည်ဆိုပါစို့။ သမား ရိုးကျဆက်သွယ်လုပ်ကိုင်ရသည့်ပုံစံမှာ အစိုးရရုံးစိုက်ရာ နေပြည်တော်သို့

**စီးပွားရေးလုပ်ငန်းစဉ်များတွင် အစိုးရပိုင်း၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့က အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည်ဟူသည့်အချက်ကို ပေါ်လွင်ထင်ရှားစေသည့်အကြောင်းခြင်းရာများစွာရှိနေပါသည်။ ပထမဆုံးမြင်သာသည့်အချက်မှာ နေရာဒေသအကွာအဝေးကို ချုံ့ပစ်လိုက်နိုင်သော ဆက်သွယ်ရေးဖြစ်သည်။**

www.foreverspace.com.mm



ရန်ကုန်မှ ရထားဖြင့်ဖြစ်စေ၊ မော်တော်ကားဖြင့်ဖြစ်စေ သွားချည်ပြန်ချည်ဖြင့် ဆက်သွယ်လုပ်ကိုင်ရ ဖွယ်ရှိသည်။ မကြာသေးမီကပင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် အွန်လိုင်းလျှောက်လွှာများကို လက်ခံနိုင်ရန် စီစဉ်ပေးခဲ့သည်ကို တွေ့ရသည်။ ယင်းကဲ့သို့သော အစီအစဉ်မျိုးများကြောင့် ကုန်သွယ်ရေးလုပ်ငန်းရှင်များအနေနှင့် အချိန်ကုန်သက်သာ၊ စရိတ်စက ပိုမိုသက်သာလာရုံမက နိုင်ငံအတွက်လည်း တစ်ဖက်မှ စွမ်းအင်လောင်စာ၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အဦနှင့် ယာဉ်စက်ပစ္စည်းအထောက်အပံ့တို့ကို များစွာ ချွေတာလိုက်နိုင်ဖွယ်ရှိပေသည်။ အကျိုးဆက်က ထိုမျှနှင့်ရပ်တန့်သွားမည်မဟုတ်သေး။ ရထားသို့မဟုတ် မော်တော်ကားသွားလာမှုကို လျှော့ချလိုက်နိုင်ခြင်းဖြင့် တစ်ဖက်တွင် ယာဉ်သွားလာမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း ထိန်းသိမ်းလိုက်နိုင်သည်ကို ဆက်စပ်စဉ်းစားနိုင်ပေသည်။ သို့အတွက် အစိုးရအဖွဲ့အစည်းအချင်းချင်းကြား၊ စီးပွားရေးအဖွဲ့အစည်းအချင်းချင်းကြား၊ အစိုးရနှင့် ပုဂ္ဂလိကကြား ဆက်သွယ်ဆောင်ရွက်ရသောလုပ်ငန်းစဉ်များတွင် ဖြစ်နိုင်သမျှ အိုင်တီကို သုံးစွဲရေးဖြစ် သည်။

နောက်ထပ်ကြီးမားသောအကျိုးကျေးဇူးမှာ အသုံးပြုနေကျ စာရွက်စာတမ်းများနေရာတွင် အိုင်တီစနစ်ကိုအသုံးပြု၍ ကွန်ပျူတာများဖြင့် မှတ်တမ်းများထားရှိခြင်း၊ စစ်ဆေးအတည်ပြုခြင်း၊ တစ်နေရာမှတစ်နေရာသို့ ကွန်ပျူတာအချင်းချင်း ချိတ်ဆက်ထားသော Network များအသုံးပြု၍ ပေးပို့ခြင်းဖြင့် စက္ကူ၊ မင်၊ ပုံနှိပ်ကိရိယာများသုံးစွဲမှုကို လျှော့ချနိုင်ခြင်းပင် ဖြစ်သည်။ ယင်းသို့ လျှော့ချနိုင်လိုက်သောအကျိုးမှာ သစ်တောထွက်ပစ္စည်းများပေါ်တွင် အားပြုနေသော စက္ကူအား သုံးစွဲမှုလျှော့ချနိုင်လိုက်ခြင်းပင်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ကို အထောက်အပံ့ပြုကြောင်း မြင်သာသည်။ ထို့ပြင် စက္ကူထုတ်လုပ်မှုမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများ၏ သဘာဝပတ်ဝန်းကျင်အတွက် ဆိုးကျိုးကို လျှော့ချနိုင်သည်လည်း ဖြစ်သည်။

အင်တာနက်နှင့် အိုင်တီကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခြင်းဖြင့် ရရှိလာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများစွာ ရှိနိုင်ပါသေးသည်။ အထက်တွင် ထင်သာမြင်သာ ရှိသည့် အဓိကအချက် နှစ်ချက် ကိုသာ ထုတ်ပြထားသော် လည်း အကျိုးဆက်က သုံးစွဲမှု ကျယ်ပြန့်လာသည်နှင့်အမျှ သိသိသာသာ ကောင်းကျိုးများ ဖြစ်ထွန်းလာမည်သာ ဖြစ်သည်။

သို့အတွက် ရှိပြီးသားဖြစ်သော အိုင်တီဆိုင်ရာအခြေခံအဆောက်အဦကို တိုးချဲ့မြှင့်တင်ရေးနှင့် အဆိုပါအိုင်တီနည်းပညာများကို အဖွဲ့အစည်းအသီးသီး၌ တစ်စစပိုမိုယဉ်ပါးလာစေရေးကို မလွဲမသွေ အလေးထားအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတကာအနေအထားနှင့် နှိုင်းယှဉ်၍ မိမိတို့နိုင်ငံ၏ အိုင်တီနည်းပညာဆိုင်ရာ လိုအပ် ချက်များနှင့် အခြေခံအဆောက်အဦများ ကို ပိုမိုလွတ်လပ်ကောင်းမွန်လာစေရန် တိုးမြှင့်တည်ဆောက်သွားရမည် ဖြစ်သည်။

သို့မှသာ အိုင်တီနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်သော ရေခံမြေခံကောင်းကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအဝဝကို ဆွဲဆောင်ရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတို့ ပျော်ပိုက်ရာ ရေခံမြေခံကောင်း၏ အင်္ဂါရပ်များတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည်လည်း အပါအဝင်ဖြစ်၍ အိုင်တီနည်းပညာကျယ်ပြန့်စွာ သုံးစွဲလာရေးကို အရေးပေး၍ ဆောင်ရွက်သွားရန် တိုက်တွန်းရခြင်းဖြစ်ပါသည်။

**အောင်ကျော်မင်း**

www.foreverspace.com.mm

# လယ်ယာ၊ စက်မှု၊ သဘာဝဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးမှု အစီအမံများ

အဂ္ဂ

**မြန်မာနိုင်ငံ အနာဂတ်ကာလတွင် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာများ ကဏ္ဍအလိုက်ချမှတ်၍ လုပ်ကိုင်ကြရာ၌ စီးပွားရေးလုပ်ငန်းများကို ကဏ္ဍအလိုက်သော်လည်းကောင်း၊ အခြားကဏ္ဍများနှင့် ရောနှော၍သော်လည်းကောင်း မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်နည်းဟူသော နည်းဗျူဟာသည်လည်း အရေးကြီးသော အကြောင်းအရာတစ်ရပ် ဖြစ်လာစေလိမ့်မည် ဖြစ်သည်။**

အထူးသဖြင့် နောင်အနာဂတ် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍများဟုဆိုရမည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် သဘာဝအရင်းအမြစ်ကဏ္ဍများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များအနက် ဦးစားပေးဆောင်ရွက်ရမည့် အခန်းကဏ္ဍရွေးချယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုမဟာဗျူဟာတစ်ရပ်လုံးတွင် ဟန်ချက်ညီ ပါဝင်ဆောင်ရွက်မှု စသည်တို့သည် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်သည်ဟု စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။



အဆိုပါကဏ္ဍများအနက် မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို ရှေးနှစ်ပေါင်းများစွာကပင် အဓိကထားလုပ်ကိုင်ခဲ့သည့် နိုင်ငံတစ်ခု ဖြစ်သည်။ သို့သော် စက်မှုလုပ်ငန်းကဏ္ဍဟူသည်မှာ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ကာလ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့သည့် နောက်ပိုင်းအချိန်မှသာစက်မှုလုပ်ငန်းများ ပြန်လည်ထွန်းကားလာသည်ဟု ဆိုရမည် ဖြစ်သည်။

သို့ဖြစ်၍ လယ်ယာကဏ္ဍသည်သာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ၏ ကနဦးလုပ်ငန်းများအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

သို့ရာတွင် တောင်ကိုရီးယားကဲ့သို့ စက်မှုဖွံ့ဖြိုးလာသည့် နိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစောပိုင်းကာလအစီအစဉ်များကဲ့သို့ လယ်ယာကဏ္ဍကို ဦးစားပေးဆောင်ရွက်ခဲ့သည်တို့နှင့်မတူကွဲပြားသည်ဟု အာရှစီးပွားရေးလေ့လာသူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ဤသို့သော အခြေအနေများနှင့်မတူ ကွဲပြားသည်မှန်

www.foreverspace.com.mm

သော်လည်း အဓိကထားဆောင်ရွက်ရန် မှာ လယ်ယာကဏ္ဍကို အပြည့်အဝဖွံ့ဖြိုးတိုးတက်စေရေး ဖြစ်သည်။ အထူးသဖြင့် လယ်ယာကဏ္ဍ၏ စက်မှုနည်းပညာ အဆက်အစပ်နှင့် စီးပွားရေးလုပ်ငန်း နည်းလမ်းများ အားနည်းခြင်း ဖြစ်သည်။ ၎င်းအပြင် လက်ရှိစိုက်ဧကနှင့် စိုက်ပျိုးမြေတိုးချဲ့မှုကို အကျိုးရှိစွာ ဆောင်ရွက်မှုအားနည်းခြင်းတို့ ဖြစ်သည်။ ဥပမာ အားဖြင့် အထွက်နှုန်းကောင်းသော သီးနှံမျိုးများနှင့် အစားထိုးစိုက်ပျိုးခြင်းကဲ့သို့ ဖန်တီးနိုင်မှုများ ဖြစ်သည်။ အထူးသဖြင့် လယ်ယာကဏ္ဍပို့ကုန်များတွင် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည့် ဩစတြေးလျကဲ့သို့ နိုင်ငံများနှင့် ယှဉ်ပြိုင်ရန်လွယ်ကူမည် မဟုတ်ချေ။ သို့ဖြစ်၍ လယ်ယာကဏ္ဍတစ်ခုတည်းဖြင့် မြန်မာလူမှုဘဝအဆင့်အတန်းတိုးတက်မှုကို အခြားသောနိုင်ငံများနည်းတူ အရည်အသွေးတူ ပေါ်ထွန်းလာစေရန် အခက်အခဲရှိမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် လက်တင်အမေရိကနိုင်ငံများ၏ လယ်ယာကဏ္ဍတိုးတက်မှုနှင့်အတူ ယင်းနိုင်ငံများ၏စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) တိုးတက်လာသည်မှာ မှန်သော်လည်း တိုးတက်မှုအချိန်ကာလတိုတောင်း၍ ထိုအခြေအနေပေါ် မူတည်ဆုံးဖြတ်ရန်မှာမှ ဖြစ်နိုင်ဖွယ်မရှိဟု စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။ အထူးသဖြင့် စက်မှုထွန်းသစ် အရှေ့အာရှနိုင်ငံများ၏ ဖွံ့ဖြိုးမှုပုံစံတွင် စက်မှုကဏ္ဍသည် အဆုံးအဖြတ်ဖြစ်သည်ကို ထိုနိုင်ငံများ၏ ဖွံ့ဖြိုးမှုကိုကြည့်လျှင် သိမြင်နိုင်သည်။

ဆိုလိုသည်မှာ စက်မှုကဏ္ဍများတွင် အရင်းအနှီးထည့်သွင်းမြှုပ်နှံမှုမှ ထုတ်လုပ်နိုင်စွမ်း ပိုမိုများပြားပြီး ရေရှည်တွင်လည်း စက်မှုကဏ္ဍသည်သာ လုပ်အားထည့်သွင်းမှုမှ ထုတ်လုပ်နိုင်စွမ်းကို ပိုမိုတန်ဖိုးတက်စေခြင်း ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည်လည်း တစ်ဖက်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုကို အပြည့်အဝမြှင့်တင်အသုံးချသည့်နည်းတူ အခြားတစ်ဖက်တွင်လည်း စက်မှုကဏ္ဍကို ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်ရေးအင်ဂျင်အဖြစ်အသုံးပြုရေးပင် ဖြစ်သည်။

လယ်ယာကဏ္ဍနှင့် စက်မှုလုပ်ငန်းများနည်းတူ သဘာဝအရင်းအမြစ်များ ထုတ်ယူအသုံးပြုမှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် မည်သို့သော အခန်းကဏ္ဍမှ ပါဝင်မည်နည်းဟူသော အခြေအနေသည်လည်း ထည့်သွင်းစဉ်းစားသင့်သည့် အကြောင်းအရာတစ်ခု ဖြစ်သည်။သဘာဝအရင်းအမြစ်ဟုဆိုရာတွင် ပြန်လည်ဖြည့်တင်းနိုင်သော အရင်းအမြစ်နှင့် ပြန်လည်ဖြည့်တင်း၍မရသော အရင်းအမြစ်များ ပါဝင်ပေသည်။ ထိုအရင်းအမြစ်များအနက် ပြန်လည်ဖြည့်တင်း၍မရသော အရင်းအမြစ်များတွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တု၊ အဖိုးတန်ကျောက်မျက်ရတနာစသည့်တို့ပါဝင်ပြီး ပေါ်ကြွယ်ဝမှုကိုလည်း ကမ္ဘာက အသိအမှတ်ပြုခဲ့ကြသည်။ သို့သော် ယင်းသဘာဝအရင်းအမြစ်များဟူသည်ကား ကုန်ခန်းတတ်သောသဘောရှိလေရာ နိုင်ငံ၏ အထွေထွေဖွံ့ဖြိုးမှုတွင် အမှန်တကယ်အကျိုးရှိမည့် အခြေအနေမျိုး၌သာ ထုတ်ယူသုံးစွဲရန် လိုအပ်ပေသည်။ ဤနေရာတွင် သဘာဝအရင်းအမြစ်များဟုဆိုရာ၌ ပြန်လည်ဖြည့်တင်း၍ရသော အရင်းအမြစ်များသည် အမှန်တကယ်တွင် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းများ ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဖြည့်တင်း၍ရသော အရင်းအမြစ်များမှာ အမြစိမ်းသစ်တောများ၊ ပထဝီမြေကြီးနှင့် မြစ်ချောင်းရေအရင်းအမြစ် စသည်တို့ ဖြစ်သည်။ သဘာဝအရင်းအမြစ်များ အများအပြားထုတ်ယူသုံးစွဲခြင်းသည် သက်ဆိုင်ရာနိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ကို အဆုံးတွင် ထိခိုက်ပျက်စီးနိုင်စေသည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းတစ်ခုက ဆိုသည်။

မြန်မာနိုင်ငံ၏ ဖြည့်တင်းနိုင်သော သဘာဝအရင်းအမြစ်များနှင့် ပတ်သက်ပြီး အနာဂတ်တွင် အလားအလာကောင်းများရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်မည်ဆိုက လူဦးရေပမာဏသေးငယ်ခြင်းနှင့်အတူ အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ သဘာဝပတ်ဝန်းကျင်များပျက်စီးလာမှုနှင့် ဒေသတွင်းနိုင်ငံများအတွင်း ကြွယ်ဝချမ်းသာသည့်အခြေအနေများတွင် သဘာဝအရင်းအမြစ်များကို အခြေခံ သောထွက်ကုန်များ ပိုမိုဈေးကွက်ဝင်၍ ဈေးကောင်းရရှိလာနိုင်ခြင်းမျိုး ဖြစ်သည်။

အချုပ်ဆိုရလျှင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုံဖော်ရာတွင် အဓိကကျသောအခန်းကဏ္ဍများဖြစ်သည့် လယ်ယာ၊ စက်မှုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများအပေါ် မည်သို့မည်ပုံ အကောင်အထည်ဖော်ဆောင်ရွက်မည်နည်းဟူသော စီးပွားရေးဖွံ့ဖြိုးမှုမဟာဗျူဟာချမှတ်မှုသည် များစွာအရေးကြီးပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံသည် သင့်တင့်လျောက်ပတ်သည့်သဘာဝအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်ပေါ်ကြွယ်ဝပြီး ဒေသတွင်းနိုင်ငံများထက်စာလျှင် စီးပွားရေးဖွံ့ဖြိုးမှုတွင် တာထွက်စောခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောစက်မှုနိုင်ငံအဖြစ်သို့ မရောက်ရှိသေးပေ။ သို့ဖြစ်၍ အနာဂတ်မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းမှန်သို့ ရောက်ရှိရန်အတွက် အခြေခံကျသောကဏ္ဍများကို မူဝါဒကောင်းများ ချမှတ်လုပ်ကိုင်သွားရန်ပင်ဖြစ်သည်။

**အဝ္ဍ**

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၃၆ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ

## ရန်ကုန် - မန္တလေး အမြန်ရထား အချိန်စာရင်း

ရန်ကုန်–မန္တလေးအစုန်အဆန်ပြေးဆွဲလျက်ရှိတဲ့ လူစီးအမြန်ရထားများရဲ့ အချိန်စာရင်းသစ်ကို ဖော်ပြပေးလိုက်ပါတယ်။ ဒီအချိန်စာရင်း အတိုင်း စက်တင်ဘာလ ၂၆ ရက်နေ့ကနေစပြီး ပြေးဆွဲပေးနေတာဖြစ်တယ်လို့သိရပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် မြို့သုံးမြို့ရဲ့ ထွက်ခွာချိန်တွေ၊ ဆိုက်ရောက်ချိန်တွေနဲ့ ရထားအမှတ်တွေပါဝင်ပါတယ်။

**အဆန် ရထားများ–**

| စဉ် | ရထားအမှတ် | ရန်ကုန်မှထွက်ခွာချိန် | နေပြည်တော်သို့ဆိုက်ရောက်ချိန် | မန္တလေးသို့ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၁၉ အဆန် | ၀၄း၀၀ | ၁၂း၀၇ | ၁၀း၀၀ |
| ၂ | ၁၇ အဆန် | ၀၄း၃၀ | ၁၃း၀၀ | ၁၉း၃၀ |
| ၃ | ၅ အဆန် | ၀၅း၀၀ | ၁၃း၄၅ | ၂၀း၁၀ |
| ၄ | ၃ အဆန် | ၀၅း၃၀ | ၁၄း၃၃ | ၂၁း၃၀ |
| ၅ | ၁၁ အဆန် | ၀၆း၀၀ | ၁၅း၁၀ | ၂၂း၀၀ |
| ၆ | ၃၁ အဆန် | ၀၉း၀၀ | ၁၇း၄၅ | – |
| ၇ | ၇ အဆန် | ၀၉း၃၀ | ၁၈း၁၅ | – |

**အစုန် ရထားများ–**

| စဉ် | ရထားအမှတ် | မန္တလေးမှထွက်ခွာချိန် | နေပြည်တော်မှထွက်ခွာချိန်/ နေပြည်တော်သို့ဆိုက်ရောက်ချိန် | ရန်ကုန်သို့ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၈ အစုန် | – | ၀၆း၃၀ | ၁၅း၃၀ |
| ၂ | ၃၂ အစုန် | – | ၀၈း၄၅ | ၁၇း၄၅ |
| ၃ | ၃၀ အစုန် | ၀၄း၀၀ | ၀၉း၃၃ | ၁၈း၀၀ |
| ၄ | ၁၈ အစုန် | ၀၄း၃၀ | ၁၀း၂၄ | ၁၉း၃၀ |
| ၅ | ၆ အစုန် | ၀၅း၀၀ | ၁၀း၅၈ | ၂၀း၁၀ |
| ၆ | ၄ အစုန် | ၀၅း၃၀ | ၁၁း၄၉ | ၂၁း၃၀ |
| ၇ | ၁၂ အစုန် | ၀၆း၀၀ | ၁၂း၂၀ | ၂၂း၀၀ |

၂၁–၉–၂၀၀၆ နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် ဖော်ပြပါရှိသည်ကို ကိုးကားပါသည်။

www.foreverspace.com.mm



## စာကြည့်မီး


BAIDA အမှတ်တံဆိပ် LED မီးလုံးနဲ့ ချစ်စရာအရွယ် စာကြည့်မီး ဖြစ်ပါတယ်။ စာကြည့်နိုင်တဲ့ အလင်းရောင်ကို မီးတိုင်ငယ်ငယ်လေးဆီကရရှိမှာမို့ အိပ်ရာထဲမှာသုံးရင်လည်း ရပါတယ်။ တရုတ် (တိုင်ပေ)က တင်သွင်းတယ်လို့ ဆိုထားပြီး တန်ဖိုးကတော့ ၄၅၀၀ ကျပ်ပါ။ ၃၅ လမ်းနဲ့ မဟာဗန္ဓုလပန်းခြံလမ်းကြား အနော်ရထာလမ်းပေါ်က Everfine စတိုးမှာ ဝယ်ယူရရှိနိုင်ပါတယ်။

## ၂၄ နာရီသွားဘက်ဆိုင်ရာ ဝန်ဆောင်မှု

သွားရောဂါဝေဒနာခံစားရသူတွေ အဆင်ပြေစေနိုင်အောင် ဝန်ဆောင်မှုပေးနေတဲ့ သွားဘက်ဆိုင်ရာဆေးခန်းတစ်ခု ဖြစ်ပါတယ်။ အရေးပေါ်ကိစ္စရပ်များ အတွက် ဆောင်ရွက်ပေးခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒီဆေးခန်းက Summit Parkview Hotel မှာ ဖွင့်လှစ်ထားတဲ့အတွက် သွားလာရလွယ်ကူတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းတွေကို အသုံးပြုထားပြီး ဝါရင့် ကျွမ်းကျင်ဆရာဝန်ကြီးတွေက သွားနဲ့ခံတွင်းပိုင်းဆိုင်ရာ ရောဂါအမျိုးမျိုးကို ကုသပေးလျက်ရှိတယ်လို့ ဆိုပါတယ်။ အသေးစိတ်စုံစမ်းလို့ရအောင် ဖုန်းနံပါတ်နဲ့ လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

**Mr. Dentist**

(သွားဘက်ဆိုင်ရာဆေးခန်း) Summit Parkview Hotel ဒုတိယထပ်၊ အခန်းအမှတ်-၂၄၅-၂၄၆၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၁၁၈၈၈ (လိုင်းခွဲ-၂၄၅) ၂၄ နာရီဝန်ဆောင်မှုအတွက် - ဖုန်း- ၀၉ - ၅၀၀၆၆၈၂




## ကုလသမဂ္ဂအထွေထွေညီလာခံအကြောင်း သိလိုလျှင်

ကုလသမဂ္ဂအထွေထွေညီလာခံကြီးနဲ့ သက်ဝင်လှုပ်ရှားစေတဲ့ အကြောင်းရင်းတွေ၊ ၎င်းရဲ့အခန်းကဏ္ဍနဲ့ လုပ်ပိုင်ခွင့်တွေကို စုံလင်စွာ ဖော်ပြထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးပြဿနာတွေ တရားမျှတမှုနဲ့ နိုင်ငံတကာဥပဒေအကြောင်း၊ Growth ရရှိမှု Development ဖြစ်ပေါ်လာမှုတို့အကြား ပြဿနာတွေကိုပါ တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

NGOs တွေရဲ့ သဘောသဘာဝ၊ လူမှုအဖွဲ့အစည်းတွေရဲ့ သဘောတို့ကိုလည်း လေ့လာနိုင်ပါတယ်။ ကုလသမဂ္ဂနဲ့ ဆိုင်တဲ့သတင်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ အထွေထွေအတွင်းရေးမှူးသစ်ရဲ့ လုံခြုံရေးကောင်စီမှာ ပထမဆုံးဖြစ်ခဲ့တဲ့ အကြောင်းတို့ကို လှိုင်းသတင်းပုံစံနဲ့ ဖတ်နိုင်ပါတယ်။ http://www.un.org/ga/ ကို ဝင်ရောက်လေ့လာကြည့်လို့ရမှာပါ။

## အိမ်အရောက်ပို့ ဆီသန့်

အိမ်အရောက်ပို့တယ်လို့ ဆိုထားပေမယ့် ငါးပိဿာနဲ့ အထက်မှာယူမှသာ အခမဲ့ အိမ်အရောက်ပို့ပေးမှာ ဖြစ်တယ်လို့ သိရပါတယ်။ ဆန်ဈေး၊ ဆီဈေးဟာ အပြောင်းအလဲအမြဲတမ်းဖြစ်နေနိုင်တာမို့ ဆီဝယ်ယူသူတွေအနေနဲ့လည်း အနည်းဆုံး ငါးပိဿာမျိုး၊ အချိန်တစ်ဆယ်မျိုး ဝယ်ယူစုဆောင်းထားတတ်ကြတာမို့ လမ်းညွှန်လိုက်ရခြင်းပါ။ ပဲဆီသန့်သန့် အပြင် နှမ်းဆီစစ်စစ်ကိုမှ သုံးဆောင်လိုသူတွေအတွက်လည်း ရန်ကုန်နှမ်းဦးရည် ဆီသန့်ကိုပါ ရောင်းချပေးနေတာမို့ ဖော်ပြပေးလိုက်တာပါ။ ဆက်သွယ်မှာယူရမယ့် ဖုန်းနံပါတ်တွေက ဖုန်း - ၃၈၂၃၃၂၊ ၃၈၂၃၃၇၊ ၂၅၁၂၃၀၊ ၆၈၁၁၁၀၊ ၆၆၃၁၃၇၊ ၆၆၀၂၈၃၊ ၀၂-၈၀၂၂၇၊ ၀၉-၅၀၀၃၆၄၆ တို့ဖြစ်ပါတယ်။

www.foreverspace.com.mm

# *Bluetooth* နည်းပညာသုံး ပစ္စည်းတွေသုံးမယ်ဆိုရင်

**ယခုလအတွက်တော့ မြန်မာနိုင်ငံမှာ မိုဘိုင်းလ်ဖုန်းများ စတင်အသုံးပြုလာချိန်မှစပြီး တစ်စတစ်စ တွင်ကျယ်စွာအသုံးပြုလာတဲ့ Bluetooth နည်းပညာအကြောင်း သိထားသင့်တာတွေကို ကောက်နုတ်တင်ပြလိုက်ပါတယ်။**

## Bluetooth နည်းပညာ

Bluetooth ကြိုးမဲ့နည်းပညာနဲ့ အနီးအနားတစ်ဝိုက် (Short-range) ဆက်သွယ်ရေးနည်းပညာဖြစ်တဲ့ ကြေးနန်းဆက်သွယ်ရေးစနစ်တွေကို အစားထိုးခြင်းပဲ ဖြစ်တယ်။ မိုဘိုင်းလ်ဖုန်း၊ ကွန်ပျူတာ၊ PDA၊ Printer နဲ့ ဒစ်ဂျစ်တယ်ကင်မရာတွေ အားလုံး တစ်ခုနဲ့တစ်ခု ဆက်သွယ်ရာမှာ Bluetooth နည်းပညာနဲ့ ကြိုးမဲ့ဆက်သွယ်နိုင်ပါတယ်။

## Bluetooth အလုပ်လုပ်ပုံ

Bluetooth နည်းပညာလောကမှာ ကြေးနန်းတွေနဲ့ ဆက်သွယ်မှုကင်းစေနိုင်တဲ့အတွက် ဆက်သွယ်မှုစနစ်အတွက် အဟန့်အတားတွေမရှိနိုင်ပါဘူး။ 2.4 GHz အသံလှိုင်း (Band) အတွင်း ဘယ်နေရာမဆို ဆက်သွယ်နိုင်ပါတယ်။ မတူညီတဲ့ Frequencies တွေကို လိုက်ညှိပေးပြီး Infrared နည်းပညာသုံးကိရိယာတွေလို ချိတ်ဆက်ရမယ့်ကိရိယာချင်းတွေဟာ တစ်ခုနဲ့တစ်ခု မျက်နှာချင်းဆိုင်လှည့်ထားစရာမလိုပါဘူး။ ဆိုလိုချင်တဲ့သဘောတရားက မိုဘိုင်းလ်ဖုန်းက အခန်းတစ်ခန်းထဲမှာရှိနေပြီး Bluetooth Handset နဲ့ အခြားတစ်ခန်းကနေ ပြောဆိုနေနိုင်ခြင်း၊ မိုဘိုင်းလ်ဖုန်းထဲမှာရှိတဲ့ သတင်းအချက်အလက်တွေကို ကွန်ပျူတာ PC ပေါ်ကနေ လှမ်းယူနိုင်ခြင်း၊ iPod ထဲက သီချင်းတွေကို Home Audio System နဲ့ လှမ်းဖမ်းယူနားထောင်နိုင်ခြင်း စတာတွေ ပြုလုပ်နိုင်မှာပါ။

ဘယ်လောက်အကွာအဝေးအတွင်း အသုံးပြုနိုင်မယ်ဆိုတာကတော့ Class အမျိုးအစားနဲ့ ဆိုင်ပါတယ်။ Class 1 ကိရိယာတွေဟာ အကွာအဝေး ၁၀၀ မီတာ (ပေ ၃၀၀)အတွင်း အသုံးပြုနိုင်ပြီး Class 2 ကိရိယာတွေဟာ ၁၀ မီတာ (ပေ ၃၀) အတွင်း အသုံးပြုနိုင်ကြပါတယ်။ မိုဘိုင်းလ်ဖုန်းအများစုဟာ Class 2 အမျိုးအစားတွေ ဖြစ်ကြပါတယ်။

Bluetooth နည်းပညာတိုးတက်ထွန်းကားမှုနဲ့အတူ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ မိုဘိုင်းလ်ဖုန်းများရဲ့ ၆၅ ရာခိုင်နှုန်းမှာ Bluetooth နည်းပညာအသုံးပါဝင်လာမယ်လို့ IT ပညာရှင်တွေက ခန့်မှန်းထားပါတယ်။ Bluetooth နည်းပညာကို အသုံးပြုတဲ့ပစ္စည်းအများစုကတော့ –

– Phone Headsets - မိုဘိုင်းလ်ဖုန်းကို တစ်နေရာမှာ ထားခဲ့ပြီး အကွာအဝေး ပေ ၃၀ အတွင်း ကြိုးမပါဘဲ ဖုန်းကို



အသုံးပြုနိုင်ပါတယ်။ သာမန် Handsfree Headsets တွေထက်သာတာကတော့ ဒီ Bluetooth Headsets တွေဟာ ဘာကြိုးမှမလိုဘဲ လုံးဝ Wireless ပဲဖြစ်တယ်။

– Keyboard/ Mouse - Laptop နဲ့ဖြစ်စေ၊ PC ကွန်ပျူတာနဲ့ဖြစ်စေ Keyboard တို့ Mouse တို့ကို ကြိုးမပါဘဲ ချိတ်ဆက်ပြီး Wire ကြိုးတွေနဲ့ ရှုပ်ထွေးနေတဲ့ အလုပ်ခွင်၊ စားပွဲခုံတွေကို ရှင်းလင်းစေနိုင်ပါတယ်။

– Headphones - iPod ၊ MP 3 နားထောင်သည်ဖြစ်စေ၊ အိမ်မှာပဲ Home Audio System ကနေ သီချင်းနားထောင်စဉ်ပဲဖြစ်စေ၊ Bluetooth Headphone နဲ့ ကြိုးမပါဘဲ သက်သာစွာ လှုပ်ရှားသွားလာရင်း သီချင်းနားထောင်နိုင်မှာပါ။ Gym မှာ လေ့ကျင့်ရေးကစားသူတွေအတွက်လည်း အထူးပဲအသုံးဝင်ပါတယ်။

– Blutooth Mobile Phone Headsets တွေကို ရန်ကုန်မြို့မှာရှိတဲ့ မိုဘိုင်းလ်ဖုန်းဆိုင် တော်တော်များများမှာ ဝယ်ယူရရှိနိုင်ပါတယ်။ ဈေးနှုန်းကတော့ အမျိုးအစားကိုလိုက်ပြီး အောက်ထစ် ကျပ်ငါးသောင်းကနေ တစ်သိန်းကျော်အထိ အစားအစားရှိပါတယ်။

## ပြည်မြို့မှာ စမတ်ကျကျ ဝတ်ဆင်လိုလျှင်

ဘွဲ့ရအမျိုးသမီးငယ်ကိုယ်တိုင် ဦးစီးဖွင့်လှစ်ထားတဲ့ ပြည်မြို့က ဖက်ရှင်ဆိုင် ဖြစ်ပါတယ်။ အမျိုးသား၊ အမျိုးသမီးဝတ် ခေတ်ပေါ် အင်္ကျီ၊ ဘောင်းဘီ၊ စကတ်များကို ရန်ကုန်မှာ ဒီဇိုင်းထွက်ထွက်ချင်း ပြည်မြို့မှာလည်း အဖိုးမှန်၊ အမျိုးအစားမှန် စမတ်ကျကျ ဝတ်ဆင်နိုင်ရန် လမ်းညွှန်လိုက်ပါတယ်။ ဆိုင်ခန်းကျယ်ကျယ် ဝန်းဝန်းနဲ့ စိတ်တိုင်းကျဝယ်ယူနိုင်တဲ့အပြင် ဝယ်ပြီးပစ္စည်းများကို စိတ်တိုင်းမကျပါက ပြန်၍လဲလှယ်နိုင်တယ်လို့ဆိုပါတယ်။

လိပ်စာ – Smart Centre ၊ အမှတ်–၂၇ ၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်၊ ပြည်မြို့။ ဖုန်း–၀၅၃–၂၄၈၀၂

## ဘိလပ်မြေ ရန်ကုန်မြို့တွင်း အရောက်ပို့ဝန်ဆောင်မှု

ရန်ကုန်မြို့တွင်းမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ နေအိမ်ပြင်ဆင်မွမ်းမံသူတွေအတွက် ရည်ရွယ်ပြီး ဘိလပ်မြေ အိမ်အရောက်ပို့ဝန်ဆောင်မှု လုပ်ငန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ AAA အမှတ်တံဆိပ်ဘိလပ်မြေအိတ်တွေဖြစ်ပြီး ဈေးနှုန်းကတော့ တစ်အိတ်ကို ၄၆၀၀ ကျပ် ကျသင့်မှာဖြစ်ပါတယ်။ အသေးစိတ်ဆက်သွယ်နိုင်ဖို့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးလိုက်ပါတယ်။

ရွှေမေတ္တာ၊ အဆောင် ၂၆၊ အခန်း ၄/၅၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၄၃၁၄၄၊ ၆၄၄၄၆၂၊ ၇၂၂၃၄၈၊ ၀၉–၈၀၂၄၇၆၄၊ ၀၉–၅၀၂၂၁၆၁



www.foreverspace.com.mm

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **Splendour Floral Service & Gift Shop**
  အမှတ်–၂၀ (B)၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၉၅၉၄ (အိမ်)၊ ၇၁၀၇၁၆၊ ၀၉–၅၀၂၁၁၉၈ (ဆိုင်)

- **SURREAL ENTERTAINMENT**
  အမှတ်–၆၈၊ ချင်းတွင်းလမ်း၊ Blazon အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၉၈၅၇၊ ၅၃၉၈၅၈၊ ၀၉–၅၁၄၈၉၅၈
  *E-mail - minlatt@myanmar.com.mm*

- **FANCYMON MATERNITY WEARS**
  အမှတ်–၁၂၈၊ ပထမထပ် (ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၁၂၅၊ ၃၈၉၃၂၃၊ ၇၂၈၃၁၈

- **Hlwan Moe Thu Bag Collection**
  အမှတ်–၄၀၅/၄၀၆၊ Level-4၊ ရွှေပါရမီရှော့ပင်းမောလ်၊ ပါရမီလမ်းနှင့် အင်းစိန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

- **ဖူးမောက်စတူဒီယို (အသစ်ပြန်လည်ဖွင့်လှစ်ခြင်း)**
  အမှတ်–၂၀၊ ယင်းမာပင်လမ်းသွယ် ၂၊ သုဝဏ္ဏမြို့သစ်၊ သုဝဏ္ဏလမ်းဆုံအနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

- **Perfect အောင်မြင်ခြင်းမင်္ဂလာဇင်း**
  အမှတ်–၂၄၆၊ လမ်း ၄၀ ၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

- **TAN Collection**
  အမှတ်–၁၂ (A)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၁၁၅၁၇၊ ၅၁၃၉၀၂၊ ၀၉၅ ၁၃၉၂၉၅၊ ၀၉၅၀၀၂၉၂၇

- **Royal Art's Bags and Toys Collection**
  ခန်းမ–၅၊ အခန်း–၈၊ ဒုတိယထပ်၊ ရွှေပါရမီရှော့ပင်းမောလ်၊ ပါရမီလမ်းနှင့် အင်းစိန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

- **Hey Day Fashion Club (ဆိုင်ခွဲသစ်)**
  ခန်းမ–၅၊ အခန်း–၄၊ ဒုတိယထပ်၊
  ရွှေပါရမီရှော့ပင်းမောလ်
  ပါရမီလမ်းနှင့် အင်းစိန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

- **Healthy Shop ပြင်သစ်အလှကုန်ဆိုင်ခွဲသစ်**
  ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

- **Sweet Hotel**
  အမှတ်–၇၃၊ ဓမ္မစေတီလမ်း၊ တော်လှန်ရေးပန်းခြံရှေ့၊



www.foreverspace.com.mm

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၉၁၅၃၊ ၅၃၉၁၅၂၊ ၅၃၆၀၂၃ ဖက်စ်–၅၃၉၁၆၁
*E-mail : sweethotel@myanmar.com.mm*

- **Mr. Dentist (သွားဘက်ဆိုင်ရာဆေးခန်း)**
  Summit Parkview Hotel၊ ဒုတိယထပ်၊ အခန်းအမှတ် ၂၄၅–၂၄၆၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၁၁၈၈၈ (လိုင်းခွဲ–၂၄၅)

- **ရွှေပါရမီ Shopping Mall**
  အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

- **အေးအေးမြင့် (အလှပြင်ဆိုင်)**
  အမှတ်–၉/E၊ ကမ္ဘာအေးစေတီလမ်းနှင့် သစ္စာလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၉၀၄၁၊ ၀၉–၂၀၀၂၈၅၈

- **ဝင်းသူဇာအရောင်းဆိုင်**
  ပလတ်စတစ်စက်ရုံအမှတ်(၁)၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်။

- **Lolane Hair & Skin Care Beauty Centre(3)**
  Excel Treasure Shopping Mall၊
  ကမ္ဘာအေးဘုရားလမ်းပေါ်၊
  ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## ကားမောင်းသင်တန်းတက်မလား

ယာဉ်မောင်းကို အားကိုးနေဖို့မလိုတဲ့ ကိုယ်တိုင်ကားမောင်းလိုသူ အမျိုးသား အမျိုးသမီးတွေနဲ့ ကားမောင်းခြင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုလိုသူတွေအတွက် အသုံးဝင်မယ့် ကားမောင်းသင်တန်းတစ်ခု ဖြစ်ပါတယ်။ ကားမောင်း သင်တန်းတစ်မျိုးတည်းမဟုတ်ဘဲ ကားပြင်တဲ့သင်တန်းလည်း တွဲဖက်ဖွင့်လှစ်ထားတာ တွေ့ရပါတယ်။

လိပ်စာ –
TV ကားမောင်းကားပြင်သင်တန်း
– သိမ်ဖြူယာဉ်မောင်းသင်ကွင်း၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
– အမှတ်–၂၁၈၊ ကျိုက္ကဆံလမ်း၊ ကျောက် မြောင်းဈေးမှတ်တိုင်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၉၇၆၄၊ ၅၄၅၁၅၅၊ ၂၉၈၇၈၇၊ ၂၀၁၁၈၈

- **Big C Supermarket**
  – ပါရမီလမ်း(ဗဟိုလမ်းနှင့် အင်းစိန်လမ်းထောင့်)၊ ရွှေပါရမီရှော့ပင်းမောလ်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၃၆၇၆
  *E-mail : bigc@mptmail.net.mm*



www.foreverspace.com.mm



## လှည်းတန်းမှာ အလှဆင်ပန်းခြင်း မှာမယ်ဆိုရင်

ထိုင်းနိုင်ငံက သစ်ခွပန်းအမျိုးမျိုး အပါအဝင် ပြည်တွင်းပြည်ပမှ ပန်းအစုံ၊ ပန်းအခြောက်အမျိုးမျိုးနဲ့ ပန်းအလှပြင်ပေးတဲ့ဝန်ဆောင်မှုဖြစ်ပါတယ်။ အဆင်သင့် အလှထိုးပြီးသား ပန်းအိုး၊ ပန်းခြင်း အမျိုးမျိုး၊ လက်ဆောင်ပန်းစည်းအမျိုးမျိုးတို့အပြင် မိန်းကလေးငယ်တွေနဲ့ ကလေးတွေအတွက် ဖန်စီအလှဆင် အသုံးအဆောင်တွေနဲ့ လက်ဆောင်အရုပ်အမျိုးမျိုးပါ ရရှိနိုင်တာတွေ့ရပါတယ်။ ဒါ့အပြင် ရှေးဟောင်းဒီဇိုင်းနဲ့ ခေတ်မီဒီဇိုင်း ပန်းအိုးအမျိုးမျိုးကိုပါ ဝယ်ယူရရှိ နိုင်ပါတယ်။ ဘွဲ့နှင်းသဘင်၊ မင်္ဂလာဧည့်ခံပွဲများအတွက် မိမိလိုချင်တဲ့ပုံစံကို စိတ်တိုင်းကျမှာယူနိုင်ပြီး အိမ်တိုင်ရာရောက် ပို့ဆောင်ပေးတယ်လို့ ဆိုပါတယ်။ နေ့စဉ် မနက် ၈း၀၀ နာရီက ည ၈း၀၀ နာရီအထိ ပိတ်ရက်မရှိ ဆိုင်ဖွင့်ပါတယ်။

လိပ်စာ –

Splendour Floral Service & Gift Shop
အမှတ်–၂၀ (B)၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၁၀၇၁၆၊ ၀၉–၅၀၂၁၁၉၈

## ကွန်ပျူတာပြင်မယ်ဆိုရင်

မိမိတို့ရဲ့ ရုံးဌာန၊ ကုမ္ပဏီလုပ်ငန်းနဲ့ နေအိမ်တွေက ကွန်ပျူတာတွေ ပျက်စီးချို့ယွင်းလို့ပဲဖြစ်ဖြစ်၊ Error ပေါ်လာလို့ပဲဖြစ်ဖြစ်၊ Virusဝင်လို့ပဲဖြစ်ဖြစ် အချိန်မီပြုပြင်လိုပါက နေရာအရောက် လိုက်လံပြုပြင်ဆောင်ရွက်ပေးတဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ တစ်လနှစ်ကြိမ် ပုံမှန်လာရောက်စစ်ဆေးပေးပြီး Antivirus Updating နဲ့ Scanning ပြုလုပ်ပေးတဲ့ Normal Maintenance Service နဲ့ တစ်လလေးကြိမ် ပုံမှန်လာရောက်စစ်ဆေးပေးပြီး Software and Hardware Upgrading ၊ Network Administration & Maintenance ၊ Data Backup & Recovery တို့အပြင် တစ်လ နှစ်ကြိမ် On Call ခေါ်ယူနိုင်တဲ့ Special Maintenance Service ဆိုပြီး ဝန်ဆောင်မှု နှစ်မျိုး သတ်မှတ်ထားပါတယ်။ သီးခြား On Call Service ခေါ်ယူလိုပါက တစ်ကြိမ်ကို ၃၀၀၀ ကျပ်နဲ့ အိမ်တိုင်ရာရောက် လိုက်လံပြုပြင်ပေးတယ်လို့ ဆိုပါတယ်။

လိပ်စာ – Treasure Net Computer Services & Network Solution
အမှတ်–၇၃၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၉၄၉၅၊ ၄၄၁၁၂၄၉၊
E-mail: treasure-net@myanmar.com.mm

## နေရာပြောင်း၊ လိပ်စာသစ်

❑ **MODERN HOUSE FURNITURE (မူလပင်ရင်းနေရာ)**
အမှတ်–၇၂၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၃၇၈၆၅၆၊ ၂၅၄၉၁၈၊ ၂၅၀၃၁၁

www.foreverspace.com.mm



# ဖုန်းဆက်လိုက်ရုံနဲ့ အိမ်အရောက်ပို့ပေးမယ့် စပါယ်ရှယ်ပေါ်ဆန်းမွှေး

အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ဆန်တွေဆီတွေဝယ်ရာမှာ မအားလပ်လို့ပဲ ဖြစ်ဖြစ်၊ အချိန်သီးသန့်မပေးလို့ပဲ ဖြစ်ဖြစ် ကိုယ်တိုင်သွားရောက်ဝယ်ယူ စရာမလိုတဲ့ လုပ်ငန်းတစ်ခုနဲ့ မိတ်ဆက် ပေးလိုပါတယ်။ ဖုန်းနဲ့ မှာကြားလိုက်ရုံ နဲ့ အိမ်အရောက်ပို့ပေးမှာဖြစ်ပြီး ဆန်ဆို ရင် အနည်းဆုံး ခြောက်ပြည်မှာယူရုံ နဲ့ အိမ်အရောက်ပို့ပေးမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

ခြောက်ပြည်၊ ၁၂ ပြည်၊ ၂၄ ပြည် စသဖြင့် အမျိုးမျိုးမှာယူနိုင်မှာဖြစ်ပြီး ရရှိနိုင်မှာတွေက စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ဘာစမာတီ၊ ရှမ်းဆန်၊ ကောက်ညှင်းဆန်နဲ့ ပဲဆီမွှေးတို့ဖြစ်ပါတယ်။ ကိုယ်တိုင်သွား ရောက်ရွေးချယ်ထားတာကို မှာယူတာ မဟုတ်ဘဲ ဖုန်းဆက်မှာယူမယ်ဆိုရင်တော့ ကိုယ်လိုချင်တဲ့ အမျိုးအစားပုံစံ၊ ဝန်ဆောင်မှုတွေကိုတော့ မဝယ်ယူခင်က တည်းက မေးမြန်းထားသင့်ပါတယ်။ ဝယ်ယူမှာကြားရမယ့် ဖုန်းနံပါတ်တွေကို ဖော်ပြပေးလိုက်ပါတယ်။

သန့်

ဖုန်း-၆၈၁၂၀၉၊ ၆၈၁၂၇၄၊ ၆၈၁၅၀၄၊ ၀၉-၅၉၂၈၁၆၃

# ဂီတနှင့် ဗီဒီယိုအတွက် *Studio* တစ်ခု

MAX, PTL, The Sun စတဲ့ Studio များနည်းတူ ခေတ်မီနည်းပညာ စက်ကိရိယာများဖြင့်အသုံးပြုပြီး သီချင်း၊ ဗီဒီယို စတဲ့ အနုပညာလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုတွေကို မြန်ဆန်ချောမွေ့စွာ လက်ခံဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ Studio မှာ အဓိကထားလုပ်ဆောင်ပေးတဲ့အရာတွေက Electronic Acoustic Music တွေအတွက် လိုအပ် တဲ့ Multi Track Recording၊ Audio Mixing၊ Audio Mastering စတာတွေ အပြင် သီချင်း Arrangement၊ ကြော်ငြာ နောက်ခံသီချင်း၊ ရုပ်ရှင်နောက်ခံသီချင်း၊ တေးထုတ်လုပ်ခြင်းလုပ်ငန်း စတဲ့ လုပ်ငန်း ဆောင်တာတွေကို စိတ်တိုင်းကျဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ ဒါ့အပြင် Video Shooting and Editing (Online/Offline) Movie & Karaoke၊ VCD Production၊ Web Design ၊ Web Animation တွေကိုလည်း လက်ခံဆောင်ရွက်ပေး နေပြီး နောက်ပိုင်းမှာ ကိုယ်ပိုင်တေးစီးရီးနှင့် ဗီဒီယိုဇာတ်ကားတွေကိုလည်း ဖြန့်ချိသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ တေးသီချင်းတွေကို နာရီအလိုက်၊ စီးရီးအလိုက် လုပ်လို့ရမှာဖြစ်တယ်လို့ဆိုထားပြီး လောလောဆယ် Oneduty Video အတွက် ဈေးနှုန်းက ၈၀၀၀ ကျပ်နဲ့ Audio အတွက် ဈေးနှုန်းက ၂၅၀၀၀ ကျပ်ဖြစ်ပါတယ်။

SURREAL ENTERTAINMENT

အမှတ်-၆၈၊ ချင်းတွင်းလမ်း၊ Blazon အနီး၊

ကမာရွတ်မြို့နယ်၊ ၊ ရန်ကုန်။

ဖုန်း-၅၃၉၈၅၇၊ ၅၃၉၈၅၈၊ ၀၉-၅၁၄၈၉၅၈

Email-minlatt@myanmar.com.mm

# အဝတ်အထည်တွေ အလှဆင်မယ်ဆိုရင်

ပွဲလမ်းသဘင်အခမ်းအနားတွေ တက်ရောက်ရာမှာ ဝတ်ဆင်လေ့ရှိတဲ့ အဝတ်အထည်တွေကို ပန်းထိုးမယ်ဆိုရင် ပဲဖြစ်ဖြစ်၊ စီးကွင့်ကျောက်၊ ပုလဲ စတာ တွေနဲ့ အလှဆင်လိုရင်ပဲဖြစ်ဖြစ် တစ်နေရာ တည်းမှာ အကုန်လုံးရနိုင်တဲ့ နေရာတစ်ခု ကို လမ်းညွှန်လိုက်ပါတယ်။

လိပ်စာ -

MTC Co., Ltd.

အမှတ်-၇၊ အင်းလျားလမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း-၅၃၇၂၉၈

E-mail:mtc@myanmar.com.mm

# နေပြည်တော်မှာ ကားငှားမယ်ဆိုရင်

နေပြည်တော်ကို အကြောင်းကိစ္စ အမျိုးမျိုးနဲ့ သွားရောက်သူတွေသွားလာရ အဆင်ပြေစေဖို့ ကားငှားလို့ရတဲ့ နေရာရဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးလိုပါတယ်။ ငှားရမ်းလို့ရနိုင်တဲ့ ယာဉ်အမျိုးအစားတွေ ကတော့ မတ်တူးနဲ့ ဘလူးဘတ်စ်ယာဉ် ငယ်တွေ ဖြစ်ပါတယ်။ ငှားရမ်းခ ပထမ လေးနာရီအတွက် ကျပ်နှစ်သောင်း၊ ဒုတိယလေးနာရီအတွက် ကျပ်တစ် သောင်းနဲ့ ထပ်မံသုံးစွဲလိုပါက တစ်နာရီ ကို ကျပ်တစ်သောင်းဖြစ်တယ်လို့ သိရပါ တယ်။

လိပ်စာ -

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးဌာနခွဲ၊ ဖုန်း-၀၆၇၂၂၀၉၃၊ ၀၆၇၄၀၆၀၆၁

www.foreverspace.com.mm

# ဒံပေါက် အော်ဒါမှာယူလိုသူများအတွက်

ပွင့်လင်းရာသီရောက်လာပြီဖြစ်လို့ မင်္ဂလာဆောင်ခံပွဲ၊ ဆွမ်းကျွေး၊ ရှင်ပြုမင်္ဂလာ စတဲ့ အလှူအခမ်းအနားပြုလုပ် လိုသူတွေအတွက် ဒံပေါက်အော်ဒါမှာယူနိုင်မယ့် နာမည်ရဆိုင်တချို့နဲ့ ဆိုင်ခွဲလိပ်စာတွေကိုပါ ဖော်ပြပေးလိုက်ပါတယ်။ အော်ဒါ မှာယူရုံတင်မဟုတ်ဘဲ ဆိုင်ခွဲတွေပါ ဖွင့်လှစ်ထားလို့ နီးစပ်ရာဆိုင်မှာလည်း သွားရောက်သုံးဆောင်နိုင်မှာပါ။ ဆိုင်အလိုက် ဈေးနှုန်းတွေနဲ့ ဝန်ဆောင်မှုတွေက ကွာခြားနိုင်ပါတယ်။ ဒါကြောင့် မိမိကြိုတင်သိရှိလိုတဲ့ အချက်အလက်တွေကို မေးမြန်းနိုင်အောင်လို့ ဖုန်းနံပါတ်တွေကိုပါ တစ်ပါတည်း ဖော်ပြပေးလိုက်ပါတယ်။

### ❑ နီလာဒံပေါက်

– အမှတ် ၂၁၆၊ အနော်ရထာလမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၄၄၉
– အမှတ် ၃၀၇၊ ကျိုက္ကဆံလမ်း၊ တာမွေဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၄၈၅၄
– အမှတ် (ကပ–၂/၃)၊ဒလ–တွံတေးလမ်းမကြီး၊ ဒလမြို့နယ်၊ ရန်ကုန်။
– အမှတ် (၅/၆)၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပအဝိုင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၃၇၃၇
– အမှတ် (၅/၆)၊အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၉၉၂၅၅၈၃
– အမှတ် ၁၀၄၂၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ နန္ဒာဝန်ဈေးအနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၀၇၁၄၄
– အမှတ် ၉၂၊ အခန်း (၁) မြေညီထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၈၀၆၀
– အမှတ် ၄၉၆–A၊ ကမ်းနားလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၂၈၃၂၄

### ❑ မလေးရှားဒံပေါက်နှင့် ကြက်ဆီထမင်း

– အမှတ် ၄၀၊ မန္တလေး–လားရှိုးလမ်း၊ ပြင်ဦးလွင် ဖုန်း–၀၈၅–၂၁၁၈၆၊ ၀၉–၉၉၂၆၃၅၈
– အမှတ် ၂၀၅၊ ဗားကရာလမ်း၊ ရွှေမန်းရုံဘေးနှင့် ပဒုမ္မာကွင်းရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

### ❑ ရွှေညောင်ပင်ဒံပေါက်

– အမှတ် ၅၊ အခန်း ၀၀၃၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၁၆၇၇
– အမှတ် ၆၉၊ ယုဇနကွန်ဒိုတာဝါ၊ ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၈၃၄
– အမှတ် ၁၂၁ (အေ)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၉၅၈၁၈
– အမှတ် ၁၀၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ် ရန်ကုန်။ ဖုန်း – ၅၄၈၄၀၈
– အမှတ် ၂၇၈၊ အနော်ရထာလမ်းနှင့် ၂၈ လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၆၉၁၅
– တိုက် (A)၊ အခန်း(၂)၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၄၂၈၁၈
– အမှတ် ၁၊ လေးထောင့်ကန်လမ်း၊ စံပြဈေးအနီး၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

### ❑ ကြက်လျှာစွန်းဒံပေါက်

– အမှတ် ၆၅၊ ၁၁၉ လမ်း၊ ဗညားဒလလမ်းထောင့်၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၄၈၆၇
– အမှတ် ၅၂၆၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၄၂၃၉
– တိုက် ၁၆၊ အခန်း(၉)၊ စံပယ်လမ်း၊ ယုဇနမင်္ဂလာမြို့တော်အိမ်ရာ၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၃၂၈၉
– အမှတ် ၇၅၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ သုခမှတ်တိုင်အနီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၆၄၄၇
– အမှတ် ၁၁၄၊ အုတ်ပုံဆိပ်လမ်း၊ နဝဒေးလမ်းဆုံ၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၈၁၂၁
– အမှတ် ၁၉၁၊ ၁၉၃၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၃၀၂၀
– အမှတ် ၈၂၊ လမ်းမတော်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၀၃၁၉
–အမှတ် ၂၃၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၆၁၈၀

### ❑ ကောင်းကြိုက်ရသာဒံပေါက်

– အမှတ် ၄–၅၊ အဆောင်(၂)၊ သမိုင်းလမ်းဆုံမီးပွိုင့်အနီး၊ သမိုင်းလမ်းဆုံမှတ်တိုင်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၃၁၉၁၊ ၆၅၁၈၉၁

www.foreverspace.com.mm

– အမှတ် ၉၀၅၊ ဆယ်မိုင်ကုန်း၊ ကားဂိတ်အနီး၊ ပြည်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၆၈၆၈

– အမှတ် ၉၂၉၊ လေးထောင့်ကန်လမ်းမကြီး၊ ငမိုးရိပ်ရပ်ကွက်၊ စံပြဈေးမှတ်တိုင်အနီး၊ ရန်ကုန်။ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၃၂၉၆၊ ၀၉–၅၀၁၂၇၀၄

– အမှတ် ၄၂၆၊ ကမ်းနားလမ်း၊ ဆင်မလိုက်မှတ်တိုင်အနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၁၄၆၉၉၊ ၀၉–၅၁၁၁၂၅၇

– အမှတ် ၅/၆၊ မကွေးလမ်း၊ လှိုင်သာယာမီးခွက်ဈေးရှေ့၊ ဝဇီရာရုပ်ရှင်ရုံအနီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၂၉၄၈၅၊ ၀၉–၅၁၁၄၆၉၄

– အောက်မင်္ဂလာဒုံလမ်းမကြီး၊ ဖော့ကန်ဈေးရှေ့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း– c/o ၆၄၁၅၁၃

– မြို့ပြတိုက်(၁)၊ အခန်း(၃)၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ ပြည်မြန်မာကုန်တိုက်အနီး၊ လှည်းတန်းမှတ်တိုင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၃၂၅

– အမှတ် A(၃၊၄)၊ ပလတ်စတစ်စက်ရုံဝင်း၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

– ပဒုမ္မာကွင်းအနီး Golden City Mini Market ဘေး၊ ဗားကရာလမ်းမကြီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၁၂၇၀၄

– သုဓမ္မာလမ်းမကြီး၊ ခြောက်ကွေ့မှတ်တိုင်အနီး၊ ခြောက်ကွေ့လမ်းဆုံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

### ❑ ယုဇနဒံပေါက်

– အမှတ် ၉၂၊ အနော်ရထာလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၉ လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၀၉၇၀

– အမှတ် ၂၁၀/၂၁၂၊ အနော်ရထာလမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၄၇၅၀

– အမှတ် ၂၃၆၊ အနော်ရထာလမ်း၊ လမ်း ၃၀နှင့် ဗိုလ်ဆွန်ပက်လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

– အမှတ် ၁၇၄၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

### ❑ တာတူးရသာဒံပေါက်

– အမှတ် ၂၀၊ မဟာဗောဓိလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၆၃၂၆၊ ၅၂၆၄၆၅

– အမှတ် ၁၁၊ စီမံ၊ ဘုရင့်နောင်လမ်းမကြီး၊ သမိုင်း(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၈၁၆၄၇

## ပုတီးဒီဇိုင်းဖန်တီးလိုသူတွေအတွက်

ဒီဇိုင်းပညာရပ်ကို စိတ်ဝင်စားသူတွေအတွက် လက်ဝတ်ရတနာပုတီးဒီဇိုင်းပညာရပ်တွေကို သင်ကြားနိုင်တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ရွှေ၊ ငွေတွေကို ဝတ်ရ တာစိတ်တိုင်းမကျသူတွေနဲ့ စတိုင်မကျမလှပဘူးလို့ ထင်တဲ့သူတွေ တဖြည်းဖြည်းများပြားလာတဲ့အတွက် ဒီလိုပုတီး ဖန်စီလေးတွေ တစိမ့်စိမ့်နဲ့ ထိုးဖောက်နေရာယူလာတာကြောင့် ဒီပညာရပ်ဟာ အသုံးဝင်မယ့်ပညာရပ်ဖြစ်လာပါလိမ့်မယ်။

အခုဒီသင်တန်းကိုလည်း မြန်မာနိုင်ငံ ဖန်စီလက်ဝတ်ရတနာလောကမှာ လူသိများလာတဲ့ TAN Collection ကပဲသင်ကြားပေးမှာပါ။ လစဉ်ဖွင့်လှစ်ပေးသွားမယ်လို့ဆိုထားတာမို့ စိတ်ဝင်စားသူတွေအနေနဲ့ ဖော်ပြပါလိပ်စာနဲ့ ဖုန်းနံပါတ်ကို ဆက်သွယ်ပြီး အသေးစိတ်မေးမြန်းနိုင်ပါတယ်။

လိပ်စာ –

TAN Collection
အမှတ်–၁၂(A)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၁၁၅၁၇၊ ၅၁၃၉၀၂၊
၀၉–၅၁၃၉၂၉၅၊ ၀၉–၅၀၀၂၉၂၇

### ❑ တင်အေးရသာဒံပေါက်

– အမှတ် ၃၆၊ ရတနာလမ်း၊ မြေနီကုန်း၊ ရတနာပုံရုပ်ရှင်ရုံအနောက်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၇၈၉၊ ၇၂၂၉၃၅

– (အိမ်) အမှတ် – ၃၃၃/၃၃၅၊ အောက်ပုဇွန်တောင်လမ်း၊ မဟာဗန္ဓုလတံတားအနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၁၃၂၃၊ ၀၉–၈၀၂၁၁၅၈

### ❑ TOP ဒံပေါက်

– အခန်း စ/၂၁၊ ပဒုမ္မာကွင်း၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

– အမှတ် ၂၇၈၊ ကမ်းနားလမ်း၊ ကမ်းသာယာပလာဇာရှေ့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

– တိုက် ၄၆၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနောက်ဘက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

– တိုက်–၄၊ အခန်း ၀၀၅၊ ကျိုတော်အိမ်ရာ၊ ပုဇွန်တောင်လမ်းမ၊ Trade Centre အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၆၆၉၊ ၀၉–၉၉၂၃၉၃၂

www.foreverspace.com.mm

# ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက် ပညာရပ်နဲ့ ဘာသာရပ်နယ်ပယ်အသီးသီးအလိုက် နိုင်ငံတကာ အသိအမှတ်ပြုအောင်လက်မှတ်၊ ဒီပလိုမာနဲ့ ဘွဲ့ဒီဂရီသင်တန်းတွေကို ပြည်တွင်းမှာ ဆည်းပူးရယူလိုသူများနဲ့ အဆင့်မြင့်ဒီဂရီတွေကို ပြည်ပမှာ ဆက်လက်ဆည်းပူးရယူလိုသူများအတွက် နိုင်ငံတကာက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များရဲ့ သင်ရိုးအတိုင်း ပို့ချသင်ကြားပေးနေတဲ့ သင်တန်းကျောင်းအချို့ကို လက်လှမ်းမီသလောက် စုစည်းဖော်ပြလိုက်ပါတယ်။

❑ **ICEC**

– အမှတ်–၂၉ ၊ အင်းစိန်လမ်း၊ (Mr.Brown Cafe အပေါ်ထပ်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
– အမှတ်–၂၁/၂၃၊ D-2၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၉၈၆၈
*E-mail : icec@myanmar.com.mm*

❑ **Jenko Education Consultants (SUNWAY UNIVERSITY COLLEGE)**

– အမှတ်–၃ (ဘီ)၊ မေခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၀၀၀၉၀

❑ **MHR**

– အမှတ်–၉၅၊ သံဈေးကွန်ဒို၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၇၈၂၂၊
*E-mail : mhr@myanmar.com.mm*

❑ **RV Centre**

– အမှတ်–၁၀၄၊ ပထမထပ်၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း/ဖက်စ်–၂၄၂၄၁၀၊ ၂၄၆၅၆၀၊ ၂၅၃၅၃၈
– အမှတ်–၂၈ (ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၃၆၁၈၊ ၅၄၁၀၄၂

❑ **Educare Education Centre**

– အမှတ်–၉၆/၉၈၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၂၈၃၅၊ ၂၄၀၁၁၆၊ ၂၄၅၆၉၂၇

❑ **THAMES**

– ဒုတိယထပ်၊ မြေနီကုန်းပလာဇာ၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၁၄၅၀၊ ၅၂၅၉၇၁
– အခန်း–၁၂/၁၃၊ တတိယထပ်၊ ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း၊ မန္တလေး။ ဖုန်း–၀၂–၈၉၄၀၂၊ ၈၉၄၀၃

❑ **Regent Consultancy Services Co., Ltd. (PSV Academy)**

– အမှတ်–၂၆/၂၈၊ တတိယထပ်၊ လမ်းမတော်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၅၇၂၅၊ ၇၂၆၈၂၆၊ ၀၉–၅၀၁၉၈၇၀၊ *E-mail : regentamail4u.com.mm*

❑ **NAS**

– အမှတ်–၇၄၁၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ၁၇ လမ်းနှင့် လမ်းမတော်လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၂၁၁၂

❑ **YIUS**

– အခန်း–၄ နှင့် ၈၊ တိုက် ၇၊ Myanmar Info-Tech၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၂၃၁၁၊ ၆၅၂၂၉၇၊ e-mail: info@yius.org

❑ **GRACE**

– အမှတ်–၂၂၈၊ ပထမထပ်၊ ၄၀လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖက်စ်–၂၂၀၃၂၆၊ ဖုန်း–၀၉–၅၁၄၀၈၀၂

❑ **Prime Link International Education Service**

– အမှတ်–J- ၅၁၊ ရွှေနှင်းဆီလမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း/ဖက်စ်–၆၈၂၄၄၅–၉ (လိုင်းခွဲ–၁၀၇၃)၊ *E-mail : primelinkmm@gmail.com*

❑ **MIEC**

အမှတ်–၁၂–၀၁၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၆၀၂၊ ၃၉၂၆၁၇

❑ **SCS**

အမှတ်–၃၅၅၊ အခန်း–၂၀၆၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၁၃၀
*E-mail:infowave@myanmar.com.mm*

❑ **KMD**

အမှတ်–၅၅၀၊ ကုန်သည်လမ်း၊ ၃၆ လမ်းထောင့်၊ အင်းဝဘဏ်အနီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၃၅၅၊ ၃၈၁၀၃၅၊ ၃၈၁၁၂၉၊ ၃၈၄၁၀၉၊ ၃၈၁၇၇၆ ဖက်စ်–၂၄၅၁၈၀၊
*E-mail:info@kmd.com.mm, kmdsale@yagon.net.mm*

❑ **MCC**

အမှတ်–၃–၄၊ တတိယထပ်၊ သိမ်ကြီးဈေး C ရုံ၊

www.foreverspace.com.mm

ရွှေဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၇၅၈၊ ၂၄၅၇၆၂၊ ဖက်စ်–၂၄၅၇၅၈
*E-mail: info@mcc.net.mm*

- **TMIS**
အမှတ်–၃၅၅၊ အခန်း–၂၀၆၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၁၃၀
*E-mail: infowave@myanmar.com.mm*

- **Raffles Education Network**
အခန်း–၈၀၉၊ ၈ ထပ်၊ လပြည့်ဝန်းပလာဇာ၊
အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၂၅၃၁၊ ၃၇၀၈၃၆–၉ (လိုင်းခွဲ–၈၀၉)၊
၀၉–၅၀၀၄၂၀၈၊ ဖက်စ်–၃၈၂၅၃၁

## သစ်ခွပန်းနဲ့ ပန်းအလှပြင်

မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွေမှာ ဆင်ယင်ဖို့ သစ်ခွပန်းဝယ်ယူလိုသူတွေအတွက် လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီနေရာမှာ အရောင်အသွေးစုံသစ်ခွပန်းပွင့် အမျိုးမျိုးအပြင် သစ်ခွပန်းပင်တွေကိုပါ ရောင်းချပေးနေတာပါ။

ပန်းကိုချည်း သီးသန့်ရောင်းချပေးနေတာမျိုးမဟုတ်ဘဲ ဘွဲ့အတွက်၊ သတို့သမီးအတွက် ရင်ကပ်ပန်း၊ လက်ကိုင်ပန်းနဲ့ ပန်း အလှပြင်ဆင်ခြင်းတွေကိုပါ ဆောင်ရွက်ပေးနေတာပါ။ သတို့ သမီးဝတ်စုံနဲ့ ပွဲတက်ဝတ်စုံလို ဝတ်စုံတွေကိုပါ ငှားရမ်းချင်ရင် ဖြစ်ဖြစ်၊ ဝယ်ယူချင်ရင်ဖြစ်ဖြစ် အဆင်ပြေအောင် ဆောင်ရွက် ပေးတယ်လို့ ဆိုပါတယ်။ တစ်နေရာတည်းမှာ တော်တော်များများ ကိစ္စပြီးမြောက်အောင် ဆောင်ရွက်နိုင်မှာမို့ လမ်းညွှန်လိုက်ရခြင်း ပါ။

**ဆက်သွယ်ရန်လိပ်စာ –**

သီတဂူသစ်ခွပန်း၊ သတို့သမီးဝတ်စုံ၊
လက်ဝတ်ရတနာအငှား/အရောင်းဆိုင်

**ခြံလိပ်စာ –**
အမှတ် ၈၊ ဘောဂသိဒ္ဓိလမ်းသွယ်၊ (၂ ရပ်ကွက်)၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၇၅၇၅
ဆိုင်ခွဲ (၁) – A(2)၊ စန္ဒာမြိုင်စင်တာ၊ လှည်းတန်းဈေးရှေ့၊
လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း – c/o ၅၂၆၄၅၃
ဆိုင်ခွဲ (၂) – ၅၈၅/၅၈၆၊ အရှေ့ B ရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၀၂၃၇၀၈

## ကားစီးလုံးငှားနိုင်မယ့် နေရာ

ရန်ကုန်မြို့တွင်း၊ မြို့ပြင် အလည်အပတ်သွားလိုရင်ပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံအနှံ့ ဘုရားစုံဖူးလိုရင်ပဲဖြစ်ဖြစ် နေရာစုံ၊ ဒေသစုံကို ကိုယ့်အုပ်စုအလိုက် သီးသီးသန့်သန့်သွားလိုသူတွေအတွက် ကားစီးလုံးငှားနိုင်မယ့်နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ၂၄ နာရီ ပိတ်ရက်မရှိ ငှားရမ်းနိုင်မှာ ဖြစ်ပါတယ်။

လေအေးပေးစက်ပါဝင်တဲ့ ကားမျိုးစုံကို အိမ်တိုင်ရာရောက်စနစ်နဲ့ ငှားပေးနေတယ်လို့ သိရပြီး လချုပ်ငှားလိုသူတွေအတွက်လည်း သီးသန့်စီစဉ်ပေးနေတာတွေ့ရပါတယ်။ ကားငှားရမ်းနိုင်မယ့်အပြင် ဒီလုပ်ငန်းကို စိတ်ဝင်စားသူ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုတဲ့ မော်တော်ယာဉ်ပိုင်ရှင်တွေလည်း ဆက်သွယ်နိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ –

GOLDEN HOPE INT'L LTD.
အမှတ်–၁၁၄၊ အခန်း(၆)၊ ဒုတိယထပ်၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၃၂၂၀၊ ၂၉၅၅၆၊ ၄၄၁၂၅၁၉
*E-mail : goldenhope@myanmar. com.mm*

## ဝတ်စုံလှလှချုပ်မယ်ဆို

အခုနောက်ပိုင်းဈေးကွက်ထဲဝင် ရောက်လာတဲ့အင်္ကျီဒီဇိုင်းလေးတွေဟာ အနည်းငယ်ဆန်းပြားတာကြောင့် အသင့်ချုပ်ပြီးအဝတ်အထည်တွေနဲ့ အဆင်မပြေ ဖြစ်နေသူတွေအတွက် ဝတ်စုံတွေ တီထွင်ချုပ်လုပ်ပေးနေတဲ့နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။ မမဝဝတွေရဲ့ အခုဝင်လာတဲ့ အင်္ကျီတွေက ဆိုဒ်သေးတယ်လို့ ညည်းညူသံတချို့ကိုလည်း ကြားရဖူးလို့ပါ။

ဒီနေရာကတော့ ဖန်စီဝတ်စုံအမျိုးမျိုး၊ ပွဲတက်ဝတ်စုံအမျိုးမျိုးအပြင်၊ ဖက်ရှင်ရှိုးနဲ့ ပြိုင်ပွဲဝင်အထူးဝတ်စုံတွေကိုလည်း ချုပ်လုပ်ပေးနေတာတွေ့ရပါတယ်။ သတို့သမီးဝတ်စုံ ချုပ်လုပ်လိုသူတွေအတွက်လည်း အပ်နှံသူစိတ်တိုင်းကျ ချုပ်လုပ်ပေးနေတယ်လို့ဆိုပြီး ကြော်ငြာဝတ်စုံ၊ ကုမ္ပဏီဝတ်စုံလို တူညီဝတ်စုံတွေကိုလည်း အပ်နှံ နိုင်မှာပါ။

လိပ်စာ –

Beauty Angel Fashion House
အခန်းအမှတ် (၀၂–၂၀)၊ ပထမထပ်၊ အာရှပလာဇာ၊
ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။

www.foreverspace.com.mm

# ကိုယ်ဝန်ဆောင်အင်္ကျီလှလှ

အဝတ်အစားတွေကို ဖက်ရှင်ကျကျ ဝတ်ဆင်လိုသူ အိမ်ထောင်ရှင်မအများစုဟာ ကိုယ်ဝန်ဆောင်လာရပြီဆိုရင်တော့ ရွေးချယ်စရာ အဝတ်အစားနည်းပါးသွားသလို ခံစားရတတ်ပါတယ်။ ဒါဟာလည်း မြန်မာနိုင်ငံက အမျိုးသမီးအများစုဟာ ကိုယ်ဝန်ဆောင်လာရပြီဆိုရင် အင်္ကျီပွပွကားကားကြီးကြီးတွေကိုသာ မရိုးတန်း ဝတ်ဆင်လေ့ရှိကြလို့ပါ။

ဖက်ရှင်အဝတ်အထည်ဆိုင်တွေကလည်း ဗိုက်ဖုံးအင်္ကျီတွေ ဂါဝန်ရှည်တွေကိုသာ ဦးစားပေးရောင်းချတာတွေ့ရပါတယ်။ ကိုယ်ဝန်ဆောင်အဝတ်အထည်သီးသန့်ရောင်းချပေးတဲ့ဆိုင်ဆိုတာကလည်း အရေအတွက်နည်းပါးလှပါတယ်။ ဒီကွက်လပ်ကိုဖြည့်ဖို့ Fancymom ဆိုတဲ့ ဆိုင်အသစ်ဖွင့်လှစ်လာတာတွေ့ရတာမို့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် လမ်းညွှန်လိုက်ရခြင်းပါ။

ဒီဆိုင်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးဝတ် အဝတ်အထည်တွေဖြစ်တဲ့ ဂျင်းဘောင်းဘီအမျိုးမျိုး၊ ဗိုက်ဖုံးအင်္ကျီအမျိုးမျိုး၊ ဂါဝန်၊ စကတ် အမျိုးမျိုးအပြင် ကလေးအသုံးအဆောင်ပစ္စည်းလေးတွေပါ ရောင်းချပေးနေတာတွေ့ရပါတယ်။ ဒီအဝတ်အထည်တွေက ထိုင်းနိုင်ငံကနေ တင်သွင်းထားတဲ့ Fexymom နဲ့ New-luck အမှတ်တံဆိပ် အဝတ်အထည်တွေဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၂၀၀၀၀ ကနေ ကျပ် ၃၀၀၀၀ ဝန်းကျင်လောက်အထိရှိပါတယ်။ ဒီအင်္ကျီတွေကို အခုဖွင့်လှစ်လိုက်တဲ့ ပင်ရင်းဆိုင်အပြင် ရွှေပါရမီရှော့ပင်းမောလ်မှာ ဖွင့်လှစ်ထားတဲ့ The Shop ဆိုတဲ့ ဆိုင်မှာလည်း ဝယ်ယူလို့ရပါတယ်။ စိတ်ဝင်စားသူတွေအတွက် –

Facymom Maternity Wears
အမှတ်–၁၂၈၊ ပထမထပ်(ဝဲ)၊
ဆိပ်ကမ်းသာလမ်း၊ မဟာဗန္ဓုလလမ်းနှင့်
ကုန်သည်လမ်းကြား၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။
ဖုန်း–၂၄၀၁၂၅၊ ၃၈၄၃၂၃၊
၇၂၈၃၁၈

## မာစီဒီးကား ပြင်မယ်ဆို

မာစီဒီးကား စက်ပိုင်းတစ်ခုခု ချို့ယွင်းသွားလို့ ပြုပြင်ချင်သူတွေအတွက် အပ်နှံသူစိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ မာစီဒီးကားအပြင် ဂျပန်ကားအမျိုးမျိုး စက်ပိုင်းပြုပြင်ခြင်းနဲ့ အင်ဂျင်ကိုင်ခြင်း၊ ကားအောက်ပိုင်းပြုပြင်ပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ ဒါ့အပြင် ကားဝါယာရှင်းနဲ့ ဝါယာရှင်းအပို ပစ္စည်းတွေကိုပါ ရောင်းချပေးနေတာတွေ့ ရပါတယ်။

လိပ်စာ –

URAJU & SONS WORK-SHOP
ခြံအမှတ်–၆၊ လမ်းနီလမ်း၊
ဟံသာဝတီအဝိုင်းအနီး၊ ပြည်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၁၅၁၆

*LIVING COLOR MAGAZINE*
*526302 , 504496 , 4412163*

## တရားထိုင်ခြင်ထောင် ဝယ်မယ်ဆိုရင်

တရားဘာဝနာကျင့်ကြံအားထုတ်သူတွေအနေနဲ့ တရားထိုင်နေတုန်း ခြင်ကိုက်ခံရတာဟာ အနှောင့်အယှက်တစ်ခုဖြစ်တဲ့အပြင် တချို့က ခြင်ဆေးထွန်းထားဖို့လည်း ဆန္ဒမရှိကြပါဘူး။ ဒီလိုလူတွေအတွက် အဆင်ပြေစေဖို့ ရည်ရွယ်ပြီး တရားထိုင်ခြင်ထောင် ဝယ်လို့ရတဲ့ နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ကိုယ်တိုင်အသုံးပြုလိုသူတွေအပြင် တရားစခန်းတွေမှာ လှူဒါန်းလိုသူတွေအတွက်ပါ အဆင်ပြေစေနိုင်မှာပါ။

လိပ်စာ –

သုခချမ်းသာသင်္ကန်းတိုက်
အမှတ်–၅၁၊ အင်းစိန်လမ်းမကြီး၊
(၉) ရပ်ကွက်၊ ချစ်တီးဘုရားကျောင်းရှေ့၊
လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၂၄၄၃

## ဧည့်ခံပွဲအတွက် တီးဝိုင်းငှားမယ်ဆိုရင်

မင်္ဂလာဧည့်ခံပွဲ၊ အလှူ၊ မွေးနေ့ပွဲတွေမှာ ဧည့်ခံဖျော်ဖြေဖို့ တီးဝိုင်းငှားလိုသူတွေအတွက် ရည်ရွယ်ပြီး မန္တလေးက တေးဂီတအဖွဲ့တစ်ဖွဲ့ရဲ့ လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။ တူရိယာပစ္စည်းတွေနဲ့ အသံပိုင်းစက်ပစ္စည်းတွေကို အဆင့်မြင့်မြင့် အသုံးပြုထားတယ်လို့လည်း ဆိုပါတယ်။ ဧည့်ခံပွဲတစ်ပွဲအတွက် ငှားရမ်းခကတော့ ကျပ် ၆၀၀၀၀ ကျသင့်မှာ ဖြစ်ပြီး ကြိုတင်ငှားရမ်းမှ ရက်ချိန်းသေချာစေမှာဖြစ်တယ်လို့ သိရပါတယ်။

လိပ်စာ–ဌာနစုမှူး (မြန်မာ့ဆိုင်းနှင့် တေးဂီတဌာနခွဲ) ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။
ဖုန်း – ၀၂–၃၆၁၇၁၊ ၃၆၁၇၂
(လိုင်းခွဲ–၁၃၀)

www.foreverspace.com.mm



# ၂၀၀၆ ခုနှစ် ဩဂုတ်နှင့် စက်တင်ဘာလများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | သရုပ်ဖော်ဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၈၀၀၅၀၆ | ဇော်ဇော်အောင် | ၅၀၀ | ၁၆၀၀ | စိတ်ကူးချိုချို | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | စာပေသဘော တရား |
| ၂။ | အိပ်ဖိုးဆေး<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၅၅၀၅၁၀ | မောင်မိုးသူ | ၅၀၀ | ၂၃၀၀ | ရတနာပုံ | ၂၀၀၆၊ စက်တင်ဘာ (၃–ကြိမ်) | ဘာသာပြန် |
| ၃။ | ဒုက္ခကို မြိန်ရေရှက်ရေ ခံစားနေသော ...<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၄၇၃၀၅၀၇ | မောင်ဝဏ္ဏ | ၁၀၀၀ | ၁၅၀၀ | ပုဂံ | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | ဘာသာရေး ဆောင်းပါးများ |
| ၄။ | နေမင်းသံလွင် လမင်းသံလွင်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၅၈၆၀၆၀၅ | တင်အောင်စိုး (ပန်းမြို့တော်) | ၅၀၀ | ၁၂၀၀ | ပိုင်ပိုင်ပြည့်ပြည့် | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | တိုက်ပွဲ အတွေ့အကြုံ |
| ၅။ | မသန်ပေမယ့် စွမ်းသူများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၃၅၇၀၆၀၃ | လူထုစိန်ဝင်း | ၁၀၀၀ | ၁၂၀၀ | ပင်ဝါးရုံ | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | ဘာသာပြန် |
| ၆။ | ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် ရေကြောင်း ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ကွပ်ကဲမှု<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၆၀၀၆၀၈ | ကို (တက္ကသိုလ်) | ၅၀၀ | ၇၀၀ | တကူကူး | ၂၀၀၆၊ ဩဂုတ် (ပ–ကြိမ်) | |
| ၇။ | ဂျွန်အပ်ဒိုက်<br>ဝတ္ထုတိုနှင့် အက်ဆေးများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၄၂၂၀၆၀၃ | မြသန်းတင့်၊ ကျော်အောင် မြေချစ်သူ၊ မြတ်သစ်၊ မောရှုဆိုး၊ လေးကိုတင် | ၁၀၀၀ | ၅၀၀ | ပုဂံ | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | ဘာသာပြန် ဝတ္ထုတို ပေါင်းချုပ် |
| ၈။ | မြွေဟောက်ပါးဖြူ၊ မျောက်မင်းသား ဖိုးစည်နှင့် အသည်းကွဲကျောက်ခဲ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၂၈၀၀၆၀၂ | မောင်ညီမှိုင်း (သန်လျင်) | ၅၀၀ | ၉၀၀ | စိတ်ကူးသစ် | ၂၀၀၆၊ အောက်တိုဘာ (ပ–ကြိမ်) | ဝတ္ထု |
| ၉။ | ဓမ္မနှင့် ဂိုဏ်းဂဏဝါဒ ဝိပဿနာဆရာကြီး ဂိုအင်ကာ ၏ ပထမနေ့ဟောပြောချက်<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၃၄၃၀၆၀၆ | ဖေမြိုင် | | ၈၀၀ | ကံ့ကော် ဝတ်ရည် | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | ဘာသာပြန် ဘာသာရေး စာအုပ် |
| ၁၀။ | အုပ်ဖွဲ့ပုံကြီးကြာသံများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၆၇၀၆၀၃ | နေဝင်းမြင့် | ၁၀၀၀ | ၁၂၀၀ | ဥတ္တရလမင်း | ၂၀၀၆၊ ဩဂုတ် (ပ–ကြိမ်) အင်တာဗျူး | စာရေး ဆရာများ |

www.foreverspace.com.mm

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၁။ | ဘီဒီအေလေယာဉ်ပျံပစ် အမြောက်ကြီးတပ် စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၄၃၀၆၀၇ | ဝမ်းအိုဝမ်း ကျော်ဝင်းမောင် | ၅၀၀ | ၁၃၀၀ | ယဉ်မျိုး | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | ဘီဒီအေ အတွေ့အကြုံ မှတ်တမ်း |
| ၁၂။ | နိစ္စများရဲ့ အနိစ္စ စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၅၆၀၆၀၈ | ကျော်ဝင်း | ၁၀၀၀ | ၁၃၀၀ | The Couple | ၂၀၀၆၊ အောက်တိုဘာ (ပ-ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၁၃။ | အဗ္ဗဒူကလမ်-ဦးနှောက်များ ကို မီးညှိခြင်း စာမူခွင့်ပြုချက်အမှတ်-၄၅/၂၀၀၄(၅) | ဘိုးလှိုင် | ၅၀၀ | ၁၀၀၀ | မုံရွေး | ၂၀၀၆၊ အောက်တိုဘာ (ပ-ကြိမ်) | ဘာသာပြန် |
| ၁၄။ | သုတရောင်ခြည် အမှတ်(၁) စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၅၉၀၆၀၈ | တင်ထွန်း (တောင်ကုတ်) | ၅၀၀ | ၁၀၀၀ | နိုးကြားရေး | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၁၅။ | ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ခြေရာပျောက်သက်သေအမှု စာမူခွင့်ပြုချက်အမှတ်-၅၀၁၄၅၃၀၅၁၀ | မောင်ဝံသ | ၅၀၀ | ၁၅၀၀ | ကံ့ကော် ဝတ်ရည် | ၂၀၀၆၊ စက်တင်ဘာ (ဒု-ကြိမ်) | ဘာသာပြန် |
| ၁၆။ | တတိယကမ္ဘာမှ ပထမကမ္ဘာသို့ စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၂၂၀၆၀၄ | ဟိန်းလတ် | ၁၀၀၀ | ၃၅၀၀ | သူရိယ | ၂၀၀၆၊ စက်တင်ဘာ (တ-ကြိမ်) | ဘာသာပြန် |
| ၁၇။ | ဘုံဘဝကြုံတွေ့ရဇာတ်လမ်းများ စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၁၈၀၆၀၃ | မှူးသမိန် | ၅၀၀ | ၄၀၀၀ | နန်းဒေဝီ | ၂၀၀၆၊ ဩဂုတ် (ပ-ကြိမ်) | ထုတ်နုတ် ဆောင်းပါးပေါင်းချုပ် |
| ၁၈။ | တန်ဖိုးရှိလှ လူငယ်ဘဝ စာမူခွင့်ပြုချက်အမှတ်-၄၀၁၀၈၁၀၆၀၈ | ချစ်နိုင်(စိတ်ပညာ) | ၃၀၀၀ | ၈၀၀ | နိုင် | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | ရသစာစု |
| ၁၉။ | ထုတ်ကုန်၊ သွင်းကုန် လုပ်ငန်းနည်းပညာ စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၈၅၀၆၀၈ | မြထွန်းအောင် | ၅၀၀ | ၂၈၀၀ | မျက်ပွင့် | ၂၀၀၆၊ အောက်တိုဘာ (ပ-ကြိမ်) | ထုတ်ကုန်၊ သွင်းကုန် နည်းပညာ |
| ၂၀။ | မြင်စိုင်းမင်းသား သတိုးမင်းရဲရန်ရှိန် စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၄၂၀၆၀၇ | တင်နိုင်တိုး | ၅၀၀ | ၈၀၀ | ကံ့ကော်ရနံ့ | ၂၀၀၆၊ ဩဂုတ် (ပ-ကြိမ်) | ဝတ္ထု |
| ၂၁။ | GUITAR Performance Volume-3 စာမူခွင့်ပြုချက်အမှတ်-၄၀၁၀၆၃၀၆၀၈ | စာရေးဆရာစုံ | ၁၀၀၀ | ၁၀၀၀ | COBA Art Production | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | ဂီတဆိုင်ရာ ဆောင်းပါးများ |
| ၂၂။ | ကမ္ဘာကြီးကို ဆေးကုပေးပါ စာမူခွင့်ပြုချက်အမှတ်-၄၀၀၈၆၃၀၆၀၇ | အေးမြချမ်း | ၁၀၀၀ | ၁၅၀၀ | ခေတ်သစ် ဂန္ထဝင် | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | HIV/AIDS ဆိုင်ရာ ဆေးပညာ ဆောင်းပါးများ |

www.foreverspace.com.mm

# စာအုပ်လမ်းညွှန်


*Editor's Choice*

## အရိုး အဆစ်နှင့် အကြောတက်ရောဂါ

### (တွဲဖက်ပါမောက္ခဒေါက်တာချစ်စိုး)

အရိုး၊ အဆစ်နှင့် အကြောရောဂါ အကြောင်းကို သုံးနှစ်တာအတွင်း အသစ်တွေ့ရှိချက်များနှင့် လူနာများအမေးများ ပြီး လူအများသိလိုသည်များကို ဖြည့်စွက်ပြင်ဆင်ဖော်ပြထားခြင်းဖြစ်သည်ဟု ဆိုသည်။ အရိုး၊ အဆစ်ရောဂါများနှင့် ပတ်သက်၍ ဒေါက်ထွေး(ဆေးမန်း)က အရိုးအဆစ်ရောဂါအထူးကုသမားတော်ကြီး ဒေါက်တာချစ်စိုးနှင့်တွေ့ဆုံမေးမြန်းခဲ့သည်များကိုလည်း လုံးချင်းအဖြစ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခုစာအုပ်သည် ဇီဝကမဂ္ဂဇင်း၏ ဆောင်းပါးရှင်ဇာခြည်ဝင်း (ဆေး၀ါးတက္ကသိုလ်)နှင့် MRTV-4 မှ ဆုပန်တို့ တွေ့ဆုံ၍ မေးမြန်းရေးသားထားခြင်းဖြစ်သည်။

လူအများသိကြသည့် လေးဖက်နာရောဂါ၊ အဆစ်ရောင်ရောဂါ၊ အသက်ကြီးလျှင်ဖြစ်တတ်သည့် အရိုးကျီးပေါင်းတက်ရောဂါ၊ ဂေါက်ရောဂါ၊ ခါးနာရောဂါ၊ အမျိုးသမီးများတွင် ဖြစ်လေ့ရှိသည့် အရိုးပွရောဂါ၊ အကြောတက်ရောဂါ၊ သွေးကြောရောင်ရောဂါ၊ ခန္ဓာကိုယ်ခုခံစာတ်ပြောင်းလဲမှုကို ဖြစ်စေတတ်သည့် ရောဂါတို့၏ အခြေခံသွင်ပြင်လက္ခဏာများနှင့် ၎င်းတို့၏ကုထုံးများနှင့် ဖြစ်ရခြင်းအကြောင်းရင်းတို့ကို အသေးစိတ် ရေးသားထားသည်ကို တွေ့ရသည်။ အဆစ်ရောင်ရောဂါအမျိုးမျိုး၊ ခါးနာရောဂါ အမျိုးမျိုး၊ အရိုးဇီဝဖြစ်ပျက်မှုရောဂါများ၊ အသုံး




များ၍ဖြစ်သော အဆစ်နာ၊ သွေးကြောရောင်ရောဂါများ စသည့် ရောဂါအမည်အမျိုးမျိုးတို့လည်း ဖော်ပြပါရှိသည့်အတွက် အရိုး၊ အဆစ်ရောဂါလေ့လာသူများအတွက် ဗဟုသုတဖြစ်ဖွယ်ပင်။

“ဘယ်သူမဆို၊ ဘယ်အရွယ်မှာမဆို၊ လူမျိုးဘာသာမရွေး ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တချို့ရောဂါတွေကတော့ အသက်အပိုင်းအခြားအလိုက်၊ လူအုပ်စုအလိုက် ဖြစ်တာ တွေ့ရပါတယ်။ အရိုးကျီးပေါင်းတက်ရောဂါက အသက်ကြီးတဲ့လူတွေမှာ ပိုပြီးဖြစ်တတ်ပါတယ်။ သွေးလေးဖက်နာရောဂါမှာတော့ ၇၀ ရာခိုင်နှုန်း မိန်းကလေးတွေမှာဖြစ်တာ တွေ့ရပါတယ်။ အကြောတက်ရောဂါ (Fibromyalgia)က လူ ၁၀၀ မှာ နှစ်ယောက်လောက် ဖြစ်ပါတယ်။ ဂေါက်ရောဂါ (Gout)ကတော့ ယောကျ်ားလေးတွေမှာ ပိုဖြစ်တယ်။ အရေပြားလေးဖက်နာက ယောကျ်ားတွေထက် မိန်းကလေးတွေမှာ ဆယ်ဆပိုဖြစ်တယ်။ အဆစ်ရောင်ခါးနာရောဂါက ယောကျ်ားလေးတွေမှာ ပိုဖြစ်တယ်။ သူ့ရောဂါအလိုက် ပိုဖြစ်တတ်တဲ့ အုပ်စုတွေရှိပေမယ့် ခြုံကြည့်မယ်ဆိုရင် အရိုး၊ အဆစ်ရောဂါတွေက အရွယ်မရွေး၊ လူမျိုးမရွေး၊ နိုင်ငံမရွေးဖြစ်နိုင်တယ်ဆိုတာကို လက်ခံထားရပါလိမ့်မယ်”ဟု ဒေါက်တာချစ်စိုးက ရှင်းပြထားသည်။

ထို့ပြင် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ကာလကို ‘အရိုးအဆစ် ဆယ်စုနှစ်’ အဖြစ် သတ်မှတ်ထားပြီး အရိုး၊ အဆစ်ရောဂါနှင့်ပတ်သက်သမျှကို လူသိများအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနောက်ပိုင်း မြန်မာနိုင်ငံမှာ တဖြည်းဖြည်းလူသိလာသည့် SLE ခေါ် အရေပြားလေးဖက်နာအကြောင်းကိုလည်း ရှင်းထားသည်။ အချုပ်ဆိုရသော် ဤစာအုပ်သည် အရိုး၊ အဆစ်အကြောင်းကို အသေးစိတ်ရေးသားထားသော စာအုပ်ဖြစ်သည်။ အသက်အရွယ်၊ အပိုင်းအခြားအလိုက် ဖြစ်လေ့ရှိသည်များကိုလည်း တွေ့ရှိရသည်။ ဆောင်ရန်၊ ရှောင်ရန်တို့လည်း သိရှိခွင့်ရသည်။ လေးဖက်နာရှိသူတိုင်း၊ ကျီးပေါင်းတက်သူတိုင်း လက်စွဲထားသင့်သည့် ကျန်းမာရေးဆိုင်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ Treasure စာအုပ်တိုက်က တန်ဖိုး ၂၃၀၀ ကျပ်ဖြင့် ထုတ်ဝေထားခြင်းဖြစ်သည်။

ထုတ်ဝေတိုက်– Treasure

မျက်နှာဖုံးဒီဇိုင်း–ဝင်းထွန်း

အကြိမ် – ပထမအကြိမ်

ထုတ်ဝေနှစ် – ၂၀၀၆၊ ဩဂုတ်လ

စောင်ရေ – ၅၀၀

တန်ဖိုး – ၂၃၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ်–၄၀၀၈၈၁၀၆၀၇


www.foreverspace.com.mm

## နိစ္စများရဲ့အနိစ္စ

**ကျော်ဝင်း**

'နိစ္စ'ဟု ထင်ခဲ့သည်များ၏ အနိစ္စသဘောကို အခါအားလျော်စွာ ဆင်ခြင်မိသော တို့ထိချက်များဖြစ်ပါသည်ဟု အမှာပါးထားသော စာရေးဆရာကျော်ဝင်း၏ 'ပြောင်းလဲခြင်း'ဆိုင်ရာ ဆန်းစစ်မှုများ စုစည်းပါဝင်နေသည့်စာအုပ်ဖြစ်သည်။

သမိုင်းခေတ်များပြောင်းလဲခြင်း (စစ်အေးမှ စစ်အေးအလွန်သို့)၌ ၁၉၄၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်ထိ ၄၂ နှစ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စစ်အေးခေတ်၏ အရင်းခံအချက်များ၊ အယူအဆများနှင့် ရလဒ်အထွေထွေကို သုံးသပ်ပြထားသည်။ စစ်အေးခေတ်ဖြစ်ရခြင်း၏ 'အစ'ကို ဆွဲထုတ်ချဉ်းကပ်ကြည့်ပုံသုံးမျိုး၊ ယင်းခေတ် ကို ပေါ်ပေါက်စေခဲ့သော အမေရိကန်နှင့် ဆိုဗီယက်တို့၏ မူဝါဒနှစ်ရပ်ကို ဦးစွာ ဖော်ပြထားပြီး စစ်အေး၏ အဓိကအကျဆုံး အကြောင်းတရားသုံးရပ်ဟု ယူဆရသည့် ဝက်စဖေးလီးယားအမွေ၊ အဆင့်လွန် နိုင်ငံနှစ်နိုင်ငံပေါ်ထွက်ခြင်း၊ ယုံကြည်မှု ဝင်ရိုးကင်းမဲ့ခြင်းဟူသော အချက်များကို လေ့လာနိုင်မည်ဖြစ်သည်။ စစ်အေးကြို ကာလဖြစ်သည့် ၁၉၄၅ ဝန်းကျင်က ဖြစ်ခဲ့သော ခေါင်းဆောင်မှုအပြောင်းအလဲနှင့် အတူ စစ်အေးခေတ်ကို ဦးတည်စေသော ဖြစ်စဉ်ဖြစ်ရပ်များကို စစ်အေးခေတ်၏ အဆင့်သုံးဆင့်ဖြင့် ခွဲခြားပြထားရာ ပထမ အဆင့် (၁၉၄၅–၄၇) တွင်ပါဝင်သည့် အခင်းငါးရပ်၊ ဒုတိယအဆင့် (၁၉၄၇–၅၉) တွင် ပေါ်ပေါက်ခဲ့သော ကမ္ဘာ့စနစ်ကြီး နှစ်ခုနှင့် နေတိုး–ဝါဆောအားပြိုင်မှု၊ တတိယအဆင့် (၁၉၅၀–၆၂)၏ တင်းမာမှု ဖြစ်စဉ်များကို လိုတိုရှင်းတင်ပြထားပြီး စာမျက်နှာ ၂၆ မှ ၃၂ အထိ စစ်အေးခေတ် ပြီးဆုံးရခြင်း၏ အခရာကျသည့်အယူအဆ သုံးရပ်၊ စေ့ဆော်ပေးသောအကြောင်းအရာ များ၊ ဆက်စပ်အခြေအနေများ၊ နက်ရှိုင်း




အကြောင်းရင်းခံများကို စုစည်းဖော်ပြထားသည်။ ဂျွန်ဟော့(ပ်)ကင်းတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ ဖရန်ဆစ်ဖုကူယားမား၏ စကားနှင့်ဆိုရလျှင် အင်ဖော်မေးရှင်းခေတ်၏ စိန်ခေါ်ချက်များကို မတုံ့ပြန်နိုင်တော့ရာမှ ဆိုဗီယက်ယူနီယံ ကျဆုံးခဲ့ရခြင်းဖြစ်ပါသတည်းဟူသော သုံးသပ်ချက်ဖြင့် ထိုအခန်းကို နိဂုံးချုပ်ထားသည်။

'အတွေးအခေါ်များ ပြောင်းလဲခြင်း' အခန်းတွင် ဘီစီ ၆ ရာစုဝန်းကျင်၌ ဒဿန ပညာသမိုင်း၏ အလှည့်အပြောင်းကာလ တည်ရှိလာပုံနှင့် သိပ္ပံပညာနှင့်ပတ်သက်၍ ဝါဒများဖြစ်ပေါ်လွှမ်းမိုးသက်ရောက်လာပုံကို တို့ထိသုံးသပ်ထားသည်။ ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သော ပညာရှင် အသီးသီးက သဘာဝ၏လျှို့ဝှက်ချက်များကို ရှာချက်မျိုးစုံဖြင့် ဖော်ထုတ်လာရန် ကြိုးစားခဲ့ကြပုံနှင့် ယင်း၏သက်ရောက်မှုများကို အကျဉ်းသဘောလေ့လာနိုင်မည် ဖြစ်သည်။ "မချဖြစ်ရမည်ဆိုပြီး ဖြစ်မလာလျှင်ဘာလုပ်ကြမည်နည်း။ ဖြစ်ချင်မှ ဖြစ်မည်ဆိုသောနိဂုံးကို ကြိုတင်မှန်းဆဖို့လိုမည် ထင်သည်။ သို့မှသာ ပြောင်းလဲကျင့်သုံးနိုင်မည့်နည်းလမ်းများ (Alternatives) ကို ကြိုတင်စဉ်းစားနိုင်ပါလိမ့်မည်" (စာ–၄၂)

'ဦးတည်ချက်ပြောင်းလဲခြင်း'အခန်းတွင် နိုင်ငံအသီးသီး၏ 'ဘောဂဗေဒ'နှင့် ဓနကြွယ်ဝကုံလုံရေးဦးတည်မှုသဏ္ဌာန် ရွေ့လျားပုံများ ပါဝင်သည်။ စီးပွားရေး ကဏ္ဍသည် နိုင်ငံရေးအပေါ်သက်ရောက် အလေးပေးနိုင်စွမ်း မည်သို့ရှိစေသည်ဆို သောအချက်ကို ရှုမြင်ဆင်ခြင်နိုင်စေမည် ဖြစ်သည်။ . . . 'တိုးတက်လာသော စီးပွားရေးနှင့်အတူ ရင့်ကျက်သော နိုင်ငံရေး စနစ်များဖြစ်ထွန်းလာဖို့လိုသည်'ဟု ကောက်ချက်ချပါသည် (စာ–၅၂)။ စင်စစ် ဒုတိယကမ္ဘာစစ်ပြီးစကတည်းက စတင်ခဲ့ ခြင်းဖြစ်သည်ဟု ဖော်ပြထားသော 'အမြင် များပြောင်းလဲခြင်း' စာစုကလည်း စာရှုသူများကို အကျိုးများစေနိုင်ပါသည်။ 'အမြင်' အပြောင်းအလဲများ၏ ယဉ်ကျေးမှု ဆိုင်ရာ တန်ပြန်ရိုက်ခတ်ချက်များတွင် လူ့အခြေခံလိုအပ်ချက်အဖြစ် 'စား'၊ 'ဝတ်' 'နေ'ရေးသုံးမျိုးသာ ကန့်သတ်ယူဆခဲ့ရာမှ 'ခရီးသွားလာရေး'ကို စတုတ္ထလိုအပ်ချက် အဖြစ် အသိအမှတ်ပြုလာကြရသည်ဟု ဆိုထားသည်။ မတူညီသော ယဉ်ကျေးမှု များ အထကျလာစေရေး (Accalmalization) တွင် နှလုံးသွင်းစရာတွေ (Convinced Factors) များလာနေသည်ဟု ယူဆရ သည်။ (စာ–၆၂)။

'အယူအဆများ ပြောင်းလဲခြင်း' အခန်းတွင် သင့်တင့်လျောက်ပတ်သော လူဦးရေ (Optimum Population) နှင့် ရေရှည် 'ထိန်း'ထားနိုင်ရေး သုံးသပ်လုပ်ဆောင်ပုံအချို့ကို ဖော်ပြထားပြီး ခေတ်သစ်ဘောဂဗေဒပညာရှင်များ၏အယူအဆ ဖြစ်သော အရည်အချင်းပြည့်မီသော လူအဖြစ်တည်ဆောက်ရေးတွင် သော့ချက်မှာ နည်းပညာဖြစ်၍ အခြေခံမှာ ပညာရေး ဟူသောအချက်ဖြင့် အဆုံးသတ်ထား သည်။ စက်မှုနှင့် နည်းပညာအခြေပြု ထုတ်လုပ်မှုများ အဆင့်ဆင့်ပေါ်ပေါက် လာရာမှ လူတန်းစားများရွေ့သွားရပုံကို 'အနေအထားများ ပြောင်းလဲခြင်း'အခန်း

www.foreverspace.com.mm

တွင် ဖော်ပြထားသည်။ အလုပ်ကို လူ့အဖွဲ့အစည်း၏ ကျောရိုးအဖြစ် တစ်လျှောက်လုံး ယူဆလာခဲ့ရာ လူ့အလုပ်ကို ဖယ်ထုတ်ခံရလျှင် ဘာဖြစ်ကုန်မည်နည်း။ (စာ–၈၁)။

'ပိုင်ဆိုင်မှုများပြောင်းလဲခြင်း'အခန်းမှာ ခိုင်မာသည့် စီးပွားရေးဖြစ်ထွန်းမှုအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် 'ပုဂ္ဂလိကပိုင်ပြုရေး'ဆိုင်ရာ ဖြစ်စဉ်ကောက်ကြောင်းများ၊ ပုဂ္ဂလိကပိုင်ပြုရေးသည် စီးပွားရေးကိစ္စသက်သက်မျှမဟုတ်ဘဲ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်ထိ ဂယက်ရိုက်နိုင်သော ကိစ္စကြီးဖြစ်၍ ယင်းနှင့်စပ်ဆိုင်သော နည်းနာများ၊ အခက်အခဲများ၊ သင်ခန်းစာများ၊ ရှေ့ခရီးစဉ်များ ပါဝင်ထည့်သွင်းထား၍ မလွတ်တမ်းဖတ်ရှုဆင်ခြင်သင့်သည်ဟု ဆိုချင်သည်။ (စာ–၈၅–၁၀၈)။ 'တိမ်းညွှတ်မှုများပြောင်းလဲခြင်း' စာစု (စာ–၁၁၁–၁၃၂) တွင် ပြုပြင်ပြောင်းလဲမှုများဆိုင်ရာ ဖြစ်ပေါ်သုံးသပ်ချက်များ တင်ဆက်ထားသည်။ ယင်းစာစုပါ '၂၀၂၆ ပထဝီနိုင်ငံရေး'ဟူသော အခန်း၌ ကမ္ဘာ့ဖြစ်နိုင်ခြေများကို အကျဉ်းချုံးဖော်ပြထား ရာ လေ့လာအကဲဖြတ်မှုများပြုနိုင်မည် ဖြစ်သည်။


'တန်ဖိုးများပြောင်းလဲခြင်း' တွင် ပါဝင်သည့် 'ပညာတတ်တစ်ယောက်၏ တန်ဖိုး'၊ 'အရင်းရှင်ဆိုတာ လွယ်လွယ်ပါလို့'၊ 'ဖရီးလန်း(စ်)အောက်ဆို့ဆင်ဂျာနယ်လီ (သို့မဟုတ်) ပလတ်စတစ်ကောက်တဲ့မောင်'၊ 'ငြိမ်းချမ်းရေးသည် အပေါင်းလက္ခဏာ'၊ ယုံကြည်ချက်လား၊ မစ်ရှင်လား၊ လိပ်ပြာသန့်စိတ်'ဟူသော အခန်းများပါဝင်ပြီး အဆိုပါအခန်းများပါ ဖော်ပြမှုများက စာရှုသူ၏ ဟဒယနှင့် ဦးနှောက်မှန်တိုင်းဆင်နိုင်စွမ်းကို တစ်စုံတစ်ရာ မြှင့်တင်မှုပြုပေးနိုင်မည်ဟု ယုံကြည်ပါသည်။ ခြုံ၍ဆိုရသော် ဤစာအုပ်သည် ခေတ်ပြိုင်ပညာရှင်အသီးသီး၊ လေ့လာသူအသီးသီး၏ ကမ္ဘာ့လားရာများနှင့် ဖြစ်စဉ်အကြောင်းရင်းခံများကို တို့ထိစုစည်းသုံးသပ်ဖော်ပြထားသော စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်ပါသည်။ 'စင်တင်' စာအုပ်ကောင်းတစ်အုပ်ပင်ဖြစ်သည်ဟု ဆိုချင်သည်။ စာအကျအပေါက်ကင်းသည်။

ထုတ်ဝေတိုက်– Unity စာပေ
မျက်နှာဖုံးဒီဇိုင်း– ဇင်မင်းလူ
အကြိမ် – ပထမအကြိမ်
ထုတ်ဝေနှစ် – ၂၀၀၆၊ အောက်တိုဘာလ
စောင်ရေ – ၁၀၀၀
တန်ဖိုး – ၁၃၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၅၆၀၆၀၈

---

## ပျူတွေ ဘယ်ပျောက်သွားသလဲ

### ဒေါက်တာသန်းထွန်း




သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းရေးသားပြုစုခဲ့သော ပျူနှင့် ပတ်သက်သည့် သမိုင်းစာတမ်းများကို ပြန်လည်စုစည်းထားသည့်စာအုပ်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်နှစ်ပတ်လည်စာစောင်၊ ကလျာမဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ သန်းထွန်းရှစ်ဆယ်ပြည့် (၂၀၀၃ ဧပြီ)၊ မိုးဂျာနယ်၊ မုံရွေးတိုက်ထုတ် မြန်မာ သမိုင်းပုံစသော စာစောင်များတွင် ပုံနှိပ်ဖော်ပြခဲ့ဖူးသည့် ပျူဆိုင်ရာသမိုင်းစာတမ်းများ ပါဝင်သည်။ စာတမ်းပေါင်း ၁၂ စောင်ထည့်သွင်းထားပြီး 'ပျူ၊ မြန်မာ၊ မွန်၊ ရခိုင်တွေရဲ့ ဗုဒ္ဓကိုယ်စားတော်' နှင့် 'တံဆိပ်လက္ခဏာရည်ညွှန်းချက်' ဟူသော စာတမ်းနှစ်စောင်မှလွဲ၍ ကျန်စာတမ်း ၁၀ စောင်စလုံးမှာ ပျူသမိုင်းသက်သက်ကို အဓိကထားခြေရာခံပြုစုထားသောစာတမ်းများ ဖြစ်သည်။

စာတမ်းအသီးသီးမှာ သမိုင်း သုတေသနဆိုင်ရာစာတမ်းများဖြစ်သည့်အားလျော်စွာ အထောက်အထား၊ အကိုးအကားစုံလင်စွာကို အောက်ခြေမှတ်စုများဖြင့် စနစ်တကျ တင်ပြထားသည်။သုတေသနစာတမ်းပီပီ သမိုင်းအချက်အလက်များ၊ ခက်ခဲရှုပ်ထွေးသော အခေါ်အဝေါ် များ ရောပြွမ်းနေသော်လည်း အသစ် သိမြင်စရာသမိုင်းအကြောင်းအရာ၊ အချက်အလက်များစွာကို တူးဆွတင်ပြထားသ ဖြင့် စာဖတ်သူများအတွက်၊ သုတေသနသမားများအတွက် အလွန်အမင်း အကျိုးရှိစေမည် ဖြစ်သည်။

သမိုင်းသုတေသီမဟုတ်သော သာမန်စာဖတ်သူများအတွက် အထူးညွှန်းဆိုလိုသော စာတမ်းမှာ စာအုပ်နောက်ဆုံးပိုင်းတွင် ဖော်ပြထားသော 'ပျူ' (အရင်နှစ်ပေါင်း ၂၃၀၀ က ၁၂၀၀ အထိ) ဟူသော စာတမ်းဖြစ်သည်။ ယင်းစာတမ်း ကို ဦးစွာဖတ်ရှုရန် အကြံပြုလိုပါသည်။ ယင်းစာတမ်းကို ဦးစွာဖတ်ရှုလိုက်ခြင်း ဖြင့် ပျူတို့၏ သမိုင်းကြောင်းကို အတော်အတန်လိပ်ပတ်လည်စွာ သိရှိသွားမည် ဖြစ်၍ နောက်ထပ်စာတမ်းများ ဖတ်ရှုရာ၌ များစွာအဆင်ပြေမည် ဖြစ်သည်။

စာအုပ်ကိုပေးထားသော ခေါင်းစဉ် ဖြစ်သည့် 'ပျူတွေ ဘယ်ပျောက်သွားသ လဲ' ဟူသော မေးခွန်းကို အထောက်အ ထား၊ အကိုးအကားခိုင်လုံစွာဖြင့် သုံးသပ်ပြထားသည်မှာ များစွာ စိတ်ဝင်စားဖွယ် ဖြစ်သည်။

ခရစ်နှစ် လေးရာစုမှ ကိုးရာစုအတွင်း

www.foreverspace.com.mm

အထက်ပါပေါမှ မြန်မာနိုင်ငံအောက်ပိုင်းမအမတိုင်အောင် ကျယ်ပြန့်ခဲ့သည့် ပျူနိုင်ငံသည် ပြိုကွဲပျက်စီးသွားပြီးနောက် ပျူလူမျိုးအသီးသီးတို့သည် လူဦးရေပိုမိုများပြားလာသော မြန်မာတို့နှင့် ရောနှောကာ ပျူကပြားများ ဖြစ်သွားရကြောင်း၊ ပျူကပြားများမှာ ပျူနာမည်မခံယူကြ၍ ပျူဟူ၍ ပျောက်သွားရခြင်းဖြစ်ကြောင်း စသဖြင့် မြုပ်ကွယ်နေသော ပျူတို့ကို ဆွဲထုတ်တင်ပြထားသည်။ 'လက်ရှိမြန်မာနိုင်ငံ၏ ဧရိယာတမျှကျယ်ဝန်းသော တပ်မြို့ ကိုးမြို့ဖြင့် ဖွဲ့စည်းထားသော ပျူနိုင်ငံကို ပထမမြန်မာပြည်ထောင်စုနိုင်ငံဖြစ်သည်ဟု စာတမ်းရှင်က အခိုင်အမာ ဆိုထားသည်။ ယင်းပျူနိုင်ငံမှာ လူဦးရေနည်းပါးသော်လည်း ပျံ့နှံ့နေထိုင်မှုများသောကြောင့် ပျူနိုင်ငံမှာ ယင်းမျှကျယ်ဝန်းခြင်းဖြစ်သည်ဟု ဆိုသည်။

စာတမ်းများတွင် ပျူတို့၏ မြို့တော်ဖြစ်သော မြန်မာအခေါ် သရေခေတ္တရာနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖော်ထုတ်ထားသည်။ ပျူမြို့များနှင့်ပတ်သက်သောအထောက်အထားအကိုးအကားများကိုလည်း ဖော်ပြထားသည်။ ယင်း အထောက်အထား၊ ရှေးဟောင်းပစ္စည်းများက ဖော်ပြနေသော ပျူလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများကို ဆွေးနွေးတင်ပြထားသည်မှာ မှတ်သားဖွယ် ဖြစ်သည်။ ပျူနှင့်မြန်မာ ရောနှော၍ ယနေ့မြန်မာလူမျိုးဟူ၍ ဖြစ်လာရသည်ဟူသော စာတမ်းရှင်၏ အမြင်မှာလည်း စာဖတ်သူတို့အတွက် အသိအမြင်တိုးစရာအကြောင်း ဖြစ် သည်။

သမိုင်းကိုလေ့လာသူများအတွက် သာမက သာမန်စာဖတ်သူများအတွက် ပါ သစ်လွင်သောအသိအမြင်များကို ပေးစွမ်းမည့် လေ့လာဖတ်ရှုသင့်သော အဖိုးတန်စာတစ်အုပ်ဟု ဆိုချင်ပါသည်။

ထုတ်ဝေတိုက် – သီရိဆွေစာပေ

မျက်နှာဖုံးဒီဇိုင်း– သန်းမြင့်အောင်

အကြိမ် – ပထမအကြိမ်

ထုတ်ဝေနှစ် – ၂၀၀၆၊ ဇူလိုင်လ

တန်ဖိုး – ၁၃၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၃၁၀၆၀၄

■

ROYAL Express

* မြန်မာပုံနှိပ်မီဒီယာလောကအတွင်းမှ လစဉ် အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ စာစောင်များကို အိမ်တိုင်ရာရောက်အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။
* Myanmar Partners Think Tank Group မှ ထုတ်ဝေဖြန့်ချိနေသော Living Color မဂ္ဂဇင်း၊ The Voice Weekly နှင့် ခေတ်မြန်မာ Weekly တို့ကိုလည်း အိမ်အရောက်ပို့ဝန်ဆောင်မှု ပေးခဲ့သည့် လုပ်ငန်းဖြစ်ပါသည်။
* Living Color Media အနေဖြင့် Royal Express ၏ ဝန်ဆောင်မှုအပေါ် များစွာကျေနပ်မှု ရှိပါသည်။
* Royal Express Services Group နှင့် စိတ်ချယုံကြည်စွာ ဆက်သွယ်ဆောင်ရွက်ကြည့်စေလိုပါကြောင်းတိုက်တွန်းလိုပါသည်။

အမှတ်(၁၁၄)၊ ပထမထပ်၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊
ဖုန်း - ၂၉၇၉၀၉၊ ၀၉-၅၁၁၀၃၇၆၊ ဖက်(စ်) - ၂၉၇၉၀၉

www.foreverspace.com.mm

(ယခင်လမှအဆက်)



# Transformational Leadership

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်

အဲဒီတော့ Leadership Attributes က beliefs, values, ethics, character, knowledge and skills အဲဒါတွေအားလုံးကို ဆရာတို့စဉ်းစားမယ်။

### အကျင့်စာရိတ္တအရေးကြီး

Leadership ကိုနော် Technocratic ဟို…စီးပွားရေးတက္ကသိုလ်မှာသင်တယ်၊ MBA မှာသင်တဲ့အတိုင်း ပုံစံချပြီး လုပ်တာ မဟုတ်ဘူး။ Modeling မဟုတ်ဘူးနော်။ Mathemetical Modeling မဟုတ်တော့ဘူး။ You don't talk about values, You don't talk about ethics, You don't talk about character. အဲဒီတော့ Respected readers concentrate in who they are. တို့ဟာ ဘာလဲ?။ What do we believe and what is the character? Character အရေးကြီးတယ်။ အကျင့်စာရိတ္တအရေးကြီးတယ်။ အရင်တုန်းကတော့ ဆရာတို့ Management မှာ၊ Leadership မှာ Character သိပ်မပြောဘူး။ ဒီမှာလာတဲ့သူတွေအားလုံး သိပါတယ်။ အရင်တုန်းက သိပ်နာမည်ကြီးတယ်

www.foreverspace.com.mm

ဆိုတဲ့ Great Leader သမ္မတကနေဒီလို့ပြောတယ်။ ဒါပေမဲ့ အခု ဘာကြောင့် လက်ခံလာသလဲဆိုရင် အင်မတန်ဦးဆောင်မှုကောင်းတဲ့ The great leader Kennedy was a great womanizer. မိန်းမရှုပ်တယ်။ Character မကောင်းဘူး။ We now do not accept him as a great leader. မရတော့ဘူး။ အင်မတန်မှ နာမည်ကြီးခဲ့တဲ့ အရင်က သမ္မတကလင်တန်ဆိုရင် He is a great leader and powerful communicator. ဒါပေမဲ့ မိန်းမရှုပ်တယ်။ Character Loose ဖြစ်တယ်။ အဲဒီတော့ Leadership လို့ ပြောတဲ့အခါမှာ အခု နောက်ပိုင်းပြောလာတာ Skill တင်မကဘူး၊ Knowledge တင်မကဘူး။ Values, beliefs and character become very important. What they know? ဒါ သူတို့လုပ်ရမယ့်အလုပ် job, tasks and human nature and what they do-implementing, motivating and directing ပေါ့။

### Two Most Important Keys to Effective Leadership

ဘယ်ဟာက အဓိကကျသလဲဆိုရင် Trust and Confidence. လူတွေက ကိုယ့်ကိုယုံတယ်။ ယုံကြည်မှုအပြည့်ရှိတယ်။ ဦးဆောင်မှုကောင်းတဲ့သူကို နောက်လိုက်တွေဟာ ယုံကြည်မှုအပြည့်ရှိတယ်။ ဦးဆောင်မှုရှိရုံနဲ့မရဘူး။ နောက်လိုက်ကောင်းဖို့လည်းလိုတယ်။ နောက်တစ်ခုက Effective Communication. အဲဒီတော့ If you have these two : trust and communication, then you become an effective leader ပေါ့နော်။

## Information ကို Share လုပ်ပါ

လုပ်ငန်းတွေမှာ Strategy တွေသင်တယ်။ အဖွဲ့အစည်းတွေမှာ Strategy တွေ ရှိတယ်။ Business Strategy တွေ လုပ်တယ်။ လုပ်ငန်းမှာရှိတဲ့ဝန်ထမ်းတွေအနေနဲ့ ဘယ်ပုံဘယ်နည်း Contribute လုပ်မယ်ဆိုတာလည်း သိလာတယ်။ နောက်တစ်ခါ Share Information. Sharing of information is very important. ခေါင်းဆောင်မှုပေးတဲ့သူတွေ Share လုပ်ပါ။ ကိုယ့်ကိုယ်ကိုယ် မသိမ်းထားနဲ့။ အရင်တုန်းက ပြောတယ်၊ Knowledge is power. အဲဒါကြောင့် ရှိသမျှအားလုံး ကိုယ့်အတွက် စုထား တယ်။ ကိုယ့်မှာ Knowledge တွေရှိလေလေ တန်ခိုးကြီးတယ်လို့ထင်တယ်။ အာဏာကြီးလာတယ်လို့ထင်တယ်။ That is completely wrong. Share လုပ်ရမယ်။ ရှိသမျှ Information တွေ၊ ကုမ္ပဏီရဲ့ Information တွေ Share လုပ်၊ Then people will have trust. အဲဒီလို Share မလုပ်ရင် Rumour (ကောလာ ဟလ) ဖြစ်လာတယ်။ Rumour ဘာကြောင့်ဖြစ်သလဲဆိုရင် Information Share မလုပ်လို့။ Complete Information မရှိရင် ဟိုပြောဒီပြောပြောတာတွေကို အဟုတ်ထင်လာတာပေါ့။

### Principles of Be, Know and Do Leadership

Be technical proficient. ဒါ အခြေခံပဲ။ ကိုယ့်လုပ်ငန်းမှ ကိုယ်မသိရင် ဘာမှလုပ်လို့မရတော့ဘူး။ Construction လုပ်တယ်။ အဲဒီအကျိုးအကြောင်းမှမသိရင် ဘာမှလုပ်လို့မရဘူး။ Series ထုတ်တယ်။ Marketing လုပ်တယ်။ Technical Proficient မဖြစ်ရင် မရဘူးနော်။ ဟန်ဆောင်လို့မရဘူး။ အဲဒီတော့ You must be technicaly proficient.

You must seek responsibility and take responsibility for action. တာဝန်ယူဖို့လိုတယ်။ တာဝန်ရှောင်လို့မရဘူး နော်။ ရာထူးအဆင့်ကြီးလာလေလေ တာဝန်ပိုများလာလေလေပဲ။ အဲဒါကို တာဝန်ယူဖို့လိုတယ်။ Make sound and timely decisions. Decision Making ကို ကျောင်းတွေမှာ၊ စီးပွားရေး တက္ကသိုလ်တွေမှာသင်တယ်။ Set example... နမူနာဖြစ်ဖို့ လိုထတယ်။ လူတွေဟာ ကိုယ့်ကိုအမြဲတမ်းကြည့်နေတာနော်။ ကိုယ့်ဝန်ထမ်းတွေက ကိုယ့်ကိုအမြဲတမ်းကြည့်နေတာ။ ဟာ ဒီ MD ဘယ်လိုလုပ်တယ်၊ ဘယ်လိုပြောတယ်၊ ဘယ်လိုနေထိုင်တယ် အစရှိသဖြင့်ပေါ့။ You must be example and you must be role model.

အဲဒါတော့ တွေ့တာအားနည်းတယ်။ Know people and look after them. ကိုယ့်ဝန်ထမ်းတွေ ကိုယ်တကယ်သိရဲ့လား။ အိမ်ထောင်ရှိလား။ You have to know them. Leadership ရဲ့ ပုံစံဟာ စတိုင်နဲ့နေပြီး Air Condition အခန်းထဲမှာနေပြီး အားလုံးငါနဲ့မဆိုင်ဘူး ပြောလို့မရဘူးနော်။ Keep staff informed. Information အရေးကြီးတယ်။ You must let people know what is going on. Develop a sense of responsibility in staff. ကိုယ့်မှာ တာဝန်ယူနိုင်တဲ့အပြင် ကို ဝန်ထမ်းတွေမှာ လည်း တာဝန်ယူတဲ့စိတ်ပေါ်လာအောင် ကိုယ်လုပ်ဖို့လိုတယ်။ Ensure tasks are understood, supervised and accomplished. တစ်ခါတလေ ခိုင်းသာခိုင်းတယ်။ အခိုင်းခံရတဲ့သူက ဘာမှန်းမသိဘူး။ လုပ်လိုက်ရတယ်။ ဘာကြောင့် လုပ်လိုက်ရမှန်းလည်းမသိဘူး။ They must understand the taks, they must be supervised and they must be accomplished. Use the full capabilities of the organization. အဖွဲ့အစည်းတွေမှာ အင်အားတွေများကြီးရှိတယ်။ စွမ်းအားတွေအများကြီးရှိတယ်။ အဲဒါတွေ အသုံးချပါ။ Use the full capacity.

Be a professional ကြေးစားလို့ ပြောတာမဟုတ်ဘူးနော်။ Professional means you are loyal, selfless service, personal responsibility for action.

## ဦးဆောင်သူတွေ လူသဘောကိုနားလည်ဖို့လို


ကိုယ်က ရှေ့ကတက်တယ်။ နောက်လှည့်ကြည့်တော့ တစ်ယောက်မှမရှိတော့ဘူး။ အဲဒီလိုမဟုတ်ရဘူး။ ကိုယ့်နောက်

မှာ ကိုယ့်ပဲ့လူတွေရှိဖို့လိုတယ်။ Know the 4 factors of leadership မှာ follower, leader, communication and situation လို့ လေးခုပြောတယ်။ Know yourself. ဦးဆောင်တဲ့သူတွေ ကိုယ့်အကြောင်းကိုယ်သိဖို့ လိုတယ်နော်။ How do you know yourself? လူတိုင်းမှာ အားနည်းချက် (Weaknesses) တွေ ရှိတယ်၊ အားသာချက် (Strengths) တွေ ရှိတယ်။ Skills တွေ ရှိတယ်။ Characters တွေရှိတယ်။ Know human nature. ဦးဆောင်တဲ့သူတွေဟာ လူ့သဘောကို နားလည်ဖို့လိုတယ်။ လူတွေမှာ Emotion ရှိတယ်။ E.Q ဟာ အရေးကြီးတယ်။ Emotional Intelligence is very important for leaders. လူတိုင်းအကြောင်းအကျိုးတရားအပြည့်စဉ်းစားပြီး လုပ်တာ မဟုတ်ဘူး။ တစ်ခါတလေကျရင် ရင်ခုန်တဲ့ပုံစံနဲ့လုပ်တာ ရှိတယ်။ Emotions are very important. အဲဒါကို သတိထားစေချင်တယ်။ Know your job. ကိုယ့်အလုပ်ကိုယ်သိဖို့လိုတယ်။

Do provide direction–ဘာလုပ်ရမလဲဆိုရင် Good setting, problem solving လုပ်ဖို့လိုတယ်။ Do implement–အကောင်အထည်ဖော်ပါ။ Do motivate–ခွန်အားပေးဖို့လို တယ်။ ကိုယ့်ဝန်ထမ်းတွေကို လုပ်ချင်တဲ့စိတ်ရှိအောင် အမြဲတမ်း ခွန်အားပေးဖို့လိုတယ်။ သုံးချင်တဲ့စကားလုံးက Training ဆိုတာ မသုံးတော့ဘူး။ We don't train people. You can only train animals. Training ဆိုတဲ့ Institution ကို ဖျက်ပေးဖို့ကောင်းတယ်။ ဆပ်ကပ်တွေမှာ တိရစ္ဆာန်တွေကို Train လုပ်လို့ရတယ်။ လူတွေကို လုပ်လို့မရဘူး။ We are talking about is coaching. နည်းပြတွေလိုတယ်။ Mentoring–သိပ်မသုံးဘူး၊ မြန်မာ ပြည်မှာ။ We need mentors. ကိုယ့်ထက် အတွေ့အကြုံရှိတဲ့သူ တွေ၊ ကိုယ့်ထက်ဝါရင့်တဲ့သူတွေ၊ ကိုယ့်ထက်အသက်ကြီးတဲ့သူ တွေက ကိုယ့်ထက်ငယ်တဲ့သူတွေကို mentoring လုပ်နိုင်းတယ် လို့ စဉ်းစားလို့ရတယ်။

## The owl and the field-mouse

သမီးလည်းပါတော့ ပုံပြင်ကလေးတစ်ခု ဥပမာပေးမယ်။ The owl and the field-mouse. Decide to follow it ပေါ့နော်။ A little field-mouse was lost in a dense wood, unable to find his way out. ကြွက်ကလေးဟာ တောထဲမှာပျောက်နေတယ်။ ထွက်လို့မရဘူး။ He came upon a wise old owl sitting in a tree. ဇီးကွက်တစ်ကောင်ကို တွေ့တယ်။ “Please help me wise old owl, how can I get out of this wood?” asked the field-mouse. သူက တောထဲက ထွက်ချင်တာကိုး။ ဘယ်လိုထွက်ရမလဲလို့ မေးတယ်။ “Easy,” said the owl. “Grow wings and fly out” လွယ်ပါတယ်။ အတောင်ပံတပ်လိုက်လို့ပြန်ပြောတယ်။ “But how can I grow wings?” asked



www.foreverspace.com.mm

the mouse. The owl looked him haughtily, sniffed disdainfully, and said, "Don't bother me with the details, I only decide the policy". ငါ့ကို အခြေခံတွေ အသေးစိတ် လာမမေးနဲ့၊ ငါ Policyပဲပြောတယ်လို့ ပြောတယ်။ အဲဒီတော့ ခေါင်းဆောင်တွေ You can't only think off policy နော်။ You have to think off details. ငါ Policy ချတယ် မဖြစ်ဘူး။ Details is important. တကယ်ပြဿနာဖြစ်တာ Details မှာ ဖြစ်တတ်တယ်။ Leadership တာဝန်ယူတဲ့သူတွေ သတိထားစေ ချင်တယ်။



## 4 Factors of Leadership

Followers, Leader, Communication and Situation. Leadershipကို ပြောလို့ရှိရင် အဲဒီလေးခုကို အမြဲတမ်းစဉ်းစားဖို့ လိုတယ်။ ဘယ်အဖွဲ့အစည်းမှာပဲဖြစ်ဖြစ် ဒါကို စဉ်းစားလို့ရတယ်။

**Followers :** Different people require different styles of leadership. ဒီနေရာမှာ ဒီလိုပုံစံနဲ့ ဦးဆောင်မှုပေးလို့ရသလို နောက်တစ်နေရာမှာ နောက်ပုံစံတစ်မျိုးနဲ့ ဦးဆောင်မှုပေးလို့ရတယ်။ You cannot use the same styles of leadership. အဲဒါကြောင့် Adaptability becomes very important. You must be very adaptable. တရုတ်သိုင်းကားမှာလို သိုင်းတစ်ကွက်ပဲ တတ်လို့မရဘူး။ သိုင်းကွက်တွေ အများကြီးတတ်ထားဖို့ လိုတယ်။ You must know the different styles of leader ship. ဒီလူနဲ့ ဟိုလိုလုပ်လို့ရတယ်။ ဟိုလူနဲ့ ဒီလိုလုပ်လို့ရတယ်လို့ ပြောလို့ရတယ်။ Must know your people. A good understanding of human nature: needs, emotions, motivation. လူတွေရဲ့သဘာဝကို နားလည်ဖို့လိုတယ်။ You must understand human beings. ကိုယ့်နောက်ကလိုက်တဲ့သူတွေကို။ သူ့ရဲ့ Needs ရှိတယ်၊ Emotions ရှိတယ်၊ Motivation ရှိတယ်။ Able to know you staff with be, know and do attributes.

Leaders : Honest understanding of who you are, what you know and what you can do. ကိုယ့်အကြောင်းကိုယ်တကယ်သိအောင်၊ မှန်မှန်ကန်ကန်သိအောင်၊ မညာမတာသိအောင်လုပ်ဖို့လိုတယ်။ Followers, not leaders, determine if a leader is successful. ဒီအချက်ကတော့ ဆရာထင်တယ်၊ အများကြီးမှတ်သားစေချင်တဲ့အချက်ပါ။ ဦးဆောင်မှုပေးတဲ့သူ အောင်မြင်တယ်၊ မအောင်မြင်တယ်ဆိုတာ သူသတ်မှတ်တာမဟုတ်ဘူး။ သူ့အပေါ်မှာ မမူတည်ဘူး။ နောက်လိုက်တွေအပေါ်မှာ မူတည်တယ်။ မြန်မာပြည်မှာ နောက်လိုက်တွေ သိပ်ကောင်းတယ်။ If they do not trust or lack confidence in their leader, they will be uninspired. ကိုယ့်ရဲ့ဦးဆောင်တဲ့သူအပေါ်မှာ ယုံကြည်မှုမရှိဘူးဆိုရင် လုပ်ချင်ကိုင်ချင်စိတ်အားနည်းလာတဲ့အနေအထားရှိတယ်။ အဲဒီတော့ ဦးဆောင်မှုတာဝန်ယူတဲ့သူဟာ ကိုယ့်နောက်က နောက်လိုက်တွေကို သူ့နောက်ကိုလိုက်တဲ့အတွက် အကျိုးရှိပါတယ်ဆိုတာ ပြောနိုင်ဖို့လိုတယ်။ To be successful you have to convince your followers, not yourself or your supervisors that you are worthy of being followed.

## Open Area ဖြစ်အောင်နေပါ

လူတစ်ယောက်ဦးဆောင်မှုပေးတဲ့အခါမှာ ဆက်ဆံတာနှစ်မျိုးရှိတယ်။ Self(ကိုယ်)၊ ပြီးတော့ Others(အခြားသူ)အတွက်။ ဦးဆောင်တဲ့သူဟာ ကိုယ့်အကြောင်းကိုယ်သိတယ်။ Known. ကိုယ့်အကြောင်းကိုယ်မသိတာရှိတယ်။ Unknown. နောက်ကိုယ်သိသလောက် အခြားသူကလည်း ကိုယ့်အကြောင်းကို သိတာရှိတယ်။ ကိုယ့်ကိုသိတာရှိတယ်နော်။ နောက်တော့ ကိုယ့်အကြောင်းကို အခြားသူက မသိတာရှိတယ်။ Open and Free Area လို့ပြောတယ်။ ကိုယ့်အကြောင်းကိုယ်လည်း သိတယ်။ အခြားသူကလည်း ကိုယ့်အကြောင်းကို ကိုယ့်နီးပါး အလားတူသိတယ်။ အဲဒီလူရှိရင် အဲဒီဧရိယာ Freeလို့ပြောတယ်။ တစ်ခါတလေရှိတယ်။ ကိုယ့်အကြောင်းလည်း ကိုယ်မသိဘူး။ သူများကလည်း ကိုယ့်အကြောင်းကို မသိဘူး။ အဲဒါဘာခေါ်သလဲဆိုရင် Unknown Area ပေါ့။ ကိုယ်လည်းမသိဘူး၊ သူလည်းမသိဘူးဆိုရင်းတာပဲ။ ပြီးတယ်။ Forget it. ပြဿနာရှုပ်လာတာက ကိုယ်က (ကိုယ့်အကြောင်းကိုယ်)မသိဘူး။ သူများက ကိုယ့်အကြောင်းကို သိနေတယ်။ This is known as the blind area. ကိုယ့်အကြောင်းကိုယ်မသိဘူး၊ သဘောမပေါက်ဘူး။ သူများက သိနေတယ်ဆိုရင် အခက်အခဲရှိတယ်။ Blind Area. ပြီးတော့ နောက်ဆုံး ဘာရှိလာသလဲဆိုရင် Hidden Area. ကိုယ့်အကြောင်း

www.foreverspace.com.mm

ကိုယ်သိတယ်။ ဟန်ဆောင်သိပ်ကောင်းတာပဲ။ သူများက ကိုယ့်အကြောင်းကိုမသိဘူး။ အဲဒါမျိုးက Hidden Area ပေါ့။ ဖုံးထားတဲ့၊ ဝှက်ထားတဲ့သဘောပေါ့။

Leadership Challenge က ဘာလဲဆိုရင် ဒီ Open Space ကို ကျယ်နိုင်သမျှကျယ်နိုင်အောင် လုပ်ဖို့လိုတယ်။ အဓိပ္ပာယ်က You must be opened to others. ကိုယ့်အကြောင်းလည်း ကိုယ်သိတယ်။ အခြားသူကလည်း ကိုယ့်အကြောင်းကို ကိုယ့်နီးပါးသိတာမျိုး ဖြစ်ရမယ်။ It means transparency ပေါ့နော်။ You must be transparent လို့ပြောတဲ့အခါမှာ ဒီ Open Area ကို Wide ဖြစ်အောင် လုပ်တာဖြစ်တယ်။ တချို့တွေကျတော့ Blind Area. အဲဒီတော့ လူတွေမှာ Blind Area အများကြီးရှိတာ သတိထားဖို့လိုတယ်။ Hidden Area ကိုလည်း သတိထားနော်။ ဟာ ငါ ဟန်ဆောင်တတ်တာပဲ၊ ငါ့အကြောင်း သူတို့မသိပါဘူး။ အဲဒီလို မယူဆပါနဲ့။ သိနိုင်တယ်။ သိတဲ့အခါမှ ကိုယ်ဦးဆောင်မှုပေးတဲ့အခါမှာ အများကြီးဒုက္ခရောက်နိုင်တယ်။

ကိုယ့်အကြောင်း ကိုယ်သိဖို့ဆိုတဲ့အတွက် Managing others is strength! လို့ ပြောတယ်။ သူများကို အုပ်ချုပ်ရတာ၊ သူများကိုစီမံရတာ အားပဲလို့ပြောတယ်။ ဒါပေမဲ့ Managing yourself is true power. That is the true challenge of leadership. The true power comes from self management. ကိုယ့်ဟာကိုယ်အုပ်ချုပ်နိုင်တယ်၊ ကိုယ့်ဟာကိုယ်စီမံနိုင်တယ်ဆိုတာ ဖောင်းပေးစေချင်တယ်။

**Communication :** Communication must be two ways. It must always be two ways. Much of it non-verbal. အခု ဒီမှာ နားထောင်နေတဲ့သူတွေ You are communicating something to me. ခေါင်းညိတ်နေကြတယ်။ နားထောင်နေကြတယ်။ You do not ask them to do something you are not willing to do yourself. ကိုယ်မလုပ်ချင်တဲ့အလုပ်ကို သူများမခိုင်းနဲ့နော်။ As a leader, we have to very careful. ငါဒီအလုပ်လုပ်ချင်သလား။ ငါမှမလုပ်ချင်တဲ့အလုပ် သူများသွားခိုင်းလို့အလကားပဲ။ ခေါင်းဆောင်မှုတာဝန်ယူတဲ့သူတွေ Challenge of leadership အနေနဲ့ ဒါကို စဉ်းစားစေချင်တယ်။

နောက်တစ်ခါ **Situation** အခြေအနေ။ All different အခြေအနေတွေ တစ်နေရာနဲ့တစ်နေရာမှ မတူဘူး။ ဒီနေရာမှာ ဒီလို၊ ဒီနေရာမှာ ဒီလိုပုံစံနဲ့ အုပ်ချုပ်လို့ရတယ်။ ဒီနေရာမှာ ဒီလိုပုံစံနဲ့ ဦးဆောင်လို့ရတယ်။ What you do in one situation, will not work in another. ဒီနေရာမှာဖြစ်နိုင်ပေမယ့် နောက်တစ်နေရာမှာ မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ Use your judgment to decide the best course of action and leadership style needed. ဘယ်ပုံစံနဲ့ ဦးဆောင်မှုပေးဖို့လိုတယ်ဆို တာကို ကိုယ့်ဟာကိုယ် ချင့်ချိန်ဖို့လိုတယ်။ နေရာတိုင်းမှာ အောင်နေဟစ်နေလို့မရဘူး။ နေရာတိုင်းမှာ တောင်းပန်နေလို့မရဘူး။ အောက်ကျို့လို့လည်းမရဘူး။ အဲဒီတော့ အချိန်နဲ့အခါနဲ့လိုက်ပြီး လုပ်ဖို့လိုတယ်။ အခြေအနေတွေကို ဘယ်အရာကဖန်တီးသလဲဆို Relationship with your seniors, the skills of staff, the informal leaders and how your organization is organized. Formal leader ရှိသလို Informal leader ရှိတယ်။ ရာထူးကို အခြေခံပြီး ဦးဆောင်မှုပေးတာမဟုတ်ဘူးနော်။ ရာထူး မရှိတဲ့သူနောက်လိုက်တဲ့သူအများကြီးပဲ။ They are informal leaders. လုပ်ငန်းတိုင်းမှာ ရှိတယ်။ အဖွဲ့အစည်းတိုင်းမှာရှိတယ်။ အဲဒီလူတွေကို ကြည့်ဖို့လိုတယ်။

ဘယ်နေရာမှာ ဘာအခြေခံကျသလဲဆိုတာ သိဖို့လိုတယ်။ I love strawberries, but whenever I go fishing, I use worms. Fish like worms, not strawberries. ငါးကို စတော်ဘယ်ရီသွားကျွေးလို့မရဘူး။ ကိုယ်ကတော့ စတော်ဘယ်ရီကြိုက်တယ်။ ငါးက တီကောင်ကြိုက်တယ်။ You must adapt this situation. ကိုယ်က စတော်ဘယ်ရီကြိုက်လို့ ငါးလည်းကြိုက် မယ်ထင်ပြီး သွားကျွေးရင် ငါးရမှာမဟုတ်ဘူး။ That is the challenge of leadership.

## Culture and Climate

အဖွဲ့အစည်းတွေမှာ၊ လုပ်ငန်းတွေမှာ Culture နဲ့ Climate ဆိုတာ ရှိတယ်။ City Mart ရဲ့ Culture ရှိတယ်၊ MIT ရဲ့ Culture ရှိတယ်၊ EAC ရဲ့ Culture ရှိတယ်။ UN ရဲ့ Culture ရှိတယ်။ နောက်တစ်ခါ Climate ရှိတယ်။ ရာသီဥတု၊ အခု မိုးရာသီဖြစ်သလို Organizational Climate ဆိုတာရှိတယ်။ Two forces that dictate action in an organization. Culture routines တွေရှိတယ်။ rituals တွေ ရှိတယ်။ 'the way we do things around here' KMD မှာ meeting ထိုင်တာ ACE မှာ Meeting လုပ်တာနဲ့မတူဘူး။

Climate ကျတော့ ဒီလုပ်ငန်းမှာရှိတဲ့ အခြေအနေတွေကို Feel of the organization, the individual and shared perceptions and attitudes of members. အဖွဲ့အစည်းမှာရှိတဲ့ တာဝန်ယူနေတဲ့သူတွေရဲ့သဘောထားတွေအားလုံးပေါင်းစပ်ထားတာ Climate လို့ပြောတယ်။ Culture နဲ့ Climate ကို ခွဲတဲ့နေရာမှာ Culture ဟာ Deep-rooted. အမြစ်တွေပေါ် အကြာကြီး အများကြီးအခြေခံပြီးလုပ်ထားတယ်။ Climate ကတော့ a short-term phenomenon. ပြောင်းတယ်။ ရာသီဥတုပြောင်းလဲသလိုပေါ့။ ဟိုနေရာမှာတစ်မျိုးဖြစ်တယ်၊ ဒီနေရာမှာ တစ်မျိုးဖြစ်တယ်။ အဖွဲ့အစည်းတစ်ခုတိုးတက်ချင်ရင် You must deal with both culture and climate. ဒါကြောင့်

www.foreverspace.com.mm



လုပ်ငန်းဟာတစ်ခုအသစ်ကို ဝင်ရတဲ့အခါကျလို့ရှိရင် Culture Shock ဖြစ်တယ်လို့ပြောတယ်။ မြန်မာပြည်မှာအလုပ်လုပ်ပြီး UN ကိုဝင်တုန်းကလည်း There was a culture shock. လုပ်ပုံကိုင်ပုံချင်း မတူဘူး။ ပြောပုံဆိုပုံချင်းမတူဘူး။ နောက်တစ်ခုက UN မှာပဲ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုက Culture ချင်းမတူဘူး။ အလုပ်ပြောင်းတဲ့အခါကျရင် You have culture shock. အဲဒီတော့ Climate နဲ့ Culture ကို သတိထားစေချင်တယ်။

## 4 Framework Leadership Approach

တချို့တွေက **Structural** ကိုကြည့်တယ်။ သိပ်ပြီး Traditional ပေါ့။ structure, strategy, environment ဒါတွေကြည့်တာများတယ်။ တချို့တွေကျတော့ **Framework** (ဘောင်) ကို၊ Leadership Framework ကို ကြည့်တာများတယ်။ တချို့တွေကျပြန်တော့လည်း Political (နိုင်ငံရေးပြောတာမဟုတ်ဘူးနော်)။ အဖွဲ့အစည်းတိုင်းမှာ **Political** (p) ရှိတယ်။ Coalition Building တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုပေါင်းစပ်တာလဲ။ လုပ်ငန်းတွေမှာ Power ရှိတယ်။ ဟာ ဒီလူက ပိုပြီးအဆင်ပြေတယ်၊ ဒီလူကတော့ အဆင်မပြေဘူး။ build linkages to other stakeholders; use persuasion. You must be able to persuade. ကိုယ့်ဘက်ပါအောင် ပြောနိုင်ဆိုနိုင်တဲ့အားကို ဆိုတာနော်။ အမိန့်နဲ့ပြောလို့မရဘူး။ လုပ်ငန်းလုပ်တဲ့အခါမှာ အမိန့်တစ်ခုထဲနဲ့မရဘူး။ Persuade လုပ်ဖို့လိုတဲ့ အနေအထားရှိတယ်။ **Symbolic** – Leadership လုပ်တဲ့သူတွေက Prophet လိုတယ်။ inspiration; use symboles လူတွေစိတ်ဝင်စားလာအောင်၊ လူတွေသဘောပေါက်လာအောင် သုံးလာတဲ့ သင်္ကေတတွေကို အသုံးချလာတာ တွေ့ရတယ်။

## Road to Great Leadership

Challenge the process – စိန်ခေါ်ကြည့်။ ကိုယ် ဘာကိုပြင်ချင်တာလဲ။ ဒီလုပ်ငန်းမှာ ဒါကိုတော့ ပြင်ချင်တယ်လို့ စဉ်းစားတယ်။ Inspire a shared vision ပြင်ချင်တဲ့ဆန္ဒကို vision ချအောင် လုပ်ဖို့လိုတယ်။ နောက်တစ်ခု Enable others to act တခြားသူတွေ အလုပ်လုပ်နိုင်အောင် လိုအပ်တဲ့အခြေအနေတွေအားလုံး ဖန်တီးပေးဖို့လိုတယ်။ နောက်တစ်ခါ Model the way– Get your hands dirty လက်တွေပေရေနေဖို့ လိုတယ်နော်။ အကြော့သားနဲ့ တိုက်ပုံအဖြူဝတ်ပြီးနေလို့မရဘူး။ You must get your hands dirty. အဲဒါကြောင့်မို့လို့ Boss နဲ့ Leader ကွဲတယ်။ A boss tells others what to do, a leader shows how it is done. စေခိုင်းတာ မဟုတ်ဘူး။ နည်းပြတာ။ နည်းပြလို့ပြောလို့ရတယ်။ Encourage the heart – အောင်မြင်မှုရလို့ရှိရင် Share the glory with your followers, မျှဝေဖို့လိုတယ်။ while



keeping the pains with yourself. မအောင်မြင်တဲ့ အားလုံးကို ကိုယ့်ကိုယ်ကိုယ် သိုသိပ်ထား။ ဦးဆောင်မှုကောင်းတဲ့သူရဲ့ အရည်အချင်းတစ်ရပ်ပဲ။ အောင်မြင်မှုရှိရင် အားလုံးနဲ့မျှဝေတယ်။ ဆုံးရှုံးမှုရှိရင် ကိုယ်တစ်ယောက်ထဲခံတယ်။ That is the criteria for good leadershiop. တစ်ခါတလေ ပြောင်းပြန်ဖြစ်နေတာ တွေ့ရတယ်။ မကောင်းတာတွေအားလုံးကို မျှဝေခံခိုင်းပြီးတော့ ကောင်းတာတွေ တစ်ယောက်ထဲယူတာ။

## Position

ကိုယ်က မန်နေဂျာဖြစ်တဲ့အတွက်၊ ကိုယ်က ဒါရိုက်တာဖြစ်တဲ့အတွက်၊ ကိုယ်က MD ဖြစ်တဲ့အတွက် You have the authority. လုပ်ပိုင်ခွင့်တွေ အများကြီးရှိတယ်။ ဒါပေမဲ့ ဒီလုပ်ပိုင်ခွင့်ရှိလာရုံနဲ့ You do not become a leader. You become just a boss. Leadership makes followers want to achieve high goals, rather than bossing people around. သူများကို ဗိုလ်ကျတာမဟုတ်ဘူး။ Leaders က ဗိုလ်ကျတဲ့သူတွေ မဟုတ်ဘူး။

## Followers

နောက်လိုက်တွေဟာ ဦးဆောင်တဲ့သူမှာရှိတဲ့ အရည်အချင်းကိုကြည့်ပြီးတော့ နောက်လိုက်တာမဟုတ်ဘူးနော်။ They do not think about your attributes. Observe what you do so that they know who you really are. ကိုယ့်ကိုစောင့်ကြည့်နေတာ။ ငါ့ MD၊ ငါ့ဒါရိုက်တာ ဘယ်လိုပြောတာလဲ၊ ဘယ်လိုလုပ်တာလဲ အဲဒါကိုအခြေခံပြီး ကိုယ့်နောက်လိုက်လာတာကို သဘောပေါက်ဖို့လိုတယ်။

(ရှေ့လဆက်ရန်)

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

www.foreverspace.com.mm



# “ကျောင်းသားတွေကို အဆင့်အတန်းမြင့်မားစေချင်တယ်ဆိုရင် အရင်ဆုံးသင်ရိုးတွေကို ခေတ်နဲ့အညီ မွမ်းမံကြဖို့လိုပါတယ်”

ဉာဏ်လင်း

**နိုင်ငံခြားအင်္ဂလိပ်စာဆရာများနှင့် အင်္ဂလိပ်စာလေ့လာခြင်းဖြင့် မည်သို့သော အားသာချက်များရှိမည်နည်း၊ မည်သို့သော သင်ရိုးညွှန်းတမ်းများသုံးပြီးလေ့လာကြသင့်သနည်း စသဖြင့် အင်္ဂလိပ်စာလေ့လာလိုက်စားသူများ စိတ်ဝင်စားနိုင်မည့်အကြောင်းအရာများကို Living Color က YIUS မှ Mr. Luke Talikowski (Director of Studies) နှင့် Mr. George Yoshioka Braid(Senior Lecturer) တို့အား သွားရောက်မေးမြန်းထားပါသည်။**

**LC : ဘာကြောင့် အင်္ဂလိပ်စကားပြောနိုင်ငံကလာတဲ့ ဆရာတွေကို ဒီကနေ့ ပညာရေးဈေးကွက်က တောင့်တနေကြတာပါလဲ။**

**Luke** : မြန်မာနိုင်ငံမှာပဲ ဒီလိုအခြေအနေမျိုးဖြစ်နေတာ မဟုတ်ပါဘူး။ ဘယ်နိုင်ငံသွားကြည့်ကြည့် အင်္ဂလိပ်စကားပြောနိုင်ငံတွေကလာတဲ့ အင်္ဂလိပ်ဆရာတွေကို အရမ်းတောင့်တောင့်တတရှိနေကြတာ တွေ့ရပါလိမ့်မယ်။ ဒီတော့ မြန်မာနိုင်ငံမှာ ဒီလိုပုံစံဖြစ်နေတာတွေ့ရပေမယ့် ကျွန်တော့်အတွက်တော့ ဘာမှထူးထူးဆန်းဆန်းကြီး မဖြစ်ပါဘူး။ မြန်မာမိဘတွေက သူတို့ကလေးတွေကို အင်္ဂလိပ်စာကောင်းကောင်းတတ်စေချင်တယ်။ ပြောမယ်ဆိုရင် ဒီမှာလည်းပဲ အင်္ဂလိပ်စာကို အင်္ဂလိပ်စကားပြောနိုင်ငံကလာတဲ့ နိုင်ငံခြားသားနီးပါး တတ်ကျွမ်းတဲ့ မြန်မာဆရာတွေ ရှိပါတယ်။ ဒါပေမဲ့ အရေအတွက်က နည်းနေသေးတယ်။ တကယ်လို့ နိုင်ငံခြားကျောင်းသွားတက်ချင်တဲ့ မြန်မာကျောင်းသားတွေဟာ နိုင်ငံခြားအင်္ဂလိပ်စာဆရာနဲ့ အင်္ဂလိပ်စာသင်ခွင့်မရဘူးဆိုရင် နိုင်ငံခြားတက္ကသိုလ်သွားတက်တဲ့အခါ အခက်အခဲတွေတွေ့ရဖို့များပါတယ်။ စာသင်ချိန်မှာ ရှေ့ကဆရာကပြောသွားသမျှကို နားမ

www.foreverspace.com.mm

လည်နိုင်မယ့်ပြဿနာတွေ ကြုံရကောင်းကြုံရနိုင်ပါတယ်။ ကျွန်တော်လေ့လာမိသမျှ မြန်မာကျောင်းသားတွေက အင်္ဂလိပ်စာကို နိုင်ငံခြားသားနဲ့ လေ့လာရတာကို အရမ်းစိတ်အားထက်သန်ကြပါတယ်။ ကျွန်တော် ခင်ဗျားနဲ့ အင်္ဂလိပ်စကားပြောလေ့ကျင့်လို့ရမလားဆိုပြီး ကျွန်တော့်ကို အင်္ဂလိပ်စာလေ့လာတဲ့ မြန်မာကျောင်းသားတွေလာပြီး အကြိမ်ကြိမ်ချဉ်းကပ်မှုတွေ လုပ်ကြပါတယ်။ YIUS မှာလာတက်ကြတဲ့ ကျောင်းသားလေးတွေ တုံ့ပြန်မှုအရဆိုရင်တော့ အင်္ဂလိပ်စာလေ့လာတဲ့ မြန်မာကျောင်းသားတွေဟာ နိုင်ငံခြားဆရာနဲ့ လေ့လာရတာကို နှစ်သက်သဘောကျကြတယ်လို့ပြောနိုင်တယ်။ ခေတ်အမီဆုံး သင်ကြားရေးစနစ်တွေနဲ့ သင်ကြားတဲ့အပေါ်မှာလည်း သူတို့တစ်တွေ သဘောကျတယ်။

**George :** အင်္ဂလိပ်စာကို မှန်မှန်ကန်ကန်ပြောဆိုသုံးနှုန်းတတ်ဖို့ ဟာ တော်တော်အရေးကြီးတယ်။ နိုင်ငံခြားသားအင်္ဂလိပ်စာဆရာနဲ့ သင်ကြားတဲ့အခါ ကျောင်းသားဟာ မှန်ကန်တဲ့ အင်္ဂလိပ်စာအသုံးအနှုန်းကို သင်ယူရရှိမှာဖြစ်တယ်။ ကျောင်းသားတစ်ယောက်ဟာ အင်္ဂလိပ်စကားကို မိခင်ဘာသာစကားအဖြစ် ပြောလာခဲ့တာ မဟုတ်ဘဲ ဒုတိယဘာသာစကားအဖြစ်သင်ယူပြီး တတ်မြောက်လာတဲ့ ဆရာနဲ့ အင်္ဂလိပ်စာသင်ယူတဲ့အခါ မမှန်ကန်တဲ့အင်္ဂလိပ်စာ အသံထွက်ကို ကြားလိုက်ရပြီဆိုရင် အဲဒီကျောင်းသားဟာ အမှားကိုပဲ အမှန်ထင်ပြီး သုံးစွဲနေမှာပေါ့။ ဒါပေမဲ့ အင်္ဂလိပ်စကားပြောနိုင်ငံကလာတဲ့ ဆရာနဲ့သင်ရင် အသံထွက်မှန်မှန်ကန်ကန်ထွက်တတ်မှာဖြစ်သလို အသုံးအနှုန်းမှန်လည်း ရရှိမှာဖြစ်ပါတယ်။

**LC : အင်္ဂလိပ်စကားပြောနိုင်ငံကလာတဲ့ အင်္ဂလိပ်စာဆရာနဲ့ မြန်မာအင်္ဂလိပ်စာဆရာ ဘာကွာခြားမှုရှိပါသလဲ။**

**Luke :** ကျွန်တော့်ယူဆချက်ကတော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)တွေ ပြန်ဝင်လာတဲ့အခါကျရင် အဆင့်မြင့်တဲ့အင်္ဂလိပ်စာကျွမ်းကျင်မှုဟာ စီးပွားရေးလုပ်ငန်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါဝင်လာပါလိမ့်မယ်။ နိုင်ငံခြားအင်္ဂလိပ်စာဆရာနဲ့ အထိအတွေ့မရှိဘူး(စာသင်ကြားခွင့်မရဘူး)ဆိုရင် လူငယ်အများစုဟာ အင်္ဂလိပ်စာလေ့လာသင်ယူတဲ့နေရာမှာ ချို့တဲ့အားနည်းမှုတွေဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်။ နောက်ပြီး နိုင်ငံခြားသားတွေနဲ့ ထိတွေ့ဆက်ဆံတဲ့နေရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရဖို့ရှိပါတယ်။ ရန်ကုန်အလုပ်အကိုင်ဈေးကွက်ကိုကြည့်မယ်ဆို ရင် ဒီပျော့ကွက်၊ ဟာကွက်ကို ထင်းထင်းကြီးတွေ့မြင်ရပါလိမ့် မယ်။ အလုပ်အင်တာဗျူးမှာ ကောင်းကောင်းမဖြေနိုင်တဲ့ အင်္ဂလိပ်စာကို နှစ်အတန်ကြာ လေ့ကျင့်ခဲ့ကြတဲ့သူတွေ ကျွန်တော် တို့ဆီမှာ အလုပ်လာလျှောက်ကြတာတွေ့ဖူးပါတယ်။

နောက်ပြီး နိုင်ငံခြားအင်္ဂလိပ်စာဆရာတွေက သူတို့ရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေနဲ့ သူတို့နိုင်ငံဖြစ်တည်လာရာ သမိုင်းကြောင်းတွေနဲ့ပတ်သက်ပြီး သိမှတ်ဖွယ်ရာတွေကို တစ်လေ့ကြီးပွေ့ပိုက်ယူဆောင်လာတတ်ကြတယ်လို့ ကျွန်တော်တော့မြင်တာပဲ။ ဥပမာ – ကျွန်တော်တို့ဆီကဆရာတွေက မြန်မာကျောင်းသားတွေ နောင်တစ်ချိန်လေ့လာရမယ့် အကြောင်းအရာတွေနဲ့ ယှက်နွယ်နေတဲ့ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့ရဲ့ ယဉ်ကျေးမှုအကြောင်းတွေ၊ အခြားအကြောင်းအရာတွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို အများကြီးသယ်ဆောင်လာခဲ့ကြပါတယ်။ YIUS ကကျောင်းသားတွေဟာ ဩစတြေးလျနိုင်ငံရဲ့ လူနေမှုဟန်ပန်တွေ၊ လူမှုရေးထုံးတမ်းဓလေ့တွေကို ကြားရတာ သဘောကျနေကြတယ်ဆိုတာ ကျွန်တော်သတိထားမိတယ်။ အဲဒီ အပြင် လက်တွေ့ကျတဲ့ (သူတို့တစ်တွေစိတ်ဝင်စားကြတဲ့)ကိစ္စ တွေဖြစ်တဲ့ အချိန်ပိုင်းအလုပ်ရှာဖွေတာတို့၊ နိုင်ငံခြားရောက်တဲ့ အခါ သင့်တင့်လျောက်ပတ်တဲ့ နေရာထိုင်ခင်းတွေ့ရှိရေးတို့ အကြောင်းကိုလည်း သူတို့တစ်တွေကြားချင်ကြပါတယ်။

**George :** မြန်မာဆရာနဲ့ နိုင်ငံခြားဆရာတွေ စာသင်ကြားတဲ့နေရာမှာ ကွဲပြားခြားနားမှုအနည်းငယ်တော့ရှိပါတယ်။ ကျွန်တော်တို့ (နိုင်ငံခြားအင်္ဂလိပ်ဆရာတွေ)က ကျောင်းသားနဲ့ ဆရာကြား အပြန်အလှန် တုံ့ပြန်ပြောဆိုဆက်ဆံမှုကို ပိုပြီးဖောင်းပေးတယ်။ ကျွန်တော်သတိထားမိသမျှတော့ YIUS ကိုလာတက်ကြတဲ့ မြန်မာကျောင်းသားတွေဟာ သဒ္ဒါအရာမှာ တော်တော်ကောင်းကြပေ မယ့် စကားပြောတဲ့နေရာမှာ အားနည်းကြတာတွေ့ရတယ်။ မေးခွန်းတွေဖြေတဲ့နေရာနဲ့ တုံ့ပြန်မှုပေးတဲ့နေရာမှာ သူတို့တစ်တွေ ဟာ တော်တော်ကြီး အခက်တွေ့ကြပါတယ်။ ဒီတော့ ကျွန်တော် တို့တစ်တွေ (ဆရာနဲ့ စာသင်သား)ဟာ ပိုပြီးအတုံ့အပြန် ဆက်သွယ်ပြောဆိုမှုတွေ ရှိကိုရှိကြဖို့ လိုပါတယ်။ ကျွန်တော်တို့က ကျောင်းသားတွေကို အုပ်စုသေးသေးလေးတွေစုခိုင်းလိုက်ပြီး ခေါင်းစဉ်လေးတွေကို ဆွေးနွေးခိုင်းပါတယ်။ နောက်ပြီး သူတို့ရဲ့ အတွေးအမြင်တွေကို ဖလှယ်ခိုင်းပါတယ်။ (သူတို့နဲ့ကျွန်တော်) ကြားမှာ ဘာအဟန့်အတားမှမရှိဘူး။ ကျွန်တော့်ကို ဟေး . . . ဂျော့ ဆိုပြီး (ရင်းရင်းနှီးနှီး) ခေါ်နိုင်ပါတယ်။

**LC : မစ္စတာလုခ် . . . နိုင်ငံခြားဆရာတွေက သူတို့နဲ့အတူ ခေတ်အမီဆုံး သင်ကြားနည်းစနစ်တွေကို ယူဆောင်လာကြတယ်လို့ အစောကပြောခဲ့တယ်နော်။ ဘယ်လိုသင်ကြားနည်းစနစ်တွေ မြန်မာနိုင်ငံကိုယူဆောင်လာပါသလဲ။**

**Luke :** ပထမဦးဆုံးပြောချင်တာကတော့ YIUS ဟာ အက်ဒ်ဒဲမစ်ခေါ်တဲ့ တက္ကသိုလ်ပညာရပ်သင်ကြားမှုအပိုင်းနဲ့ ပရိယေသနဝမ်းစာရေး အသက်မွေးနိုင်ဖို့ သင်ယူကြရေးအတွက် ရေးဆွဲထားတဲ့ သင်ရိုးညွှန်းတမ်း(Academic and Vocational Education and Training -VET) နှစ်ခုစလုံးကို ဖြန့်ချိသင်ကြား

www.foreverspace.com.mm



ပေးတဲ့နေရာမှာ မြန်မာနိုင်ငံမှာ ရှေ့ဆောင်လမ်းပြ တီထွင်ခဲ့သူဖြစ်ပါတယ်။ အဲဒါက ဘာကိုဆိုလို သလဲဆိုရင် ကျွန်တော်တို့ဆီက ဘွဲ့ရသွားတဲ့ ကျောင်းသားတွေဟာ ပညာရပ်ဆိုင်ရာအသိအမြင်တွေကို ရရှိသွားမယ့်အပြင် လုပ်ငန်းခွင်မှာလိုအပ်တဲ့ ကျယ်ပြန့်များပြားတဲ့ကျွမ်းကျင်မှုတွေကိုလည်း ရရှိသွားကြမှာဖြစ်ပါတယ်။ ဒီကျွမ်းကျင်မှုတွေ၊ ပြည့်ဝမှုတွေ ရှိသွားတယ်ဆိုတော့ မြန်မာနိုင်ငံက လုပ်ငန်းကြီးတွေမှာဖြစ်ဖြစ်၊ နိုင်ငံတကာကော်ပိုရေးရှင်းကြီးတွေမှာပဲဖြစ်ဖြစ် အလုပ်အကိုင်ရရှိဖို့အခွင့်အလမ်းတွေ သိသိသာသာ ပေါများလာနိုင်ပါတယ်။ နောက်ပြီး ကျွန်တော်တို့က ခေတ်အမီဆုံးသင်ကြားရေး စာအုပ်တွေနဲ့ မာလ်တီမီဒီယာ သင်ကြားရေးအထောက်အကူပြုပစ္စည်းတွေကိုအသုံးချပြီး သင်ကြားသလို ဩစတြေးလျတစ်နိုင်ငံလုံးက အသိအမှတ်ပြုထားတဲ့ သင်ရိုးညွှန်းတမ်းနဲ့အညီ လောလောလတ်လတ်ထွက်လာတဲ့ နောက်ဆုံးပေါ် သင်ကြားရေးနည်းစနစ်တွေကိုလည်း အသုံးပြုသင်ကြားပေးပါတယ်။ ကျောင်းသားတစ်ယောက်ချင်းစီဟာ မြန်နှုန်းမြင့် အင်တာနက်စက်တွေ အသုံးပြုခွင့်ရကြပါတယ်။ နောက်ပြီး ယုံကြည်ရတဲ့ သတင်းအချက်အလက်တွေကို ဘယ်လိုနှိုက်ယူမလဲဆိုတာနဲ့ပတ်သက်ပြီး သူတို့တစ်တွေကို လမ်းညွှန်မှုတွေပေးပါတယ်။ အဲဒါအပြင် အင်တာနက်ကတစ်ဆင့် (အင်္ဂလိပ်စာ) လေ့ကျင့်ခန်းတွေ၊ စာမေးပွဲတွေကို ဘယ်လိုဖြေဆိုမလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း လမ်းညွှန်ပေးပါတယ်။

**George :** Power Point Projector တွေကိုလည်း ကျွန်တော်တို့ သုံးပါတယ်။ ဒီဟာကိုအသုံးပြုပြီးတော့လည်း ကျောင်းသားတွေကို visual နည်းစနစ်နဲ့ သင်ကြားပေးပါတယ်။ နောက်ပြီး သူတို့

www.foreverspace.com.mm

တစ်တွေ ခေါင်းစဉ်တွေ ဆွေးနွေးနိုင်ကြဖို့ရာအတွက် မရှိမဖြစ် လိုအပ်တဲ့ နောက်ခံသမိုင်းကြောင်း ဗဟုသုတတွေကိုလည်း ဖြည့်ဆည်းပေးပါတယ်။

**LC : မြန်မာအင်္ဂလိပ်စာစာသင်သားတွေမှာ ဘယ်လိုတူညီတဲ့အားသာချက်တွေနဲ့ အားနည်းချက်တွေကို တွေ့ထားကြပါသလဲ။**

**Luke :** မြန်မာကျောင်းသားတွေက သင်ကြားလေ့ကျင့်ရတာလွယ်ပါတယ်။ သူတို့တစ်တွေက အင်္ဂလိပ်ဘာသာစကားကို အရမ်းလေ့လာချင်ကြတယ်။ တချို့ဘာသာရပ်တွေမှာ သူတို့တစ်တွေ တော်တော်အားသန်တာတွေ့ရတယ်။ ယေဘုယျခြုံပြောရရင်တော့ သူတို့တစ်တွေဟာ သဒ္ဒါနိုင်ကြတယ်။ အားနည်းနေတာက စကားပြောတဲ့နေရာမှာပဲ။

**George :** အင်း . . . နိုင်ငံတကာနဲ့ချိတ်တဲ့အကြောင်းအရာတွေကိုဆွေးနွေးကြတဲ့အခါကျရင်တော့ မြန်မာ အင်္ဂလိပ်စာ စာသင်သားတွေမှာ ကျယ်ပြန့်တဲ့ကမ္ဘာ့အမြင်မရှိကြဘူးဗျ။ IELTS အတွက် ပြင်ဆင်ကြတဲ့သူတွေအနေနဲ့ ခေါင်းစဉ်အမျိုးမျိုးကို ဆွေးနွေးပြောဆိုကြရမှာဖြစ်တယ်။ ဒါပေမဲ့ သူတို့တစ်တွေက ကမ္ဘာ့အခင်းအကျင်းတွေနဲ့ပတ်သက်ပြီးဆွေးနွေးဖို့ အသင့်မဖြစ်ကြဘူး။ ခေါင်းစဉ်တစ်ခုခုဆွေးနွေးကြပော့လို့ခိုင်းလိုက်ရင် သူတို့တစ်တွေအနေနဲ့ ယုံကြည်မှုရှိရှိဆွေးနွေးဖို့ အိုင်ဒီယာခေါင်းပါးနေကြ တယ်။

**LC : မြန်မာကျောင်းသားအများစု ညည်းတွားပြောဆိုနေကြတာကတော့ IELTS ပြင်ဆင်တဲ့နေရာမှာ နိုင်ငံခြားဆရာရဲ့လမ်းညွှန်မှုနဲ့ ပြင်ဆင်ရတာက ပြည်တွင်းမြန်မာဆရာနဲ့ ပြင်ဆင်ရတာလောက် ထိရောက်မှုမရှိဘူးလို့ဆိုတယ်။**

**George :** IELTS ဖြေချင်တဲ့သူတွေကို ကျွန်တော်တို့လေ့ကျင့်ပြင်ဆင်ပေးနေတာပါ။ အခုထိတော့ ကျွန်တော် ကျောင်းသားတွေဆီက အဲဒီလို တုံ့ပြန်ပြောဆိုမှုတွေကို မတွေ့ရသေးဘူးဗျ။ ကျွန်တော့်အထင်ပေါ့လေ၊ အဲဒီလို ညည်းတွားကြတဲ့ကျောင်းသားတွေအနေနဲ့ စာမေးပွဲမှာ သူတို့တစ်တွေ နားထောင်ရမယ့်၊ ပြောဆိုရမယ့်သူတွေဟာ မြန်မာတွေမဟုတ်ဘူး၊ နိုင်ငံခြားသားတွေဖြစ်တယ်ဆိုတာ သိဖို့လိုမယ်လို့ထင်ပါတယ်။ တကယ်လို့ လေ့ကျင့်ပြင်ဆင်နေတဲ့အချိန် နိုင်ငံခြားအင်္ဂလိပ်စာဆရာညွှန်ကြားချက်တွေပေးတာကို သူတို့နားမလည်ဘူးဆိုရင် တကယ့်စာမေးပွဲမှာ ဘယ့်နှယ်လုပ်ကြမတုန်း။ ကမ္ဘာနဲ့ချိတ်တဲ့ဗဟုသုတအမြင်တွေရှိဖို့ဆိုတာကတော့ သူတို့တစ်တွေအပေါ် မူတည်တယ်လေ။ သူတို့တစ်တွေဘာသာ ကြိုးစားမြှင့်တင်ယူရမှာဗျ (စာအုပ်တွေ၊ မဂ္ဂဇင်းတွေဖတ်တာ၊ တီဗီဇာတ်လမ်းတွေ ကြည့်တာမျိုး စသဖြင့်ပေါ့လေ)

**LC : ဒီမှာ အင်္ဂလိပ်စာအသုံးပြုနေပုံနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

**Luke :** ဒီမှာ အင်္ဂလိပ်လိုကြော်ငြာနေကြတဲ့ ကြော်ငြာတွေမှာ အမှားအများကြီး တွေ့နေရတယ်။ အင်္ဂလိပ်စာလေ့ကျင့်သင်ကြားပေးနေပါတယ်ဆိုတဲ့ သင်တန်းကျောင်းကြော်ငြာတွေမှာတောင် သဒ္ဒါအမှားတွေ၊ စာလုံးပေါင်းအမှားတွေ ပါနေကြတယ်။ ဥပမာ– တလောကတွေ့ခဲ့တဲ့ ကြော်ငြာတစ်ခုမှာဆိုရင် သုံးထားတဲ့အင်္ဂလိပ်စာလုံးဆယ်လုံးမှာ ကိုးလုံးလောက်က စာလုံးပေါင်းမှားနေတာကို တွေ့ရတယ်။ ဒီဟာကိုသာ ခင်ဗျားတွေ့မယ်ဆိုရင် ဒီလိုသင်တန်းမျိုးက ကျောင်းသားတွေကို ဘယ်လိုလုပ်ပြီး အဆင့်မြင့်တဲ့အင်္ဂလိပ်စာကို သင်ကြားနိုင်မှာလဲဆိုပြီး မေးခွန်းထုတ်လာမိမှာအမှန်ပဲ။ ဒေသတွင်း(အရှေ့တောင်အာရှ)မှာ ဒီလိုအမှားမျိုးတွေကတော့ အများများလေ့ရှိပါတယ်။ ဒါပေမဲ့ ထိုင်းမှာတော့ တကယ်ကိုကောင်းမွန်တဲ့ အင်္ဂလိပ်စာအသုံးအနှုန်းနဲ့ မှန်မှန်ကန်ကန်ကို တည်းဖြတ်ထားတဲ့ ပညာရေးဆိုင်ရာဝန်ဆောင်မှုကြော်ငြာတွေကို တွေ့ခဲ့ရတယ်။

**George :** ကြော်ငြာထည့်တာတောင် မှန်ကန်တဲ့အင်္ဂလိပ်စာအသုံးအနှုန်းနဲ့ မရေးသားနိုင်တဲ့ အင်္ဂလိပ်စာလေ့လာရေးစင်တာတစ်ခုကို ဘယ်လိုလုပ်ပြီး ခင်ဗျားယုံကြည်နိုင်မလဲဗျာ။ လက်ကမ်းစာစောင်အချို့မှာ သဒ္ဒါမှားနေတာတွေ၊ စာလုံးပေါင်းမှားနေတာတွေ၊ ဝေါဟာရအသုံးပြုပုံမှားနေတာတွေကို တွေ့နေရတယ်။ နိုင်ငံခြားသားတစ်ယောက်အနေနဲ့ အမှားအယွင်းအကျအပေါက်တွေအပြည့်ပါနေတဲ့ အဲဒီလက်ကမ်းစာစောင်တွေကို အထင်ကိုမကြီးဘူးဗျာ။ တချို့စာကြောင်းတွေက သဒ္ဒါအရတော့ မှန်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လို အင်္ဂလိပ်စကားပြောတိုင်းပြည်တွေကလာတဲ့ လူတွေက အဲဒီလိုမသုံးနှုန်းကြဘူးဗျ။ အထူးသဖြင့် ခေတ်ဟောင်းက အသုံးအနှုန်းတွေကို ကျွန်တော်တို့မသုံးဘူး။ သူတို့ကြော်ငြာတွေက စာဖတ်ပရိသတ်ကို အထင်မကြီးစေဘူး(မဆွဲဆောင်နိုင်ဘူး)ဆိုရင် ကြော်ငြာအတွက်သုံးတဲ့ပိုက်ဆံဟာ အလေအလွင့်ပဲဖြစ်သွားလိမ့်မယ်။ ကျွန်တော့်အထင်ပေါ့လေ သူတို့ကြော်ငြာတွေ နိုင်ငံခြားသားတွေကို ပေးဖတ်ပြီး အင်္ဂလိပ်စာအသုံးအနှုန်းမှန် မမှန်ဆိုတာ စစ်ဆေးသင့်တယ်လို့ထင်ပါတယ်။

**ညဏ်လင်း**

(အထက်ပါအင်တာဗျူးနှင့်စပ်လျဉ်း၍ သင်၏ထင်မြင်ယူဆချက်များကို nyan.1.2006@gmail.com သို့ email ဖြင့်ဖြစ်စေ၊ Living Color မဂ္ဂဇင်းတိုက်တည်ရှိရာသို့ စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။)

www.foreverspace.com.mm

# "To help students advance, the teaching books must first be updated"

by

Nyan Lynn

**Living Color Magazine interviewed Mr. Luke Talikowski and Mr.George Yoshioka Braid, Director of Studies and Senior Lecturer of YIUS, on some interests of English learners, including which kind of advantage the students can enjoy by learning with native speaker, and what kind of teaching books should be used.**

**LC : Why do you think the native English teachers are in demand here?**

**Luke :** The situation isn't unique to Myanmar; wherever you go overseas, you will find that native English teachers are in high demand. So I'm not surprised to see that the same trend exists in Myanmar. Myanmar parents want their children to be exposed to proper English. Of course, there are local teachers whose English is very close to native but unfortunately, they are few and far between. If Myanmar students who intend to study overseas are not given the opportunity to learn English from native speakers, they'd most likely experience problems comprehending lectures in an overseas University. My own observation is that Myanmar English learners are very keen on speaking with foreigners. On numerous occasions, I've been approached by young people who would say, "Do you mind if I practice English with you?" From my interactions with our own students at YIUS, I can say that Myanmar students enjoy learning English from native teachers. They also appreciate the fact that we expose them to the latest teaching techniques.

**George :** Accuracy is very important. By learning English with native English teachers, the students can pick up correct usage of English. If the students hear inaccurate English from the teacher, whose mother's tongue is not English, the students will pick it up and use it. But from the native English teachers, they can get accurate pronunciation and the right usage.

**LC : What difference do you see between native English teachers and local English teachers?**

**Luke :** My belief is that when foreign direct invest- ment (FDI) returns, advanced English skills will play a critical role, in terms of employment and business opportunities. The lack of exposure to native English teaching may mean too many young people being disadvantaged in a recruit- ment process and encountering communication problems when dealing with foreigners. This deficiency is already visible in the employment market in Yangon. I have seen many applicants with years of English language training who per- form poorly in job interviews because of inadequate English communication skills.

Also, I am of the view that foreign teachers bring with them a wealth of information on culture, traditions and history of their countries of origin. For example, our teachers provide students with a significant amount of information on Australian and New Zealand culture and other matters relevant to their future studies. I have noticed that our students love to hear about the lifestyle in Australia, social and cultural events, Australian traditions and customs as well as practical issues such as looking for part-time employment and finding suitable accommodation while overseas.

www.foreverspace.com.mm

**George :** The teaching style of the native English teachers is slightly different from that of Myanmar. We emphasize more interaction between teachers and students. As far as I'm aware, the students who come here (YIUS) are weak in conversation, though they may be quite good at grammar. When they have to answer questions and give me responses, they find it very difficult. So we have to get more relational. We put the students in the small groups and make them discuss some topics and exchange their opinions. There is no barrier, they can call me, "Hey, George"

**LC : Mr. Luke, you said the foreigners bring the latest teaching techniques. What kind of teaching techniques have you brought to Myanmar?**

**Luke :** First of all, YIUS is the pioneer in Myanmar in delivering both an Academic and Vocational Education and Training (VET) curriculum. This means that our graduates, in addition to expanding their academic knowledge, will gain a wide-range of work- place skills. These skills and competencies can signi- ficantly improve students' chances of securing employ- ment with national and international corporations.

We also use the most current teaching books and multimedia teaching aids as well as apply the most re- cent teaching techniques, according to the Australian nationally recognised curriculum. Each and every student has access to a high speed internet and we guide them how to access reliable information and how to do online tests and exercises.

**George :** We also use a power point projector for our students. By using this, we can teach the students in a visual way, too. And we feed them essential background knowledge so they can discuss any topic.

**LC : What common strong points and weak points have you seen in Myanmar English learners?**

**Luke :** Myanmar students are teachable and traina- ble. They are very eager to learn English language. They are strong in certain subjects. Generally, they have good grammar. They are weak in conversation, though.

**George :** Well, when it comes to discussing international topics, Myanmar students don't have a broad world view. In IELTS preparation, the students have to talk about the different topics. But they are not ready to discuss the world scene; they are confined in their thinking to events in Myanmar. When I ask them to discuss certain topics, they lack ideas to discuss them confidently.

**LC : The Majority of students who are prepa- ring for IELTS complain that preparation under the guidance of the native speakers is not as effective as that under the guidance of local teachers?**

**George :** I'm preparing the students who will do IELTS. Until now I have got no such feedback from my students. I think the students who complain should know that they are going to have to listen and speak during the exam and it is foreigners, not Myanmars who are involved in these parts of the exam. If they don't understand what the native speaker instructs them during preparation, how could they cope in the real test? To have a worldwide knowledge is up to them; they have to try to increase it by themselves (using books, magazines, TV movies etc...)

**LC : What do you think of using English here?**

**Luke :** I have seen many errors in local advertisements which are published in English. Even some English education providers in Myanmar allow grammar and spelling errors in their advertisements. For example, recently, I have noticed one advertisement which had nine out of ten English words spelled incorrectly. This makes you question the ability of this particular training centre to deliver high quality English to its students. That kind of problem may be common in the (Southeast Asia) region but I have seen some excellent, well edited educational publications in Thailand.

**George :** How can you trust an English learning cen- tre that can't write correct English even in its advertisement? I've found grammar mistakes, typing errors, and some vocabulary misuse in some pamphlets. As a foreigner I'm not impressed to see pamphlets full of errors. Some sentences are grammatically correct but we (the native speakers) don't use them, especially if they are old fashioned. The money they spend on their advertisements would be just a waste if their advertisements can't attract readers. I think they should have foreigners proofread their advertisements.

*Nyan Lynn*
*(nyan.l.2006@gmail.com)*

www.foreverspace.com.mm

# ကုန်စျေးနှုန်း

## ၂၀၀၆၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စျေးနှုန်းများ

### ကားစျေးနှုန်း (၁၄-၁၀-၂၀၀၆)

| ကားအမျိုးအစား | မော်ဒယ် | အကွာရာ | စျေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၅ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၃၀၀ |
| Suzuki Wagon | R+ | (၆ခ)(ဖိုးရောင်) | ၃၄၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၃၁၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၂၉၅ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၄၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၄၅၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၆၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၄၇၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၆၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၃၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၄၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၄၅၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၅၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၆၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၃၃၀ |
| Toyota Publica | 86/87 | (၁က) | ၂၀၀ |
| Toyota Publica | 86/87 | (၁ခ) | ၂၇၀ |
| Toyota Publica | 88 | (၁က) | ၂၂၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၆၀ |
| Sunny Pick-up | 90/91 | (၁က) | ၁၈၅ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၃၀၀ |
| Sunny Super Saloon (1.5) | 86/87 | (၁ခ) | ၄၀၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၉၀ |
| Sunny Super Saloon (1.5) | 88/89 | (၁ခ) | ၃၆၀ |
| Sunny Super Saloon (1.5) | 90/91 | (၁က) | ၃၆၀ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 4/95 | (၂ခ) | ၉၀၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၉၅၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၉၁၀ |
| Marlk II Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၈၅၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၆၅၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၅ခ) | ၃၅၀၀ |



* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ စျေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ စျေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်စျေးများသာ ဖြစ်သည်။

www.foreverspace.com.mm



## တီဗီရောင်စုံများ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၂၄၅,၅၀၀ |
| DISTAR | 2947 | 29" | ၄၆၆,၀၀၀ |
| DISTAR | 2545 | 25" | ၄၅၂,၀၀၀ |
| Toshiba | 21 S3 | 14" | ၁၃၂,၀၀၀ |
| Toshiba | 29 A3 | 29" | ၁၈၉,၀၀၀ |
| SANYO | 21 KX8 | 21" | ၂၄၀,၀၀၀ |
| SANYO | 29 KX5 | 29" | ၃၉၀,၀၀၀ |
| SANYO | 21 AF8, VA | 21" | ၂၆၅,၀၀၀ |
| Samsung | 21M16 | 21" | ၁၂၆,၅၀၀ |
| SANYO | 14G81A | 14" | ၁၅၆,၀၀၀ |
| SKYWORTH | TN | 21" | ၁၉၀,၀၀၀ |
| SKYWORTH | No3 | 21" | ၁၅၉,၀၀၀ |

## ရေခဲသေတ္တာများ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ(CANCOOLER) 405 | | ၆၃၁,၀၀၀ |
| DISTAR | 960A | ၂၃၀,၀၀၀ |
| SANYO | SR570 | ၂၈၁,၀၀၀ |
| Panasonic | 184 G1 | ၂၁၀,၀၀၀ |
| Panasonic | 184 W | ၂၁၈,၀၀၀ |
| SANYO | SR 480N (two door) | ၃၉၅,၀၀၀ |
| SANYO | SR-409 D | ၄၅၅,၀၀၀ |
| SANYO | 563C | ၂၀၉,၀၀၀ |
| SANYO | 163CQ | ၁၉၁,၀၀၀ |
| TOSHIBA | 99BPT | ၃၇၃,၀၀၀ |

## *VCD* ပြစက်

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၆၂၅,၀၀၀ |
| Samsung | Z10 MM | ၄၄၀,၀၀၀ |
| Samsung | 30 Me | ၈၄,၀၀၀ |
| DISTAR | 2217K | ၄၈,၀၀၀ |
| Crown | 5569 | ၄၅,၀၀၀ |
| Crown | 4359 | ၄၀,၅၀၀ |

## *DVD* ပြစက်

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438 K | ၈၉,၅၀၀ |
| SAMSUNG | 338 K | ၈၀,၅၀၀ |
| SAMSUNG | 256 T | ၇၅,၆၀၀ |
| SAMSUNG | 339 | ၄၀,၀၀၀ |
| Crown | 4329/4339 | ၆၁,၀၀၀ |
| Yamasu | 4385 | ၆၁၀,၀၀၀ |

## လေအေးစက်များ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၃၉၅,၀၀၀ |
| SANYO | 122G | ၄၄၆,၀၀၀ |
| SANYO | 124G | ၃၂၅,၀၀၀ |
| SANYO | 184G | ၇၃၆,၀၀၀ |
| SANYO | 99G | ၂၅၂,၀၀၀ |
| SANYO | 123S | ၄၅၉,၅၀၀ |
| SANYO | 131S | ၈၉၅,၅၀၀ |

## အဝတ်လျှော်စက်များ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၂၆၉,၀၀၀ |
| SAMSUNG | 438K | ၉၇,၀၀၀ |
| SANYO | 91AT | ၂၁၉,၉၀၀ |
| SANYO | Ws 92 AT | ၂၈၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၀၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၈၅၀ |
| Junior Horlick (400g) | ၃,၂၀၀ |
| Milo (400g) ခဲထုပ် | ၂,၅၀၀ |
| Milo (400g) (ပုလင်း) | ၃,၃၅၀ |
| Maltova (400g) (နီ) | ၂,၈၀၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁,၆၅၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၃,၇၀၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၂,၄၀၀ |
| C Mix (၂၀ ထုပ်ဝင်) | ၁,၅၅၀ |
| ENERGY (Nutrious Ceareal ) (၃၀ထုပ်ဝင်) | ၁,၈၅၀ |

www.foreverspace.com.mm

| | |
|---|---|
| NESCAFE (Red Cup)(200g) | ၄,၄၅၀ |
| NESCAFE (Red Cup)ss(200g) (ခဲထုပ်) | ၃,၄၅၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၂,၃၅၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၂,၄၅၀ |
| Super Coffee Mix(၂၅ ထုပ်ဝင်) | ၂,၂၅၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၂,၆၅၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၂,၅၀၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၃,၆၅၀ |
| Mike Coffee (၄၈ ထုပ်ဝင်) | ၃,၇၀၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၈၅၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၄,၃၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၄,၀၀၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁,၅၅၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၂,၂၀၀ |
| Ovaltine (400g) နီ | ၃,၃၅၀ |
| Ovaltine (200g) နီ | ၂,၀၀၀ |
| Ovaltine 400g (ဖြူ) | ၃,၄၀၀ |
| Ovaltine 200g (ဖြူ) | ၂,၀၅၀ |
| Ovaltine 400g (စက္ကူဘူး) | ၃,၁၀၀ |

## နို့မှုန့်ဘူးများ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၉,၇၀၀/၉,၄၅၀ |
| Dumex (3plus)(700g) | ၆,၇၀၀ |
| Dumex Step 1,2 700g | ၇,၀၀၀/၆,၆၀၀ |
| Dumex 1Plus 700g | ၆,၈၀၀ |
| Dumex 1Plus (Honey) 700g | ၇,၂၀၀ |
| Dumex Ma Ma Plus 400g | ၅,၄၅၀ |
| Dumex Lactose free 400g | ၇,၀၀၀ |
| Nestle BEAR BRAND 1 Plus 800 g | ၆,၇၅၀ |
| Nestle ဆန် သံဘူး | ၇,၀၀၀ |
| Nestle ဂျုံ သံဘူး | ၄,၂၀၀ |

## နိုင်ငံခြား အရက်များ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၄,၀၀၀ |
| Hennessy(V.S.O.P)(35Cl) | ၂၃,၀၀၀ |
| Hennessy(V.S.O.P)(70Cl) | ၄၉,၅၀၀ |
| VAT 69 (75Cl) | ၁၆,၅၀၀ |
| Jonnie Walker (Red)(75Cl) | ၁၇,၀၀၀ |
| Jonnie Walker (Red)(37.5Cl) | ၉,၇၀၀ |
| Jonnie Walker (Red)(1Liter) | ၂၀,၅၀၀ |
| Jonnie Walker (Black)(20Cl) | ၉,၄၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၈,၃၀၀ |
| Jonnie Walker (Black)(75Cl) | ၃၀,၈၀၀ |
| Jonnie Walker(Black)(1Liter) | ၃၄,၀၀၀ |
| Black & White (1Liter) | ၁၉,၈၀၀ |
| Black & White (75Cl) | ၁၇,၀၀၀ |
| Gold Label (75Cl) | ၅၀,၀၀၀ |
| Black Cat (75Cl) | ၄,၈၀၀ |
| Black Cat (35Cl) | ၃,၈၅၀ |
| SCOTS CLUB (75Cl) | ၇,၂၀၀ |
| SCOTTISH LEADER | ၁၁,၀၀၀ |
| Grand Royal (ရွှေပတ်) | ၃,၆၀၀ |
| Grand Royal (အပြား)အမဲ | ၁,၆၅၀ |
| (KING ROBERT) VODKA (75CL) | ၄,၄၀၀ |
| (KING ROBERT)Gin (75CL) | ၅,၅၀၀ |
| (KING ROBERT) Whisky (75CL) | ၇,၇၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁,၅၀၀ |
| VAT 69(1Liter) | ၂၂,၀၀၀ |
| Mekhong (75CL) | ၅,၉၀၀ |
| Mekhong (37.5CL) | ၂,၉၀၀ |
| Ballantine (75Cl) | ၁၁,၆၀၀ |
| Ballantine (20Cl) | ၃,၃၀၀ |
| SPEY ROYAL (70Cl) | ၆,၆၀၀ |
| SPEY ROYAL (35Cl) | ၃,၃၀၀ |

## မုန့်ပုံး သံဘူးများ

(၁၀-၁၀-၂၀၀၆)

| | |
|---|---|
| မိသားစု | ၇,၄၀၀ |
| Jamboree | ၇,၂၀၀ |
| Hwa Tai Ahways | ၆,၃၀၀ |
| Cream Crackers(Hup Seng) | ၇,၇၀၀ |
| Hwa Tai Celebrity | ၆,၅၀၀ |
| (KHIAN GUAN) Top Choice | ၅,၃၅၀ |
| (HWA TA) Choice | ၅,၁၀၀ |
| (KWA TA) Festival | ၅,၁၅၀ |
| (Munchys) Funmix | ၅,၆၀၀ |
| Hwa Tai Wonderful | ၆,၃၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Lee Daily Delight | ၅,၃၀၀ |
| Every Time | ၇,၀၀၀ |
| Summer Day | ၄,၈၅၀ |
| (Shan Fatl) Party | ၆,၈၀၀ |
| Hwa Tai Megical | ၄,၃၀၀ |
| (julie's) JAMBOREE | ၇,၂၀၀ |
| (Julie's) CERIA | ၅,၃၀၀ |

## ခေါက်ဆွဲခြောက်များ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၂၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၂၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၀၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၁၀ |
| TOMO (အုန်းနို့) | ၁၃၀ |
| MAMEE ကြာဆံ | ၁၄၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၀၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၁၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၃၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၁၀၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၁၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၃၀၀ |
| Shin Shin (ကြာဆံ) | ၁၄၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၃၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၃၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၃၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၄၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၃၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၇၀ |

## သွားတိုက်ဆေးများ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) White | ၄၀၀ |
| Colgate (40g) Double Cool Stripe | ၃၅၀ |
| Colgate (160g) Double Cool Stripe | ၁၃၅၀ |
| Close-Up (New)(18 g) | ၂၅၀ |
| Close-Up (160g) ပြာ | ၁၅၅၀ |
| DARLIE နှစ်ဘူးတွဲ | ၁၉၀၀ |
| LASER 100g | ၂၂၀ |
| Colgate Fresh Cool Mint 200g | ၁၆၅၀ |
| Colgate Great Regular 200 g | ၁၆၅၀ |
| Colgate Total Fresh Stripe 160g | ၂၄၀၀ |
| Colgate Whitening 160g | ၂၂၀၀ |
| Colgate gel (စိမ်း) 160g | ၁၅၅၀ |
| ZACT LION 90g | ၁၃၀၀ |
| Fresh & White Gel 75 g | ၁၁၀၀ |
| Smile Up 105g | ၈၅၀ |
| Fresh Up 160g | ၇၀၀ |

## ကိုယ်တိုက်ဆပ်ပြာများ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၃၀ |
| Imperial Leather (125g) | ၄၀၀ |
| Fashion | ၂၅၀ |
| GIV (80g) | ၂၅၀ |
| Fuji | ၁၇၀ |
| Dettol (100g) | ၅၀၀ |
| Miss | ၂၀၀ |
| 1 Plus 1 | ၁၇၀ |
| DOVE | ၉၀၀ |
| Kanebo | ၁၁၅၀ |
| Protex | ၅၀၀ |
| Bamboo Salt | ၇၀၀ |
| Great | ၆၅၀ |
| Naturally Fair | ၂၅၀ |
| YOKO WHITENING Herbal 110g | ၁၁၅၀ |
| Vaseline HARMONY 100g | ၅၅၀ |
| Family Care | ၃၃၀ |
| O' Nice | ၉၀၀ |
| Fa 2 in 1 85 g | ၆၀၀ |
| ASEPSO | ၇၅၀ |
| CAMAY | ၇၀၀ |
| Palmolive အကြည် | ၃၅၀ |
| Spa | ၂၅၀ |
| E-Lan | ၂၃၀ |
| LUX 100g | ၄၀၀ |
| KAO | ၄၀၀ |
| Parrot | ၂၀၀ |
| Enchanteur | ၉၅၀ |
| Paris 135g | ၃၀၀ |
| A21 (နက်)70g | ၂၀၀ |
| A21 (နက်)125g | ၃၅၀ |
| DG Soap 100g | ၂၅၀ |

## ခြင်ဆေးခွေ

(၁၀-၁၀-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၀၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၁၈၀ |
| Fuji | ၁၈၀ |
| Raid | ၃၅၀ |
| ATAK | ၂၀၀ |
| FIGHTER | ၂၀၀ |
| GO! | ၂၅၀ |
| ပါရမီ | ၂၀၀ |
| MOSFLY | ၂၀၀ |
| ဂေါ်ဇီလာ | ၃၀၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၂၅၀ |

*LIVING COLOR MAGAZINE*

*526302 , 504496*

www.foreverspace.com.mm

# ကွန်ပျူတာ ဈေးနှုန်းများ

(၉-၁၀-၂၀၀၆)



### ❑ KMD Family PC

- VIA C3 Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 40 GB Hard Disk
- 128 MB DDR RAM
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 330,000 Ks

### ❑ CFTG SOHO Computer

- Intel P4 Celeron 2.53D GHz Processor
- MSI P4 MAN2-V M/B (Sound+VGA+LAN Builtin)
- 256MB DDR RAM (PC 400MHz)
- 80GB IDE HDD (Hitachi, 7200 RPM)
- P4 Tower Casing (Normal)
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 472,600 Ks

### ❑ KMD CLASSIC MODEL

- Intel Pentium 4 3.06 A GHz (1MB,L2 Cache, 533 MHz)
- GIGA 8 i848P Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi)
- 1.44MB FDD (Mitsumi)
- Without Monitor
- AGP 128 MB Geforce with TV/DVI Output (MSI RX 9250)
- PS II Keyboard & PS II Scroll Mouse
- Mouse Pad
- P4 Casing (Handle High)

Price 520,000 Ks

### ❑ CFTG Power Compute

- Intel Pentium 4 3.0 F GHz processor (LGA 775)
- MSI Intel 848P Neo 2-V M/B with AGP, Sound & LAN Built-in
- 256 MB DDR RAM (PC 400 MHz)
- 80 GB IDE HDD (Hitachi) ,7200 rpm
- 1.44 MB FDD (Mitsumi)
- AGP 64 MB Graphic Card with TV out
- P4 ATX Tower Casing (Beside Fan/Handle)

www.foreverspace.com.mm

- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic), Digita Control

Price 722,800 Ks

### ❑ CFTG High Performance Computer

- Intel P4 3.4 GHz Processor (LGA 775 CPU)
- MSI Intel 848P Neo-2V MB (Sound+LAN Built-in)
- 256 MB 400 DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Hitachi PRM 7200)
- AGP 64 MB Graphic Card with T/V out
- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 875,700 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ အောက်တိုဘာလ ၉ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| Sony/ Lite-on CD Writer (52 x 32 x 52 x) | 37,000 Ks |
| Sony/Lite-on 16 x 8 x 48 x 24 DVD Writer | 66,000 Ks |
| K 160 Watt Speakers with sub woodfer | 17,000 Ks |
| Microlab FC 570 Speakers with sub woodfer | 75,000 Ks |
| Microlab M 528 Speakers with sub woodfer | 47,000 Ks |
| Microlab M 300 II Speakers with sub woodfer | 67,000 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 89,000 Ks |
| 512 MB (DDR RAM) PC 533 MHz (Kingston) | 91,000 Ks |
| 256 MB (DDR2AM) PC 533 MHz (Kingston) | 48,000 Ks |

### ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi) | 76,000 Ks |
| 160 GB Seagate/ Hitachi | 100,000 Ks |

### ❑ Monitor

| | |
|---|---|
| 15" LCD Color Monitor (Viewsonic) | 276,000 Ks |
| 17" LCD Color Monitor (Viewsonic) | 315,000 Ks |
| 19" SVGA Color Monitor (Philips) | 364,000 Ks |



### ❑ Printer

| | |
|---|---|
| HP Deskjet 1280 Printer (USB) (A3) | 356,000 KS |
| EPSON Acculaser C 1100 | 887,250 Ks |
| EPSON Dot Matrix Printer-LQ 300+ | 299,925 Ks |
| EPSON Dot Matrix Ptinter LQ 2180 | 892,800 Ks |
| EPSON C67 Printer | 100,440 Ks |
| EPSON C45 Inkjet Printer | 76,725 Ks |
| EPSON SP 230 Photo Printer | 174,375 Ks |
| EPSON SP 350 Photo Printer | 334,800 Ks |
| EPSON SP 1920 Photo Printer | 655,650 Ks |
| EPSON 6200 L Laser Printer | 244,125 Ks |
| Fuji Xerox Laser 3116 Printer (USB) | 150 US$ |
| Fuji Xerox Laser 3121 Printer (USB) | 180 US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 72,300 Ks |
| HP 1010/ 1320/ 1300 Toner | 84,700 Ks |
| Canon 2900 Toner | 72,500 Ks |
| Canon 1120 Toner | 46,000 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection 1270 Scanner | 142,800 Ks |
| EPSON Perfection 3170 Scanner(A4 Film) | 421,600 Ks |
| EPSON Perfection 3490 Scanner(A4 Film) | 251,100Ks |
| EPSON Perfection 2580 Scanner(A4 Film) | 251,100Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 58,000 Ks |
| 1250 VA (Power Tree) | 101,000 Ks |

**မှတ်ချက် ။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group, Concordia International နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

# K-MARK အလူမီနီယံခေါက်လှေကား

**မြန်မာနိုင်ငံတွင် အဆင့်မီထုတ်လုပ်ထားသော အိမ်သုံး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ဖြစ်သည်။**

☆ KING METAL CO., LTD. မှ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးစောကျော်လင်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် လေးဦး၊ ဝန်ထမ်းအင်အား ၃၅ ဦးခန့်ရှိ။

☆ ဂျပန်ဒီဇိုင်းကိုယူ၍ ထိုင်းနည်းပညာဖြင့် ထုတ်လုပ်။

☆ ကုန်ကြမ်းပစ္စည်းများအား ထိုင်းနိုင်ငံနှင့် တရုတ်တိုင်ပေတို့မှ မှာယူတင်သွင်းဟုဆို။

☆ ကုန်ပစ္စည်းအာမခံသက်တမ်း တစ်နှစ်ပေးထား။

☆ အမျိုးအစားမှာ 2 Way နှင့် 1 Way နှစ်မျိုးရှိပြီး 2 Way မှာ ၄ ပေမှ ၈ ပေအထိနှင့် 1 Way မှာ ၉ ပေမှ ၁၂ ပေအထိ အရွယ်အစားအမျိုးမျိုးရှိ။

☆ 2 Way မှာ လှန်၍လည်း အသုံးပြုနိုင်မည်ဖြစ်ရာ ၄ ပေဆိုပါက ၈ ပေအမြင့်အထိ အသုံးပြုနိုင်မည်ဖြစ်။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး အခြားအိမ်ဆောက်ပစ္စည်းဆိုင်များတွင်လည်း ကုမ္ပဏီဈေးနှင့် တူညီသော ဈေးနှုန်းနှင့်ပင် ဝယ်ယူရရှိနိုင်စေရန် စီစဉ်ထား။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စက်ရုံလိပ်စာ**

ဒေါ်ယုယုဝေ (Manager)
အမှတ်-၅၁၉ (A-B)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၇၈၃၄၊ ၃၈၀၆၈၈၊ ၂၄၆၀၅၇၊ ၂၄၆၀၅၉၊ ဖက်စ်-၃၉၄၉၃၅
*E-mail:skl-ygn@newsevenstar.net.mm*

- အမှတ်-၂၆၉/၂၇၀၊
သမိုင်းဘူတာရုံလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၅၁၆၇၂၊ ၆၅၁၉၇၈၊
၇၂၄၅၁၀၊ ၇၂၆၅၈၆၊
ဖက်စ်-၆၅၁၆၇၂

- တိုက်-၅၊ အခန်း-၃၊ ၃၅ လမ်း၊
၈၁ × ၈၂ လမ်းကြား၊ မန္တလေး။
ဖုန်း-၀၂-၃၁၁၉၆၊ ၃၈၇၆၆၊
၂၇၇၁၉၊ ဖက်စ်-၀၂-၃၁၁၉၆



www.foreverspace.com.mm



# Buddy Boy ရှပ်အင်္ကျီများ

**မြန်မာနိုင်ငံ အဝတ်အထည်စျေးကွက်အတွင်း ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိသည့် အမျိုးသားဝတ်ရှပ်အင်္ကျီများဖြစ်သည်။**

☆ Buddy Boy Garment Production မှ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ အကြီးအကဲမှာ ဦးအောင်ကြိုင်ဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ဦးခန့်ရှိ။

☆ ပြည်တွင်းပြည်ပမှ ကုန်ကြမ်းပစ္စည်းများအသုံးပြု၍ ကိုယ်ပိုင်နည်းပညာဖြင့် ချုပ်လုပ်။

☆ ရှပ်အင်္ကျီများချုပ်လုပ်ရာတွင် သေသပ်ခိုင်ခံ့မှုကို အဓိကထား၍ နဘေထပ်ချုပ်ရိုး (Double Chain Stitch) ဖြင့် ချုပ်လုပ်ထားကြောင်း သိရ။

☆ ကျောင်းသုံး၊ ရုံးသုံး ရှပ်အင်္ကျီအဖြူများကို အဓိကထုတ်လုပ်ပြီး သရီးရှိုင်ဖယ်ဖြောင်အရောင်စုံနှင့် ရှပ်အင်္ကျီအကွက်ဒီဇိုင်းများလည်းရှိ။

☆ စျေးနှုန်းများမှာ ကလေးဝတ် ၁၅၀၀ ကျပ်ကျော်ခန့်မှ လူကြီးဝတ် ၅၀၀၀ ကျပ်ကျော်အထိ အသီးသီးရှိဟုဆို။


☆ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးစျေး B ရုံရှိ ပင်ရင်းဆိုင်မှ လက်လီလက်ကား ဖြန့်ချိရောင်းချပေးလျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စက်ရုံလိပ်စာ**

ဦးအောင်ကြိုင်
အမှတ်-၁၇၀၊ ရွှေတောင်ကြား ၆ လမ်း၊
တောင်ဒဂုံစက်မှုဇုန် (၂)၊
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၀၀၂၉၇၄

**ဝယ်ယူနိုင်မည့်နေရာများ**

- အမှတ်-၁၀၅၊ သိမ်ကြီးစျေး B ရုံ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၀၆၂၂၊ ၃၇၁၈၂၂၊ လိုင်းခွဲ-၆၈၇
- ကြယ်စင်စတိုး၊ အမှတ် မ-က/ခ၊ မြို့မစျေးကြီး မြောက်ဘက်တန်း၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၂၀၄၁၆



www.foreverspace.com.mm

# ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

**မော်တော်ယာဉ်များ ကြွံခိုင်ရည် အပြည့်ရှိခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ခြင်းတို့ကြောင့် ခရီးသွားပြည်သူများ၏ နှစ်ခြိုက်အားပေးမှုကို အပြည့်အဝရရှိထားသော သယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုဖြစ်သည်။**

- မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်ကို စတင်တည်ထောင်ခဲ့။
- ဒီဇင်ဘာ ၁ ရက်နေ့မှစပြီး ဒိုင်နာစီးရေ ၁၀၀ ကျော်ဖြင့် ရန်ကုန်မြို့တွင်း ပါရမီယာဉ်လိုင်းများစတင်ပြေးဆွဲ။
- လက်ရှိယာဉ်အရေအတွက် စုစုပေါင်း ၆၅၀ ဝန်းကျင်ရှိသည့်အနက် ပါရမီ City Bus ၄၀၀ စီးကျော်၊ ကုန်တင်ယာဉ် ၁၀၀ စီးကျော်၊ အဝေးပြေးယာဉ် ၁၀၀ စီးခန့်နှင့် ပါရမီတက္ကစီ ၅၀ စီးတို့ရှိ။
- ရန်ကုန်မြို့မှ မန္တလေး၊ ပျဉ်းမနား၊ ချောက်၊ မုံရွာ၊ ပုဂံ၊ မြင်းခြံ၊ ပုသိမ်၊ တောင်ကြီး စသည့် မြို့ကြီး ၁၃ မြို့သို့ ပြေးဆွဲ ပေးလျက်ရှိ။
- တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်းရှိ ပင်မဂိတ်၊ ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းနှင့် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတို့မှ ရွှေမန်းသူ၊ ပုသိမ်သူနှင့် ရှမ်းမလေးစသော အဝေးပြေးယာဉ်များ နေ့စဉ်ပြေးဆွဲလျက်ရှိ။
- ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော ပါရမီယာဉ်လိုင်း ၁၄ လိုင်းရှိ။
- ၆ ခ၊ ၇ ခ နံပါတ်ပါယာဉ်များသာမက ၉ ခ ယာဉ်များဖြည့်ဆည်းထားခြင်းကြောင့် သစ်လွင်ကောင်းမွန်ပြီး လမ်းခရီး၌ ချို့ယွင်းမှုနည်းပါး။
- လောလောဆယ် တောင်ကိုရီးယားနိုင်ငံထုတ် ပါရမီတက္ကစီ စီးရေ ဆိုနာတာ ၅၀ စီးရှိပြီး မကြာမီ ဂျပန်နိုင်ငံမှ အရည်အသွေးပိုမြင့်သော ကော်ရိုလာစီးရေ ၅၀ ထပ်မံတင်သွင်းကာ ပါရမီတက္ကစီစီးရေကို ထပ်မံတိုးချဲ့ရန်ရှိ။
- ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်စုစုပေါင်း ၁၀၀၀ ဦးကျော်နှင့် ရုံးဝန်ထမ်းစုစုပေါင်း ၂၀၀ ဦးကျော်ရှိ။
- များမကြာမီ နိုင်ငံတကာ၌ တွင်တွင်ကျယ်ကျယ်အသုံးပြုနေသော ဂြိုဟ်တုအကွာအဝေးတိုင်းတာစနစ် GPS (Global Positioning System) နှင့် ပထဝီသတင်းအချက်အလက်စနစ် GIS (Geographic Information System) တို့ကို အသုံးပြုပြီး ဗန္ဓုလသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ထိန်းချုပ်စီမံရန်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

အမှတ်(၄)၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၆၄၀၇၈၈၊ ၅၇၀၀၈၈၊
၅၇၉၆၅၅၊ ၅၇၃၂၅၇၊
၅၇၃၂၅၈၊ ၅၇၃၂၅၉




# ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ)

**ရန်ကုန်တိုင်းအတွင်း ဆက်သွယ်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများအနက် အင်အားအကြီးဆုံးယာဉ်လိုင်း ဖြစ်သည်။**

- ၁၉၅၉ ခုနှစ်တွင် ယုန်၊ ကြံ့၊ ပုစွန်၊ နဂါး၊ လက်ရုံး၊ ရွက်လှေ စသည့် တံဆိပ်များဖြင့် ခရီးသည်တင်ယာဉ်လိုင်းများကို စတင်တည်ထောင်ပြေးဆွဲခဲ့။
- ၁၉၆၂ ခုနှစ်တွင် အဆိုပါယာဉ်လိုင်းများကို စနစ်တကျစုစည်းပြီး စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် အရုပ်တံဆိပ်များအစား နံပါတ်များဖြင့်ပြောင်းလဲ၍ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသည် ရန်ကုန်မြို့တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီအဖြစ် ၁၉၆၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့။
- ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ)ဟု ပြောင်းလဲဖွဲ့စည်းခဲ့။
- ရုံးချုပ်ကော်မတီဝင် ခုနစ်ဦးရှိပြီး ဥက္ကဋ္ဌဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)၊ အတွင်းရေးမှူးဦးမြတ်လှ အပါအဝင် ဝန်ထမ်း အင်အားစုစုပေါင်း ၁၄၅၀ ဦးရှိ။
- မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီလက်အောက်တွင် ဌာနခွဲ ကိုးခုရှိပြီး ယာဉ်စီးရေ စုစုပေါင်း ၂၃၁၃ စီးရှိ။
- မထသကကြီးကြပ်ပေးရသော အခြားယာဉ်လိုင်း ခုနစ်ခုရှိပြီး ယာဉ်စီးရေပေါင်း ၂၄၀၀ ရှိ။
- သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ်ပြောင်းလဲပြီးသော ခရီးသည်တင်ယာဉ်စီးရေ ၂၀၀၆ စီးရှိပြီး၊ စက်သုံးဆီ အသုံးပြုနေသော ခရီးသည်တင်ယာဉ်စီးရေ ၃၀၇ စီးရှိ။
- မထသမှ ဝန်ထမ်းနှင့် ယာဉ်လုပ်သားများ၏ သားသမီးများကို နှစ်စဉ်ပညာသင်ဆုနှင့် ပညာရည်ထူးချွန်ဆုတို့ ချီးမြှင့်ပေးသည့်အပြင် ဝန်ထမ်းများနှင့် ယာဉ်လုပ်သားများအတွက် လူမှုထူးချွန်ဆုကို နှစ်စဉ်ပေးအပ်ပြီး နာရေးထောက်ပံ့ငွေ ခံစားခွင့်၊ တာဝန်ချိန်နာရေးထောက်ပံ့ငွေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက် ထောက်ပံ့ငွေခံစားခွင့် စသည်တို့ကို ပံ့ပိုးပေးအပ်။
- **ဆက်သွယ်ရန်လိပ်စာ**

ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်း
ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ
(မထသ)
ကျိုက္ကဆံ Super One Supermarket
နံဘေး၊
လေးထောင့်ကန်လမ်း၊
တာမွေမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း – ၅၄၁၉၀၄





www.foreverspace.com.mm

www.foreverspace.com.mm

# 1 တစ်ဦးတည်းကိုယ်စားလှယ်
## SOLE DISTRIBUTORS

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Fexymom ကိုယ်ဝန်ဆောင်အမျိုးသမီး အဝတ်အထည်များ (ထိုင်း) | FANCYMOM MATERNITY WEARS အမှတ်-၁၂၈၊ ပထမထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၀၁၂၅၊ ၃၈၉၃၂၃၊ ၇၂၈၃၁၈ | ဒေါ်ချောချော (Advertising & Promotion) | မရှိ |
| ၂။ | POINT Rice Moisture Facial Foam (ကိုရီးယား) | AQUA LAND CO., LTD. အမှတ်-၅၅ (C)၊ ငွေလမင်းရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၁၁၆၉၊ ၇၂၅၂၈၆ | ဒေါ်အောင်မိုးမြင့် (Assistant Sales & Admin Manager) | AQUA LAND CO., LTD. အမှတ်-၅၆၊ ၇၅ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၄၆၀၈ |
| ၃။ | Daewoo ရေခဲသေတ္တာ (ကိုရီးယား) | OK MYANMAR CO., LTD. အမှတ်-၀၀-၀၃၊ ဒဂုံတာဝါ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၄၄၆၃၊ ၅၄၄၄၆၅၊ ၅၅၂၅၁၀၊ ၅၅၂၅၁၁၊ ၅၅၈၂၉၁၊ ဖက်စ်-၅၅၈၂၉၀ e-mail:ok.m@mptmail.net.mm | ဒေါ်နီလာ (Manager) | မရှိ |
| ၄။ | TERUMO EM 30 CHL ဒစ်ဂျစ်တယ်နားရွက်တွင်းတိုင်း သာမိုမီတာ (ဂျပန်) | သုခနေကုမ္ပဏီလီမိတက် အမှတ်-၈၄၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၇၀၂၈၊ ၂၁၂၄၃၃ | ဦးတင်အောင်လွင် (Marketing Manager) | သုခနေကုမ္ပဏီလီမိတက် အမှတ်-၁၇၇၊ ၇၇ လမ်း၊ ၃၁× ၃၂ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၃၄၈၄၁ |
| ၅။ | HEMPEL သုတ်ဆေး (ဒိန်းမတ်) | WIN ENGINEERINGS CO., LTD. အခန်း-G-1၊ ဝိဇယပလာဇာ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၁၀၆၄၊ ၄၄၁၂၄၁၈၊ ၅၂၄၆၂၄၊ ဖက်စ်-၅၀၁၁၀၅ e-mail:zenithom@myanmar.com.mm | ဦးကျော်စိုး (Managing Director) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၄-၉-၂၀၀၆

* ဂျပန်နိုင်ငံ Oska Sangyo University, Asia Community Research Centre မှ အမှုဆောင်ဒါရိုက်တာ ပါမောက္ခ Mr.Minoru Kiryu နှင့် Myanmar Economic and Management Institute မှ အကြီးတန်းအမှုဆောင် Mr.Kiyoshi Koizumi တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၆-၉-၂၀၀၆

* စင်ကာပူသမ္မတနိုင်ငံအခြေစိုက် Benchmark Systems (S) Pte., Ltd. ၏ Video & Broadcast မှ အထွေထွေမန်နေဂျာ Mr.Aale Raza နှင့် Systems Design Group မှ အထွေထွေမန်နေဂျာ Mr.Sushant Rai တို့သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၇-၉-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mme.Phoebe A.Gomez ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chanthavy Bodhisane၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Dato Shaharuddinbin Mohd Som၊ ဘရူနိုင်း ဒါရုဆလင်နိုင်ငံ သံအမတ်ကြီး H.E.Pehin Datu Inderasugara Brig-Gen(B) Dato Hj Mohd Yusuf bin Abu Bakar နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Philemon Arobaya တို့သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ကမ္ဘာ့ဘဏ်အရှေ့တောင်အာရှ မဲပေါ်ဒေသ အမှုဆောင်ဒါရိုက်တာ Mr.Herwidayatmo သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၉-၂၀၀၆

* မြန်မာနိုင်ငံသို့ နှစ်နိုင်ငံ ရေတပ်အချင်းချင်း ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Deputy Chief of Naval Staff, Vice Admiral RP Suban နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်တွေ့ဆုံဆွေးနွေး။

## ၁၁-၉-၂၀၀၆

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Sonthi Boonyaratglin ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် ဒေသဆိုင်ရာ အခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr.Zheng Wenlin ခေါင်းဆောင်သည့်အဖွဲ့ဝင် ၁၃ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၁၃-၉-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery and Equipment Import & Export Co., Ltd. မှ ဥက္ကဋ္ဌ Mr.Yao Yuning အဖွဲ့သည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၉-၂၀၀၆

* နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် 'Workshop on Challenges and Prospects for the Future of ASEAN-EU Relations' မဟာဗျူဟာလေ့လာရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော ဥရောပပညာရှင်ကိုယ်စားလှယ် သံအမတ်ကြီး Dr.Christian Hauswedell နှင့် အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၉-၂၀၀၆

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၉-၂၀၀၆

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Ma Shoudong နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Fan Lian Feng တို့သည်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Colonel, Hj Abbas Bin Hj-Mat နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Sanusi Bin Hashim တို့သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

■

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၂၈-၈-၂၀၀၆** ✻ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ဩဂုတ်လ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသော ၂၄ ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဩဂုတ်လ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသော ၅၉ ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၃၀-၈-၂၀၀၆** ✻ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျကာတာမြို့တွင် ဩဂုတ်လ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့သည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၂-၉-၂၀၀၆** ✻ မန္တလေးတိုင်း ကျောက်ဆည်မြို့ရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၏ အပ်ချုပ်စက်စက်ရုံ (တိုးချဲ့) ဖွင့်လှစ်။

**၃-၉-၂၀၀၆** ✻ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်တွင် ပန်းဒူချောင်းကို ဖြတ်၍ ဆောက်လုပ်ထားသော အလျား ၈၀၀ ပေ၊ အမြင့် ၅၀ ပေ ရှိသည့် နုံးတွင်း (၃) ရေလှောင်တမံဖွင့်လှစ်။

**၄-၉-၂၀၀၆** ✻ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ရန်ကုန်–မန္တလေး အထူးအမြန်လူစီးရထား စတင်ပြေးဆွဲ။

✻ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် ကားပစ္စည်းရောင်းဝယ်ရေးစခန်း ဘုရင့်နောင်ဈေးရုံ အမှတ် ၂၄ (ခ) တန်း၊ အခန်း–၁ ကူရှင်ရောင်းဝယ်ရေးဆိုင်မှ စတင်၍ ယင်းရုံအတွင်းရှိ ဆိုင်ခန်း ၃၂ ခန်း မီးကူးစက်လောင်ကျွမ်းမှု ည ၇ နာရီ ၁၅ မိနစ်တွင် စတင်ဖြစ်ပွား။

**၅-၉-၂၀၀၆** ✻ မြန်မာနိုင်ငံသည် ကြက်ငှက်တုပ်ကွေးကင်းရှင်းသည့်နိုင်ငံဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာ။

✻ ၁၇ ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံမိတ်ဖက်နိုင်ငံများ အစည်းအဝေးများကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

**၇-၉-၂၀၀၆** ✻ ပန်းချီလှမောင်လေး (ဦးလှမောင်) (အသက် ၇၅ နှစ်) ကွယ်လွန်။

**၈-၉-၂၀၀၆** ✻ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၌ စက်တင်ဘာလ ၁၀ ရက်မှ ၁၁ ရက်အထိကျင်းပမည့် အာရှ–ဥရောပအစည်းအဝေး၏ ၆ ကြိမ်မြောက် ထိပ်သီးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ထွက်ခွာ။

**၉-၉-၂၀၀၆** ✻ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Deputy Chief of Naval Staff, Vice Admiral RP Suthan နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်။

**၁၁-၉-၂၀၀၆** ✻ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Sonthi Bonyaratglin နှင့် ဇနီးတို့ ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

**၁၂-၉-၂၀၀၆** ✻ ဂီတစာဆို (ပန်တျာ) ဦးချစ်လှိုင် (အသက်–၇၅ နှစ်) ကွယ်လွန်။

**၁၃-၉-၂၀၀၆** ✻ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် စက်တင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည့် အာရှဒေသတွင် အစိုးရအုပ်ချုပ်ရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု အမြင်ချင်းဖလှယ်သည့်ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၁၅-၉-၂၀၀၆** ✻ မုတ္တမကမ်းလွန်ဒေသလုပ်ကွက် အမှတ် (M-8) ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC ZARUBE ZHNEFT ITERA OIL AND GAS COM-

www.foreverspace.com.mm

PANY နှင့် အိန္ဒိယသမ္မတနိုင်ငံ SUN GROUP တို့ နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်တွင် လက်မှတ်ရေးထိုးချုပ်ဆို။


**၁၆-၉-၂၀၀၆** ✳ ဘရူနိုင်း ဒါရုဆလင်နိုင်ငံ၌ကျင်းပမည့် ၆ ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ထွက်ခွာ။

**၁၈-၉-၂၀၀၆** ✳ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် မြန်မာ–အိန္ဒိယ နယ်စပ်နယ်ဘက် အာဏာပိုင်များ၏ ၁၂ ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

ကြော်ငြာ

www.foreverspace.com.mm

# ဘယ်ပစ္စည်းဘာ့ကြောင့်
# Which & Why



## ခရီးဆောင် *Additional Multimedia Speaker*

MP3၊ MP4၊ CD Walkman တို့နှင့် တွဲဖက်အသုံးပြုနိုင် သော ခရီးဆောင် Speaker ဖြစ်။ အရွယ်အစားသေးငယ်ပြီး အလွယ်တကူ သယ်ဆောင်နိုင်။ Adaptor ပါရှိပြီး ရောင်းဈေး ၂၆,၀၀၀ ကျပ်ဝန်းကျင်ရှိ။




## *SAMSUNG Recorder*

SAMSUNG တံဆိပ် Digital Recorder ဖြစ်။ ၁၅ နာရီကြာ အသုံးပြုနိုင်။ Data များ သိမ်းဆည်းနိုင်သည့်အပြင် Phone Recorder အဖြစ် လည်း အသုံးပြုနိုင်။ ရောင်းဈေး ၉၀,၀၀၀ ကျပ်ဝန်းကျင်ဖြစ်။




## *3 in 1* နာရီ

သာမိုမီတာပါရှိသော Digital နာရီဖြစ်ပြီး FM ကိုပါ နားဆင်နိုင်။ ရောင်းဈေး ၉၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm






## နာရီပါပန်ကာ *Miar M621*

ဒစ်ဂျစ်တယ်နာရီပါရှိသော ခြောက်လက်မပန်ကာဖြစ်။ ပန်ကာ၏ Speed ကို အနှေးအမြန်ချိန်နိုင်။ အလင်းအမှောင်ကိုပါ ချိန်နိုင်။ တန်ဖိုးကျပ် ၁၇,၀၀၀ ဖြစ်။

## MP3 မျက်မှန်

နေကာမျက်မှန်၌ MP3စက်ငယ်တပ်ဆင်ထားခြင်းဖြစ်။ Memory 128, 256, 512 ဟူ၍ သုံးမျိုးရှိပြီး အာမခံသက်တမ်း ၂ နှစ် သတ်မှတ်ထား။ ရောင်းဈေး ၇၀,၀၀၀ ကျပ်မှ ၈၅,၀၀၀ ကျပ်ကြား ဖြစ်။





## *Automatic Emergency Light*

နေအိမ်၊ စက်ရုံ၊ ဂိုဒေါင်နှင့် ရုပ်ရှင်ရုံတို့တွင် အသုံးပြုနိုင်သော အရေးပေါ်မီးအိမ်ဖြစ်။ 6V ရှိကာ တန်ဖိုး ၂၈,၀၀၀ ကျပ်ဖြစ်။



## အသံပါ သူခိုးဖမ်းကင်မရာ

အသံမြည်စေသော ကြိုးမဲ့ကင်မရာဖြစ်။ သူခိုးဖမ်းစက်အဖြစ် အသုံးပြုနိုင်။ TV နှင့် ဆက်သွယ်အသုံးပြုနိုင်။ ကိုက် ၁၀၀၀ အတွင်းမှ ရုပ်နှင့်အသံ ဖမ်းယူနိုင်ဟုဆို။ တန်ဖိုး ကျပ် ၅၈,၀၀၀ ဖြစ်။

www.foreverspace.com.mm



## *FM နားဆင်နိုင်သော Speaker*

FM ဖမ်းယူနားဆင်နိုင်သည့်အပြင် VCD၊ DVD၊ ကက်ဆက်၊ ရေဒီယိုတို့နှင့် ဆက်သွယ်၍ Speaker အဖြစ် အသုံးပြုနိုင်။ တရုတ်နိုင်ငံလုပ်ဖြစ်ပြီး ရောင်းဈေး ၁၅,၀၀၀ ကျပ်ဖြစ်။



## စားပွဲတင် *Fancy* နာရီ

စာကြည့်စားပွဲ၊ အလုပ်စားပွဲတို့ပေါ်တွင် တင်ထားနိုင်သော Fancy နာရီဖြစ်။ ဘဲဥပုံနှင့် ဆလင်ဒါပုံ နှစ်မျိုးရှိပြီး ရွှေရောင်နှင့် ငွေရောင် ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်။ ဈေးနှုန်းမှာ ဘဲဥပုံ P5264 ၃၀,၀၀၀ ကျပ်နှင့် ဆလင်ဒါပုံ P5270 က ၂၆,၀၀၀ ကျပ်ဖြစ်။ ဂျပန်နိုင်ငံမှ ထုတ်လုပ်ပြီး CITIZEN အမျိုးအစားဖြစ်။



## *MP3, MP4 Charger Car Kit*

ခရီးသွားရင်းသုံးနိုင်ရန် စီစဉ်ထားသည့် ကားသုံး MP3, MP4 Charger ဖြစ်။ တရုတ်နိုင်ငံလုပ်ဖြစ်ပြီး ဈေးနှုန်း ၅၀၀၀ ကျပ်ဝန်းကျင်ရှိ။



## *3 in 1 Charger UC-03*

နေအိမ်၌ဖြစ်စေ၊ ခရီးသွားရင်းဖြစ်စေ အသုံးပြုနိုင်သော MP3, MP4 Charger ဖြစ်။ ထူးခြားချက်မှာ ဖုန်းငါးမျိုး အသုံးပြုနိုင်ဟုဆို။ ဈေးနှုန်း ၁၅,၀၀၀ ကျပ်ဝန်းကျင်ရှိ။

www.foreverspace.com.mm




## ကက်ဆက် Adapter

အိတ်ဆောင် MP3, MP4, CD, MD, DVD တို့မှ သီချင်းများကို ကားကက်ဆက်မှတစ်ဆင့် နားဆင်ခံစားနိုင်သည့် ကြားခံပစ္စည်းဖြစ်။ Digital Sound Generation ဟုလည်း ခေါ်ဆို။ ဈေးနှုန်း ၁၅,၀၀၀ ကျပ် ဝန်းကျင်ဖြစ်။

## ASUS U5F Notebook

Intel Core Duo Processor ကို အသုံးပြုထားသည့် ASUS U5F Notebook ဖြစ်။ ဘက်ထရီသက်တမ်း ငါးနာရီမှ ၁၀ နာရီကြာ သုံးစွဲနိုင်ဟုဆို။ Memory 512 MB DDR II ရှိပြီး 80 GB Hard Disk နှင့် DVD RW Drive တို့ပါရှိ။ 12.1" xGA LC Screen ပါရှိပြီး Color Shine နည်းပညာနှင့် Splendid Video Intelligence နည်းပညာတို့ ပါဝင်သည့်အတွက် အရောင်အသွေး တောက်ပကြည်လင်။ USB Port သုံးခုနှင့် SD Card Reader ပါဝင်ပြီး Spearker နှင့် Microphone တို့ကိုလည်း ထည့်သွင်းထား။ Wireless LAN နှင့် Bluetooth နည်းပညာတို့ကိုအသုံးပြုနိုင်။ အလေးချိန် 1.43 Kg သာရှိပြီး ရောင်းဈေး ၁,၈၅၅,၀၀၀ ကျပ်ဟုသိရ။







## Jungle Story VCD

ကလေးငယ်များ အင်္ဂလိပ်စာသင်ကြားမှုကို အထောက်အကူပြုစေသည့် VCD ဖြစ်။ အင်္ဂလိပ်စာသင်ခန်းစာကို ပုံပြင်ဖြင့် သရုပ်ဖော်သင်ကြားနိုင်။ Vocabulary များကို ပုံပြင်အပြီးတွင် လှုပ်ရှားမှုပုံများ၊ Animation Effect များဖြင့် စိတ်ဝင်စားဖွယ်ဖော်ပြထား။ ရောင်းဈေး ၁၂၀၀ ကျပ်ဟုဆို။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများကို Mr.Slim စတိုး၊ ရွှေလွန်းပျံစတိုး၊ ၂၈ လမ်း Citizen နာရီဆိုင်၊ ယုဇနပလာဇာ၊ ဦးဘစိန်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၊ Myanmar Information Technology Pte. Ltd. နှင့် Golden Power ကုမ္ပဏီတို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm

ဤကဏ္ဍတွင်......


၁၄၆ တူဒေး၊ တီကလပ်နှင့် တက်ကျမ်း

၁၅၀ ကမ္ဘာ့မိသားစုရုပ်ပုံလွှာ (၃)

၁၅၅ ကျွန်တော်ပန်းချီကုန်သည် (၄၈)


# တူဒေး၊ တီကလပ်နှင့် တက်ကျမ်း

ကျော်စောမင်း



(၁)

ရေးမယ်လို့စဉ်းစားထားတဲ့ခေါင်းစဉ်က စာဖတ်တာ ရှုံးသလားဆိုတဲ့ ခေါင်းစဉ် ဖြစ်ပါတယ်။ ဒီခေါင်းစဉ်နဲ့ ဆောင်းပါးတစ်စောင်ရေးပြီးသားဖြစ်နေတာနဲ့ ခေါင်းစဉ်အသစ်တစ်ခု စဉ်းစားကြည့်ရာက ဒီ 'တ–သုံးလုံး' ခေါင်းစဉ်ကို ရလိုက်ပါတယ်။

(၂)

Today ဆိုတာ စာအုပ်တိုက်ပါ။ Lifestyle တို့၊ CEO တို့၊ ဒီဃာယုတို့ ထုတ်ပါတယ်။ T-Club ဆိုတာ တူဒေးကပဲထုတ်တဲ့ ဂျာနယ်ပါ။ တူဒေးကထုတ်လို့ Today Club လို့ ပြောသလား ထင်နေကြပါတယ်။ ဟုတ်ပုံမရပါ။ Teenagers' Club ကို ပြောချင်တာ ဖြစ်ပါလိမ့်မယ်။ သူတို့ ရည်ရွယ်ရာပရိသတ်အုပ်စု Target Audience က ဆယ်ကျော်သက်အုပ်စု ဖြစ်နေလို့ပါပဲ။ ဆယ်ကျော်သက်များအတွက် ဂျာနယ်ပေါ့။ ဒီတော့ ရုပ်သံလောကအကြောင်းတွေပါမယ်၊ ဂီတနယ်ပယ်အကြောင်းတွေပါမယ်၊ အလှအပဖက်ရှင်နဲ့ အလှပြင်ပစ္စည်းတွေအကြောင်းပါမယ်၊ ဆယ်ကျော်သက် ကျန်းမာရေးကိစ္စတွေပါမယ်၊ ဆယ်ကျော်သက်တို့ရဲ့ အာရုံစူးစိုက်ရာတွေပါမယ်။

တီကလပ်အဖွဲ့က ကျွန်တော့်ကိုလာတွေ့ပြီး လူငယ်များအကျိုးရှိရာရှိကြောင်းလေးတွေ ရေးပေးပါလို့ တောင်းပါတယ်။ ဘယ်လိုဟာမျိုးလဲလို့မေးတော့ ထူးချွန်သူများရဲ့အားကျစရာအရည်အချင်းတွေ အောင်မြင်မှုတွေအကြောင်းမျိုးလို့ ပြောပါတယ်။ လူငယ်တွေကို တွေးစရာတစ်စုံတစ်ခုပေးမယ့်စာမျိုးပေါ့။ အဲဒီမှာ တက်ကျမ်းကိစ္စဝင်လာတာပါပဲ။

(၃)

ကျွန်တော်ဟာ တက်ကျမ်းတွေဖတ်ဖို့ ဝါသနာပါသူတစ်ဦး ဖြစ်ပါတယ်။ ဝန်ထမ်းအဖြစ်က အငြိမ်းစားယူတဲ့ အသက်အရွယ်ရောက်နေတာတောင်

www.foreverspace.com.mm

တက်ကျမ်းဖတ်တုန်းပဲလားလို့ မေးချင်သူတွေ ရှိမှာပါ။ ဖတ်တုန်းပါပဲလို့ ဖြေရုံအပြင် တခြားမရှိပါ။ လိုင်းဆိုတာ တစ်လိုင်းမဟုတ် တစ်လိုင်း ပွင့်နေတာချည်းပါပဲ။ အသက် ၇၀ ကျော်မှ ကျောင်းပြန်တက်ပြီး Ph.D ဘွဲ့ယူတာမျိုးကြားဖူးမှာပေါ့။ ဒီမှာ ရှားပေမယ့် တခြားမှာတော့ ပေါလှပါတယ်။

ကျွန်တော် တက်ကျမ်းတွေ ဖတ်တာကတော့ (တစ်) စာဖတ်ဝါသနာပါနေသူတွေအတွက် တက်ကျမ်းဆိုတာလည်း စာအုပ်တစ်အုပ် Another Book ပါပဲ။ (နှစ်) နည်းကောင်းလေးတွေတွေ့ရင် မျှဝေနိုင်အောင်လို့ပါ။ ကျွန်တော် မျှဝေမှာက ဖဲရိုက်နည်း၊ အရက်သောက်နည်း၊ မိုက်ရိုင်းနည်းတွေမဟုတ်ဘူးဆို တာ သတိရစေချင်ပါတယ်။

(၄)

ယခုတလောမှာ ပွဲဆူဆူတစ်ခု ကြားလိုက်ရပါတယ်။ 'တက်ကျမ်းတွေ မဖတ်ဘူး၊ ပီမိုးနင်းက ဘာဖြစ်တယ် ညာဖြစ်တယ်' ဆိုတာမျိုးကို လူငယ်စာရေးဆရာတစ်ယောက်က အင်တာဗျူးမှာပြောတယ်ဆိုတဲ့အသံပါ။ ဖတ်တော့ မဖတ်ရသေးလို့ သေသေချာချာ မသိရပေမယ့် သူများပြော စကားအရတော့ တော်တော်လေး စည်းလွတ်ဝါးလွတ် ဖြစ်သွားတဲ့ပုံမျိုးလို့ မှန်းရပါတယ်။

ကြားဖြတ်ပြီး မိတ်ဆွေလေးတစ်ယောက်အကြောင်း ပြောရပါဦးမယ်။ စာပေနယ်မှာ အထိုက်အလျောက် နာမည်ကလေး ရလာတော့ ဗီဒီယိုသမားတွေက ဒါရိုက်တာ လုပ်ခိုင်းသတဲ့။ ကျွန်တော်တို့နိုင်ငံမှာ ဒီပြဿနာက ဟိုး ဘိလပ်ပြန်စာရေးဆရာကြီးတို့ခေတ်ကတည်းက ရှိခဲ့တာ။ စာပေနယ်မှာ အောင်မြင်တယ်၊ ပညာတတ်တယ်၊ ဘိလပ်ပြန်ဆိုတာနဲ့ပဲ ရုပ်ရှင်ပါ ရိုက်တတ်လိမ့်မယ်လို့ အထင်ကြီးကြ တာ။ အမှန်တော့ အနုပညာချင်းသာ ဆွေမျိုးတော်တာ၊ လိုင်းကတစ်လိုင်းစီပဲ။ ရိုက်လိုက်တဲ့ကားက အနုပညာအရလည်း မအောင်မြင်၊ အရမ်းလည်းရှုံးသွားပါတယ်။ ဒါမျိုးတွေဟာ သတိထားသင့်တဲ့ ကိစ္စဖြစ်ပါလျက်နဲ့ ဒီနေ့အထိ ဆက်ဖြစ်နေကြတယ်။ အောင်မြင်တဲ့လူလည်း ရှိတော့ရှိပါတယ်။ ပြောချင်တာက ဟိုဘက်မှာ အောင်မြင်နေတိုင်း ဒီဘက်မှာ အောင်မြင်ချင်မှ အောင်မြင်မယ်ဆိုတာပါပဲ။

စောစောကပြောခဲ့တဲ့စာရေးဆရာက ဗီဒီယိုရိုက်တယ်ကြားရတော့ သံယောဇဉ်အရင်းခံနဲ့ အခွေငှားပြီး ကြည့်ရပါတယ်။ တော်တော်လေးကို ညံ့ပါတယ်။ အဲဒီအထဲမှာပါတဲ့ မင်းသမီးလေးတစ်ယောက်နဲ့တွေ့တော့မှ ဇာတ်ရည်လည်ပါတော့တယ်။ "ရှုတင်ရှိတယ်ဆိုလို့ သမီးတို့က သွားစောင့်၊ ဒါရိုက်တာက ရောက်လာတာနဲ့ အခန်းထဲဝင်ပြီး အရက်သောက်နေလိုက်တာ တစ်နေကုန်ရော၊ ညနေစောင်းတော့ ဒီနေ့ရှုတင်ဖျက်တယ်ဆိုပြီး ပြန်လွှတ်၊ ဒီလိုနဲ့ တော်တော်ကြီးကြာမှ လူတစ်ယောက်ပေါ်လာပြီး လေးရက်နဲ့အပြီး ရိုက်ပေးလိုက်လို့ အဲဒီကားက ထွက်သွားတာ" တဲ့။

အဲဒါကိုကြားရတော့ အဲဒီအမည်ခံ ဒါရိုက်တာသာ 'ရေမကူးတတ်ရင် ရေထဲခုန်မချနဲ့' တို့၊ 'ထွန်ရေးညက်မှ သီးနှံအထွက်ကောင်းမယ်' တို့လို ဆောင်ပုဒ်ကလေးတွေနဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတွေကို ပြောပြထားတဲ့ တက်ကျမ်းစာအုပ်မျိုးသာ ဖတ်ထားခဲ့ဖူးရင် . . . . လို့ တွေးလိုက်မိပါတယ်။

(၅)

စာဖတ်တာရှုံးသလားဆိုတဲ့အကြောင်းကို ပြန်ကောက်ပါမယ်။ ကျွန်တော်တို့မျိုးဆက် စာဖတ်တတ်လာတဲ့ကာလက ၁၉၆၀ ပြည့်ခါနီးအချိန်တွေပါ။ အဲဒီအချိန်မှာ စာပေနယ်ကို ကြီးစိုးနေတာက (ဒီနေ့ စလောင်းလိုင်းတွေမှာ မြင်နိုင်တဲ့ မလေးစုန်းကား၊ အင်ဒိုနီးရှား တစ္ဆေကားလိုမျိုး) စုန်းတစ္ဆေဝတ္ထုတွေရယ်၊ စုံထောက်ဝတ္ထုတွေရယ်၊ အချစ်၊ အလွမ်း၊ အသည်းကွဲ အရက်သောက်ဝတ္ထုတွေရယ်ပါ။ အဖတ်သင်စလူငယ်တွေအဖို့ကတော့ ဆရာကြီး မြစကြာ်တို့၊ မြစလွယ်တို့ရဲ့ စုန်းတစ္ဆေဝတ္ထုတွေပေါ့။ အဲဒါတွေဖတ်ပြီး ကြောက်တာတော့ ကြောက်ခဲ့ပါတယ်။ သို့သော် စဉ်းစားတတ်လာတဲ့ အရွယ်ရောက်တော့ မကြောက်တော့ပါဘူး။ အဲဒီ သရဲတစ္ဆေဝတ္ထုတွေကို တစ်နှစ်ကျော်ကျော်လောက် ဖတ်ပြီးတော့ စုံထောက်ဝတ္ထုတွေ ဖတ်လာပါတယ်။ စွန့်စားချင်တဲ့သတ္တိမွေးချင်တဲ့အရွယ်မှာ အားကျစရာဇာတ်ရုပ်ကို တွေ့ပြီကိုး။ လူဆိုးလူမိုက် Bad Guys တွေနဲ့ ယှဉ်ပြိုင် သတ်ပုတ်အနိုင်ယူတယ်၊ ဦးနှောက်သုံးပြီး ပွေလီတဲ့အမှုတွေကို ကိုင်တွယ်ဖြေရှင်းရင်း လူကောင်းတွေ ကောင်းကောင်းနေရဖို့ ကူညီတယ်ဆိုတာ သိပ်အားကျစရာကောင်းတာကိုး။ အောက်လမ်းဆရာတွေပါတဲ့ ဝတ္ထုတွေဖတ်တုန်းကတော့ အားမကျခဲ့ပါဘူး။ အားကျစရာလည်း မရှိခဲ့ပါဘူး။ ညစ်ညစ်ပတ်ပတ်တွေ၊ ယုတ်ယုတ်ညံ့ညံ့တွေ ကိုင်တွယ်သုံးဆောင်ပြီး အောက်လမ်းပညာသင်ရတယ်ဆိုတာ ယောကျ်ားဆိုတဲ့ ဂုဏ်နဲ့ကော၊ ပညာတတ်ဆိုတဲ့ မာန်နဲ့ကော မတန်သလိုပါပဲ။ ပြီးတော့ အောက်လမ်းဆရာဆိုတာ (ဝတ္ထုတွေထဲက အောက်လမ်းဆရာအများစုကိုကြည့်ပြီးပြောရရင်) သူတစ်ပါးကို ဒုက္ခပေးကြတာ။ ဒါဟာ လူသားတွေ ထားရှိထိုက်တဲ့ စိတ်ထားမျိုး မဟုတ်ဘူးဆိုတဲ့အမြင်ကိုတော့ တက်ကျမ်းတွေ၊ ဘာသာရေးစာပေတွေ ဖတ်မှပဲ ရတာပါ။ အဲဒီတုန်းကတော့ ကြိုက်စရာ၊ အတုယူစရာ မကောင်းဘူးဆိုတာလောက်ပဲ သိပါတယ်။

ဆယ်တန်းအောင်လာတဲ့အခါကျတော့ စာဖတ်ပုံပြောင်းလာပြီ။ တက္ကသိုလ်မှာသင်ရတဲ့စာပေတွေမှာ မျက်လုံးပွင့်စရာတွေပါလာပြီ။ အဲဒီတုန်းက ဆယ်တန်းအောင်ချက်ကလည်း သိပ်နည်းတဲ့အပြင်

www.foreverspace.com.mm

တက္ကသိုလ်ဆက်တက်နိုင်သူဆိုတာရှားလို့ တက္ကသိုလ်ကျောင်းသားတွေမှာ စိတ်ထား Mentality တစ်ခု သီးသန့်ရှိနေခဲ့တယ်လို့ ပြောရင် ရနိုင်ပါတယ်။ ငါတို့ဟာ မြင့်သွားပြီဆိုတဲ့ စိတ်ထားမျိုးပါ။ ဒါကို မကြိုက်တဲ့ဘက်ကကြည့်ရင် မကြိုက်ချင်စရာပဲ။ ဘဝင်မြင့်တယ်ပေါ့။ ကြိုက်နိုင်တဲ့ဘက်ကကြည့်တော့ တက္ကသိုလ်ကျောင်းသားဖြစ်ပြီ၊ အဆင့်မြင့်ပညာတွေသင်ရပြီ၊ တစ်နေ့မှာ နိုင်ငံ့ဝန်ကို သိပ်မနိမ့်တဲ့နေရာကနေ စပြီး ထမ်းရတော့မယ်။ ဒီအခါမှာ အဆင်သင့်ဖြစ်အောင် ပြင်ဆင်တဲ့အနေနဲ့ အနေအထိုင် အတွေးအကြံတွေ ပြုပြင်မယ်၊ စုံထောက်ဝတ္ထုလောက်ဖတ်နေလို့ မရတော့ဘူး၊ ဦးနှောက်ကို အလုပ်ပေးမယ့် စာပေတွေဖတ်ရတော့မယ်ဆိုတာမျိုးတွေ စဉ်းစားလာကြတဲ့ လူငယ်လေးတွေအဖြစ် ကြိုက်ကြည့်နိုင်ပါတယ်။

(၆)

တက်ကျမ်းတွေမဖတ်ဘူးဆိုတဲ့ လူတွေကို နှစ်မျိုးနှစ်စား ခွဲလို့ရပါတယ်။ ပထမအုပ်စုက ကိုယ်ပိုင်အတွေးအခေါ်ရှိနေပြီး သူလျှောက်ရမယ့်လမ်းနဲ့ သူထားရမယ့် ခံယူချက်ကို သူ့ဟာသူ ချမှတ်ပြီးသားဖြစ်နေတဲ့ လူတွေပါ။ မှန်ပါတယ်။ သူတို့အတွက် တက်ကျမ်းတွေမလိုပါဘူး။ သူတို့ကိုယ်တိုင်က တက်ကျမ်းတွေဖြစ်နေတာကိုး။ ဒုတိယအုပ်စုကတော့ ငြင်းဆန်ရေးသမားအုပ်စုဖြစ်ပါတယ်။ သူများဩဇာပေးတာမခံဘူး၊ ဘာတက်ကျမ်းလဲ၊ တက်ကျမ်းဆိုတာ ညာနေတာတွေဆိုပြီး ရန်လိုတဲ့၊ တိုက်ခိုက်တဲ့အုပ်စုပါ။ အဲဒီအုပ်စုထဲမှာ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးအရ အောင်မြင်နေတယ်ဆိုတဲ့ လူမျိုး သိပ်မများပါဘူး။ အကြောင်းခံကတော့ ပွင့်လင်းသောစိတ်မရှိမှုပါပဲ။

အဲဒီ ရန်လိုသောအုပ်စုဟာ သူ့ဟာသူနေရင်ကောင်းပါတယ်။ သို့သော် အကြောင်းတစ်ခုခုကြောင့် ဩဇာကြီးလာတဲ့အခါမှာ အဲဒီလိုအတွေးအမြင်မျိုးကို ဝါဒအဖြစ် ဖြန့်ဝေလိုက်ရင် သိပ်အန္တရာယ်ကြီးပါတယ်။ ကွယ်လွန်သူ ဆရာကြီးတစ်ယောက်လိုပေါ့။ သူ့ဘာသာသူ ကြိုက်လို့အရက် သောက်တာ ဘယ်သူကမှ မပြောပါဘူး။ သို့သော် (သူ့ကိုယ်သူလည်း ဘာသာရေး အမြင်သစ်တွေ ပေါက်ပြီး သောတာပန် ဖြစ်နေသယောင် ရေးပြီးမှ) သောတာပန်ဆိုတာ အရက်သောက်လို့ရတယ်ဆိုတာမျိုးရေးတော့ ခက်ကုန်ရော။ သောတာပန်ဟာ ကံငါးပါး လုံခြုံပြီးသားဖြစ်လို့ အရက်နဲ့ ဘာမှမဆိုင်တော့ဘူးဆိုတာ အယူမှားဖြစ်တယ်လို့ သူတကယ်ထင်ပြီး အရက်သောက်လို့ရတယ်၊ ဒီကံတစ်ပါးကို မထိန်းလည်း သောတာပန်ဖြစ်တယ်လို့ တကယ်ယုံတယ်ပဲထား၊ ထုတ်ပြီးတော့တော့ မရေးသင့်ဘူး။ သောတာပန်တောင် သောက်လို့ရသေးရင် ငါတို့ ပုထုဇဉ်ပဲကွာ သောက်မယ် ဘာဖြစ်လဲ ဆိုတာမျိုးတွေ ဖြစ်လာမှာပေါ့။ ဩဇာရဲ့ အရေးကြီးပုံကို ပြောချင်တာပါ။ အရပ်ထဲက အရက်သမားငတေက ပြောလိုက်တာထက် စာပေနယ်မှာ ဩဇာကြီးတဲ့ပုဂ္ဂိုလ်ကြီးက (ဘာသာရေးစာအုပ်တွေရေးတဲ့ ပုဂ္ဂိုလ်ကြီးက) ပြောလိုက်တာ ပိုဆိုးနိုင်တယ်။

(၇)

ဩဇာကိုထူထောင်ရတာ ခက်ပါတယ်။ ခက်ခက်ခဲခဲထူထောင်ပြီးရလာတဲ့ အခါမှာလည်း အဲဒီဩဇာကို ထုတ်မသုံးမိအောင် ချုပ်တီးရတာ အလွန်ခက်ပါတယ်။ သုံးမိပြန်တော့လည်း တလွဲသုံးရာမရောက်အောင် ပဲ့ထိန်းရတာ ခက်တာပါပဲ။ စာရေးဆရာတို့၊ ဂျာနယ်လစ်တို့ရဲ့နောက်မှာ ပရိသတ်က တစ်ပုံကြီးပါ။ အားလုံးက ကိုယ့်ဩဇာကို ရာနှုန်းပြည့် နာခံမယ်၊ လက်ခံမယ်လို့မဟုတ်ပေမယ့် ဖတ်တော့ကြည့်ကြမှာပဲ။ ကျွန်တော်တို့ အခုအရွယ်မှာတောင် (ကိုယ်ဘာမှ သိပ်နားမလည်တဲ့) ဘောဂဗေဒလို ဘာသာရပ်မျိုးမှာ ကိုယ်လေးစားတဲ့ ကလောင်ရှင်က ရေးလိုက်ရင် ချက်ချင်းမယုံတောင် ယုံချင်တဲ့ဘက်ကနေ စဉ်းစားသေးတာပဲ။ လူငယ်တွေအဖို့ကျတော့ ကိုယ်လေးစားတဲ့လူကပြောလိုက်ရင် ဟုတ်နိုးနိုးထင်ရုံမက၊ ငါတို့ဆရာပြောတာပဲ လက်ခံရမယ်ဆိုတာမျိုးတွေ ဖြစ်လာတတ်ပါတယ်။

သားသမီးတွေက "အဖေ သားတို့သမီးတို့ ကောက်ညှင်းပေါင်းစားလို့ရမလား"လို့ လာမေးတဲ့အခါ အဖေဖြစ်သူက သူ့မှာလည်း ပေါင်မုန့်မရှိ၊ ပေါင်မုန့်ကျွေးနိုင်ဖို့လမ်းလည်းမမြင်ဘဲနဲ့ ကောက်ညှင်းပေါင်းတောင် ဘယ်မှာနေမှန်းမသိဘဲနဲ့ "ကောက်ညှင်းဆိုတာ အလကား၊ ပေါင်မုန့်စား"လို့ပြောတာ တရားပါ့မလား။ ကျွန်တော့်ကို ဘာစာတွေဖတ်ရမလဲလို့ လာမေးကြတဲ့ လူငယ်တွေနဲ့ကြုံဖူးပါတယ်။ ဘာဝါသနာပါသလဲမေးပြီး ဝတ္ထုဆိုရင် ဘယ်သူ့ဖတ်၊ ကဗျာဆိုရင် ဘယ်သူ့ဖတ် ဆိုတာမျိုး ပြောတဲ့အခါလည်း ပြောပါတယ်။ ဘာတွေ့တွေ့ ဖတ်သာဖတ်၊ ဖတ်ဖြစ်ဖို့အရေးကြီးတယ်လို့ ပြောတာက များပါတယ်။ ဘာမဖတ်နဲ့၊ ဘယ်သူ့မဖတ်နဲ့ ဘယ်မဂ္ဂဇင်းမဖတ်နဲ့ဆိုတာမျိုး ဘယ်တော့မှ မပြောပါဘူး။ လူငယ်တွေ ကို ဦးနှောက်လွတ်လပ်ခွင့် လေ့ကျင့်ပေးရမယ်။ လွတ်လွတ်လပ်လပ် ရွေးချယ်တတ်လာရမယ်။ ကျွန်တော်တို့က သူတို့ဦးနှောက်ကို နေရာနဲ့ပိုင်းပြီး ခလုတ်ပိတ်ပစ်တာမျိုးလုပ်ဖို့ မသင့်ဘူးလေ၊ တိုင်းပြည်အတွက် နစ်နာသွားလိမ့်မယ်။ Capacity Building ဆိုတာကို သဘောပေါက်ပြီး ယုံကြည်ကြဖို့ပါ။ ကွန်ပျူတာသဘောနဲ့ ပြောရရင်တော့ ဒါပဲသွင်းထားလို့ ဒါပဲ ပြန်ဖွင့်လို့ရတဲ့ CD ပြားလိုဟာမျိုးကို Capacity Building လို့ မခေါ်ပါဘူး။ Program သွင်းထားပြီး အဲဒီပရိုဂရမ်နဲ့ ကျယ်ကျယ်ပြန့်ပြန့် တီထွင်ဖန်တီးမှုတွေရလာတာကိုမှ Capacity Building ခေါ်ပါတယ်။ ကြက်တူရွေးမှာ Capacity Building ရှိသလား စဉ်းစားကြည့်လိုက်ရင် အဖြေက ရှင်းသွားပါလိမ့်မယ်။

**ကျော်စောမင်း**

www.foreverspace.com.mm

(ယခင်လမှအဆက်)




# ကမ္ဘာ့မိသားစုရုပ်ပုံလွှာ ၄

ကျော်ဝင်း

## အိန္ဒိယ (သို့မဟုတ်) ပို့ကုန်ဝန်ဆောင်မှု တော်လှန်ရေး၏ ဗဟိုချက်မ

အကယ်၍ ဘင်္ဂလားဒေ့ရှ်အနေနှင့် ဖွံ့ဖြိုးရေးလှေကားပေါ် ခြေတစ်လှမ်းချမိပြီဆိုလျှင် အိန္ဒိယမှာ ခြေလှမ်းပေါင်းမြောက်မြားစွာ ချခဲ့ပြီးပြီဟု ဆိုရပါလိမ့်မည်။ ချန်နိုင်းရှိ အင်ဖော်မေးရှင်းတက္ကနိုလိုဂျီစင်တာတစ်ခုသို့ ရောက်သွားခဲ့ရာ ကွန်ပျူတာစခရင်ရှေ့တွင် စမတ်ကျကျ အလုပ်လုပ်နေသော မိန်းကလေးတစ်ယောက်နှင့် ဆုံဖြစ်ခဲ့သည်။ သူမ၏အလုပ်သည်ပင် အိန္ဒိယသစ်၏ရှေ့ပြေးအလုပ်အကိုင်ပုံစံ ဖြစ်ပါလိမ့်မည်။

သူမမှာ အသက် ၂၅ နှစ်မျှသာရှိသေးသော်လည်း ပညာရေးကောလိပ်မှ ဘွဲ့ရပြီးပြီဖြစ်သည်။ ယခုလောလောဆယ် အိန္ဒိယတောင်ပိုင်းပြည်နယ်တစ်ခုဖြစ်သော တမီးလ်နာဒူးပြည်နယ်၏မြို့တော် ချန်နိုင်းအခြေစိုက် အင်ဖော်မေးရှင်းတက္ကနိုလိုဂျီကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်လျက်ရှိသည်။ ချန်နိုင်းမှာ အိန္ဒိယအိုင်တီတော်လှန်ရေး၏ ဗဟိုချက်မဟုဆိုနိုင်သည်။ ဤအိုင်တီတော်လှန်ရေးကြီးကပင် လူပေါင်းသန်းတစ်ထောင်မျှရှိသော ကျယ်ပြောလှသည့် နိုင်ငံကြီးကို မည်သည့်ခေတ်၊ မည်သည့်အခါကမှမရခဲ့ဘူးသော စီးပွားရေးတိုးတက်မှုခေတ်ကြီးဆီသို့ ဦးတည်စေခဲ့ခြင်းဖြစ်ပါသည်။ သူမတို့လို အိန္ဒိယလူငယ်လူရွယ်များအတွက် ပညာနှင့်ယှဉ်သည့်အလုပ်အကိုင်သစ်များ ဖန်တီးပေးခဲ့သည်မှာလည်း ဆိုခဲ့ပါအိုင်တီတော်လှန်ရေးကြီးပင် ဖြစ်ပါသည်။ ယခု သူမလုပ်ကိုင်နေသည့်အလုပ်မှာ ကွန်ပျူတာဖြင့် ဒေတာများမှတ်တမ်းတင်ရသည့် အလုပ်ဖြစ်သည်။ မာလာဝီလိုနိုင်ငံမျိုးမှာဆိုလျှင် ကြားပင်မကြားဖူးသေးသော၊ ဘင်္ဂလားဒေ့ရှ်လိုနိုင်ငံမှာပင် မကြုံအပ်မစည်အပ်သော အလွန်စမတ်ကျသည့် အလုပ်အကိုင်မျိုး ဖြစ်သည်။ သူမတို့လို အိန္ဒိယပညာတတ်လူငယ်များအတွက်မှု စံချိန်မီခေတ်သစ်အလုပ်အကိုင်မျိုး ဖြစ်ပါသည်။

သူမတို့ကုမ္ပဏီမှာ အမေရိကန်ပြည်ထောင်စု ချီကာဂိုမှ ဆေးရုံတစ်ရုံနှင့် ချိတ်ဆက်အလုပ်လုပ်လျက်ရှိသည်။ ချီကာဂိုဆေးရုံမှ ဆရာဝန်များအနေနှင့် တစ်နေ့တာလုပ်ငန်းချိန်၏ နောက်ဆုံးနာရီပိုင်းတွင် မိမိတို့စစ်ဆေးတွေ့ရှိသော လူနာမှတ်တမ်းများကို ပါးစပ်မှ နှုတ်တိုက်ပြောပြီး ဂြိုဟ်တုမှတစ်ဆင့် ချန်နိုင်းသို့ 'အသံဖိုင်' ဖြင့် ပေးပို့လိမ့်မည်။ ချီကာဂိုနှင့် ချန်နိုင်းမှာ စံတော်ချိန်ဇုန်အရ၊ ဆယ်နာရီခွဲ လောက်ကွာသည်ဖြစ်ရာ ချီကာဂိုဆရာဝန်များ ဤသို့ 'အသံဖိုင်' တွေ ပို့လိုက်ချိန်မှာ ချန်နိုင်းတွင်မူ တစ်နေ့တာ၏လုပ်ငန်းအစ

www.foreverspace.com.mm

ပြချိန်ဖြစ်သည်။ ဤတွင် ချန်နိုင်းကုမ္ပဏီမှ ဝန်ထမ်းမိန်းကလေးများက ဆိုခဲ့ပါအသံဖိုင်ကိုရယူပြီး ကွန်ပျူတာစခရင်ထက်တွင် စာသားဖိုင်အဖြစ် ပြောင်းလဲမှတ်တမ်းတင်ပေးကြပေလိမ့်မည်။ မိုင်ပေါင်းထောင်ချီဝေးသောနေရာမှ လူနာ၏ မှတ်တမ်းမှတ်ရာများကို နားကြပ်လေးများတပ်ပြီး ကွန်ပျူတာရှေ့ထိုင်နေကြသော အိန္ဒိယမလေးများက တာဝန်ယူပြုစုနေကြသည့်သဘော ဖြစ်ပါသည်။

ထိုကလေးမများ အလုပ်လုပ်နေကြပုံကို ကျွန်တော်ခေတ္တမျှစောင့်ကြည့်နေလိုက်သည်။ ကလေးမလေးတွေမှာ ကျွန်တော့်ထက်ပင် ဆေးပညာသုံးဝေါဟာရများနှင့် ယဉ်ပါးနေကြသည်ကို သတိပြုမိသည်။ သူတို့အားလုံးမှာ အထူးမွမ်းမံသင်တန်းတက်ပြီးသူများဖြစ်၍ အတွေ့အကြုံလည်း အတော်အတန်ရှိပြီးသူများဟု သိရသည်။ သူတို့ရသောလခမှာ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအလိုက် ဒေါ်လာ ၂၅၀ မှ ၅၀၀ အတွင်း ရှိသည်။ အမေရိကရှိ သူတို့လို ဒေတာမှတ်တမ်းတင်သူများရသော လခ၏ ဆယ်ပုံတစ်ပုံမှ သုံးပုံတစ်ပုံမျှသာရှိပါသည်။ သို့သော် အိန္ဒိယရှိ ကျွမ်းကျင်မှုအဆင့်နိမ့်သော စက်မှုအလုပ်သမားများထက် နှစ်ဆကျော်မျှ ပိုသည်။ မြေယာကဏ္ဍမှာ အလုပ်ကြမ်းသမားများထက်ဆိုလျှင်မူ ရှစ်ဆမျှပင် ရှိသည်။ အိန္ဒိယအဆင့်အတန်းအရ မဆိုးလှသာ လုပ်ခလစာဟု ဆိုနိုင်ပါသည်။

သူမတို့ကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူ 'အန်ထရာပရာနော' (စွန့်ဦးတီထွင်သူ) မှာ အမေရိကန်ပြည်ထောင်စုတွင် ဆွေမျိုးသားချင်းများရှိသည်ဟု ဆိုသည်။ သူတို့မှတစ်ဆင့် အမေရိကန်ဘီဇနက်လုပ်ငန်းများနှင့် အဆက်အသွယ်ရခဲ့ခြင်းဖြစ်သည်။ ဤနည်းဖြင့် အောင်မြင်ရှင်သန်လာသောကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ သူတို့ကုမ္ပဏီမှ လက်ခံဆောင်ရွက်ပေးနေသည်မှာ ဒေတာမှတ်တမ်းတင်သည့်အလုပ်သာမက ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်ထိန်းသိမ်းရေးအလုပ်ကိုလည်း တာဝန်ယူပေးသည်။ မကြာခင် ဘဏ္ဍာရေးအတိုင်ပင်ခံလုပ်ငန်းနှင့် အမေရိကန်ကုမ္ပဏီများအတွက် အကြံပေးသည့်လုပ်ငန်းများကိုပါ ဆောင်ရွက်တော့မည်ဟု ဆိုသည်။ ဤလုပ်ငန်းများကိုခြုံငုံ၍ 'နောက်ဖေးရုံးခန်းလုပ်ငန်းစဉ်ဆောင်ရွက်ရေးအလုပ်' (Back office Processing Operations) ဟု ခေါ်သည်။ အတိုကောက် BPO ဟု အလွယ်ခေါ်ကြသည်ကများသည်။ ဂလိုဘယ်စီးပွားရေးခေတ်တွင် ရှေ့တန်းရောက်လာသော ဝေါဟာရသစ်တစ်ခု ဖြစ်ပါသည်။

ကုမ္ပဏီဝန်ထမ်းအားလုံးမှာ ဖန်ရောင်မှန်ရောင်လက်နေသော အဆောက်အအုံများထဲတွင် ဘရော့ဘင်းအင်တာနက် အထောက်အကူပစ္စည်းများဖြင့် အထက်တန်းကျကျ လုပ်ကိုင်လျက်ရှိကြသည်။ အမေရိကနှင့် ဂြိုဟ်တုအဆက်အသွယ်ရှိ၍ သမုဒ္ဒရာနှစ်စင်းခြားနားသော ပတ်တနာများကြား မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးလို့ရသော ဗီဒီယိုကွန်ဖရင့်များပင် ကျင်းပနိုင်သည်။ အဆိုပါပညာတတ်ဝန်ထမ်းကလေးမများ၏ မိခင်များမှာ အိန္ဒိယမိသားစုများမှ ပထမဆုံးစာတတ်သူများဖြစ်ပြီး မြို့ပြစီးပွားရေးဘဝသို့ ပထမဆုံးအခြေချသူများလည်း ဖြစ်သည်။ သူတို့၏မိခင်များ (လက်ရှိကလေးမများ၏အဘွားများ) ကမူ ကျေးလက်စီးပွားရေးဘဝမှ ရုန်းမထွက်နိုင်ကြသော လယ်ကူလီမကြီးတွေ ဖြစ်ပါလိမ့်မည်။ မျိုးဆက်နှစ်ခုမျှနှင့် မြေယာမှဝန်ဆောင်မှုစီးပွားရေးအထိ ခုန်ကူးခဲ့ကြခြင်း ဖြစ်ပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း အိန္ဒိယမှာ အလွန်ကျယ်ပြောသည့် နိုင်ငံကြီးဖြစ်ပါသည်။ အိန္ဒိယ၏ ဒေသတော်တော်များများ (အထူးသဖြင့် မြောက်ပိုင်းပြည်နယ်များ) မှာ မာလာဗီလို၊ ဘင်္ဂလားဒေ့ရှ်၏ အချို့သောအစိတ်အပိုင်းများလိုပင် ဆင်းရဲတွင်းမှ မတက်နိုင်ရှိနေဆဲ ဖြစ်သည်။ အိန္ဒိယ၏မြို့ပြဒေသများကမူ ဒက္ကားနှင့် ပို၍ တူပါသည်။ ဖွံ့ဖြိုးမှုအရှိန်အမြန်ဆုံးဒေသများဖြစ်သည်။ သို့နှင့်တိုင် လူဦးရေတစ်ခုလုံးနှင့် နှိုင်းယှဉ်လိုက်လျှင်မူ လူနည်းစုလောက်ကသာ ခေတ်မီတက္ကနိုလိုဂျီများနှင့် နီးစပ်နိုင်ပါသေးသည်။ လူပေါင်းသန်း ၂၀၀ မျှ မီးတင်းနေထိုင်ကြသော ဂင်္ဂါမြစ်ဝှမ်းဒေသကြီးမှာဆိုလျှင် အိုင်တီမှာ လိပ်သွားသွားနေဆဲဟူ၍သာ ဆိုရမည့်အနေအထား ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ အိန္ဒိယ၏အနာဂတ်မှာ အကောင်းဘက်သို့ ကျကျနန 'တည်' နိုင်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ ဖွံ့ဖြိုးမှုအရှိန်ရနေသည်မှာ အိုင်တီနယ်ပယ်တစ်ခုတည်းမဟုတ်။ ချည်ထည်နှင့် အဝတ်အထည်လုပ်ငန်း၊ အီလက်ထရွန်နစ်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ မော်တော်ကားအစိတ်အပိုင်းများ ထုတ်လုပ်သည့်လုပ်ငန်း စသော အခြားသော ကဏ္ဍများမှာလည်း အရှိန်အဟုန်နှင့် တိုးတက်လျက်ရှိနေသည်။ ယနေ့ အိန္ဒိယ၏ နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ခြောက်ရာခိုင်နှုန်းအထက်တွင်ရှိရာ ဖွံ့ဖြိုးမှုအမြန်ဆုံးစီးပွားရေးအဖြစ် သတ်မှတ်နိုင်ပြီ ဖြစ်ပါသည်။ တရုတ်၏ အံ့မခန်းတိုးတက်မှုနောက်သို့ ထပ်ကြပ်မကွာလိုက်နေသည်ဟူ၍ ဆိုရပါလိမ့်မည်။ သို့နှင့်အမျှ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများမှာလည်း အိန္ဒိယသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် စိတ်ဝင်စားလာကြသည်။ အားတက်သရောရှိလာကြသည်။

ဤသို့ တရုတ်နှင့် အိန္ဒိယတို့အပြိုင် ဖွံ့ဖြိုးလာကြရာ ကံကြမ္မာ၏လှည့်ကွက် ဟု ဆိုရမလိုရှိသော ထွေငေါ့သရော်ချင်စရာတစ်ခုပင် ပေါ်ထွက်လာတော့သည်။ အမေရိကရှိ လူတော်တော်များများအပေါ် ဖိစီးလျက်ရှိသောထိတ်လန့်ကြောက်ရွံ့မှုဝေဒနာ ဖြစ်ပါသည်။ သူတို့က တရုတ်နှင့်

www.foreverspace.com.mm

အိန္ဒိယစသော အာရှဆူပါနှစ်ခု အတက်ကြွမ်းလာမှုကြောင့် မိမိတို့ အမေရိက၏ အခွင့် နေရာလျော့ပါးနိမ့်ကျသွားလေမည်လားဟု သောကများလျက်ရှိကြသည်။ စင်စစ် သူတို့၏ စိတ်ဝေဒနာမှာ မမှန်ရုံမျှမက အန္တရာယ်လည်း ကြီးပါသည်။

ကမ္ဘာ့စီးပွားရေးမှာ 'တစ်ဦးသာလျှင် တစ်ဦးနာစေသည့် အကြွင်းသုညဂိမ်း' (Zero-Sam game) မဟုတ်ပါ။ တက္ကနိုလိုဂျီဖွံ့ဖြိုးမှုအခွင့်ဆင့်က ကမ္ဘာသားအားလုံးကို အကျိုးများစေမည့် 'အပေါင်းလက္ခဏာဆောင်သော၊ သုညမဟုတ်သည့်ဂိမ်း' Positive non-zero-sum game) သာဖြစ်ပါသည်။ အိန္ဒိယအိုင်တီဝန်ထမ်းများက အမေရိကန်စားသုံးသူများအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ပေးနေသလိုပင်။ အဆိုပါအိန္ဒိယ–အိုင်တီဝန်ထမ်းများ ကိုင်တွယ်အသုံးပြုနေကြသည်မှာလည်း ဒဲလ်ကွန်ပျူတာ၊ မိုက်ခရိုဆော့ဖ်နှင့် SAP ဆော့ဖ်ဝဲလ်၊ ဆစ်စကို 'ရှုတာ' စသော ဖွံ့ဖြိုးပြီးနိုင်ငံများမှ တက္ကနိုလိုဂျီပစ္စည်းများ ဖြစ်ပါသည်။ အိန္ဒိယစီးပွားရေးဖွံ့ဖြိုးလာလေ အိန္ဒိယစားသုံးသူများအနေနှင့်လည်း မိမိတို့ အိမ်နှင့် လုပ်ငန်းများအတွက် အမေရိကနှင့် ဥရောပပစ္စည်းများကို ပိုမိုရွေးချယ်အသုံးပြုနိုင် လေဖြစ်ပါသည်။ ပြောရလျှင် ဘယ်သူ့ဘယ်သူမှ ထိခိုက်နစ်နာစေသည်မဟုတ်ပါ။ နှစ်ဦးနှစ်ဖက်အကျိုးများစေသော 'သမီးပေးသားမက်ရကိန်း' ဖြစ်ပါသည်။

## တရုတ် (သို့မဟုတ်) ချမ်းသာကြွယ်ဝရေး ဒီရေမြင့်သစ်

အိန္ဒိယသို့နောက်တစ်ခေါက်အလာတွင် ဘေဂျင်းရောက်အောင် ကျွန်တော်ခရီးဆက်ခဲ့သည်။ တရုတ်ပြည်၏စီးပွားရေးဖွံ့ဖြိုးမှုမှာ လီဗာကို အသားကုန်နင်းထားသော မော်တော်ကားတစ်စင်းလို တစ်ဟုန်ထိုးပြေးလျက် ရှိသည်။ ယနေ့ဘေဂျင်းမှာ ဖွံ့ဖြိုးဆဲကမ္ဘာ၏ အဓိကရမြို့တော်ကြီးတစ်ခု ဖြစ်လာသလို ကမ္ဘာ့စီးပွားရေးအချက်အချာတစ်ခုလည်း ဖြစ်နေပေပြီ။ ယခုလောလောဆယ် ဘေဂျင်းတွင် လူပေါင်းဆယ့်တစ်သန်းမျှ မှီတင်းနေထိုင်လျက်ရှိရာ အလွန်စည်ကားသော မဂ်ဂါမြို့ကြီးတစ်ခုလည်း ဖြစ်ပါသည်။ ၎င်း၏ နှစ်စဉ်တစ်ဦးချင်းဝင်ငွေမှာ ဒေါ်လာ ၄,၀၀၀ ပင် ကျော်သွားပြီဟု သိရသည်။ တရုတ်ပြည်တစ်ခုလုံး၏ နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်းမှာလည်း ရှစ်ရာခိုင်နှုန်းအထက်တွင် ဆက်လက်ပြေးလျက်ရှိသည်။

တစ်ညသားတွင် ဘေဂျင်းသူ ဘေဂျင်းသား လူငယ်ဇနီးမောင်နှံနှစ်ယောက်က ကျွန်တော့်ကို ဖိတ်မန္တကပြုသည်။ သူတို့က ဘေဂျင်းမြို့တော် ညဘဝ၏ ခေတ်အဆန်းဆုံးနေရာတစ်ခုသို့ ခေါ်သွား သည်။ နာမည်ကျော်ဘေဂျင်းအော်ပရာ ကပွဲရုံ။ ကျွန်တော်တို့ရောက်တော့ အော်ပရာစနေပါပြီ။ စင်မြင့်ထက်မှ မောင်နှံနှစ်ဦးက သစ္စာထားနှစ်ပါးသွားနေကြ ဟန်ရှိသည်။ 'မော်'ခေတ်ကဆိုလျှင်မူ ဤအော်ပရာပုံသဏ္ဍာန်ဖြင့် တော်လှန်ရေးအကြောင်းအရာကိုသာ သရုပ်ဖော်ပါလိမ့်မည်။ ရွှေပွဲလာပရိသတ်မှာလည်း 'မော်ဝတ်စုံ' ကိုယ်စီဖြင့် ပါတီကေဒါတွေ၊ ရဲဘော်တွေသာ ဖြစ်လိမ့်မည်။ ခန်းမကြီးထဲသို့ မျက်စိတစ်ချက်ဝေ့ကြည့်လိုက်ရာ ရောင်စုံပြိုးပြက်နေသော ခေတ်မီဝတ်ကောင်းစားလှတွေနှင့် လူငယ်လူရွယ်တွေကို တွေ့လိုက်ရသည်။

သူတို့အားလုံး ဘိဇနက်လောကသားတွေဖြစ်ဖို့ များပါသည်။ အကြောင်းမူ သူတို့ထိုင်နေကြသော စားပွဲတိုင်းတွင် (အနည်းဆုံး) ဆဲလ်ဖုန်းတစ်လုံးကျစီ တွေ့နေရသောကြောင့်ပင်။ အချို့စားပွဲများဆိုလျှင် ဆဲလ်ဖုန်းခြောက်လုံးလောက်ပင် မြင်နေရသည်။ လူတိုင်းနီးပါးလောက် ဆဲလ်ဖုန်းတွေကိုယ်စီနှင့်ဖြစ်သည်။ ကျွန်တော့်မှာ စင်မြင့်ပေါ်နှင့် ပရိသတ်ကြားမျက်လုံးတောင်းမှောက်ဖြစ်နေစဉ် မိတ်ဆွေဇနီးမောင်နှံက တစ်စုံတစ်ခုကို ကျွန်တော့်ရှေ့သို့ ထိုးပြသည်။ သူတို့ မကြာခင်ကမှ ဝယ်ထားသည်ဆိုသော ဆဲလ်ဖုန်းလေးတစ်ခု ဖြစ်ပါသည်။ သူက တယ်လီဖုန်းသက်သက်မဟုတ်။ ဒစ်ဂျစ်တယ်ကင်မရာလည်း ဖြစ်သည်။ မိတ်ဆွေ ဇနီးမောင်နှံက ကျွန်တော့်ဓာတ်ပုံကိုရိုက်ယူ ပြီး ဆဲလ်ဖုန်းတစ်ခုမှတစ်ခု ပြောင်းလဲဆော့ကစားနေကြသည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့... အားလုံးလိုလိုမှာ ဆဲလ်ဖုန်းကိုယ်စီနှင့်...။ တချို့က ဖုန်းပြောနေသည်။ ဖောက်သည်နှင့် ဖြစ်ချင်ဖြစ်မည်၊ သို့မဟုတ် မိတ်ဆွေ သို့မဟုတ် ချစ်သူရည်းစားဖြစ်ကောင်းဖြစ်မည်။ တချို့က ဓာတ်ပုံရိုက်နေကြသည်။ စင်မြင့်ထက်မှ ကကွက်ရိုက်ကြသူတွေလည်း ရှိသည်။ အချင်းချင်းလည်း ရိုက်ကြသည်။ ဤမျှခေတ်မီဆန်းကြယ်သော ပစ္စည်းလေးကို ကျွန်တော့်တစ်သက် ပထမဆုံး မြင်ဖူးခြင်း ဖြစ်သည်။

ကျွန်တော်ရောက်နေသည်မှာ လန်ဒန်လား၊ နယူးယောက်လား၊ ပါရီလား၊ တိုကျိုလား...။ တစ်ခုမှမဟုတ်ပါ။ လွန်ခဲ့သော ၂၅ နှစ်လောက်ကမှ ယဉ်ကျေးမှုတော်လှန်ရေးဆိုသော ရှန်းရင်းဆန်ခတ်မှုကြီးထဲမှ ရုန်းထွက်လာခဲ့သည့် တရုတ်ပြည်ကြီး ဖြစ်ပါသည်။ မျိုးဆက်တစ်ခုတည်းနှင့်ပင် တရုတ်ပြည်မှာ အရေး

**ယနေ့ တရုတ်လူငယ်လူရွယ်များမှာ ချမ်းသာကြွယ်ဝရေးဒီရေလှိုင်းသစ်ကြီးပေါ်တွင် အကျအနတက်စီးခွင့် အပြည့်အဝရနေကြပြီ ဖြစ်ပါသည်။ လူနေမှုအဆင့်မြင့်မားလာခြင်း၏အမြိုက်အရသာများကို ခံစားခွင့်ရနေကြပြီဖြစ်သည်။**

www.foreverspace.com.mm

အကြီးဆုံးစီးပွားရေးကြီးတစ်ခု ဖြစ်လာချေပြီကော...။ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကြီးတစ်ခု ဖြစ်လာချေပြီကော...။ ကျွန်တော့်မှာ 'အဲလ်စ်၏ ထူးဆန်းသောတိုင်းပြည်' သို့ ရောက်သွားသူတစ်ယောက်လို ဘေဂျင်းညကို ပါးစပ်အဟောင်းသား ငေးနေမိတော့သည်။

ယနေ့ တရုတ်လူငယ်လူရွယ်များမှာ ချမ်းသာကြွယ်ဝရေးဒီရေလှိုင်းသစ်ကြီးပေါ်တွင် အကျအနတက်စီးခွင့် အပြည့်အဝရနေကြပြီ ဖြစ်ပါသည်။ လူနေမှုအဆင့်မြင့်မားလာခြင်း၏ အမြိုက်အရသာများကို ခံစားခွင့်ရနေကြပြီဖြစ်သည်။ ကမ္ဘာပတ်ပြီး ခရီးနှင်မည်လား...၊ ဂလိုဘယ်လိုက်ဖေးရှင်းက သယ်ဆောင်ပေးလိမ့်မည်။ ယခင်မျိုးဆက်များ အိပ်မက်ပင်မက်ခွင့်မရခဲ့သော အခွင့်အလမ်းများဖြစ်ပါသည်။ လွန်ခဲ့သော ၂၅ နှစ်အတွင်း တရုတ်ပြည်ကြီးအတွက် အကြီးမားဆုံးသော ခုန်ပျံတိုးတက်မှုကြီးမှာ လုံးဝနီးပါး တံခါးပိတ်ထားသော စီးပွားရေးဘဝမှ ကမ္ဘာကြီး၏အကြီးကျယ်ဆုံးသော ပို့ကုန်စီးပွားရေးဖြစ်လာခြင်းဟု ဆိုရပါလိမ့်မည်။

ဤသို့သော ပို့ကုန်စီးပွားရေးကြီးဖြစ်လာစေရန် စဉ်ဆက်မပြတ် အားဖြည့်ပေးနေသည်မှာ ပြည်တွင်းသို့ လိမ့်ဝင်လာသော ရင်းနှီးမြှုပ်နှံမှုနှင့် တက္ကနိုလိုဂျီ ဒီရေလှိုင်းများဖြစ်သည်။ ဤအရင်းအနှီး၊ ဤတက္ကနိုလိုဂျီများနှင့် တရုတ်ပြည်၏ (နှိုင်းယှဉ်လျှင်) ဈေးချိုပြီး ကျွမ်းကျင်မှုမနိမ့်လှသော လုပ်အားတို့ ပေါင်းစပ်မိသောအခါ ယှဉ်ပြိုင်စွမ်းရည် အလွန်မြင့်သော စီးပွားရေးလုပ်ငန်းတွေ ဟောတစ်ခု ဟောတစ်ခု ပေါ်ထွက်လာတော့သည်။ သည်လိုနှင့် တရုတ်ပြည်၏ နိုင်ငံခြားပို့ကုန်တန်ဖိုးမှာ ၁၉၈၀ ခုနှစ်က ဒေါ်လာ ၂၀ ဘီလီယံသာရှိရာမှ ၂၀၀၄ အရောက်တွင် ဒေါ်လာ ၄၀၀ ဘီလီယံ တစ်ဝိုက်သို့ ရောက်ရှိလာခဲ့တော့သည်။

## စီးပွားရေးဖွံ့ဖြိုးမှု လှေကားထက်သို့ အတက်ခရီး

ယခုထိ ဖော်ပြပြီးခဲ့သော ကမ္ဘာကြီး၏ ထောင့်လေးထောင့်၊ နေရာလေးနေရာမှ မတူခြားနားသော ပုံရိပ်လေးခု (မာလာဝီ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တရုတ်) တို့က ဘာကိုဖော်ပြနေပါသနည်း။ အချမ်းသာဆုံးနိုင်ငံများနှင့် အဆင်းရဲဆုံးနိုင်ငံများကြား ချောက်ကမ်းပါးကြီးကို တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းနေကြသူများကို မြင်တွေ့ရပါလိမ့်မည်။ ဤသို့သော ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်ကြီးတွင် သိပ္ပံနှင့် နည်းပညာ၏ အချက်အချာကျသော အခန်းကဏ္ဍကိုလည်း သတိပြုမိကြပါလိမ့်မည်။ အသက်ရှင်ရုံမျှသာရှိသော စိုက်ပျိုးရေးဘဝ၊ ထိုမှနေ၍ အထိုက်အသင့်အဆင်ပြေသော ထုတ်လုပ်ရေးဘဝမှသည် နောက်ဆုံးအဆင့်မြင့် တက္ကနိုလိုဂျီသုံး ဝန်ဆောင်မှုဘဝများအထိ ဖွံ့ဖြိုးမှုအဆင့်ဆင့်ကိုလည်း နလုံးသွင်းမိကြပါလိမ့်မည်။

မာလာဝီနိုင်ငံတွင် လူဦးရေ၏ ၈၄ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြရသူများဖြစ်သည်။ ဤကဲ့သို့သော အသက်ရှင်ရပ်တည်ရေးအတွက် ကျေးလက်စိုက်ပျိုးရေးဘဝမှ ရုန်းမထွက်နိုင်ကြသူလူဦးရေမှာ ဘင်္ဂလားဒေ့ရှ်တွင် ၇၆ ရာခိုင်နှုန်း၊ အိန္ဒိယတွင် ၇၂ ရာခိုင်နှုန်းနှင့် တရုတ်ပြည်တွင် ၆၁ ရာခိုင်နှုန်းမျှရှိနေဆဲဖြစ်ပါသည်။ ဖွံ့ဖြိုးရေးသက်တံ၏အပေါ်စွန်းမှ အမေရိကန်ပြည်ထောင်စုတွင်မူ ကျေးလက်လူဦးရေ ၂၀ ရာခိုင်နှုန်းမျှသာရှိတော့သည်။ အလားတူပင် စီးပွားရေးဘဝ၏ အဆင့်အမြင့်ဆုံးဖြစ်သည့် ဝန်ဆောင်မှုကဏ္ဍတွင်ရှိသော အလုပ်အင်အားစု ရာခိုင်နှုန်းမှာ မာလာဝီတွင် ၂၅ ရာခိုင်နှုန်းသာရှိပြီး အမေရိကတွင်မူ ၇၅ ရာခိုင်နှုန်းမျှရှိနေပါသည်။ ဤကိန်းဂဏန်းများက ဘာကိုဖော်ပြနေသနည်းဆိုလျှင် ကမ္ဘာကြီး၏ ဖွံ့ဖြိုးမှု အဆင့်အတန်း မညီမျှမှုအခြေအနေပင်ဖြစ်တော့သည်။

အကယ်၍ စီးပွားရေးဖွံ့ဖြိုးမှုခရီးစဉ်ကြီးကို လှေကားတစ်စင်းအဖြစ် စဉ်းစားလျှင် အဆင့်ဆင့်လှေကားဆန်များမှာ စီးပွားရေးအဆင့်အတန်းများကို ကိုယ်စားပြုထားသလို ရှိပါလိမ့်မည်။ ယနေ့ကမ္ဘာကြီးတွင် ဆိုခဲ့ပါ ဖွံ့ဖြိုးမှု လှေကားကြီး၏ ပထမဆုံး လှေကားဆန်ကိုပင် မတက်လှမ်းနိုင်ကြသေးသူပေါင်း သန်းတစ်ထောင်မျှရှိနေဆဲဖြစ်ပါသည်။ လူသားအားလုံး၏ ခြောက်ပုံတစ်ပုံမျှရှိသည်။ ဥပမာပြရလျှင် မာလာဝီမှ လူများလို ဖြစ်ပါသည်။ သူတို့တစ်တွေမှာ ကပ်ကြီးသုံးပါးဆိုက်နေသော အခြေအနေအောက်တွင် လူဖြစ်နေရသူများဖြစ်ရာ ဆင်းရဲသားများထဲမှ အဆင်းရဲဆုံးဟုဆိုရပါလိမ့်မည်။ 'အလွန်အကျုံဆင်းရဲသားများ' (Extreme Poor) ဟု သတ်မှတ်ပါမည်။

သူတို့အားလုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသူများဖြစ်ပါသည်။ (ချမ်းသာသောနိုင်ငံများတွင် ဆင်းရဲသားများရှိသလောက်ရှိသည့်တိုင် သူတို့တစ်တွေမှာ အလွန်အကျုံဆင်းရဲသူများလောက် အခြေအနေဆိုးလှသည်မဟုတ်ပါ) စုစုပေါင်း သန်းတစ်ထောင်မျှအရေအတွက်ရှိသော အဆိုပါ အလွန်အကျုံဆင်းရဲသားများ အနေနှင့် ယခုလောလောဆယ် အားလုံးသေလုမျောပါးဖြစ်နေပြီဟု မဆိုသာသည့်တိုင် သူတို့၏ နိစ္စဓူဝဘဝများမှာ အသက်ရှင်ရပ်တည်ရေးအတွက်ပင် မနည်းရုန်းကန်နေကြရသည့် အနေအထားဖြစ်ပါသည်။ အကယ်၍ သူတို့တစ်တွေသာ ပြင်းထန်သော မိုးခေါင်မှု၊ ရေကြီးမှုစသော သဘာဝကပ်ဘေးကြီးများ၏ သားကောင်ဖြစ်ကြရလျှင် သို့မဟုတ် သူတို့ ကြိုးစားထုတ်လုပ်ရသမျှ သီးနှံများအတွက် ကမ္ဘာ့ဈေးကွက်ပြိုကျသွားပြီဆိုလျှင် ဆိုခဲ့ပါကံဆိုးသူများ၏ဘဝမှာ သေမင်းမှတစ်ပါးအခြားရွေးချယ်စရာရှိနိုင်တော့မည်

www.foreverspace.com.mm

မဟုတ်ပါ။ သူတို့တစ်နေ့တာ ရှာဖွေရသမျှ ပဲနို့ပဲကျော်ငွေကြေးလောက်နှင့် အသက်ဆက်ရှင်သန်ဖို့ပင် အခက်အခဲတွေ့နေရသူများ ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလှေကား၏ ပထမဆုံး လှေကားဆန်များထက်သို့ စတင်ခြေချနိုင်သူပေါင်းမှာ တစ်ကမ္ဘာလုံးအတိုင်းအတာ သန်းထောင့်ငါးရာမျှရှိပါလိမ့်မည်။ ဆင်းရဲသားများထဲမှ အထိုက်အသင့် အသက်ရှူချောင်သူများဖြစ်ပါသည်။ ဥပမာပြရလျှင် ဘင်္ဂလားဒေ့ရှ်မှ အမျိုးသမီးငယ်များကဲ့ သို့ဖြစ်သည်။ သူတို့ကိုမူ သာမန် 'ဆင်းရဲသားများ' (The Poor) ဟူ၍သာ သတ်မှတ်ပါမည်။ သူတို့ ရှာဖွေရသမျှမှာ အသက်ရှင်ရပ်တည်နိုင်ရုံထက် အသင့်အတင့်ပိုပါသည်။ နေ့ထမင်း၊ ညထမင်း မပူရသည့်တိုင် စားရေးမှအပဖြစ်သော အခြားလိုအပ်ချက်များအတွက်မူ ရုန်းကန်နေကြရသူများဖြစ်ပါသည်။ သေခြင်းတရားက သူတို့အိမ်တံခါးကို လောလောဆယ်မခေါက်သေးသည့်တိုင် နာတာရှည်ဖိစီးခံနေရသော ဘဏ္ဍာရေးအခက်အခဲများကြောင့် လူပီပီနေနိုင်ရေး အခြေခံလိုအပ်ချက်များပင် မပြည့်မစုံဖြစ်နေကြရပါသည်။ သန့်ရှင်းသော သောက်သုံးရေ မရတတ်သလို ကျန်းမာရေးနှင့် ညီညွတ်သော မိလ္လာစနစ်လည်းမရှိဖြစ်နေရသည်။ အလွန်အကျွံဆင်းရဲသား သန်းတစ်ထောင်နှင့် သာမန်ဆင်းရဲသားသန်းထောင့်ငါးရာပေါင်းလိုက်လျှင် ကမ္ဘာ့လူဦးရေ တစ်ခုလုံး၏ ၄၀ ရာခိုင်နှုန်းမျှ ရှိပါသည်။

ထို့ထက်တစ်ဆင့်မြင့်သော လှေကားဆန်ပေါ်တွင် ရပ်တည်နိုင်ကြသူများမှာ အိန္ဒိယအိုင်တီအလုပ်သမားတွေလို အဆင့်မျိုးဖြစ်သည်။ တစ်ကမ္ဘာလုံး အတိုင်းအတာ သန်းပေါင်း နှစ်ထောင့် ငါးရာမျှရှိသည်။ အလယ်အလတ်တန်းစား ဝင်ငွေရှိသော နိုင်ငံများမှ လူလတ်တန်းစားမိသားစုများဖြစ်ပါသည်။ သို့နှင့်တိုင် သူတို့တစ်တွေမှာ ချမ်းသာသော နိုင်ငံများမှ လူလတ်တန်းစားအဆင့်ကို မီသေးသူများတော့ မဟုတ်ပါ။ သူတို့၏ နှစ်စဉ်ပျမ်းမျှဝင်ငွေမှာ ဒေါ်လာ ထောင်ဂဏန်းမျှသာရှိပါသေးသည်။ သူတို့ထဲမှ အများစုမှာ မြို့ပြဒေသများတွင် အခြေချနေထိုင်သူများဖြစ်ကြပါသည်။ သူတို့တွင် အထိုက်အလျောက်သက်သောင့်သက်သာ နေနိုင်သော အိမ်ရာများရှိသည်။ လူရိုသေရှင်ရိုသေဝတ်စရာလည်းရှိသည်။ သားသမီးများကိုလည်း ကျောင်းထားနိုင်သည်။ အာဟာရပြည့်ဝသော အစားအစာလည်းမှီဝဲနိုင်သည်။ တော်တော်များများတွင် အနည်းဆုံး မော်တော်ဆိုင်ကယ်လောက်ရှိပြီး တစ်ချိန်တွင် မော်တော်ကားဝယ်စီးနိုင်သူများပင်ဖြစ်လာနိုင်ပါသည်။ သူတို့ထဲမှ အချို့ဆိုလျှင် ချမ်းသာနိုင်ငံများရှိ ရောဂါတစ်မျိုးလိုဖြစ်နေသော ကျန်းမာရေးနှင့် မညီညွတ်သည့် 'အမြန်စားအစာ' (Fast Food) များကို ဖက်ရှင်ကျကျစားလိုသည့်ရောဂါပင် ကူးစက်ခံရလျက်ရှိသည်။

ကျန်သော သန်းတစ်ထောင်ကမူ အမြင့်ဆုံးလှေကားဆန်များပေါ်တွင် ရှိနေကြသူများဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ၏ ခြောက်ပုံတစ်ပုံမျှရှိသည်။ ဝင်ငွေမြင့်သော ချမ်းသာနိုင်ငံများတွင် နေထိုင်ကြသူတွေ အများစုပါဝင်သည်။ ဝင်ငွေအလယ်အလတ်နိုင်ငံများမှ ချမ်းသာကြွယ်ဝသူအချို့ကိုလည်း ဤအုပ်စုတွင် ထည့်နိုင်ပါသည်။ အထူးသဖြင့် ရှန်ဟိုင်း၊ ဆောပါလို၊ မက္ကစီကိုစီးတီးတို့လို မြို့ကြီးများမှ ဝင်ငွေကောင်းသူများဖြစ်သည်။ ဘေဂျင်းမှ ကျွန်တော့်မိတ်ဆွေဇနီးမောင်နှံလို ပရော်ဖက်ရှင်နယ်တွေဖြစ်သည်။ ၂၁ ရာစု၏ ချမ်းသာကြွယ်ဝမှုကို ရရှိခံစားနိုင်သည့် ကံကောင်းသူများဖြစ်ပါသည်။

ကျွန်တော်တို့ခေတ်၏ သတင်းကောင်းတစ်ခုမှာ ကမ္ဘာ့လူဦးရေ၏ တစ်ဝက်သာသာမျှရှိသော လူအများအနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရသာကို စတင်မြည်းစမ်းခွင့်ရလာခြင်းဖြစ်ပါသည်။ ဥပမာ–ဘင်္ဂလားဒေ့ရှ်အထည်ချုပ်စက်ရုံများမှ အလုပ်သမများဖြစ်သည်။ သူတို့တစ်တွေမှာ ဖွံ့ဖြိုးရေးလှေကား၏ ပထမဆုံးလှေကားဆန်များပေါ်တွင် စတင်ခြေချနိုင်ရုံမျှမက နောက်တစ်ဆင့် လှေကားဆန်များသို့လည်း ဆက်တက်နေကြပြီဖြစ်သည်။ ဤအချက်ကို သူတို့၏ တိုးတက်များပြားလာသော ဝင်ငွေနှင့် သူတို့ဝယ်ယူသုံးစွဲကြသော ဆဲလ်ဖုန်း၊ တီဗီ၊ ဆိုင်ကယ်စသည်တို့က သက်သေခံနေသည်။ အခြားသော အရေးကြီးသည့် ဒီတာ့မင်းနင့်များကလည်း အခြေအနေကောင်းလာသော သူတို့ဘဝကို လှစ်ပြလျက်ရှိပါသည်။ လူ့သက်တမ်းရှည်လာခြင်း၊ မွေးကင်းစကလေးသူငယ်သေဆုံးမှုကျဆင်းလာခြင်း၊ ပညာရေးအခွင့်အလမ်းများပွင့်လန်းလာခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိလာခြင်း၊ စနစ်ကျသော မိလ္လာစနစ်ရှိခြင်း စသည်တို့ ဖြစ်ပါသည်။

ဝမ်းနည်းစရာကောင်းလှသော သတင်းဆိုးမှာ ကမ္ဘာ့လူဦးရေ၏ ခြောက်ပုံတစ်ပုံမျှရှိသော လူပေါင်းသန်းတစ်ထောင်မှာ ဖွံ့ဖြိုးရေးလှေကား၏ ပထမဆုံးလှေကားဆန်ပေါ်မှာပင် ခြေမချနိုင်သေးခြင်းဖြစ်ပါသည်။ ဆင်းရဲမှု ထောင်ချောက်၊ ရောဂါဘယထောင်ချောက်၊ သဘာဝကပ်ဘေးထောင်ချောက် စသော ဒုက္ခမျိုးစုံနှင့် နပန်းလုံးနေကြရသူများဖြစ်ပါသည်။ သူတို့တစ်တွေကို ဖွံ့ဖြိုးရေးလှေကား၏ ပထမဆုံးလှေကားဆန်ပေါ် အရောက်ပို့နိုင်ရေးသည်ပင် ကျွန်တော်တို့ခေတ်၏ သမိုင်းပေးတာဝန်ဖြစ်ပါသတည်း။

(ရှေ့လအဆုံးသတ်ပါမည်)

**ကျော်ဝင်း**

**စာညွှန်း** – *The End of Poverty (Jeffrey Sachs)*

www.foreverspace.com.mm

(ယခင်လမှအဆက်)



ဦးဘကြည်ရဲ့ ကိန္နရီ ကိန္နရာမောင်နှံ

# ကျွန်တော် ပန်းချီကုန်သည်

၄၈

ဦးလှဝင်း (လေသူရဲတစ်ဦး)

**ယနေ့ ကျွန်တော်. . . (၆)**

ကျွန်တော် ရှင်းပြပါမည်။

ကျွန်တော် မှတ်မိသလောက် ငါးနှစ်ခန့် ရှိသွားပြီဟု ထင်ပါသည်။

ဒီစိတ်ကူးတွေ စပေါ်တာကတော့ ပွဲစားများက စတာပါပဲခင်ဗျား။

ပန်းချီပွဲစားများက စတာပါ။

ဒီပန်းချီပွဲစားများကလည်း တကယ်တော့ ပန်းချီလောကမှ မဟုတ်ပါ။ ရှေးဟောင်းပစ္စည်းအရောင်းအဝယ်သမားများဖြစ်၏။

ရှေးဟောင်းပစ္စည်းများ အရောင်းအဝယ်လုပ်ရာ၌ တစ်ခါတစ်ရံ ပန်းချီကားများ ပါလာတတ်၏။

မြန်မာဘုရင်ခေတ်က ပန်းချီကားဟောင်းများ ...။

အင်္ဂလိပ်ခေတ်က မြန်မာပန်းချီဆရာကြီးများ၏ ကားဟောင်းများ ...။

လွတ်လပ်ရေးခေတ်က ကွယ်လွန်သွားပြီးဖြစ်သည့် မြန်မာပန်းချီဆရာကြီးများ၏ ကားဟောင်းများ ...။

ဤပန်းချီကားများမှာ ကားဟောင်းများဟုသာဆိုသော်လည်း လက်ရာကောင်းလျှင် ယနေ့ပန်းချီကားသစ်များ၏ဈေးထက် ကြီးပါတယ်ခင်ဗျား။

လွန်ခဲ့တဲ့ ငါးနှစ်ခန့်အထိ ဤကားဟောင်းများကို ဟုတ်တိပတ်တိ ဈေးကြီးပေး၍ ဝယ်သူမှာ များများမရှိပါ။

ပန်းချီတင်ဝင်းနှင့် ပန်းချီအောင်မင်းတို့အကြောင်းရေးစဉ်က ကျွန်တော် ရေးခဲ့ပြီးပါပြီ။

ကျွန်တော် ထင်ပါသည်။ ကျွန်တော်... ကိုတင်ဝင်းနှင့် ကိုအောင်မင်းတို့မှာ ထိုစဉ်က ဝယ်အားအကောင်းဆုံး ဝယ်လက်များဖြစ်၏။ ပန်းချီကားဟောင်းကားကောင်းများကို ရှာဖွေ၍ရခဲ့သော ရှေးဟောင်းပစ္စည်းသမားများက ကျွန်တော်တို့ သုံးဦးကိုသာ လှည့်ပတ်၍ ရောင်းပါသည်။

"ဦးလှဝင်းရေ ... ဒီပန်းချီကားဟောင်းကို ... ကိုတင်ဝင်းက ငါးသိန်းပေးထားပြီးပြီ။ ဦးလှဝင်း ရချင်ရင်တော့ ငါးသိန်းအပေါ် တက်ဝယ်မှ ရမယ်"

"ခြောက်သိန်းဈေး ဆိုရင်ရောရောင်းမလား"

"ရောင်းမယ်မထင်ဘူး။ ကိုအောင်

www.foreverspace.com.mm

မင်းကို သွားပြရင်လည်း အနည်းဆုံး ခြောက်သိန်းဈေးကတော့ တက်ဝယ်မှာပဲ။ ကျွန်တော်က ကိုအောင်မင်းကို မပေးချင်လို့ သွားမပြတာ။ ဦးလှဝင်း ခုနစ်သိန်းမီအောင် ကြည့်ပါ။ ခုနစ်သိန်းဈေးဆိုရင်တော့ ပိုင်ရှင်ကို မရောင်းရောင်းအောင် ကျွန်တော် ကြိုးစားပြောပေးမယ်။ ပိုင်ရှင်က ကျွန်တော့်လူပါ။ ကျွန်တော်ပြောပေးရင် ရဖို့များပါတယ်”

ပန်းချီပွဲစားများ လာရောက်ပြောဆိုတတ်သော စကားများဖြစ်၏။

ရယ်ရပါသည်။

စာရှုသူ ...။

ကိုအောင်မင်းနှင့် ကိုတင်ဝင်းထံသို့ သူ့နောက်ကွယ်မှ ဖုန်းဆက်ပြီး လှမ်းမေးကြည့်ပါ။

နှစ်ဦးလုံး နှစ်သိန်း၊ သုံးသိန်းထက် ပိုဈေးမပေးသော ပန်းချီကားများဖြစ်နေတတ်၏။ သူတို့ကိုပြပြီး ပန်းချီကားများဖြစ်နေတတ်၏။

ကျွန်တော့်ကို အမဲဖမ်းခြင်းပင် ...။

ကိုတင်ဝင်း ... ကိုအောင်မင်းနှင့် ကျွန်တော်မှာ နောက်ပိုင်း၌ ခံရကြိမ်များလာသဖြင့် နောင်အခါတွင် ကြားပွဲစားများစကားကို ဘယ်တော့မှ မယုံကြည်ကြတော့ ...။ သူတို့စကား မှန်မမှန်ကို တစ်ဦးကိုတစ်ဦး ဖုန်းဆက်ပြီး အမြဲလှမ်းမေးတတ်၏။ နောက် ... ပေးဈေးကိုလည်း ရှေ့က ပေးပြီးသားလူ၏ ပေးဈေးထက် ဘယ်တော့မှ ပိုမပေးကြတော့...။ ပိုမပေးတမ်းဟုလည်း သဘောတူထားကြ၏။

“ပေးဖိုးချင်းတူရင် နောက်လူရစမြဲ ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ကျွန်တော်သိပါတယ်။ ကိုတင်ဝင်းနှင့် ကိုအောင်မင်းလည်း ခုကျွန်တော်ပေးတဲ့ဈေးထက် ပိုမပေးပါဘူး။ ခင်ဗျားကို ပွဲခ နှစ်သောင်းသက်သက်ပိုပေးမယ်။ သူတို့ပေးဈေးအတိုင်း ကျွန်တော့်ကို ရောင်းသွားပေးပါ”

ကျွန်တော်တို့သုံးဦး ဈေးညှိဝယ်နေကြသဖြင့် ကြားပွဲစားများ ကြာတော့



**ဆရာဦးစံဝင်းရဲ့ ရွှေစည်းခုံ**

အခက်တွေ့လာကြသည်။ ရှေးဟောင်းပန်းချီကားဈေးကို သူတို့ဆွဲမတင်နိုင်ဘဲ ဖြစ်နေကြ၏။ သူတို့ ပွဲညွှန့်အရနည်းနေ၏။

သို့သော် ... သူတို့အားမလျှော့ ...။ ဈေးပိုရရန် အမျိုးမျိုးနည်းလမ်းသစ်များကို ကြံဆ၏။ သူတို့ကိုယ်တိုင် လာမရောင်းတော့ဘဲ ပိုင်ရှင်ကိုယ်တိုင်လာရောင်းသကဲ့သို့ နယ်မှလာသော အသွင်သဏ္ဌာန်ရှိသူကို ပိုင်ရှင်ဟန် သရုပ်ဆောင်ခိုင်းပြီး ကျွန်တော်တို့ထံ လာရောင်း၏။

တစ်ကြိမ် နှစ်ကြိမ် ကျွန်တော်တို့ ခံလိုက်ကြရပြီး အချိန်တိုလေးအတွင်း၌ ပင် ဘယ်သူလာရောင်းရောင်း ဈေးပိုမပေးကြတော့။ မိမိကြိုက်လျှင် အမြဲဖုန်းဆက်ပြီး ပေးဈေးကိုညှိပြီးမှ ဝယ်ကြ၏။ စပ်တူဝယ်သင့်သည့် ကားများကိုလည်း စပ်တူဝယ်လိုက်ကြ၏။

သို့သော် ... ရှေးဟောင်းပန်းချီကားဈေးကွက်ကို ကျွန်တော်တို့ (၂) နှစ်ခန့်သာ ထိန်းထားလိုက်နိုင်သည်ဟု ထင်ပါသည်။

ကြားပွဲစားများက အကြံသစ်တစ်မျိုး ရသွားခဲ့ကြပြန်သည်။

မြန်မာ့စီးပွားရေးလောကမှ ငွေပိုငွေလျှံရှိနေသူ ... စီးပွားတက်နေသူ ... နာမည်ကြီးများထံသွားပြီး ပန်းချီကားဟောင်းများ ဝယ်ယူစုဆောင်းသည့်အလုပ်မှာ ရင်းနှီးမြှုပ်နှံသည့်အလုပ်အားလုံးတွင် အကောင်းဆုံးအလုပ်ဖြစ်ကြောင်း၊ အချိန်ကြာလေ မိမိကိုင်ထားသည့် ပန်းချီကားဟောင်းဈေးမှာ တက်လေဖြစ်ကြောင်း သာဓကအမျိုးမျိုးဖြင့် ရှင်းပြပြီး ပန်းချီကားဟောင်းဝယ်ယူသည့်အလုပ်ကို စိတ်ဝင်စားအောင် ရှင်းပြ၏။

သူတို့စည်းရုံးသည့်အလုပ်မှာ အောင်မြင်ပါသည်။ တဖြည်းဖြည်းနှင့် ငွေရှင်အချို့က ပန်းချီကားဟောင်းဝယ်ယူသည့် အလုပ်ကို စိတ်ဝင်စားလာကြ၏။

မှတ်မိသေးသည်။

ပထမဆုံး ပြင်ပလောကမှ ငွေရှင်တစ်ဦး ဝယ်ယူသွားသော ပန်းချီကားဟောင်းများမှာ ကျွန်တော် ဈေးဆိုင်ထားသော ပန်းချီကားများဖြစ်၏။ ပန်းချီကားအားလုံးမှာ ရတနာပုံခေတ်မှ နန်းတွင်းလက်ရာဟောင်းစစ်စစ်များ ဖြစ်၏။

ရန်ကုန်ဈေးကွက်မှ ပန်းချီကား

www.foreverspace.com.mm

မဟုတ်ပါ။

ကျွန်တော် ဤပန်းချီကားများကို ကြည့်ရန် မန္တလေးမြို့အထိ ကြားလူတစ်ဦးနှင့် လိုက်သွားရ၏။

ကြားလူမှာလည်း ပွဲစား မဟုတ်ပါ။ မိမိ၏ကျေးဇူးမကင်းသဖြင့် မိမိကို ကုသိုလ်ဖြစ် လိုက်ပို့ပေးသူဖြစ်၏။ ပို၍ ရှင်းရှင်းလင်းလင်း ဖွင့်ပြောပြရလျှင် ကျွန်တော့် ကျောက်သွေးစက်ရုံ၌ တာဝန်ခံ စက်ရုံမှူးလုပ်နေသူက လိုက်ပို့ပေးခြင်း ဖြစ်၏။

မန္တလေး၌ ပန်းချီကားဟောင်း လက်ဝယ်ရှိသူမှာလည်း ပန်းချီကားပွဲစား မဟုတ်ပါ။ ပညာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး သူ့မိတ်ဆွေ ငယ်သူငယ်ချင်း ဘုန်းကြီးတစ်ပါးက သူ့ကျောင်းကိုပြင်ဆောက်ရန် ကျောင်းတွင် နှစ်ပေါင်းများစွာ ပစ်ထားသော ဤပန်းချီကားဟောင်းများကို ကူရောင်းပေးရန် လာပို့ပေးထားခြင်း ဖြစ်၏။

ပန်းချီကားအရေအတွက်ကလည်း နည်းနည်းနောနောမဟုတ်။ ကားပေါင်း ၂၄ ကား ရှိ၏။

အခြေအနေကောင်းသော ပန်းချီကားများလည်း ပါသည်။ စုတ်နေ ... ပြဲနေ ... ဆေးပြယ်နေသောကားများလည်း ပါ၏။


"ဆရာ ဦးလှဝင်း ... ဒီပန်းချီကား တစ်ကားကို သုံးသိန်းနဲ့ ရောင်းပေးပါလို့ ဘုန်းကြီးက မှာသွားတယ်"

"ဆစ်ဈေးရှိလား"

"မရှိဘူး။ ဆရာကြိုက်ရင်လည်း ဝယ်၊ မကြိုက်ရင်လည်း ဆရာ့သဘောပဲ။ ကျွန်တော့်အတွက် အကျိုးအမြတ်က ဒီပန်းချီကားတွေ ရောင်းပေးနိုင်ရင် ကျွန်တော် ကြိုက်တဲ့ပန်းချီကားတစ်ချပ်ကို ကျွန်တော့် အိမ်မှာ အလှချိတ်ဆွဲဖို့ ယူတဲ့"

"ခင်ဗျားက ပန်းချီကားတစ်ကား လက်ဆောင်ရမှာပေါ့"

"မှန်ပါတယ်"



**ဆရာဦးငွေကိုင်ရဲ့ ကရဝိက်ဖောင်တော်**

ပန်းချီကားတစ်ခုချင်းစီကိုကျွန်တော် အသေအချာ စစ်ဆေးကြည့်၏။ ၁၅ ကားမှာ ကောင်းပြီး ကျန်ကားများမှာ မကောင်းပါ။

"တစ်ကား သုံးသိန်းဆို ဒါ ဒီနေ့ ပေါက်ဈေးပဲ။ ဒီပန်းချီကားဟောင်းတွေထဲက အခြေအနေမဆိုးတဲ့ ၁၅ ကားကို ကျွန်တော် သုံးသိန်းဈေးနဲ့ ဝယ်မယ်။ ကျန်ကားတွေအပေါ်မှာတော့ ဈေးလျှော့ပေးဖို့ ပြောပေးပါ"

"ဆရာ ဦးလှဝင်း ဘယ်ဈေးလောက်ပေးချင်လဲ"

"ကျွန်တော် နှိမ်ပြီးတော့လည်း ဈေးမဆစ်ချင်ဘူး။ နှစ်သိန်းဈေးလောက် ထားပေါ့ဗျာ။ နှစ်သိန်းဈေးလောက်နဲ့ တည့်အောင် ခင်ဗျားပြောပေးပါ"

"ဟုတ်ကဲ့... ကျွန်တော် ပြောပေးမယ်။ ဆရာ မန္တလေးမှာ တစ်ပတ်လောက် နေဦးမယ်မဟုတ်လား"

"ဟာ ... မနေဘူး။ ကျွန်တော် ဒီနေ့ ညနေ လေယာဉ်ပျံနဲ့ ရန်ကုန် ပြန်မှာ ...။ ကျွန်တော် မပြန်ခင် ဒီကိစ္စကို ပြတ်အောင် သွားပြောပေးပါ"

အချိန်မှာ နံနက် ၁၀ နာရီခန့် ရှိဦးမည်...။

"ဟာ ... ခုချက်ချင်း ပြတ်အောင် သွားပြောပေးဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပိုင်ရှင် ဘုန်းကြီးနေတဲ့ရွာကို ရောက်အောင်သွားဖို့က နှစ်ရက်လောက် ကြာလိမ့်မယ်။ ကားလမ်းရှိတာ မဟုတ်ဘူး။ လှေတစ်တန်... လှည်းတစ်တန် သွားရမယ့်ခရီး...။ အသွား အပြန်ဆိုတော့ အနည်းဆုံး လေးရက်ကြာမယ်။ ဆရာ ဦးလှဝင်း ဒီလိုလုပ်ပါလား။ သုံးသိန်းဈေးမီတဲ့ ပန်းချီကား ၁၅ ကားကို တစ်ခါတည်းဝယ်သွား ...။ ကျန်တဲ့ကားတွေကိုတော့ နောက်နှစ်ပတ်လောက်ကြာမှ ဆရာ အေးအေးဆေးဆေး ပြန်လာပြီး ဝယ်ပါလား။ ၁၅ ကားရောင်းပြီးရင် ဘုန်းကြီးကလည်း ငွေ ၄၅ သိန်းတောင် ထွက်လာပြီဆိုတော့ သူ ကျောင်းပြင်ဖို့ အကုန်အဆင်ပြေသွားပြီ"

မိုက်လိုက်သည့်ကျွန်တော် ...။

ထို ၁၅ ကားကို တစ်ခါတည်း မဝယ်လိုက်မိပါ။ ဘုန်းကြီးက ငွေ ၄၅ သိန်း ပေါ်ပြီး ကျန်ပန်းချီကားဟောင်းများကို မရောင်းတော့ဘဲ လုပ်နေရင် ခက်ရချည်ရဲ့ ဟု တွေးပူပြီး ...

"ပန်းချီကား အတွဲလိုက် အရောင်းအဝယ်လုပ်တာကို ကျွန်တော် အတွဲလိုက်ပဲ ဝယ်ချင်တယ်။ ခု ၁၅ ကားအပေါ်မှာ သုံးသိန်းဈေးပေးပြီး ဝယ်တယ်ဆိုတာလည်း ကျန်ပန်းချီကားတွေကိုပါ ရချင်လို့ပါ။ ကျန်ပန်းချီကားတွေကိုပါ ကျွန်တော့်ကို မရောင်းရင် သုံးသိန်းဈေး မပေးနိုင်ဘူး။ တစ်တွဲလုံး အရောင်းအဝယ်ဖြစ်အောင် အမြန်ဆုံး ခင်ဗျား ဘုန်းကြီးဆီ သွားပြီး အဆင်ပြေအောင် ပြောပေးပါ။ ကျွန်တော့်ဘက်က ခင်ဗျားကို ပွဲခ တစ်သိန်း ထပ်ပေးပါ့မယ်။ ခင်ဗျား လက်ဆောင်ရမယ်ဆိုတဲ့ ပန်းချီကားကိုလည်း သုံးသိန်းဈေးပေးပြီးတော့ပဲ ကျွန်တော် ဝယ်ပါမယ်"

ထိုပုဂ္ဂိုလ်က အလွန်ဝမ်းမြောက်စွာ သဘောတူလိုက်၏။

သို့သော် ...

(ဆက်လက်ဖော်ပြပါမည်။)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

■